
www.burmeseclassic.com

# လီကွမ်ယု

## စင်္ကာပူလို့ဖြစ်အောင် ဦးဆောင်ခဲ့သူ

**မင်းပုည**




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မင်းပုည

# လီကွမ်းယူ

(သို့မဟုတ်)

# စင်ကာပူလိုဖြစ်အောင် ဦးဆောင်ခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

လီကွမ်းယု (သို့မဟုတ်) စင်ကာပူလို့ဖြစ်အောင် ဦးဆောင်ခဲ့သူ

ပထမအကြိမ်၊ ၂၀၁၈-ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၁၀၀၀

တန်ဖိုး - (၆၀၀)ကျပ်

မျက်နှာဖုံးဒီဇိုင်း

မိုးကျော်

စာအုပ်ချုပ်

ပပစိုးနှင့်အဖွဲ့

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဒေါ်နှင်းနှင်းအိ (အဏ္ဏဝါမင်းပုံနှိပ်တိုက်)

မြဲ (၀၀၃၉၃)၊ အမှတ်(၉၆)၊ ဘိုကလေးဈေးလမ်း

ဗိုလ်တထောင်မြို့နယ်။

ထုတ်ဝေသူ

ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ

အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း

၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း"(CIP)


မင်းပုည

လီကွမ်းယု (သို့မဟုတ်) စင်ကာပူလို့ဖြစ်အောင် ဦးဆောင်ခဲ့သူ

ရန်ကုန်။ လင်းလင်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၈။

၂၁၆ - စာ ၁၈ × ၂၁ စင်တီ

(၁) လီကွမ်းယု(သို့မဟုတ်)စင်ကာပူလို့ဖြစ်အောင် ဦးဆောင်ခဲ့သူ



စင်ကာပူနိုင်ငံ၏ဖခင်ကြီး လီကွမ်ယု

www.burmeseclassic.com


www.burmeseclassic.com





လီကွမ်ယု၏ငယ်ဘဝပုံရိပ်






လီကွမ်ယုတို့ဇနီးမောင်နှံ

www.burmeseclassic.com


www.burmeseclassic.com





နိုင်ငံတာဝန်များကို ဆောင်ရွက်နေစဉ်








လီကွမ်ယုတို့မိသားစု


www.burmeseclassic.com

www.burmeseclassic.com











နိုင်ငံခေါင်းဆောင်များအားလက်ခံတွေ့ဆုံစဉ်

နိုင်ငံခေါင်းဆောင်များအားလက်ခံတွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com







နိုင်ငံခေါင်းဆောင်များအားလက်ခံတွေ့ဆုံစဉ်




လီကွမ်ယု၏နိုင်ငံရေးလှုပ်ရှားမှုများ


www.burmeseclassic.com

www.burmeseclassic.com






နိုင်ငံရေးအဆိုအမိန့်များပြောကြားနေစဉ်







ရေသန့်စင် စနစ် အောင်မြင်ခဲ့။


www.burmeseclassic.com


www.burmeseclassic.com





ဘွဲ့ဂုဏ်ထူးလက်ခံရယူနေစဉ်







ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော စင်ကာပူနိုင်ငံ

www.burmeseclassic.com


www.burmeseclassic.com





ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော စင်ကာပူနိုင်ငံ







လီကွမ်ယု၏ နောက်ဆုံးခရီး

www.burmeseclassic.com

www.burmeseclassic.com




လီကွမ်ယု၏ နောက်ဆုံးခရီး



# မာတိကာ


| | | |
|---|---|---|
| ၁။ | ခေါင်းဆောင်မှု | ၇ |
| ၂။ | အောင်မြင်မှုနှင့် စံကောလားရှစ် | ၁၄ |
| ၃။ | ထူးချွန်သူ | ၁၉ |
| ၄။ | စင်ကာပူမှ ထွက်ခွာလာခြင်း | ၂၄ |
| ၅။ | လန်ဒန်မှာ ဥပဒေပညာသင်ကြားစဉ် | ၂၉ |
| ၆။ | မစ်(ခ်)ချူနှင့် လှို့ဝှက်လက်ထပ် | ၃၃ |
| ၇။ | PAP အတိုက်အခံခေါင်းဆောင် | ၃၆ |
| ၈။ | ကိုလိုနီဝါဒက ထွက်ခွာနေပြီ | ၄၁ |
| ၉။ | ကျွန်တော့်စကားစုများ | ၄၇ |
| ၁၀။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့် အကြိုသဘောတူ | ၅၃ |
| ၁၁။ | ဝန်ကြီးချုပ်ဖြစ်လာ | ၅၈ |
| ၁၂။ | ပြည်သူတွေအနာဂတ်လုပဖို့ | ၆၃ |
| ၁၃။ | လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်း | ၆၉ |
| ၁၄။ | လွတ်လပ်သောနိုင်ငံ ဖြစ်သွားပြီ | ၇၃ |
| ၁၅။ | သန့်ရှင်းသပ်ရပ်သည့် နိုင်ငံတော် | ၈[illegible] |
| ၁၆။ | ဖြတ်သန်းခဲ့သော ဆယ်နှစ်နှစ် | ၈၆ |


www.burmeseclassic.com

www.burmeseclassic.com




၁၇။ အောင်ပွဲအလီလီ ၉၆
၁၈။ လူတော်ကို ရှာခြင်း ၁၀၁
၁၉။ တန်းတူအခွင့်အရေး ၁၀၈
၂၀။ ဝန်ကြီးချုပ်မှ အနားယူ ၁၁၄
၂၁။ အကြံပေးလမ်းညွှန် ၁၁၉
၂၂။ အောင်မြင်လာတဲ့ လုပ်ဆောင်ချက် ၁၂၃
၂၃။ လီကွမ်းယုလိုစိတ်မျိုး ၁၂၆
၂၄။ နောက်ဆက်တွဲ(က) ၁၂၉
အကောင်းဆုံးနိုင်ငံ
၂၅။ နောက်ဆက်တွဲ(ခ) ၁၃၆
စင်ကာပူထိပ်တန်းလမ်းများ
၂၆။ နောက်ဆက်တွဲ(ဂ) ၁၄၃
စင်ကာပူမှ ထိပ်တန်းအဆောက်အအုံ
၂၅။ ဝန်ကြီးချုပ်၏ကမ္ဘာကျော်အင်တာဗျူး ၁၅၂


(၁)

## ခေါင်းဆောင်မှု

ကျွန်တော် သိတဲ့ လူထဲမှာတော့ ခေါင်းဆောင်မှု သင်းတန်တက်ပြီး…

ခေါင်းဆောင်ဖြစ်လာတဲ့လူ တစ်ယောက်မှ မရှိသေးဘူး။

* * *

ကျွန်တော် အဖွဲ့ခေါင်းဆောင် ဖြစ်တယ်။

ကျွန်တော်တို့ ထူးထူးခြားခြား အောင်မြင်မှု ရ၊မရ ဆိုတာကတော့ ခေါင်းဆောင်တစ်ဦးတည်း အပေါ်မှာ မူမတည်ဘူး။ အဖွဲ့ဝင်တစ်ဦးစီမှာ စီရင်ဆုံးဖြတ်နိုင်တဲ့ အခန်းကဏ္ဍတစ်ခုစီ ရှိကြတယ်။ အဖွဲ့လိုက် စွမ်းဆောင်မှု ကောင်းကောင်းမရှိဘဲနဲ့ ဘယ်အသင်းမှ မအောင်မြင်နိုင်ဘူး။

* * *

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ကျွန်တော်ဟာ တစ်ဦးတစ်ယောက်တည်း ကောင်းစားဖို့ကို ဘယ်တော့မှ မလုပ်သလို ကိုယ်ကျိုးရှာသူတွေ အပေါ်မှာလည်း မုန်းတီးမိပါတယ်။ ကျွန်တော် ဘာတွေပဲလုပ်လုပ် အများကောင်းစားရေးအတွက်ကိုသာ ဦးတည်ပြီး လုပ်ဆောင်ပါတယ်။

အဲဒီလို ဘာကြောင့် လုပ်ရတာလဲ ဆိုရင် အများအဆင်ပြေပြီး ပျော်ရွှင်နေရင် ကျွန်တော် ကျေနပ်နေလို့ပဲ ဖြစ်ပါတယ်။ အားလုံးကို ကျွန်တော့်လို ဖြစ်စေချင်တယ်၊ ကျွန်တော့်လိုစိတ်မျိုး ထားစေချင်တယ်၊ ကျွန်တော်က အဲဒီလို ပြောနေတော့ ကျွန်တော့်စကားကို ရှည်ရှည်ဝေးဝေး မပြောချင်ပါဘူး၊ စင်ကာပူနိုင်ငံကိုသာ ကြည့်ကြပါ။

အဲဒါဘာကြောင့်လဲ သိကြရဲ့လား၊ ''ခေါင်းဆောင်မှုပါ''။

ခေါင်ဆောင်မှုဆိုတာ သင်တန်းတက်ပြီး ခေါင်းဆောင်နေလို့ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်မလာပါဘူး။ ကျွန်တော် အထက်မှာ ပြောခဲ့ပါတယ်။ ''ကျွန်တော် သိတဲ့လူထဲမှာတော့ သင်တန်းတက်ပြီး ခေါင်းဆောင်ဖြစ်လာတဲ့လူ တစ်ယောက်မှ မရှိသေးဘူး''ဆိုတာပါပဲ။ ဒီလောက်ဆို သဘောပေါက်လိမ့်မယ် ထင်ပါတယ်။

ဒါကြောင့် ကျွန်တော်ဟာ သင်တန်းတက်ပြီး ခေါင်းဆောင်ဖြစ်လာတာ မဟုတ်ပါဘူး၊ ရိုးသားပြီး ကြိုးစားလို့ ဖြစ်လာတာပါ။ ကျွန်တော် ပါတီဝင်တွေကို အမြဲတမ်း ပြောဆိုပါတယ်။ အဲဒါက ''ကိုယ့်ရဲ့ကတိစကားတွေကို ကိုယ်လေးစားပါ၊ အကျင့်မပျက်ပါနဲ့၊ ကိုယ့်ပါတီရဲ့ ပျက်စီးရာ ပျက်စီးကြောင်းကို မကြံပါနဲ့၊ ဒါဆိုရင် နောက်တစ်ကြိမ် အုပ်ချုပ်ခွင့်အာဏာရဖို့ သူတို့ဆီကို ပြန်သွားတဲ့အခါ လူတွေက ခင်ဗျားကို ယုံကြည်ကြတယ်ဆိုတာ တွေ့လာပါလိမ့်မယ်''



ကျွန်တော်ပြောတာ မယုံမရှိပါနဲ့၊ ကျွန်တော်က လက်တွေ့ကြုံလို့ ပြောနေရတာပါ၊ အမှန်တော့ လူတွေရဲ့လုပ်ပုံကို ကျွန်တော် မကြိုက်ပါဘူး၊ ကျွန်တော်က နိုင်ငံရေးသမားဆိုတော့ နိုင်ငံရေးဆန်ဆန်ပဲ ပြောပါမယ်။

ဥပမာ ဆိုကြပါစို့… ပါတီအနိုင်ရဖို့ ရွေးကောက်ပွဲဝင်တဲ့အခါ ကြိုတင်ပြီးတော့ ဘာမှမလုပ်ထားဘူး၊ ပြည်သူတွေနဲ့ တွေ့မထားဘူး၊ ပြည်သူ့အသံ နားမထောင်ဘူး၊ ပြည်သူတွေကို ဘာမှမကူညီထားဘဲနဲ့ စည်းရုံးတယ် ဆိုရင်တော့ ပင်ပန်းဦးတော့မယ်။

အနိုင်ရမယ်လို့ ကျွန်တော် သေချာပေါက် မပြောတော့ဘူး၊ ပြည်သူတွေဆိုတာ စံနှုန်းအဆင့်အတန်းတွေကို ထိန်းသိမ်းလုပ်ဆောင်နေဖို့အတွက်သာ အစိုးရကောင်းကို မျှော်မှန်းတာ မဟုတ်ဘူး၊ အဲဒီစံနှုန်း အဆင့်အတန်းတွေကို မြှင့်တင်ပေးဖို့ကိုပါ မျှော်မှန်းတာပါ။ အဲဒီမျှော်လင့်ချက်တွေကို မလုပ်ဆောင်ပေးနိုင်ဘဲ ဆရာကြီးလေသံနဲ့ ပြောနေရင်တော့ အဲဒီလူတွေဟာ ပြည်သူတွေကို လိမ်ညာနေတာပဲလို့ မြင်ပါတယ်။

အစိုးရရဲ့ အလုပ်ဟာ မိန့်ခွန်းတွေ ပြောနေရုံနဲ့ မပြီးဘူး၊ ပြည်သူနဲ့ သူတို့ရဲ့ ခေါင်းဆောင်တွေကြားမှာ အပြန်အလှန် အပေးအယူရှိဖို့ လိုတယ်။ ပိုအရေးကြီးတာက ပိုင်းခြားဆုံးဖြတ်နိုင်စွမ်းကောင်းဖို့နဲ့ ပေါ်လွင်ထင်ရှားတဲ့ အစီအမံရှိဖို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲ… အရေးအကြီးဆုံးကတော့ ပြည်သူနဲ့ အစိုးရကြားက ယုံကြည်မှု ဖြစ်တယ်။ ပြည်သူက အစိုးရရဲ့နောက်ကွယ်မှာ ရှိပြီး အဲဒီအပေါ်မှာလည်း ပြဿနာတစ်စုံတစ်ရာ မရှိဘူးဆိုရင် အကောင်းဆုံးရလဒ်တွေကို ရရှိမှာပါ။ အစစအရာရာ အဆင်ပြေချောမွေ့နေတယ် ဆိုရင်တော့ နတ်ဘုရားတွေက ကျွန်တော်တို့ဘက်မှာ ရှိနေတာ ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် ကျွန်တော်တို့ချခဲ့တဲ့ ဆုံးဖြတ်ချက်တွေ မှန်နေတာကြောင့် ဖြစ်မှာလို့ပဲ ပြောရမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ဩဇာခံယူထိုက်တဲ့သူဆိုတာ အားနည်းပျော့ညံ့တဲ့ဆီက မလာပါဘူး ဆိုတာကို သတိထားမိဖို့ လိုပါတယ်။ ကြီးမြတ်တဲ့ ခေါင်းဆောင်တွေဟာ သူတို့ဦးဆောင်နေတဲ့ နိုင်ငံတွေရဲ့ အဆင့်အတန်းကို ထင်ဟပ်စေနိုင်ပါတယ်။ အမှန်တော့ ကျွန်တော်တို့ဟာ သူများနှာခေါင်းနဲ့ နှစ်ပေါင်းများစွာ အသက်ရှူနေခဲ့ရပါတယ်။ ဒါကို ကျွန်တော်တို့ ပြည်သူတွေ အသိဆုံး ဖြစ်ပါတယ်။

မှတ်မိလွယ်အောင် ပြောပြပါ့မယ်။ ဗြိတိသျှဆီက ကျွန်တော်တို့ ဆက်ခံလိုက်ရတဲ့ စနစ်က တစ်ဖက်စောင်းနင်းနိုင်ပါတယ်။ စာမေးပွဲတွေ၊ စ.ဥက်စာတမ်းတွေပေါ်က အရည်အချင်းတွေကို အများကြီး အသားပေးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ မျက်မှန်ကလေးတွေ တပ်ထားပြီး ထူးချွန်ထက်မြက်ကြပေမယ့် နေရောင်ခြည် လုံလုံလောက်လောက် မရတဲ့၊ လေ့ကျင့်ခန်းကောင်းကောင်း မလုပ်နိုင်ကြတဲ့၊ ခွန်အားသတ္တိတွေ အလုံအလောက် မရှိကြတဲ့ လူပျော့ကလေးတွေရဲ့ မျိုးဆက်ကို မျိုး



ထောင်ပေးခဲ့ကြရတာပါ။ ဒါက ဗြိတိသျှကိုလိုနီအတွက်တော့ အဆင်ပြေပါတယ်။ အရာထမ်း အမှုထမ်းတွေက အင်္ဂလန်က နေ လာကြပြီး လိုအပ်တဲ့ ခွန်အားနဲ့ မာကျောကြံ့ခိုင်မှုတွေ သူတို့မှာရှိပြီးသား ဖြစ်တာကြောင့်ပါ။

အမိန့်တွေပေးပြီး စေခိုင်းတာက သူတို့ဖြစ်ပြီး ကျွန်တော်တို့ ပြည်သူတွေက လိုက်နာဆောင်ရွက်ကြရတာပါ။ ဒီလောက်နဲ့တော့ မလုံလောက်သေးပါဘူး။ ကျွန်တော်တို့က ကိုယ့်ပြည်သူတွေကို ကိုယ်အမိန့်ပေးနိုင်ရပါမယ်။ ခေါင်းဆောင်နိုင်စွမ်းရှိတဲ့၊ တာဝန်ဝတ္တရားတွေသိတဲ့၊ အခွင့်အရေးကို ထိန်းသိမ်းတတ်တဲ့၊ အထိအပါး အနှောင့်အယှက် မခံတဲ့၊ ရှုပ်ရှုပ်ချွံချွံ ကာကွယ်ဖို့ အသင့်ပြင်ထားတဲ့ မျိုးဆက်တစ်ခုလုံးကို ဖော်ထုတ်ရပါမယ်။ အဲဒီလို မျိုးဆက်ကသာ အဆုံးထိတိုင်အောင်တော့ ခံနိုင်မှာ ဖြစ်ပါတယ်။

စိမ်အုပ်ချုပ်မှု ကောင်းမွန်တာကို လိုအပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဖြည့်ပြောပါရစေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှာဆိုရင် နိုင်ငံရေးဦးဆောင်မှု ကောင်းမွန်ခြင်းက အလွန်အရေးကြီးပါတယ်၊ သေရေးရှင်ရေးတမျှ အရေးကြီးပါတယ်၊ ဖွံ့ဖြိုးပြီးလူ့အဖွဲ့အစည်းတစ်ခုခုမှာတော့ မည်ကာမတ္တ ထူးမခြားနား အုပ်ချုပ်သူတွေ ရှိထားရင်တောင် နိုင်ငံအတွက်ပြည့်စုံလုံလောက်နေမှာပဲ ဖြစ်ပါတယ်။

အစိုးရကောင်းဆိုတာ သီအိုရီတွေ၊ သဘောထားခံယူချက်တွေကို ဂရုမစိုက်ဘဲ အမျိုးသားအကျိုးစီးပွား တိုးတက်ရေးကိုသာ ရှေးရှုတယ်၊ အစိုးရကောင်းဆိုတာ သဘောထားများထက်

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့အကျိုး သက်ရောက်မှုကို အလေးထားတယ်။ ခေါင်းဆောင်တွေက သူ့လူတွေအပေါ် စောင့်ရှောက်ကူညီနေသရွေ့ လူတွေက ခေါင်းဆောင်တွေကို လေးစားလိုက်နာနေမှာပဲ ဖြစ်တယ်။

ကျွန်တော့်အတွက် ၂၀ ရာစုရဲ့ အထင်ကရ ပုဂ္ဂိုလ်တွေဟာ ချာချီဂေါလ်၊ မာအိုးဒန်တို့ ဖြစ်ပါတယ်။ ကမ္ဘာကြီးကို သူတို့ ပြောင်းလဲခဲ့ပါတယ်။ သူတို့ဟာ တကယ့်ဉာဏ်ကြီးရှင်တွေ ဖြစ်တယ်၊ ရုစဗဲ့ရဲ့ နာမည်ကို ထည့်ဖို့ကိုတော့ ကွန်တော်နောက်တွန့်နေတယ်။ ဘာကြောင့်လဲဆိုတော့ ခိုင်မာတဲ့ ဆိုဗီယက်ပြည်ထောင်စုကို တည်ထောင်ခဲ့ပေမယ့် မိစ္ဆာအယူကို ဖန်ဆင်းတဲ့ အန္တရာယ်တွေပေးတဲ့ သူကောင်းမဟုတ်တဲ့ စတာလင်ရဲ့ လွှမ်းမိုးခြယ်လှယ်မှုကို ခံရအောင် သူ့ကိုယ်သူ လုပ်ခဲ့တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ စတာလင်ရဲ့ သြဇာလွှမ်းမိုးမှုကိုသာ ချာချီက ချိန်ခွင်ညှာ တင်ထားနိုင်ရင် ကမ္ဘာကြီးက ပိုပြီး နေပျော်စရာကောင်းတဲ့နေရာတစ်ခု ဖြစ်နေမှာပါ။

ကျွန်တော်ကလည်း အဲဒီလိုဖြစ်အောင်လို့ အစွမ်းကုန်လုပ်ဆောင်ပေးနေပါတယ်။ ဒါကြောင့် နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ဟာ နိုင်ငံအတွက် ကောင်းမွန်တယ်၊ လိုအပ်တယ်လို့ သူ ဆုံးဖြတ်ရွေးချယ်ခဲ့တဲ့ စိတ်မကြည်သာစရာ မူဝါဒတစ်ခုကို ပြဌာန်းလို့ ပြည်သူတွေက လက်ခံပြီး ကူညီအားပေးလာအောင် ဆွဲဆောင်စည်းရုံးနိုင်ရမယ်၊ အဲဒါဆိုရင် လုပ်ဆောင်မှု အောင်မြင်တာပဲ ဖြစ်ပါတယ်။



အားလုံးသတိရစေဖို့ ပြောချင်ပါတယ်။ အစိုးအရအဖွဲ့ထဲရောက်နေတဲ့ အနောက်တိုင်းက ခေတ်ပြိုင်နိုင်ငံရေးခေါင်းဆောင်တွေ အများစုကိုကြည့်ရင် ထူးခြားတဲ့ အရည်အချင်း၊ လေ့ကျင့်မှုဘာမှမလိုတာကို အံ့သြစရာ တွေ့ရတယ်။ အတော်များများက တီဗီပေါ်မှာ ကြည့်ကောင်းပြီး စကားပြောကောင်းတာကြောင့် ရွေးကောက်ခံကြရတယ်၊ ရလဒ်တွေကတော့ မဲပေးတဲ့သူတွေအတွက် စိတ်မချမ်းသာစရာတွေပဲ ဖြစ်နေတယ်။ ဒါဟာ အမှန်တွေပဲဖြစ်တယ်။ ကျွန်တော် အားလုံးကို ပြောပါတယ်။ ပေးထားတဲ့ကတိကို တည်အောင်လုပ်ဖို့ပါပဲ၊ ပြောတုန်းကတော့ပြောပြီးမှ လက်တွေ့ကြမှ ပျော့ညံ့နေလို့ မဖြစ်ဘူးဆိုတာကိုပဲ ပြောချင်ပါတယ်။

အဲဒီလိုပဲ ဗိုလ်ချုပ်တွေက အားနည်းပျော့ညံ့နေရင် ဘယ်လောက်ရဲစွမ်းသတ္တိကောင်းတဲ့ စစ်တပ်ဖြစ်ဖြစ် မအောင်မြင်နိုင်ဘူးလို့ပဲ ပြောရမှာ ဖြစ်ပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



(၂)

## အောင်မြင်မှုနှင့် စတောလားရှစ်

“ကျွန်တော်တို့ အားလုံးက အသိအမှတ်ပြုကြတယ်၊ အဲဒါ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်လုပ်ရပ်တွေကြောင့်သာ ဖြစ်တယ်။ အဲ့ဒါက … စင်ကာပူနိုင်ငံက သက်သေပဲ ဖြစ်တယ်”

အမှန်ပဲ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံဟာ အစက ဘယ်လိုပုံစံဆိုတာ အများစု သိကြပါတယ်။ မြင်လည်း မြင်ခဲ့ကြပါတယ်။ စင်ကာပူကို တချို့က မလေးရှားကျွန်းလေးလို သတ်မှတ်ကြပါတယ်။ ဘယ်သူတွေ ဘယ်လိုသတ်မှတ်ပြီး ပြောပေမယ့် ကျွန်တော် ဂရုမစိုက်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ယနေ့ စင်ကာပူဟာ သူတို့အားကျရတဲ့ စင်ကာပူ ဖြစ်နေလို့ပဲ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံကို ဘယ်လောက် အတိုင်းအတာအထိ တိုးတက်အောင် ကြိုးစားရတယ်ဆိုတာ ကမ္ဘာ့နိုင်ငံ အများစု သိပါတယ်။ အလားတူ စင်ကာပူနိုင်ငံဆိုရင် ကျွန်တော်လီကွမ်ယု



ကြောင့် ဆိုတာကို သိနေပါတယ်။ အဲဒီလို သိရတာဟာ ကျွန်တော် ကြိုးစားလို့ပဲ ဖြစ်ပါတယ်။ အဲဒါဟာ ကျွန်တော်တို့ရဲ့ ကြိုးစားမှုတွေ။ အဲဒီအတွက်ကျွန်တော်တို့ကို သိနေကြတယ်။ တစ်နည်းအားဖြင့် ကျွန်တော်နှင့် ပတ်သက်တာတွေကို ပို၍သိချင်နေကြတယ်။

ကျွန်တော်ဟာ လီမျိုးနွယ်ဝင် ဟတ်တာတရုတ်လူမျိုးမှ ဆင်းသက်လာတာ ဖြစ်တယ်။ ၁၉၂၃ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် စင်ကာပူမှာ မွေးဖွားခဲ့ပါတယ်။ ကျွန်တော်ဟာ ငယ်စဉ်ကတည်းက ဆင်းရဲခြင်းဆိုတာကို မသိခဲ့ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့ဘိုးဘွား မိဘတွေဟာ ကြွယ်ဝချမ်းသာကြသည့် သူတွေပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ဟာ ချမ်းချမ်းသာသာနှင့် နေထိုင်ခဲ့ရပါတယ်။

ကျွန်တော်တို့ရဲ့ ဘိုးဘွားတွေဟာ ၁၉ ရာစုနောက်ပိုင်းမှ စပြီး စင်ကာပူမှာ စတင်အခြေချ နေထိုင်ခဲ့ကြသူများ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့မိဘများက ကျွန်တော်တို့ မွေးချင်း မောင်နှမတွေအပေါ် ရည်မှန်းချက်တွေ ရှိပါတယ်။ မိဘတွေရဲ့ အနာဂတ် ရည်မှန်းချက်တွေက ကျွန်တော့်အတွက် များစွာအထောက်အကူ ဖြစ်စေပါတယ်။

အဖေဟာ ကျွန်တော်တို့ကို ပညာတတ်ကြီးတွေ ဖြစ်စေချင်ခဲ့ပါတယ်။ ခေတ်ပညာတတ်ကြီးတွေဖြစ်မှ အနာဂတ်မှာ စိတ်အေးရမယ်လို့ ပြောဆိုဆုံးမတတ်ပါတယ်။ အဲဒီအချိန်က ကျွန်တော်တို့ နေထိုင်သည့် စင်ကာပူ အပါအဝင် နိုင်ငံအများစုကို ဗြိတိသျှနယ်ချဲ့တွေက အုပ်ချုပ်ထားပါတယ်။ ကိုလိုနီပိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဒေသကို အခြားနိုင်ငံသားတွေက အုပ်ချုပ်နေသည်ကို ဘယ်နိုင်ငံသားများကမှ လက်မခံနိုင်ပါ။ မကြိုက်နှစ်သက်ပါ။ ဒါပေမဲ့ အင်အားကို မယှဉ်နိုင်၍ လျှော့နေရပါတယ်။

ကျွန်တော်ကတော့ ငယ်ရွယ်သူဆိုတော့ ကြီးမားသည့် ရည်ရွယ်ချက် ဆိုတာ မရှိသလောက် ရှားပါတယ်။ အဘိုးက ဂရုစိုက်ပါတယ်၊ ကျွန်တော်ကလည်း ပျော်ရွှင်စွာ လိုက်လေ့ရှိပါတယ်။ အဘိုး၊ အဖေတို့က အခြားသားသမီးတွေထက် ကျွန်တော့်ကို ပိုပြီးချစ်သလို အခွင့်အရေးလည်း ပေးတတ်ပါတယ်။

ဒါပေမဲ့ အဘိုး၊ အဖေတို့ဟာ ကျွန်တော့်အပေါ်မှာ ကြီးမားသည့် မျှော်လင့်ချက်တွေ ရှိလာကြပါတယ်။ အဲဒါက ခေတ်ပညာတတ်တစ်ယောက် ဖြစ်ဖို့ပဲ ဖြစ်ပါတယ်။ အဓိကအချက်က အင်္ဂလိပ်စာကို ကျွမ်းကျင်အောင် တတ်ဖို့ပဲ ဖြစ်ပါတယ်။ ထိုအချိန်က ကျွန်တော်တို့ နေထိုင်သည့် စင်ကာပူကို ဗြိတိသျှနယ်ချဲ့တို့ အုပ်ချုပ်ပါတယ်။

အဲဒီအချိန်တုန်းက အင်္ဂလိပ်စာသင်ကျောင်းကို တက်ရောက်ပညာသင်ဖို့ဆိုတာ လွယ်ကူသည့်အရာ မဟုတ်။ ငွေကြေးပြည့်စုံသူတွေဟာ သင်ကြားဖို့ ခက်ခဲပါတယ်။ ကျွန်တော်ကတော့ ပျော်ရွှင်စွာနှင့် သင်ကြားခွင့်ရခဲ့ပါတယ်။ အဘိုး၊ အဖေ၊ အမေတို့က ကျွန်တော့်ပညာရေးကို အဓိကကြပ်မတ်ပေးကြတယ်။

မွေးချင်းထဲမှာ ကျွန်တော်က အကြီးဆုံးဖြစ်၍ သူတို့တွေ မရှိတော့သည့်အခါ ဒီမိသားစုကို ဦးဆောင်နိုင်ရန် ခေါင်းဆောင်မှု၊ ဆုံးဖြတ်နိုင်သည့် စွမ်းရည်ရှိမှုတို့ကို လေ့ကျင့်သင်ပေးကြပါတယ်။ အဲဒါကြောင့် ၁၉၃၅-ခုနှစ် တွင် မူလတန်းကို ပထမအဆင့်ဖြင့်



အောင်မြင်ခဲ့၍ စင်ကာပူတွင် နာမည်အကြီးဆုံး ရာဖေးအထက်တန်းကျောင်းကို တက်ခွင့်ရခဲ့ပါတယ်။ အဲဒီလို တက်ခွင့်ရ၍ အဘိုး၊ အဘွား၊ အဖေနှင့် မိသားစုတွေ ပျော်လိုက်ကြတာများ၊ ဒါ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။

အမေကဆို ကျွန်တော်လိုသားမျိုးကို ပိုင်ဆိုင်ခွင့်ရလို့ ကမ္ဘာ့လူသားတွေထက် ပိုပြီးပျော်ပါတယ်။ "သားသည်မိခင်များကိုလည်း ကျွန်တော့်လိုသားမျိုးကို မွေးကြပါ။ ဒါမှ အနာဂတ်နိုင်ငံဟာ ပညာတတ်တွေ ပေါလာမှာ" ဟု ပြောလေ့ရှိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ နာမည်အကြီးဆုံး ရာဖေးလ်အထက်တန်းကျောင်းကို ဝင်ခွင့်ရခဲ့ပါတယ်။ အဲဒီလို ဝင်ရသည့်အတွက် အောင်မြင်သည့် ထူးချွန်သည် ကျောင်းသားအဖြစ် မြင်တွေ့ချင်ပါတယ်လို့ ပြောလာကြပါတယ်။ အားလုံးပြောတာက ငွေကြေးကိစ္စ သူတို့တာဝန်ပါ၊ ကျောင်းမှာထူးချွန်ဆုံးက ကျွန်တော့်တာဝန်လို့ ပြောလာကြတယ်။

ကျွန်တော်သတ္တိရှိရှိ ကတိပေးလိုက်တယ်။ အားလုံးမျှော်မှန်းနေကြသည့် ထူးချွန်သူဖြစ်ဖို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်က ငယ်ငယ်လေးတည်းက အလုပ်တစ်ခုကို လုပ်မယ်လို့ ဆုံးဖြတ်ထားရင် အဲဒီအလုပ်ကို အောင်မြင်အောင် ကြိုးစားလုပ်ဆောင်ပါတယ်။ လုပ်ဆောင်ဖို့ကိုလည်း လူကြီးတွေက အမြဲပြောပါတယ်။ သင်ကြားတယ်၊ ပြသကြပါတယ်။ ကျွန်တော်တို့ရဲ့ ပင်ကိုစိတ်ကလည်း ပြီးပြတ်အောင် လုပ်တတ်ပါတယ်။

ကျွန်တော် အဲဒီလိုကြိုးစားသည့်အတွက် အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ အလားတူ ကျွန်တော်ဟာ ရာဖေးလ်ကျောင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ပညာအထူးချွန်သည့်အတွက်ကြောင့် စကောလားရှစ်ထောက်ပံ့ကြေးများ ရရှိခဲ့ပါတယ်။ လူကြီးမိဘများက ပျော်ရွှင်ကျေနပ်နေကြပါတယ်။ သူတို့အားပေးမှုကြောင့် ကျွန်တော့်ရဲ့ကြိုးစားမှုတွေ အောင်မြင်တာပဲ ဖြစ်ပါတယ်။

အဖေနှင့် အမေကတော့ အခုလို စာတွေတော်တာကို ကျေးဇူးတင် ဝမ်းသာတယ်။ ကျောင်းက ထောက်ပံ့တာကို မလိုအပ်သလို အကောင်းဆုံး ထောက်ပံ့နိုင်ပါတယ်လို့ ပြောဆိုကြပါတယ်။ အဖေတို့ ဘယ်လိုပြောပေမယ့် ကျောင်းက ထောက်ပံ့တာကို လိုချင်ပါတယ်။ အဲဒီအတွက်ကြောင့်လည်း ကျွန်တော်ယူပါတယ်။

အလားတူ အခုလို စကောလားရှစ် ရရှိသည့်အတွက် ကျောင်းနေဖက်တွေက ကျွန်တော့်ကို အထင်ကြီးကြတယ်၊ လေးစားကြတယ်၊ အားကျနေကြတယ်။ လမ်းတွေ့ရင် ခေါ်ကြတယ်။ သူတို့က ဘယ်လိုပင် အထင်ကြီးလေးစားကြပေမယ့် ကျွန်တော့်မှာတော့ ကြီးလေးသည့်တာဝန်ကြီးတစ်ခု ထမ်းဆောင်ရတော့မည်ဟု ထင်မှတ်နေမိသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းသား ကျောင်းသူများ၏အလယ်မှာ ကျွန်တော်ဟာ အတော်ဆုံးလူ ဖြစ်လာသလို သူတို့၏မိဘတွေစိတ်ထဲမှာ ကျောင်းသားကျောင်းသူတို့၏ စိတ်ထဲမှာ စံပြပုဂ္ဂိုလ်၊ အားကျရမည့်သူအဖြစ် သတ်မှတ်လာကြပါတယ်။ အဲဒီလို သတ်မှတ်လာသည့်အတွက် အချိန်တိုင်း ပို၍ကြိုးစားလာရပါတော့တယ်။

***



(၃)

## ထူးချွန်သူ

"မင်းအဖေက
ကုန်ထမ်းသမားလည်း ဖြစ်ချင်ဖြစ်မယ်၊
ရုံးအမှုထမ်းလည်း ဖြစ်ချင်ဖြစ်မယ်၊
ဒါပေမဲ့
မင်းသာထူးချွန်တဲ့ ပညာရှင်ဖြစ်ရင်
အစိုးရအဖွဲ့မှာ
အမြင့်ဆုံးနေရာကိုလည်း တက်လှမ်းနိုင်မယ်"

ဟု သူတို့ကို ကျွန်တော် ပြောခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ စင်ကာပူမှာ ပညာတတ်တွေ ပေါများလာစေချင်လို့ပဲဖြစ်ပါတယ်။ ဒါမှ အခြားနိုင်ငံတွေက ကျွန်တော်တို့နိုင်ငံကို အထင်ကြီး လေးစားလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပညာတတ်ကြီးဖြစ်အောင် ကြိုးစားနေကြတာပဲဖြစ်ပါတယ်။ ကျွန်တော် ပညာတတ်ကြီးဖြစ်အောင် ကြိုးစားလာခဲ့ပါတယ်။ အခြားလူတွေလည်း ပညာတတ်တွေ ဖြစ်စေချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀-ပြည့်နှစ်တွင် ကျွန်တော်ဟာ ကင်းဘရစ်အထက်တန်းစာမေးပွဲကို စင်ကာပူနှင့် မလေးရှားနယ်မြေတစ်ခုလုံးတွင် ပထမစွဲ၍ အောင်မြင်ခဲ့ပါတယ်။ အဲဒီလို အောင်မြင်လာသည့်အတွက် လေးစားမှုတွေ ပိုလာခဲ့ပါတယ်။

မိဘဘိုးဘွားတွေကလည်း ပို၍ ယုံကြည်လာတယ်။ ကျွန်တော်ဟာ သူတို့ဖြစ်စေချင်တာတွေကို လုပ်ပေးနိုင်သူတစ်ယောက်ဟု သတ်မှတ်လာကြပါတယ်။ "အဖေတို့ ဖြစ်စေချင်တာကို လုပ်ဆောင်ပေးတဲ့သားကို အဖေတို့ ကျေးဇူးတင်ပါတယ်"ဟု ပြောလာကြပါတယ်။

အမှန်တော့ အဖေတို့ ဖြစ်ချင်တာက သူတို့အတွက်မဟုတ် ကျွန်တော်တို့ရဲ့ နောင်ရေးကို ပြောနေတာပဲ ဖြစ်ပါတယ်။ စဉ်းစားရင် ပေါ်လာပါတယ်။ သားရယ်… သမီးရယ် ပညာတတ်ကြီးဖြစ်အောင်လုပ်ပါဆိုတာ ကျွန်တော် ပညာတတ်မှ ကျွန်တော့်ရဲ့ အနာဂတ် ကောင်းစားမှာလေ။ စဉ်းစားကြည့်ပါ၊ ကျွန်တော်ပညာမတတ်ရင် ဘာလုပ်မလဲ ဆိုတာပါပဲ ဖြစ်တယ်။

ပညာတတ်သူဟာ သူများနောက်လိုက်၊ သူများခိုင်းဘတ်ဖြစ်တာ များပါတယ်။ ပညာတတ်သည့်သူဟာ အဲဒီလူတွေနှင့်စာရင် များစွာသာလွန်ပါတယ်။ ဒါကြောင့် မြန်မာစကားပုံတစ်ခုက ဆိုပါတယ်။ "ပညာမတတ် သူ၏ဝန်ထမ်း"ဟု ပြောကြပါတယ်။ ပညာမှမတတ်တာ ဘာလို့ ဦးဆောင်နေဦးမှာလဲ။ ပညာတတ်မှ တတ်သည့်ပညာနှင့် ဦးဆောင်နိုင်မှာပဲ ဖြစ်ပါတယ်။

ဒါကြောင့် မိဘတွေဟာ ကိုယ့်သားသမီးတွေကို အပင်ပန်းခံ၊ အကုန်အကျခံပြီး ကျောင်းထားပေးနေကြတာ။ အဲဒါသူတို့အတွက်မဟုတ်။ ကျွန်တော်အတို့အတွက်ပဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ကျောင်းစာတွေကိုဖတ်လို့ အခုလို အသီးမျိုးတွေ ရစေချင်ပါတယ်။ အဲဒီအသီးတွေဟာ ကျွန်တော့်အနာဂတ်အတွက် ကောင်းစွာအထောက်အကူတွေပေးမှာ သေချာပါတယ်။



ကျွန်တော်က သူငယ်ချင်းမိတ်ဆွေတွေကို စာနှင့်ပတ်သက်တာတွေကို အကြံပေး ပြောဆိုပါတယ်။ တချို့က ကျွန်တော်ပြောတာကို လက်ခံတယ်၊ တချို့က လက်မခံချင်ကြဘူး၊ လက်ခံခြင်း မခံခြင်းက ကျွန်တော်နဲ့ မသက်ဆိုင်ပါ။ ကျွန်တော်ကတော့ ကောင်းစားစေချင်လို့၊ ပညာတတ်တွေ ဖြစ်စေချင်လို့ ပြောဆိုခြင်း ဖြစ်ပါတယ်။

ဒီအထဲမှာ ပြောရအခက်ဆုံးတွေကတော့ ငွေကြေးမပြည့်စုံသူတွေက အများဆုံး ပါဝင်နေပါတယ်။ ဒါကြောင့် သူတို့ကိုနားလည်သဘောပေါက်နိုင်သည့် စကားလုံးတွေသုံးပြီး ပြောခဲ့ပါတယ်။ အဲဒါက …

"မင်းအဖေက ကုန်ထမ်းသမားလည်း ဖြစ်ချင်ဖြစ်မယ်၊ ရှုံးအမှုထမ်းလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ မင်းသာ ထူးချွန်တဲ့ ပညာရှင်ဖြစ်ရင် အစိုးရအဖွဲ့မှာ အမြင့်ဆုံးနေရာကိုလည်း တက်လှမ်းနိုင်တယ်"

ဟု ဖြစ်ပါတယ်။

ကျွန်တော်ပြောတာ အမှန်တွေပဲ ဖြစ်ပါတယ်။ မိဘရာထူးမရှိလို့ သားသမီးက ရာထူးမရှိရဘူးလို့ ဘယ်ဥပဒေကမှ သတ်မှတ်မထားတာတော့ သေချာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းအဖေက ကုန်ထမ်းသမားလည်း ဖြစ်ချင်ဖြစ်မယ်၊ ရုံးအမှုထမ်းလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ မင်းသာ ထူးချွန်တဲ့ ပညာရှင်ဖြစ်ရင် အစိုးရအဖွဲ့မှာ အမြင့်ဆုံးနေရာကိုလည်း တက်လှမ်းနိုင်တယ်လို့ ပြောခဲ့ပါတယ်။ ဒါဟာအမှန်တရားပဲ။

စင်ကာပူ နိုင်ငံဟာ ပညာတတ်ပြီး ထူးချွန်တဲ့သူတွေကိုပဲ လိုအပ်ပါတယ်။ မိဘဆွေမျိုး အသိုင်းအဝိုင်းရဲ့ ဘဝအခြေအနေကိုပဲ လိုအပ်ပါတယ်။ ဘဝအခြေအနေဆိုတာ ရိုးသားမှုတွေကို ပြောခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ကြားဖြတ်ပြီး တင်ပြချင်ပါတယ်။ စင်ကာပူ နိုင်ငံ လွတ်လပ်ရေးရရှိပြီး နိုင်ငံကို တည်ဆောက်သည့်အခါ ပညာရေးနှင့် ပတ်သက်ပြီး ပြောခဲ့ပါတယ်။ အဲဒါတွေက…

> "နောက်ဆုံးတစ်နေ့ ခင်ဗျား ကျောင်းက စွန့်ခွာလာတဲ့ အချိန်မှာ မိတ်ဆွေတစ်ယောက် လမ်းပြကူညီတဲ့သူ တစ်ယောက်ကို ချန်ထားခဲ့ရသလို ခံစားရပြီး ခင်ဗျားသိပ်ကို အလေးထားတဲ့သူကလည်း ခင်ဗျားအတွက်ဆို အစစအရာရာ စွန့်လွှတ်ကူညီဖို့ အသင့်ပဲဆိုတဲ့ စိတ်ထားရှိရမယ်ဆိုရင် အဲဒီလူကို ရွှေတံဆိပ်ဆု ပေးသင့်ပါတယ်၊ ဒါပေမဲ့လည်း သူ ရချင်မှ ရမှာပါ၊ ဘာကြောင့်လဲဆိုတော့ အဲဒီရွှေတံဆိပ် သူ ရသင့်တယ်ဆိုတာကို သိတဲ့လူက နည်းနည်းပဲ ရှိနိုင်ပြီး အဲဒီလိုသိတဲ့လူတွေကလည်း အရေးမပါ အရာမရောက်တဲ့လူတွေ ဖြစ်နေတတ်လို့ပဲ ဖြစ်ပါတယ်"



ကျွန်တော်ဟာ မိဘတွေရဲ့အားပေးမှုတွေကြောင့် ပညာကို ကောင်းကောင်းသင်ကြားခွင့် ရနေပါတယ်။ အဲဒီအချိန်မှာ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



(၄)

## စင်ကာပူ မှ ထွက်ခွာလာခြင်း

ဒတ်ချ်၊ ဗြိတိသျှနဲ့ ပြင်သစ်တွေက ကျွန်တော်တို့ကို
ဘာနည်းပညာမှ သင်မပေးဘူး။
သူတို့က…
တက္ကသိုလ်တွေ တည်ဆောက်ပေးတယ်။
ဒါပေမဲ့…
နည်းပညာဘာသာရပ်ကိုတော့
ကျွန်တော်တို့ကို သင်ကြားမပေးခဲ့ဘူး။

ဒါဟာ အမှန်တရားပဲ ဖြစ်ပါတယ်။ အမှန်ကို ပြောရရင် သူတို့က အကာပဲ ပေးခဲ့တာပဲ ဖြစ်ပါတယ်။ အနှစ်မရှိပါဘူး။ ဒါဟာ ရည်ရွယ်ချက်ရှိရှိနှင့် လုပ်လိုက်တာပဲ ဖြစ်ပါတယ်။ သူတို့တွေ အဲဒီလို လုပ်လိုက်တော့ ကျွန်တော်တို့ရဲ့ ပညာရေးကို မိဘတွေက စိုးရိမ်လာပါတယ်။

ဒီလိုနှင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ပါတယ်။ ပညာရေးက ကမောက်ကမ ဖြစ်လာပါတယ်။ ဒီကြားထဲမှာ



ဂျပန်စစ်တပ် သုံးနှစ်ခွဲလောက် အုပ်ချုပ်သွားပါတယ်။ ငွေကြေးဖောင်းပွမှုတွေ၊ အကျင့်ပျက် ခြစားမှုစာတွေ၊ မှောင်ခိုဈေးကွက်တွေ။ ပြီးတော့ လူမှုဘဝအရည်အသွေးနှင့် အဆင့်အတန်းသိမ်ဖျင်းနိမ့်ကျမှုတွေ ဆိုတာက အဲဒီအချိန်တုန်းက တောက်လျှောက်ဖြစ်ပျက်နေတာပဲ ဖြစ်ပါတယ်။

ကျွန်တော်က ဒုတိယကမ္ဘာစစ်ကာလအတွင်း၌ စင်ကာပူရှိ ရာဖေးလ်ကောလိပ်မှာ ဆက်လက်ပညာသင်ကြားခဲ့ရပါတယ်။ အလားတူ ဂျပန်ခေတ်တွင် တရုတ်စာနှင့် ဂျပန်စာဘက်သို့ ဦးတည် သင်ကြားခဲ့ပါတယ်။

အဲဒီနောက်ပိုင်းတွင် ကျွန်တော်ဟာ ဂျပန်ထောက်ပံ့ရေးဌာနတွင် စာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ၁၉၄၃-ခုနှစ်တွင် ကျွန်တော်ဟာ ဂျပန်သတင်းဖြန့်ချိရေးဌာန၏ အင်္ဂလိပ်ပိုင်းအယ်ဒီတာအဖြစ် ဝင်ရောက် အလုပ်လုပ်ခဲ့ရပါတယ်။ ဂျပန်ခေတ်တွင် ကျွန်တော်၏ နေထိုင်မှုဘဝကို ပြောင်းလဲလိုက်ရပါတယ်။ ဂျပန်တွေဟာ အင်္ဂလိပ်များထက် အုပ်ချုပ်မှု ကြမ်းတမ်းပြီး မထင်ရင် မထင်သလို လုပ်တတ်ပါတယ်။

ဒါဟာ ဘာကြောင့်လုပ်တာလဲဆိုတော့ အကြောက်တရားတွေ ရအောင်လို့ပဲ ဖြစ်ပါတယ်။ အင်္ဂလိပ်ဟာ လူမျိုးကြီးဝါဒလို ဆုပ်ကိုင်ပြီး အုပ်ချုပ်တယ်။ သူတို့တွေဟာ အုပ်ချုပ်ပုံချင်းမတူတော့ ကျွန်တော်တို့နိုင်ငံက လူတွေဟာ သတိကြီးကြီးနှင့် နေထိုင်ကြရတယ်။ တစ်နည်းအားဖြင့် ဂျပန်တွေကိုသာ ဖြစ်ပါတယ်။ ဂျပန်တွေဟာ မထင်ရင် မထင်သလို ရက်စက်တတ်ကြတယ်။ ချမ်းသာတဲ့သူတွေဟာ ဆင်းရဲသားဟန်ဆောင်ပြီးနေလာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တွေ၏ အမူအကျင့်တွေကို လေ့လာကြတယ်။ ကျွန်တော်ဟာ ဂျပန်တွေ၏အုပ်ချုပ်ပုံ၊ လုပ်ပုံတွေကို လေ့လာပါတယ်။ အဲဒီအတွက်ကြောင့် ဂျပန်သတင်းဖြန့်ချိရေးဌာနမှာ အလုပ်ဝင်လုပ်ဖြစ်တာပါ။

အလားတူ ကျွန်တော်ဟာ ဒုတိယကမ္ဘာစစ်အတွင်းက လမ်းဘေးပွဲစားအလုပ်၊ ကပ်စေးနဲ့ မုန့်ပဲသရေစာများကို ရောင်းချပြီး တစ်ဖက်က ငွေရှာရပါတယ်။ ရရှိသည့်ငွေများကို သေချာစုဆောင်းနေရပါတယ်။ အမြဲတမ်း မိဘများထံမှာ တောင်းယူနေလို့ မဖြစ်ဘူးဟု သတိထားလာမိပါတယ်။ မျက်မှောက်ခေတ်ကာလမှာလည်း ဂျပန်တို့၏ရန်ကိုလည်း သတိထားနေကြရတယ်။

အဲဒါကြောင့် ကျွန်တော်ဟာ ရရာအလုပ်ကို လုပ်ကိုင်ပြီး ဂျပန်တို့၏ ယုံကြည်မှုကို ယူနေရပါတယ်။ အဲဒီလိုလုပ်ကိုင်နေရတာဟာ ကျွန်တော့်မှာ ရည်မှန်းချက်တွေ ရှိပါတယ်။ အဲဒီရည်မှန်းချက်တွေကြောင့် လုပ်ကိုင်နေရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မိသားစုတွေအကြောင်းကို သိတဲ့သူတွေက အလွန်ကို အံ့သြနေကြတယ်။

ပိုက်ဆံရှိသည့်သူက အခု လမ်းဘေးမှာထိုင်ပြီး ဈေးရောင်းနေရတာ ဘာကြောင့်လဲ၊ ဆင်းရဲသားဟန်ဆောင်နေတာလား၊ ဂျပန်အစိုးရဘက်က ထောက်လှမ်းရေး လုပ်ပေးနေတာလားဟု အမျိုးမျိုး ထင်ကြေးတွေ ပေးနေကြတယ်။ ဒါကလည်း မမှားပါဘူးလေ၊ ကျွန်တော်က ဂျပန်သတင်းဖြန့်ချိရေးဌာနမှာ အင်္ဂလိပ်ပိုင်းအယ်ဒီတာအဖြစ် လုပ်ကိုင်နေတဲ့သူ ဖြစ်နေလို့ပါ။



အလားတူ မိဘများ၏ဆန္ဒအရ ဘွဲ့ရသူတစ်ယောက်ဖြစ်လာအောင် ကြိုးစားနေပါတယ်။ အဲဒီလိုပါပဲ ကျွန်တော်မျှော်မှန်းထားသည့် ဘွဲ့တစ်ခုကို ရချင်လျှင် စင်ကာပူမှာ ရဖို့ဆိုတာ အနှောင့်အယှက်တွေ များနေပါတယ်။ အဲဒီအတွက် ကျွန်တော်ပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ရပါတယ်။

အဲဒီအထဲက ပထမဆုံး ဆုံးဖြတ်ချက်က ဂျပန်တွေနှင့် အလုပ်လုပ်ကိုင်ရာက ရပ်တန့်ရန် ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော် ဂျပန်သတင်းဖြန့်ချိရေးဌာနက ထွက်လိုက်ပါတယ်။ ကျွန်တော် ထွက်သည့်အချိန်မှာ စစ်အင်အားကြီးနိုင်ငံဟု ကြွေးကြော်ခဲ့သည့် ဂျပန်တွေဟာ စစ်ရဲ့ဒဏ်ကို ခံရသလို ဂျပန်နိုင်ငံရဲ့မြို့တစ်မြို့ဖြစ်သည့် နာကာဆာကီမြို့ကလည်း အမေရိကန်၏ဗုံးကြောင့် ပျက်စီးရသလို ပြည်သူအများအပြား သေကြေကုန်ပါတယ်။

တကယ်တော့ ထိုလုပ်ရပ်က ဂျပန်တွေ၏အမှားသာ ဖြစ်ပါတယ်။ ဂျပန်တွေဟာ တစ်ဖက်ရန်သူဖြစ်သည့် အမေရိကန်၏ ပုလဲဆိပ်ကမ်းကို အရင်ဆုံး သွားရောက်ပြီး တိုက်ခိုက်ကြပါတယ်။ ပုလဲဆိပ်ကမ်းရှိ စစ်သင်္ဘောများ ပျက်စီးသလို အပြစ်မဲ့ပြည်သူအမြောက်အမြား သေကြေကုန်ကြပါကယ်။ အဲဒီတိုက်ခိုက်မှုကြောင့် အမေရိကန်က တုံ့ပြန်သည့်အနေနှင့် ဗုံးသုံးလုံးကိုကြဲချရန် ဂျပန်ကို စေလွှတ်ခဲ့တယ်။

သို့သော် ဟီရိုရှီးမားနှင့် နာဂါစကီကို ဗုံးနှစ်လုံးပဲချပြီး တစ်လုံးက ရာသီဥတုကြောင့် ချမသွားဘဲ ပြန်သွားခဲ့ပါတယ်။ အမေရိကန်၏ဗုံးဒဏ်ကြောင့် ဂျပန်တွေ အလူးအလဲ ခံလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ စစ်အင်အား ဆင်ဖို့ထက် ပျက်စီးသွားသည့် မြို့တွေကို တည်ဆောက်ရန် ကြိုးစားကြရတယ်။ အဲဒီအချိန်မှာ နိုင်ငံတွေက စစ်အင်အားစုပြီး မဟာမိတ်တပ်တွေနှင့် ပူးပေါင်းပြီး ဂျပန်တွေကို တိုက်ထုတ်နေပါတယ်။

စစ်အင်အားချည့်နဲ့နေသည့် ဂျပန်တွေဟာ တိုက်စစ်ကို မဆင်နိုင်တော့ဘဲ ခံစစ်နှင့်သာ ခုခံပြီး နောက်ဆုတ်ပြေးနေကြရပါတယ်။ တချို့နိုင်ငံတွေမှာဆိုရင် လက်နက်ချပြီး ပြန်ကုန်ကြပါတယ်။ ကျွန်တော်ဟာ အဲဒီအချိန်မှာ ကျောင်းတက်ရန် လန်ဒန်ကို ထွက်ခွာလာပါတော့တယ်။

***



(၅)

## လန်ဒန်မှာ ဥပဒေပညာသင်ကြားစဉ်

အရှေ့အာရှသားတွေက
သင်္ချာနဲ့သိပ္ပံဘာသာရပ်ကို အစောကြီးသင်ခဲ့ကြရတယ်။
အိမ်စာတွေနဲ့ ကြိုးစားအားထုတ်မှုဟာ
ကြီးပြင်းအရွယ်အရောက်မှုရဲ့ အစိတ်အပိုင်း ဖြစ်နေတယ်။
ဟောင်ကောင်က မူလတန်းကျောင်းသားတွေဆိုရင်
တစ်ရက်မှာ သုံးနာရီလောက်ကြာအောင်
အိမ်စာတွေလုပ်ကြရတယ်။
နှိုင်းယှဉ်ကြည့်ရင်…
ယူအက်စ်နဲ့ ဗြိတိန်က
အလယ်တန်းကျောင်းသားတွေက တစ်ပတ်မှာ
အိမ်စာလုပ်ချိန် ၅ နာရီ၊ ၆ နာရီပဲ ရှိပါတယ်။

ဒါဟာ အမှန်တရားပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့ရပ်ဌာနေဖြစ်သည့် စင်ကာပူကို ကြေကွဲစွာ နှုတ်ဆက်ခဲ့ပြီး လန်ဒန်

www.burmeseclassic.com

www.burmeseclassic.com



ကို ခရီးဆက်ခဲ့ရတယ်။ မည်သူမဆို တိုးတက်မှု မရှိဘဲ ကိုယ်ရဲ့ နိုင်ငံ၊ မြို့၊ ရွာကို ထားခဲ့ပြီး ဘယ်တော့မှ ထွက်မသွားချင်ကြပါဘူး။

အခု ကျွန်တော်ချစ်သည့် စင်ကာပူနိုင်ငံကို ကျောခိုင်းပြီး လန်ဒန်ကို ထွက်ခွာခဲ့ရပါတယ်။ လူမျိုးချင်းမတူ၊ ဘာသာချင်းမတူ၊ အယူအဆခြင်း မတူသည့် နိုင်ငံကို သွားရောက်ရသည် အတွက် အားငယ်စိတ်တော့ ရှိပါတယ်။ ဒါဟာ အမှန်တရားပါ။ ကျွန်တော် ပြောတာ မမှားပါဘူး၊ စင်ကာပူဟာ ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်မှာ နေရသည့်နိုင်ငံ ဖြစ်ပါတယ်။

ကျွန်တော်ဟာ လန်ဒန်မှာ ဥပဒေပညာရပ်ကို သင်ကြားခဲ့ပါတယ်။ သူများနိုင်ငံ ရောက်နေတော့ တောင့်တဆုံးအရာ ရှိပါတယ်။ အဲဒါက ကိုယ့်နိုင်ငံသားတွေနဲ့ တွေ့ပါစေ၊ ရင်းနှီးခွင့် ရပါစေဟုသာ ဆုတောင်းရင်း ကျောင်းကိုသာ တက်နေပါတယ်။ အချိန်တိုင်း စာကျက်နေပါတယ်။ သူများတွေထက် စောပြီး ဘွဲ့ရမည်ဟု ဆုံးဖြတ်ထားပြီး ကြိုးစားနေပါတယ်။

သူ့နာမည်က မစ်(ခ်)ချူး လို့ ခေါ်ပါတယ်။ သူက စာအလွန်တော်လို့ ဘုရင်မရဲ့ ပညာသင်ဆုနှင့် လန်ဒန်ကို ရောက်နေပါတယ်။ ပညာလည်း သင်နေပါတယ်။ ကျွန်တော်တို့ နှစ်ယောက် လန်ဒန်မှာ နေ့စဉ်လို တွေ့ဆုံရင်းက တစ်ယောက်ကို တစ်ယောက် သံယောဇဉ်တွေ ရှိလာကြပါတယ်။ ချစ်သူတွေ ဖြစ်လာကြပါတယ်။ လက်ထပ်ဖို့အထိ စိတ်ဝင်စားလာပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်ဟာ ဆိုရှယ်လစ်ဝါဒကို စိတ်ဝင်စားပြီး လေ့လာနေပါတယ်။ လူဖြူအင်္ဂလိပ်တို့၏ လူမျိုးခွဲခြားမှု



နှင့် ကိုလိုနီဝါဒ ကျင့်သုံးမှုများကို ကျွန်တော် ကိုယ်တွေ့မျက်မြင် ခံစားနေရပါတယ်။ အဲဒီအတွက် နယ်ချဲ့ကို ဆန့်ကျင်လိုသည့် စိတ်ဓာတ်တွေ ထွက်ပေါ်လာပါတယ်။

နိုင်ငံရေးစိတ်တွေ ဖြစ်ပေါ်နေချိန်တွင် ချစ်သူ မစ်(ခ်)ချူး ကိုလည်း သိပ်ချစ်လာတယ်။ ဒါပေမဲ့ လက်ထပ်ယူရန် အတွက်တော့ ခက်ခဲလာပါတယ်။ နောက်ဆုံးအနေနှင့် ကျွန်တော်တို့ နှစ်ဦးသဘောတူပြီး လျှို့ဝှက်စွာ လက်ထပ်ခဲ့ပါတယ်။ အဲဒီနေ့က ကျွန်တော့်မှာ ပျော်ရွှင်လိုက်တာ။ ဒီလောကမှာ ကျွန်တော့်လောက် ပျော်ရွှင်မယ့်သူ ရှိပါဦးမလားဟု ထင်မိနေပါတယ်။

မစ်(ခ်)ချူးဟာ ပညာရေးမှာ အလွန်ကိုတော်သည့် အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အင်္ဂလိပ်အစိုးရက ပညာတော်သင်ဆုပေးတာကို သိနိုင်ပါတယ်။ သူမဟာ ကျွန်တော့်အတွက်သာကမ ကျွန်တော်တို့နိုင်ငံအတွက်ပါ အကျိုးရှိနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် သူ့ကို ချစ်ပါတယ်။ ဒါကို သူမ ကောင်းစွာသိနေပါတယ်။

တကယ်တော့ ကျွန်တော်ရော သူမကပါ နိုင်ငံကိုချစ်သည့်စိတ် အပြည့်ရှိနေကြပါတယ်။ စာသင်ချိန်ပြီးလို့ တွေ့ဆုံစကားပြောနေကြသည့် အချိန်တိုင်း စင်ကာပူနိုင်ငံကို ဘယ်လို တိုးတက်အောင် လုပ်မယ်။ စင်ကာပူ လွတ်လပ်ရေးရသည့်အခါ အာရှနိုင်ငံများထက် သာလွန်အောင် လုပ်ဆောင်ကြရန် ကြိုတင်စိတ်ကူးတွေယဉ်ခဲ့ကြပါတယ်။ ကျွန်တော်တို့နှစ်ယောက်၏ ရည်မှန်းချက်၊ စိတ်ကူးယဉ်မှုတွေဟာ အမှန်တကယ် ဖြစ်လာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်ရှိမှာ ဘယ်လောက်ပင် အခက်အခဲတွေ ရှိနေကြပေမယ့် ရည်မှန်းချက်ကိုယ်စီနှင့် ကြိုးစားကြရမည် ဆိုတာကို သိနေကြပါတယ်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက် အစွမ်းကုန်ကြိုးစားနေကြပါတော့တယ်။

***



(၆)

## မစ်(စ်)ချူးနှင့် လျှို့ဝှက်လက်ထပ်

နိုင်ငံရေးဆိုတာ
တာတိုပြေးပွဲ မဟုတ်ဘူး။
မာရသွန်ပြေးပွဲနဲ့ တူတယ်။
ပြောခဲ့သမျှစကား၊
လုပ်ခဲ့သမျှ အပြုအမူ၊
စရိုက်ဟန်ပန်၊ အားသာချက်၊
အားနည်းချက်တွေဟာ
ပြည်သူတွေရဲ့စိတ်ထဲမှာ
သံမှိုစွဲသလို စွဲထင်ကျန်ခဲ့တယ်။

ဟု ပြောလာသည့်အခါ အားလုံးက လက်ခံခဲ့ကြပါတယ်။ ကျွန်တော်ကလည်း ပြည်သူတွေ ကျေနပ်အောင် လုပ်ဆောင်ပေး ပါတယ်။ ကျွန်တော်က အဲဒီလုပ်ဆောင်ပေးတာကို ကျေနပ်ကြပါတယ်။ အလားတူ ကျွန်တော်ဟာ လန်ဒန်မှာ လေ့လာနေခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပညာသင်ကြားစဉ်တွင် ဘဝတူ လက်ဝဲယိမ်း စင်ကာပူ မလေးကျောင်းသားများနှင့် ဆက်သွယ်စည်းရုံးမိကြပါတယ်။ ကျွန်တော်တို့ အဲဒီလို စည်းရုံးမိတာကို ဗြိတိသျှအစိုးရ၏ သက်ဘာ မကင်းဖြစ်မှုများ ခံရပါတယ်။

သူတို့ ဘယ်လိုပင် ဖြစ်နေပေမဲ့ ကျွန်တော်တို့ကတော့ ဂရုစိုက်နေမှာ မဟုတ်ဘူးဆိုတာပဲ ဖြစ်ပါတယ်။ သူတို့ဟာ ကျွန်တော်တို့နိုင်ငံ အပါအဝင် အာရှနိုင်ငံအများစုကိုလည်း သိမ်းပိုက်ထားပါတယ်။ နိုင်ငံတွေကို တိုးတက်အောင် လုပ်ဆောင်ပါသည်ဟု ဘယ်လိုတွေ ပြောပေမယ့် သူတို့ဘက်က အသာစီးမရရင် ဘာမှမလုပ်သည့် နိုင်ငံတွေသာ ဖြစ်ပါတယ်။

သူတို့တွေ(အင်္ဂလိပ်)ဟာ နေမဝင်အင်ပါယာဟု ဆိုကာ လက်နက်အားကိုးနှင့် လုပ်ချင်တိုင်း လုပ်နေကြသူတွေသာ ဖြစ်ပါတယ်။ နိုင်ငံအသီးသီးက ပြည်သူတွေကို ကြောက်လန့်တုန်လှုပ်အောင် တင်းကျပ်သည့် ဥပဒေတွေ ရေးဆွဲပြီး တားမြစ်ထားတယ်၊ ဆုပ်ကိုင်ထားတယ်၊ သူတို့ထုတ်ထားသည့် ဥပဒေကို မလိုက်နာပါက ဖမ်းဆီးအရေးယူ ထောင်ချလေ့ ရှိပါတယ်။

သူတို့ဟာ ကျွန်တော်တို့ကို စောင့်ကြည့်နေကြတယ်။ ဘာတွေပြောတယ်၊ ဘာတွေလုပ်နေတယ်၊ အင်အားဘယ်လောက်ရှိတယ်ဆိုတာတွေပဲ ဖြစ်တယ်။ အင်အားကြီးတယ်၊ သူတို့ကို ရဲရဲတင်းတင်း ပြောရဲသူတွေဆိုရင်တော့ ဖမ်းဆီးထောင်ချလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ဆိုရှယ်လစ်ဝါဒကို စိတ်ဝင်စားကြပါတယ်။ နိုင်ငံလွတ်လပ်ရေးရသည့်အခါ ဆိုရှယ်လစ်စနစ်ဖြင့်သာ



အုပ်ချုပ်ပြီး နိုင်ငံကို တိုးတက်အောင် လုပ်ရမည်ဟုသာ ရည်ရွယ်နေပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ရည်မှန်းချက် မပြည့်ဝသေးသည့်အခါ လျှို့ဝှက်စွာ လုပ်ဆောင်နေပါတယ်။ အဲဒီလိုမှ မဟုတ် ကြိုတင်ပြီး သိသွားရင်တော့ အောင်မြင်မှုတွေဟာ သူတို့လက်ထဲကို ရောက်သွားမှာပဲ ဖြစ်တယ်။

ဗြိတိသျှအစိုးရအနေနှင့် ကျွန်တော်တို့အပေါ် သံသယဖြစ်နေတာကို ရပ်တန့်နိုင်အောင် ကြိုးစားနေရပါတယ်။ ကျွန်တော့်ကို ကျော်ကြားမှုနှင့် ဖမ်းဆီးသွားရင် ကျွန်တော့်ဇနီး မစ်(စ်)ချူးပါ ဒုက္ခရောက်သွားနိုင်ပါတယ်။ သူ့ပညာရေးက မပြီးဆုံးသေးသလို သူ၏ကျောင်းစရိတ်ကို သူတို့က တာဝန်ယူထားရတာ ဖြစ်တယ်။

ထို့ကြောင့် အတတ်နိုင်ဆုံး လျှို့ဝှက်နေရတာပဲ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုတော့ ကျွန်တော်တို့၏ ကြိုးစားမှုတွေ အောင်မြင်၍ ရည်မှန်းချက်တွေ ပြည့်တော့မှာပဲ ဖြစ်ပါတယ်။ မစ်(စ်)ချူး ကျောင်းပြီးရင် ကျွန်တော့်ရည်မှန်းချက် လုပ်ဆောင်ရမှာတွေလည်း ပြီးပြတ်ပါတော့မယ်။

အဲဒီအခါကျရင် ကျွန်တော်တို့ စင်ကာပူကို ပြန်ကြရတော့မယ်၊ စင်ကာပူရောက်ရင် နိုင်ငံရေးလုပ်မယ်၊ ဗြိတိသျှနှင့်အပြိုင် စင်ကာပူနိုင်ငံ တိုးတက်ကြီးကျယ်အောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

❊❊❊

www.burmeseclassic.com

www.burmeseclassic.com



## (၇)

## PAP အတိုက်အခံခေါင်းဆောင်

အလိုက်သင့်ဖြစ်အောင်
မပြောင်းလဲနိုင်တဲ့နေ့၊
အဲဒီနေ့မှာ
ခင်ဗျား အရှုံးတွေ ပွေလိမ်ပြီး သေဆုံးမယ်။
အဲဒါပါပဲ။
ကျွန်တော် အသစ်တွေ မသင်ယူနိုင်တဲ့နေ့
ကမ္ဘာနဲ့ ကျွန်တော် ကင်းဝေးသွားမယ်။
အဲဒီအခါမှာ
ကျွန်တော်ဟာ
ဘာမှသုံးစားလို့ မရတော့တဲ့သူ ဖြစ်သွားမယ်။

ဒါဟာ အမှန်ပဲလို့ ကျွန်တော် ကောင်းစွာထင်မှတ်နေတယ်။ ကျွန်တော်ဟာ စင်ကာပူနိုင်ငံရဲ့ အနာဂတ်ခေါင်းဆောင် အဖြစ် သတ်မှတ်ထားမိသည့်အတွက်ကြောင့် ပြောရတာပဲ ဖြစ်ပါတယ်။



ကျွန်တော်ဟာ ကမ္ဘာ့နိုင်ငံတွေနဲ့ ကင်းဝေးသွားလို့ မဖြစ်ဘူးဆိုတာ အမှန်ပါပဲ။ လူသားအားလုံး သို့မဟုတ် ကမ္ဘာ့ခေါင်းဆောင်များ၏ အတုယူလေးစားရသည့်သူ ဖြစ်ဖို့ကိုသာ ရည်ရွယ်ပါတယ်။ ဒါ အမှန်အတိုင်းကို ပြောတာပဲ ဖြစ်ပါတယ်။ ကျွန်တော့်နိုင်ငံရဲ့ အနာဂတ်ဟာ ကျွန်တော်တို့လူငယ်တွေမှာ တာဝန်အပြည့်ရှိသည်ဟု ထင်မှတ်နေပါတယ်။

အဲဒီအတွက်ကြောင့် ကျွန်တော်ဟာ လန်ဒန်မှ စင်ကာပူကိုပြန်ရန် ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော့်ဇနီး မစ်(ခ်)ချူးကလည်း ကျောင်းပြီးလို့ ဘွဲ့ရပါပြီ။ ကျွန်တော် လန်ဒန်တွင်နေစရာအကြောင်းမရှိဟု ထင်မှတ်နေမိပါတယ်။

ထို့ကြောင့် ၁၉၅၀ ပြည့်နှစ်တွင် ကျွန်တော် စင်ကာပူကို ပြန်လာခဲ့ပါတယ်။ စင်ကာပူမှာ ကျွန်တော့်အတွက် ကောင်းစွာနေထိုင်နိုင်ပါတယ်။ စင်ကာပူကို ရောက်ပြီးသည်နှင့် လုပ်စရာအလုပ်များစွာ ရှိလာပါတယ်။ အဲဒီအထဲမှာ မဖြစ်မနေ လုပ်စရာအလုပ်တစ်ခုကတော့ လူသိရှင်ကြား လက်ထပ်ရန် ဖြစ်ပါတယ်။

လန်ဒန်မှာ လျှို့ဝှက်လက်ထပ်ခဲ့တာ ကျွန်တော်တို့ နှစ်ယောက်သာ သိခဲ့ပါတယ်။ အခု စင်ကာပူ ပြန်ရောက်တော့ လက်ထပ်ရန် ပြောကြားရန် ခက်လာ၍ မင်္ဂလာနှစ်ပတ်လည်ပွဲဟုဆိုကာ ဒုတိယအကြိမ် မင်္ဂလာနှစ်ပတ်လည်ပွဲကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပခဲ့ပါတယ်။ ကျွန်တော်နှင့် မစ်(ခ်)ချူးတို့ လက်ထပ်ပြီးနောက် ကျွန်တော်ဟာ ၁၉၅၀ ပြည့်နှစ်မှစ၍ ဝတ်လုံအဖြစ် ဆောင်ရွက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ မှူတပြီး မှန်တာကို လုပ်ဆောင်သည့်အတွက် အားလုံးက ထောက်ခံကြပါတယ်။ ယုံကြည်မှုတွေ တိုးလာကြပါတယ်။ ကျွန်တော့်ကို စင်ကာပူပြည်သူတွေက အားကိုးလာကြပါတယ်။ သူတို့၏အားကိုးမှုတွေ ရလာ၍ လုပ်ရတာ ပို၍ ထိရောက်လာတယ်။ အများစုက ကျွန်တော် စင်ကာပူနဲ့ ပတ်သက်၍ တစ်နေရာရာမှာ ဦးဆောင်စေချင်ကြပါတယ်။ သူတို့တွေ၏ အားပေး ထောက်ခံ တိုက်တွန်းသည့်အတွက်ကြောင့် ဗြိတိသျှလက်အောက်မှ စင်ကာပူ လွတ်မြောက်ရေးအတွက် နိုင်ငံရေးလှုပ်ရှားမှုကို စတင်ဆောင်ရွက်ပါတော့တယ်။

ဗြိတိသျှဆန့်ကျင်ရေးသပိတ်များမှ အလုပ်သမားခေါင်းဆောင်အဖြစ် ပါဝင်လာခဲ့ပါတယ်။ ထို့နောက် ၁၉၅၄-ခုနှစ် ပြည်သူ့လှုပ်ရှားမှုပါတီ (People' Action Party-PAP)ကို တည်ထောင်ပါတယ်။ PAP ပါတီထောင်သည့်အခါ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးသမားတွေနှင့် ပူးပေါင်းခြင်း ဖြစ်ပါတယ်။

သူတို့နှင့်အတူ ပူးပေါင်းမိသည့်အခါ ကျွန်တော်တို့ဘက်က အင်အားများဖို့က အရေးကြီးသည့်အတွက် အင်အားကို အတောင့်တင်းဆုံးဖြစ်အောင် ကြိုးတင်လုပ်ဆောင်ရခြင်း ဖြစ်ပါတယ်။

နယ်ချဲ့များသည် သဘောကောင်းသလို တင်းကျပ်သည့် ဥပဒေများကိုလည်း နောက်ကွယ်မှာ ချမှတ်ထားကြတယ်။ အခြားအာရှနိုင်ငံတွေ လွတ်လပ်ရေးရသွားကြပါတယ်။ လွတ်လပ်သည့်နိုင်ငံဆိုပြီး ပျော်ရွှင်နေကြပါတယ်။



ကျွန်တော်တို့လည်း လွတ်လပ်သည့်နိုင်ငံ ဖြစ်ချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လွတ်လပ်ရေးပေးပါလို့ မတောင်းပါဘူး။ လိုချင်တာကို တောင်းချင်ပါတယ်။ အဲဒါက တိုးတက်သည့် စင်ကာပူနိုင်ငံဖြစ်အောင် လုပ်ပေးဖို့ပါပဲ။

သူတို့ လုပ်ပေးဖို့ အစီအစဉ် မရှိဘူးလို့ပဲ ကျွန်တော် ထင်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံက သူတို့လိုချင်တာ ဘာတစ်ခုမှ မရှိတာဘဲ။

အဲဒီတော့ ကျွန်တော်တို့ လိုချင်သည့် တိုးတက်သည့် စင်ကာပူနိုင်ငံ ဖြစ်အောင် လုပ်ပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပေ။ အမှန်တော့ စင်ကာပူဟာ မလေးရှားနိုင်ငံနှင့် ထိစပ်နေသည့် ကျွန်းတစ်ကျွန်း ဖြစ်ပါတယ်။ မလေးရှားနိုင်ငံကို သိမ်းပိုက်လိုက်တော့ စင်ကာပူဟာ အလိုလိုနေရင်း နယ်ချဲ့တို့ လက်အောက်ကို ရောက်သွားပါတယ်။

နောက်ပိုင်းတော့ စင်ကာပူကို မလေးရှားနှင့် ခွဲထုတ်လိုက်ပါတယ်။ စင်ကာပူကို သူတို့စိတ်တိုင်းကျ အုပ်ချုပ်လာပါတယ်။ စင်ကာပူမှာ စာတော်သည့်လူငယ်တွေ ထွက်ပေါ်လာသည့်အတွက် ဗြိတိသျှနယ်ချဲ့ကို ဖိအားပေးဖို့ ကြိုးစားလာကြပါတယ်။ ကျွန်တော်တို့ PAP ပါတီကို တည်ထောင်ပြီးနောက် ဗြိတိသျှအုပ်ချုပ်မှုအောက်တွင် ပိုမိုတိုးချဲ့လာသည်။ ဥပဒေပြုကောင်စီ၌ အဓိကအတိုက်အခံပါတီ ဖြစ်လာပါတယ်။

PAP ပါတီဝင်တွေက ကျွန်တော့်ကို ပါတီခေါင်းဆောင်အဖြစ် တင်မြှောက်ကြပါတယ်။ ကျွန်တော် ပါတီခေါင်းဆောင်ဖြစ်လာ၍ လုပ်စရာအလုပ်တွေ ပိုများလာတယ်။ ဗြိတိသျှတွေ

www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော်တို့ကို ယခင်ကလို နှိပ်စက်ဖမ်းဆီးတာ သိပ်မလုပ်ရဲတော့ပေ။ အင်အားတွေ လျော့နည်းလာတယ်။ သူတို့ကိုအတိုက်အခံပါတီအဖြစ် ဝင်ရောက်လာတာကိုလည်း လက်ခံလာကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ အတိုက်အခံပါတီအဖြစ်နှင့် ဆက်လက်တိုက်ပွဲဝင်ရမှာပဲ ဖြစ်ပါတယ်။

***



(၈)

## ကိုလိုနီဝါဒက ထွက်ခွာနေပြီ

ကိုလိုနီဝါဒက ထွက်ခွာနေပြီ။
ဒါပေမဲ့ လုံလောက်အောင် မမြန်ဆန်ဘူး။
ကျွန်တော်တို့ ပီးပဲလ်အက်ရှင်ပါတီ(ပီအေပီ)က…
ကိုလိုနီဝါဒကို
နောက်ဆုံးတစ်ချက် တွန်းထုတ်ပစ်ပြီး
အရှေ့တောင်အာရှမှာ
ထာဝရနှစ်မြုပ်သွားအောင် လုပ်ပစ်မယ်။

အထက်ပါစကားကို ကျွန်တော် စင်ကာပူဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ ၁၉၅၅-ခုနှစ် မတ်လ ၂၁ ရက်နေ့မှာ ပြောခဲ့သည့် မိန့်ခွန်း ဖြစ်ပါတယ်။

အမှန်ပေါ့ ကျွန်တော်ဟာ ၁၉၅၅ ခုနှစ်မှာ ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးချယ်ခံရပါတယ်။ ကျွန်တော် အရွေးချယ်ခံရသည့်အတွက် ကျွန်တော်တို့ပါတီ ဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



ရှိသလို စင်ကာပူနိုင်ငံ တိုးတက်ဖို့အတွက်လည်း လမ်းစတွေ ပွင့်လာပါတယ်။

အဲဒီတော့ ကျွန်တော် အပါအဝင် အနာဂတ်စင်ကာပူ အတွက် လုပ်စရာ များစွာရှိသလို ပြောစရာတွေလည်း ရှိပါတယ်။ အမှန်တော့ ကျွန်တော်ဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် ပါ။ ဒါပေမဲ့ အခြားလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ယှဉ်လိုက် ရင် ကျွန်တော်တို့ သာရမယ်ဆိုတာပဲ ခေါင်းထဲမှာရှိ နေပါတယ်။ အဲဒီတော့ လွှတ်တော်မှာ ကျွန်တော် မိန့်ခွန်းပြောခွင့် ရပါတယ်။ အားလုံးကို မကြောက်မရွံ့ ပြောသည်အတွက်ကြောင့် တုန်လှုပ် ကုန်ပါတယ်။

"လူတစ်ယောက်က 'ဟုတ်ကဲ့… ဆရာ'၊ 'မဟုတ်ဘူး ဆရာ'ဆိုပြီး သူ့အထက်လူကြီး လာဖြစ်နေသူရဲ့ အလိုကျ ပြောပေးနေရရင် သူဟာ လူဖြစ်ရကျိုးနပ်တဲ့သူ အဖြစ်ကို ဘယ်တော့မှ ရောက်တော့မှာ မဟုတ်ဘူး"

လို့ ကျွန်တော် ခပ်ပြတ်ပြတ်ပဲ ပြောလိုက်တယ်။ အဲဒီလို ပြောလိုက်သည့်အတွက် ကျွန်တော့်စိတ်သဘောထားကို သူတို့ ကောင်းကောင်းသိသွားကြတယ်။ ကျွန်တော်တို့ဟာ လွတ်လပ် သည့် နိုင်ငံတစ်နိုင်ငံဖြစ်မည်ဆိုတာ သိနေသည့်အတွက် စင်ကာပူ မှာ နေထိုင်သူတွေအနေနဲ့ ပြင်စရာရှိတာတွေ ကြိုပြင်ဆင်လို့ရ အောင် ပြောဆိုခြင်းပဲ ဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော့်နေရာ ဒေသတွေကို သွားရောက်တိုင်း ပြောဆိုစည်းရုံးပါတယ်။ အား ပေးပါတယ်။ ကျွန်တော့်စကားကို နားထောင်ပြီး ထောက်ခံကြ ပါတယ်။



ကိုလိုနီစနစ်က ပျောက်ကွယ်လု နီးပါပြီ။ မြန်သင့် သလောက် မမြန်သေးတာပဲ ရှိပါတယ်။ ကျွန်တော်တို့ ပြည်သူ့ အရေးတော်ပုံပါတီ (People's Action Party)က အရှေ့တောင် အာရှအကျိုးအတွက် ကိုလိုနီစနစ်ကို အမြစ်ပြတ် ချေမှုန်းပစ်ဖို့ ရည်ရွယ်ပါတယ်။ ဒါဟာ အမှန်တရားပဲ။ ကျွန်တော်ဟာ နိုင်ငံ အတွက် လူဖြစ်လာတာလ...ဟု ထင်မှတ်နေမိတယ်။

အဲဒါကြောင့် ကျွန်တော် အမြဲပြောပါတယ်။ နိုင်ငံစစ်မှု ထမ်းဥပဒေကို ကျွန်တော်တို့ ရုပ်သိမ်းပေးသင့်ပါတယ်။ မူအား ဖြင့် ဥပဒေအရ စစ်မှုထမ်းစေတာကို ကျွန်တော်တို့ မကန့်ကွက် ပါဘူး။ ဒါပေမဲ့ လူထုက လွတ်လပ်ပွင့်လင်းစွာ ရွေးချယ်တင် မြှောက်ထားပြီး လူထုအပေါ် တာဝန်ယူရတဲ့ လွတ်လပ်တဲ့ အစိုးရ မှာသာလျှင် သူ့နိုင်ငံသားတွေကို နိုင်ငံအတွက် အသက်ပေးဖို့ တောင်းဆိုခွင့် ရှိရမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဒါကြောင့် ဒီနိုင်ငံမှာရှိတဲ့ ပြည်သူအများအပြားဟာ မျိုးချစ် စိတ် ထက်သန်သူတွေ ဖြစ်ကြတယ်။ ကိုလိုနီစနစ်က သူတို့ရဲ့ အရည်အသွေးကို သိမ်ဖျင်းစေပြီး ဂုဏ်သိက္ခာ ကျဆင်းစေတဲ့ အတွက်ကြောင့် ကိုလိုနီလက်အောက်ခံဘဝကို မုန်းတတ်အောင် သူတို့သင်ယူခဲ့ကြရတယ်။

နယ်မြေပိုင်နက်တစ်ခုအပေါ် စစ်တပ်က နိုင်ငံရေးအရ ထိန်းချုပ်မှုဖြစ်မယ်ဆိုတဲ့ အကြောင်းပြချက် ပေးနေတဲ့သူတွေရဲ့ အကျိုးစီးပွားများအ...က် မဟုတ်ဘဲ ပြည်သူလူထုရဲ့ အကျိုး စီးပွားအတွက် နိ...ငံရဲ့ဓနဥစ္စာတွေ ဖွံ့ဖြိုးတိုးတက်လာ...၊ ငြိမ်းချမ်းပျော်ရွှင်စရာ လူ့အဖွဲ့အစည်းတစ်ခုမှာ ဂုဏ်...ရှိရှိ

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ဖို့ အခွင့်အရေးကို ကိုလိုနီစနစ်က သူတို့ကို မပေးခဲ့ပါဘူး။

-ကျွန်တော်က အဲဒီလိုပြောတော့ ကိုလိုနီတွေက မကျေနပ်ကြပါဘူး၊ အမှန်တရားကို ပြောတာပဲ ဖြစ်ပါတယ်။ သူတို့ကျေနပ် မကျေနပ် ကျွန်တော် ဂရုစိုက်နေမှာ မဟုတ်ပါဘူး။ ကျွန်တော့်နိုင်ငံအတွက် လုပ်တာပဲ။ သေသွားလည်း ကျွန်တော့်လုပ်ရပ်ကို ကျွန်တော့်ပြည်သူတွေ ဂုဏ်ယူနေကြမှာပဲ ဖြစ်ပါတယ်။

"ငါဟာ လွတ်လပ်တဲ့ လူတစ်ယောက်၊ ဒါဟာ ငါ့တိုင်းပြည်"လို့ ပြောနိုင်တဲ့နေ့မှာ ဖော်ရွေပျူငှာတဲ့ အိမ်ရှင်က ဧည့်သည်ကို ကြိုဆိုသလို ခင်ဗျားတို့ကို ကျွန်တော် ကြိုဆိုပါမယ်။ ဒါပေမဲ့ ကိုယ့်တိုင်းပြည်ထဲမှာ ကိုယ်ဟာ ဧည့်သည်တစ်ယောက်တော့ ကျွန်တော် မဖြစ်ချင်ဘူးလို့ မိတ်ဆွေတစ်ယောက်ကို ကျွန်တော် ပြောခဲ့ပါတယ်။

ကျွန်တော်ဟာ ကိုယ့်တိုင်းပြည်မှာနေရပေမယ့် သူတစ်ပါးလက်အောက်မှာ နေရတယ်။ သူတို့ထုတ်ထားသည့် စည်းကမ်းတွေနဲ့ နေရတယ်။ ဒါဟာ ဘောင်ခတ်မှုတစ်ခုသာ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်ဟာ စင်ကာပူနိုင်ငံသားတွေ တိုးတက်ဖို့ရန်အတွက် ကျွန်တော် စကားတွေအများပြီး ပြောနေရတယ်။ အခုလို ပြောနေရတာဟာ ပြည်သူတွေကောင်းစားဖို့ကိုသာ ဦးတည်ပြီး ပြောနေတာပဲ ဖြစ်ပါတယ်။

ဒီကြားထဲမှာ စိတ်ကူးယဉ်ပြီး ပြောချင်တာ ပြောသူတွေ ရှိနေသေးတယ်။ အဲဒါက ဘာလဲဆိုတော့ လွတ်လပ်ရေးမရသေး



ဘူး၊ ဒီမိုကရေစီနဲ့ ပတ်သက်တာတွေကို အားပါးတရ ပြောနေကြတယ်၊ ဒီမိုကရေစီနဲ့ ပတ်သက်လို့ ပြောခဲ့ရတာတွေ များလှပါပြီ။

အဲဒါကြောင့် လူတွေကို "ခင်ဗျားတို့ ဒီမိုကရေစီ မရနိုင်ဘူး၊ ဒီမိုကရေစီက ခင်ဗျားတို့နဲ့ မကိုက်ဘူး၊ ကွန်မြူနစ်တွေရဲ့ ဖျက်ဆီးဝါးမျိုမှုကို ခင်ဗျားတို့ ခံရမှာပဲ။ ဒါကြောင့် အရင်ဆုံး ကွန်မြူနစ်တွေကို တိုက်ကြစို့"လို့ သွားပြောလို့ အချည်းနှီးပါပဲ။

အဲဒါက အလုပ်မဖြစ်ပါဘူး။ လွတ်လပ်တဲ့ ဒီမိုကရေစီ အခြေခံတဲ့ ကွန်မြူနစ်မဟုတ်တဲ့ မလေးရှားကျွန်းဆွယ်ကို မြင်လိုကြသည့် မျိုးချစ် မလေးအနွယ်ဝင် တိုင်းရင်းသားတွေရဲ့ နှလုံးသားတွေကို နည်းနည်းလေးမှ ဆွဲကိုင်လှုပ်ခတ်နိုင်မှာ မဟုတ်ပါဘူး။ ကိုလိုနီစနစ် ရေရှည်တည်မြဲနိုင်အောင် တိုက်ခိုက်ပေးဖို့ ကျွန်တော်တို့ ပြင်ဆင်မထားဘူး။

ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ရပိုင်ခွင့်တွေကိုသာ ပေးကြည့်လိုက်ပါ။ လွတ်လပ်တဲ့ ဒီမိုကရေစီဝါဒ အခြေခံတဲ့ ကွန်မြူနစ်မဟုတ်တဲ့ မလေးရှားကျွန်းဆွယ်ရဲ့ ဖြစ်တည်မှုကို ခြိမ်းခြောက်လာသည့် ကွန်မြူနစ်ကွေ အပါအဝင် တခြားဘယ်သူ့ကိုမဆို ကျွန်တော်တို့ ဆန့်ကျင်တိုက်ခိုက်မှာပါ။

လို့လဲ ထပ်မံပြီး ပြောခဲ့ရပါတယ်။ ကျွန်တော်ဟာ ဝတ်လုံလုပ်နေတုန်းက တစ်ဦးတစ်ယောက်အတွက်ကိုသာ ဦးစားပေးစဉ်းစားနေရပေမယ့် လွှတ်တော်ထဲကို ရောက်လာတော့ စင်ကာပူပြည်သူများအတွက် စဉ်းစားနေရပါတယ်။ အဲဒီအတွက် ကျွန်တော် အမြဲတမ်း အလုပ်ကို လုပ်နေရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ထောက်ခံသူတွေကလည်း ကျွန်တော် ဘာလုပ်မလဲ သူတို့မိသားစုဘဝ၊ သူတို့ဘဝ ဘယ်လောက်တိုးတက်ပြောင်းလဲအောင် လုပ်မလဲ ဆိုတာကိုပဲ စောင့်မျှော်နေကြပါတယ်။

အဲဒီတော့ ကျွန်တော်ဟာ လွှတ်တော်ထဲမှာလည်း ပြည်သူတွေအတွက် ပြောဆိုလုပ်ကိုင်နေသလို လွှတ်တော်အနားယူသည့်အခါမှာလည်း ပြည်သူတွေထံ ရောက်အောင်သွားနေပါတယ်။ ပြည်သူတွေကလည်း ကျွန်တော့်အလာကို စောင့်မျှော်ပြီး ကျွန်တော် ဘာလုပ်နေတယ်၊ ဘာပြောခဲ့တယ်၊ ဘာတွေလုပ်ဖို့ရှိတယ် ဆိုတာကအစ အသိပေး ပြောဆိုနေပါတယ်။ အဲဒီလိုနှင့် ၁၉၅၅ ခုနှစ် တစ်နှစ်တာ ကုန်ဆုံးသွားပါတယ်။

* * *



## (၉)

## ကျွန်တော့်စကားစုများ

အပြောင်းအလဲတွေနဲ့
မသေချာမှုတွေများတဲ့ ခေတ်ကြီးထဲမှာ
စင်ကာပူဟာ ရှေ့မှာပုန်းခိုစောင့်နေတဲ့
အန္တရာယ်တွေအတွက် သတိရှိရမယ်။
ကျွန်တော်တို့ဟာ ကိုယ်တွေ့
အန္တရာယ်မကြုံမချင်း အနာဂတ်ကို
အမှုမဲ့ အမှတ်မဲ့ နေတတ်ကြပါတယ်။
လက်တွေ့ကျတဲ့လူတွေ ဖြစ်တာကြောင့်သာ
အန္တရာယ်တွေကို ကျွန်တော်တို့
ကျော်လွှားနိုင်ခဲ့တာပါ။

အထက်ပါ အကြောင်းအရာဟာ ၁၉၅၅ ခုနှစ်ကုန်ပိုင်းလောက်မှာ ကျွန်တော်ပြောခဲ့တာပဲ ဖြစ်ပါတယ်။ အများစုက ဒီစကားတွေကို လက်ခံကြတယ်။ ကြိုက်နှစ်သက်ကြပါတယ်။ အားပေးကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ ၁၉၅၆-ခုနှစ်မှာ ကျွန်တော် ဘာဆက်လုပ်မလဲ၊ ဘာတွေပြောမလဲ ဆိုတာကို သိချင်နေကြပါတယ်။ ဤအခန်းမှာတော့ ကျွန်တော့်လုပ်ဆောင်ချက်တွေကို အများက သိမြင်နေကြပါတယ်။ ဒါပေမဲ့ ကျွန်တော် ဘာပြောခဲ့သည်ဆိုတာ မကြားသိသေးသူတွေအတွက်တော့ ကျွန်တော် ပြောဆိုခဲ့တာတွေကို စုစည်းပြီး တင်ပြချင်ပါတယ်။ အခုပထမအနေနှင့် လွှတ်တော်မှာ ပြောခဲ့သည့် မိန့်ခွန်းကို တင်ပြချင်ပါတယ်။

"ဖိနှိပ်ချုပ်ချယ်ခြင်း"

ဖိနှိပ်ချုပ်ချယ်ခြင်းဟာ ကြီးရင့်လာတတ်တဲ့ အကျင့်တစ်ခုဖြစ်ပါတယ်။ အဲဒါဟာ ချစ်တင်းနှီးနှောတာနဲ့ အတူတူပဲလို့ ကျွန်တော့်ကို ပြောပြတာ ကြုံဖူးပါတယ်။ ဒုတိယအကြိမ်ကျရင် ပိုလွယ်သွားတာ ထုံးစံပဲတဲ့။

ပထမအကြိမ်မှာ အသိတရားရဲ့ စိတ်ထိခိုက်မှု ရှိနေတယ်။ မလုံမလဲ ဖြစ်မိတယ်။ ဒါပေမဲ့ လုပ်ငန်းလုပ်နေကျ ဖြစ်လာတဲ့အခါ အတောမသတ် ထပ်ခါတလဲလဲ လုပ်နေမိပါတော့တယ်။ နယ်ပယ် အတိုင်းအတာတွေကလည်း ပိုကြီးလာတယ်။ ပထမမှာ အသိတရားကြောင့် မလုံမလဲ ဖြစ်တယ်။

ခင်ဗျားတို့က ကွန်မြူနစ်ပါလို့ အတိအကျပြောနိုင်တဲ့ သူတွေကိုပဲ အထူးတပ်ဖွဲ့က တိုက်ခိုက်တယ်။ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံ မရှိကြဘူး။ ကကြီးက ခခွေးကို ပြောတယ်။ အဲဒါကို စလုံးထံ ပြောပြတယ်။ တစ်ဖန် အဲဒါကို စလုံးက ဏကြီးကို ပြောပြတယ်။ ဏကြီးကနေ အထူးတပ်ဖွဲ့ကို သတင်းပေးတယ်။ အဲဒီသတင်းအရ အထူးတပ်ဖွဲ့က အရေးယူဆောင်ရွက်တယ်။ သူတို့ကိုယ်တိုင်က ကွန်မြူနစ်တွေ မဟုတ်ကြပေမယ့် ကွန်မြူနစ်ဘက် ပါသူတွေ၊ ထောက်ခံ ကူညီသူတွေကို သတ်မှတ်ပြီး တိုက်ခိုက်တယ်။



ကွန်မြူနစ်လည်း မဟုတ်၊ ကွန်မြူနစ်တွေရဲ့ တစ်ခရီးတည်းသွားနေသူလည်းမဟုတ်၊ ဒါပေမဲ့ ကိုလိုနီဝါဒနဲ့ ပူးပေါင်းလုပ်ကိုင်ဖို့ ခေါင်းမာမာဖြင့် ဆန့်ကျင်တဲ့သူ၊ တော်လှန်ရေးစိတ်ဓာတ်တွေ လှုံ့ဆော်တိုက်တွန်းတဲ့သူ။ အစိုးရရဲ့အာဏာ အားပျော့အောင် လုပ်တဲ့သူတွေကို အထူးတပ်ဖွဲ့ရဲ့ အလိုအရ ကွန်မြူနစ်တွေကို အားပေးကူညီသူအဖြစ် သတ်မှတ်ပြီး တိုက်ခိုက်တယ်၊ အဲဒီလို အလွန်အကျွံတွေ ဖြစ်လာတယ်။ နောက်ဆုံးမှာ ဆန့်ကျင်သူ မှန်သမျှ ချေမှုန်းတဲ့အဖြစ်ကို ရောက်သွားစေတယ်။

(ပါလီမန်တွင် အတိုက်အခံ နိုင်ငံရေးသမားအဖြစ်နှင့် ၁၉၅၆ ခုနှစ် အောက်တိုဘာလ ၄ ရက်က ပြောကြားချက်)

အထက်ပါ ပြောကြားချက်များဟာ ခေါင်းဆောင်လုပ်သူများနှင့် ပတ်သက်၍ ပြောကြားချက် ဖြစ်ပါတယ်။

"အနာဂတ်"

ဗြိတိသျှတွေ၊ ကွန်မြူနစ်တွေ၊ ပြီးတော့ မျိုးချစ်တွေအတွက် ရှေ့မှာ ဘာတွေရှိနေမလဲ ဆိုတာကို ကြိုပြောဖို့ သိပ်မလွယ်လှပါဘူး။ အဲဒါက "ငါကြီးလာရင် ဘာဖြစ်မလဲ သိချင်စမ်းလှတယ်" ဆိုတဲ့ သီချင်းလိုပါပဲ။ ဒီသီချင်းရဲ့ အရေးပိုဒ်က

www.burmeseclassic.com

www.burmeseclassic.com



"အနာဂတ်ဆိုတာ တို့တစ်တွေ မမြင်နိုင်တဲ့အရာ" လို့ ဆိုပါတယ်။ အနာဂတ်မှာ ဘာတွေဖြစ်မလဲဆိုတာကို ကျွန်တော်တို့ သိချင်တယ်ဆိုရင် အလုပ် လုပ်ရာမှာ ဘာတွေက သက်ရောက်မှု အားကြီးသလဲဆိုတာ သိရပါမယ်။ ပြီးမှ ကိုယ့်ရဲ့လက်ရှိနေရာကို ဆုံးဖြတ်ပြီး ဒီသက်ရောက်မှုအားတွေကို ကျွန်တော်တို့ စိတ်ကြိုက် ကြိုးစားလုပ်ဆောင်ကြည့်ရပါမယ်။

(၁၉၅၆)

"နိုင်ငံရေး"

တချို့လူတွေက ပါတီတစ်ခုထဲမှာ အကျင့်ပျက်စီးချင်တိုင်း ပျက်စီးပြီးတဲ့နောက် ဘာမှမဖြစ်ခဲ့သလို ပုံစံနဲ့ ပါတီအသစ်၊ ဒါမှမဟုတ် လှုပ်ရှားမှုအသစ်တစ်ခုခုမှာ ရှေ့တန်းကနေပြီး ပြာမှုန့်က ရှန်းတက်လာတဲ့ မီးလျှံငှက်လို အသွင်ဆောင်နိုင်လိမ့်မယ်လို့ ထင်နေကြတယ်။ တကယ်တော့ နိုင်ငံရေးသက်တမ်းမှာ အခွန့်ရှည်ဖို့အတွက် ဒီလိုထူးခြားဆန်းပြားမှုတွေ ဖြစ်ဖို့မလိုပါဘူး။ ရိုးရိုးလေးနဲ့ ရှင်းရှင်းလေးပါပဲ။ ကိုယ့်ကတိတွေကို ကိုယ်လေးစားပါ။ အကျင့်မပျက်ပါနဲ့ ကိုယ့်ပါတီကို မဖျက်ဆီးပါနဲ့။

(၁၉၅၆)

"လုံခြုံရေး"

စားပြတိုက်သူကို ထိုးနှက်တိုက်ခိုက်ဖို့ အသင့်ပြင်ပြီးစောင့်နေတဲ့ ခွန်အားသန်မာတဲ့ မိတ်ဆွေတွေရှိတဲ့ အားနည်းသူတစ်ယောက်ကို စားပြတိုက်ရတာ ပိုခက်တယ်။

(၁၉၅၆)



"စင်ကာပူနိုင်ငံ"

အကျိုးတူပူးပေါင်းဆောင်ရွက်မှု ဆိုတာကို ပြောပြောနေကြတဲ့ ကျွန်တော်တို့လူတွေက စင်ကာပူဟာ မဇလေးရှားကျွန်းဆွယ်ရဲ့ ဆိုင်ပြတာင်းပေါက်ဆိုတာကို နားမလည်ကြဘူး၊ ဒီနေရာဟာ လူတွေလာပြီး ရောင်းဝယ်ဖောက်ကားကြတဲ့ နေရာလေးတစ်ခုဖြစ်တယ်။ ဗြိတိသျှတွေ၊ မျိုးချစ်စိတ်ပြင်းသူတွေ၊ ကွန်မြူနစ်တွေ သူတို့ရဲ့ နည်းဗျူဟာတွေကို ပထမဆုံး ကွင်းဆင်းစမ်းသပ်ရာ စမ်းသပ်ခန်းလေးတစ်ခုလည်း ဖြစ်တယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ တစ်ခုခု မှားသွားရင် အတိုင်းအတာပမာဏနည်းနည်းအပေါ်မှာပဲ မှားယွင်းမှာဖြစ်တဲ့အတွက်ကြောင့်ပဲ။

(၁၉၅၆)

"မလေးရှားနဲ့ ပေါင်းစည်းခြင်း၊ ကွဲကွာခြင်း"

လွတ်လပ်တဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်လာဖို့ စင်ကာပူဟာ ဖယ်ဒရေးရှင်းမှာ ပူးပေါင်းရမယ်၊ ဒါကြောင့် ကျွန်တော်တို့ဟာ အရင်ဆုံး မလေးကျွန်းဆွယ်မှာရှိတဲ့ တိုင်းရင်းသား လူမျိုးစုတွေကြားထဲက သွေးစည်းချစ်ကြည်မှုကို တိုးမြှင့်ခြင်းအားဖြင့် ပေါင်းစည်းမှုကို ပိုလွယ်ကူအောင်လုပ်ဖို့ ကြိုးပမ်းရမယ်။ ဖယ်ဒရေးရှင်းမှာဆိုရင် မလေးလူမျိုးတွေက လူများစုပဲ။ စင်ကာပူမှာဆိုရင်တော့ တရုတ်လူမျိုးပေါ့။ ဒါကြောင့် ဖယ်ဒရေးရှင်းမှာ မလေးရှားလူမျိုးတွေအနေနဲ့ တခြားညီအစ်ကိုမျိုးနွယ်များဖြစ်ကြတဲ့ အိန္ဒိယနဲ့ တရုတ်လူမျိုးတွေဟာ အားလုံးရဲ့ ပျော်ရွှင်မှုနဲ့ ကောင်းကျိုးချမ်းသာအတွက် အတူတူ ပေါင်းစည်းဆောင်ရွက်ချင်တဲ့ဆန္ဒရှိကြတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို နားလည်ဖို့ အလွန်အရေးကြီးပါတယ်။ လွတ်လပ်ရေးနဲ့ ပေါင်းစည်းမှုကို ကျွန်တော်တို့ ရရှိလာတဲ့အခါမှာ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းကို ထူထောင်ဖို့ လွှတ်လပ်ပြီး လျှို့ဝှက်တဲ့ ရွေးကောက်ပွဲတွေမှာ တစ်ယောက်တစ်မဲကျ မဲပေးရမယ်ဆိုတဲ့ အစိုးရရဲ့ ဒီမိုကရက်တစ်စနစ်ကို ကျွန်တော်တို့ တွန်းလှန်ဆန့်ကျင်နိုင်တယ်။ နောက်ဆုံးမှာ တစ်ယောက်တစ်မဲဆိုတာက လူများစုဖြစ်တဲ့ မလေးရှားကျွန်းဆွယ်က ဆင်းရဲချို့တဲ့တဲ့ ပြည်သူတွေက မလေးပါလီမန်ထဲမှာ ကိုယ်စားလှယ် အများစုကို ရွေးကောက်တင်မြှောက်ဖို့ ဖွဲ့စည်းအုပ်ချုပ်မှုအာဏာကို ရရှိပြီး လူ့အသိုက်အဝန်းရဲ့ ဖွဲ့စည်းပုံစနစ်ကို ပြောင်းလဲပစ်တာပါပဲ။

(၁၉၅၇)

"ဒီအကြောင်းဆွေးနွေးတာ အချိန်ဖြုန်းတာပဲ"

(ဖော်ပြပါ စာကြောင်းမှာ ဥပဒေပြုလွှတ်တော်တွင် ဝတ်စားဆင်ယင်ပုံ ပြဋ္ဌာန်းရန်ကိစ္စ ဆွေးနွေးကြသည်ကို မစ္စတာလီကွမ်းယုက ယင်းသို့ မှတ်ချက်ပေး ပြောဆိုတာပဲ ဖြစ်ပါတယ်)။

ကျွန်တော်သည် လွှတ်တော်ထဲကိုရောက်မှ ပြောဆိုလုပ်ကိုင်လိုက်ရတာ အချိန်တွေ ဘယ်လိုကုန်သွားမှန်းတောင် မသိအောင် ဖြစ်ရပါတယ်။

***



(၁၀)

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အကြိုသဘောတူ

ကျွန်တော်တို့<br>
အခု ထိန်းချုပ်နေတဲ့ နိုင်ငံ့အာဏာကို<br>
ပြည်သူတွေရဲ့ အသက်ပေါင်းများစွာ<br>
ကြွယ်ဝချမ်းသာစေဖို့ အသုံးပြုတာ မဟုတ်ဘဲနဲ့<br>
အုပ်ချုပ်သူလူတန်းစား အစုညီးငယ်ရဲ့<br>
အိတ်ကပ်ကို ပြည့်ဖို့ပဲ အသုံးပြုမယ်ဆိုရင်<br>
ကျွန်တော်တို့အားလုံး<br>
ပျက်စီးခြင်းတိုင်မှာပဲ။

ဒါဟာ အမှန်တရားတွေပဲ။ မကြာခင် ကျွန်တော်တို့နိုင်ငံကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးတော့မယ်။ အဲဒီအတွက် ကျွန်တော်အားလုံးရဲ့ မိတ်ဆွေတွေ အခုတည်းက ပြောင်းလဲထားဖို့ လိုပါတယ်။ တခြားသူတွေတော့ မသိသေးဘူး၊ ကျွန်တော့်စိတ်တွေကတော့ ပြောင်းပြီးသား ဖြစ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ တစ်ချိန်ကျရင် စင်ကာပူနိုင်ငံကို ဦးဆောင်ရမည့်သူဟု ထင်မှတ်ထားသည့်အတွက်ကြောင့် ဖြစ်ပါတယ်။ အခု ကျွန်တော် ဦးဆောင်သည့် လူငယ်များက စင်ကာပူ၏ အနာဂတ်အတွက် ကိုလိုနီခေါင်းဆောင်တွေနှင့် တွေ့ဆုံပြီး စင်ကာပူနိုင်ငံနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံဆွေးနွေးမှုကြောင့် စင်ကာပူနိုင်ငံ၏ အနာဂတ်မှာ ကောင်းသည့်လက္ခဏာတွေ မြင်လာရပါတယ်။

အကြောင်းမှာ ကိုလိုနီတွေက ၁၉၅၇ ခုနှစ်မှာ စင်ကာပူကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် သဘောတူညီခဲ့ပါတယ်။ အဲဒီအတွက် ကျွန်တော် အပါအဝင် စင်ကာပူနိုင်ငံသားတွေ ပျော်ရွှင်ကျေနပ်နေကြပါတယ်။ အဲဒီလိုဖြစ်ဖို့ လုပ်ဆောင်ရတာ လွယ်သည့်ကိစ္စမဟုတ်၊ အလွန်ကို ပင်ပန်းခက်ခဲပါတယ်။

ကျွန်တော်ဟာ ပါတီခေါင်းဆောင်အဖြစ်နှင့် ပါလီမန်ကို ရောက်ထဲက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးကိုသာ ဦးစားပေးပြောဆို တောင်းဆိုနေတာပဲ ဖြစ်ပါတယ်။ အခု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြုတော့မည်ဟု ကမ်းလှမ်းလာ၍ စင်ကာပူနိုင်ငံအတွက် ပျော်ရွှင်နေရပါတယ်။

ဗြိတိသျှတွေဟာ ကျွန်တော်တို့နိုင်ငံကို အခုလို လုပ်ပေးတာဟာ ပေးချင်၍ မဟုတ်။ သူတို့မှာ အင်အားတွေ ကျဆုံးကုန်၍သာ ဖြစ်ပါတယ်။ အလားတူ စင်ကာပူဟာ သူတို့လိုချင်သည့် သယံဇာတ ဘာတစ်ခုမှ ထွက်သည့်နိုင်ငံ မဟုတ်တာလည်းပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် လွတ်လပ်သည့်နိုင်ငံ ဖြစ်တော့မည့်



အတွက် ကျေနပ်နေမိတယ်။ ကျွန်တော်ကတော့ နိုင်ငံနှင့်လူမျိုးတွေအတွက် ပြောဆိုတိုက်ပွဲဝင်ရဦးမှာပဲ ဖြစ်ပါတယ်၊

အဲဒီမှာ ကျွန်တော် ပထမဆုံး ပြောဆိုလုပ်ဆောင်ရမှာက အကျင့်ပျက် ခြစားမှုသာ ဖြစ်ပါတယ်။ အကျင့်ပျက် ခြစားမှုနှင့် ပတ်သက်၍ ပါလီမန်မှာ ကျွန်တော် ပြောခဲ့ပါတယ်။

ကျွန်တော်တို့ အခု ထိန်းချုပ်နေတဲ့ နိုင်ငံ့အာဏာကို ပြည်သူတွေရဲ့ အသက်ပေါင်းများစွာ ကြွယ်ဝချမ်းသာစေဖို့ အသုံးပြုတာ မဟုတ်ဘဲနဲ့ အုပ်ချုပ်သူ လူတန်းစားအနည်းငယ်ရဲ့ အိတ်ကပ်ကိုပြည့်ဖို့ပဲ အသုံးပြုမယ်ဆိုရင် ကျွန်တော်တို့အားလုံး ပျက်စီးခြင်းတိုင်မှာပဲ။

> "မှန်တာ မှားတာ၊ ကောင်းတာ မကောင်းတာကို နားလည်ဖို့ ကျွန်တော်တို့တစ်တွေ ရှေ့နေပြစရာ မလိုပါဘူး၊ ဒါက လူသားတွေရဲ့ တန်ဖိုးစံနှုန်းတွေမှာ အခြေခံအကျဆုံး အချက်တွေအဖြစ် ပါဝင်ပြီးသားပါ"
>
> (၁၉၅၇)

ဟု ပြောခဲ့ပါတယ်။ ဒါဟာ အကျင့်ပျက်ခြစားမှုနှင့် ပတ်သက်၍ ပြောဆိုခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော် အခုလိုပြောရတာဟာ နိုင်ငံနှင့်လူမျိုးတွေရဲ့ဂုဏ်သိက္ခာကို ထိန်းချုပ်တာပဲ ဖြစ်တယ်။ ဗြိတိသျှတွေက ကျွန်တော်တို့ကို အပြီးအပိုင် လွတ်လပ်ရေးပေးသည့်အခါ ဒီမကောင်းသည့် အကျင့်ပျက်မှုကြီးကျန်ရစ်ခဲ့မှာကို စိုးရိမ်၍ ပြောချင်တာ ဖြစ်ပါတယ်။

ဗြိတိသျှတွေက လွတ်လပ်ရေးမပေးခင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးတော့မှာ ဖြစ်ပါတယ်။ အဲဒီအတွက် စင်ကာပူပြည်သူ

www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ စိတ်နေသဘောထားတွေ ကြိုတင်ပြောင်းထားရန် ပြောဆိုနေခြင်းသာ ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်ဟာ နေ့စဉ်လိုလို ပြောဆိုနေရပါတယ်။ ဘာကြောင့် အဲဒီလို ပြောနေရသလဲဆိုတော့ စင်ကာပူပြည်သူတွေ သူများနိုင်ငံတွေထက် သာလွန်အောင် နေထိုင်နိုင်ဖို့ ပြောဆိုနေရခြင်း ဖြစ်ပါတယ်။

ရွှေ့ပြောင်းအခြေချသူနှင့် နေရပ်စွန့်ခွာသူများအရေး

ဗြိတိသျှတွေဟာ အလုပ်သမားတွေ ဈေးပေါပေါနဲ့ရဖို့အတွက် အစီအမံမရှိ မူဝါဒမရှိ၊ ထိန်းချုပ်မှုမရှိဘဲ အကန့်အသတ်မဲ့ လူဝင်မှုကို ခွင့်ပြုခဲ့တယ်။ လူဝင်မှုအပေါ် ကျွန်တော် အပြစ်မတင်လိုပါဘူး။ ဒါပေမဲ့ လက်သင့်ခံပေးတဲ့ ပြည်သူတွေကို ထည့်မတွက်တဲ့၊ ဒီနိုင်ငံထဲကို ဝင်ရောက်လာတဲ့သူတွေကို ပညာသင်ကြားပေးဖို့ မစဉ်းစားတဲ့ အစိုးရကိုတော့ ကျွန်တော် အပြစ်တင်တယ်။ ရွှေ့ပြောင်းအခြေချသူ အစုအဖွဲ့တစ်ခုစီရဲ့ မိခင်နိုင်ငံဟာ တစ်ကျော့ပြန် နာလန်ထလာတာနဲ့အမျှ လူမျိုးကြီးဝါဒဘက်ကို ယိမ်းယိုင်အောင် လှုံ့ဆော်စရာအကြောင်းတွေ ရှိလာပါတယ်။ ဒီလိုအတိမ်းအစောင်းမခံတဲ့ အခြေအနေမှာ ကျွန်တော်တို့က ရွှေ့ပြောင်းအချေချသူတွေကို ဒီနိုင်ငံအပေါ် မမှိတ်မသုန် သစ္စာစောင့်သိမှုပေးဖို့ မေတ္တာရပ်ခံပေးရမှာ ဖြစ်ပါတယ်''

(၁၉၅၇)

ဟု ကျွန်တော် ပြောလိုက်ပါတယ်။ ဒီစကားကို အားလုံးသဘောပေါက်မယ်လို့ ထင်နေမိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အချိန်တိုင်း အလုပ်လုပ်ရင်း ပောပြောနေရပါတယ်။ အဲဒီလိုနှင့် ၁၉၅၈ ခုနှစ်ထဲကို ရောက်ရှိလာပြီး ပြည်သူတွေ၏စိတ်တွေ ပြောင်းလဲဖို့ တိုက်တွန်းနေပါတယ်။ ပြောဆိုနေရပါတယ်။



ပီအေပီ(ပြည်သူ့အရေးတော်ပုံပါတီ)

ရွေးကောက်ပွဲကို အကြောင်းပြချက်အမှား၊ ကတိအမှားတွေ ပေးပြီး နိုင်မှာထက်စာရင် ရှုံးမှာကို ကျွန်တော်တို့ ပီအေပီက ပိုလိုလားပါတယ်။ ကျွန်တော်တို့ဟာ ရိုးသားဖြောင့်မှန်တယ်၊ ပွင့်လင်းမြင်သာမှုကို ဂုဏ်ယူတာပါလို့လည်း အများပြည်သူသိအောင် ပြောပြတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ဟာ ခိုင်မာသည်ထက် ခိုင်မာလာတယ်။

(၁၉၅၉)

ဟု ပြောလိုက်ပါတယ်။ ကျွန်တော် ဒီစကား ပြောလိုက်တာကို အံ့သြကြပေလိမ့်မယ်။ အခုတော့ ကျွန်တော် စိတ်ဆိုးကြလိမ့်မယ်။ ဒါပေမဲ့ မကြာခင်မှာ ကျွန်တော့်စေတနာကို သဘောပေါက်မှာ သေချာပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

## ဝန်ကြီးချုပ် ဖြစ်လာ

စင်ဖျားရဲ့ ထိုးနက်ချက်တွေကို
ကြံ့ကြံ့ခံနိုင်ခြင်းမရှိတဲ့
အတိုက်အခံတွေကို အလေးအနက်ထားဖို့
အလွန်ခက်ခဲပါတယ်။
တစ်ချက်တည်းနဲ့ အလဲထိုးပစ်လိုက်ပြီး
လဲကျနေရာမှ အချိန်အတော်ကြာတဲ့အထိ
ပြန်မထနိုင်တဲ့အခါ
ရက်စက်ရာ ကျနေတယ်။

ဟု ၁၉၅၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက် ပါလီမန်မိန့်ခွန်းမှာ အခုလို ထည့်ပြောခဲ့ပါတယ်။ အထက်မှာ ကျွန်တော်တင်ပြခဲ့ပါတယ်။ ဗြိတိသျှတွေက ကိုယ်ပိုင်အုပ်ချုပ်ရေးပေးတော့မယ် ဆိုတာပါပဲ။ အခု ၁၉၅၉ ခုနှစ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးလိုက်ပါတယ်။ အဲဒီအတွက် နိုင်ငံကို ဦးဆောင်မည့် ခေါင်းဆောင်တစ်ဦး လိုလာပါတယ်။



ပါလီမန်မှာ ကျွန်တော်တို့ PAP ပါတီက အနိုင်ရ၍ ပါလီမန်မှာ အင်အားတွေ များလာပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ၍ ဝန်ကြီးချုပ်တစ်ယောက်ကို မဲပေးရွေးချယ်ကြပါတယ်။ ဝန်ကြီးချုပ်ရာထူးကို ဘယ်သူ့ကို ရွေးချယ်တင်မြှောက်ကြမလဲ ဆိုတာ ဖြစ်ပါတယ်။ အဲဒါနှင့် ဝန်ကြီးချုပ်ကို ရွေးချယ်ကြပါတယ်။

အားလုံးက ကျွန်တော့်ကို ရွေးချယ်တင်မြှောက်ကြတယ်။ ကျွန်တော်ဟာ ၁၉၅၉ ခုနှစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စင်ကာပူပြည်နယ်၏ ဝန်ကြီးချုပ် ဖြစ်လာတယ်။

ဒီနေရာမှာ အနည်းငယ်ရှင်းပြချင်ပါတယ်။ အကြောင်းက စင်ကာပူပြည်နယ်ဆိုတာကိုပါ။ စင်ကာပူဟာ ထိုအချိန်က မလေးရှားနိုင်ငံ၏ လက်အောက်ခံအဖြစ် သတ်မှတ်ထားသည့်အတွက်ကြောင့် ဖြစ်ပါတယ်။ ဘယ်လိုပင်ဖြစ်ပါစေ ကျွန်တော်ဟာ စင်ကာပူပြည်နယ်ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပါတယ်။

ကျွန်တော်သည် ၁၉၅၉ ခုနှစ် စင်ကာပူပြည်နယ်ဝန်ကြီးချုပ် ဖြစ်လာချိန်တွင် အသက်က "၃၆" နှစ်သာ ရှိသေးတယ်။ ကလေးလည်းမက လူကြီးလည်းမကျ ဖြစ်နေသည့်အတွက် ပြည်နယ်ကို အုပ်ချုပ်ရတာ အခက်အခဲပေါင်းများစွာနှင့် ကြုံတွေ့နေရတယ်။

ဘယ်လိုပင်ဖြစ်နေပါစေ ကျွန်တော် ယုံကြည်တာက စင်ကာပူသည် အခြားနိုင်ငံတွေထက် သာလွန်ရမည်ဆိုတာပဲ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော် အစွမ်းကုန် ကြိုးစားရန် ဆုံးဖြတ်ထားပါတယ်။ ကျွန်တော်၏ ကြိုးစားမှုတွေမှာ အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝင်တွေကလည်း လုပ်ဆောင်ပေးမည်ဟု ယုံကြည်နေပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော် အဆောပေါင်းများစွာ ကြိုးစားမည်ဟု ဆုံးဖြတ်ထားပါတယ်။

"ကတိအတိုင်း လုပ်ပေးပါ"

"ပြီးပြည့်စုံတဲ့ စည်းရုံးမဲဆွယ်ပွဲ ဖြစ်ပါတယ်။ ဦးနှောက်မရှိ တဲ့ အခိုက်အတန့် အချို့လည်း ရှိပါတယ်။ အဓိပ္ပာယ်မရှိတဲ့ ကိစ္စအချို့လည်း ရှိပါတယ်။ ဘာလို့လဲ ဆိုတော့ ကျွန်တော်တို့ရဲ့ အတိုက်အခံက ကြံမိကြံရာ လုပ်နေတဲ့ ဦးနှောက်မရှိတဲ့သူတွေ ဖြစ်နေတယ်။

သူတို့က ဗလွတ် ဗလွတ် ပြောဆိုပြီး လိမ်ညာတာတွေဟာ အခြေခံမှုတွေရဲ့ နေရာကို ဝင်ယူလို့ရတယ်လို့ ယုံကြည်ထားကြတယ်။ ကျွန်တော် ယုံကြည်စိတ်ချတာက စင်ကာပူလူထုဟာ နိုင်ငံရေးအရဲစွန့်သူတွေနဲ့ သူတို့ရဲ့ ခြေရာကို နင်းကြသူတွေကို သင်ခန်းစာပေးကြလိမ့်မယ်။ အဲဒီသင်ခန်းစာကို သူတို့ လွယ်လွယ်ဖြင့် မေ့ပစ်နိုင်မှာ မဟုတ်ဘူး။ သင်ခန်းစာက ဒီလိုပါ။ ခင်ဗျား ရွေးကောက်တင်မြှောက်ခံရပြီးအတဲ့အခါ ရွေးကောက်ပွဲမှာ ခင်ဗျား ပြောဆိုခဲ့တာတွေကို ခင်ဗျား သတိမရတော့ဘူး။ နောက်တစ်ကြိမ်မှာ ခင်ဗျား ဘာကိုပြောပြော ဘယ်တော့မှ မယုံကြည်တော့ဘူး။ လူထုကို ခင်ဗျား တစ်ကြိမ်ပဲ ညာလို့ရပါတယ်"

ဟု ပြောလိုက်ပါတယ်။



ဒါ အမှန်ပါပဲ။ ဒီမိန့်ခွန်းကို ၁၉၅၉ ခုနှစ် ရွေးကောက်ပွဲ အကြိုညက ပြောခဲ့တာပဲ ဖြစ်ပါတယ်။ ပြည်သူဟာ လေးစားတယ်။ ထောက်ခံတယ်။ အားပေးတယ်။ ဒါပေမဲ့ ပြောသည့်အတိုင်း မလုပ်ရင်တော့ ပြည်သူတွေရဲ့ အမုန်းကိုသာ ခံရမယ်။ ကျွန်တော်ကတော့ ပြည်သူ့အမုန်းကို ဘယ်တော့မှ ခံမှာမဟုတ်ဘူးဆိုတာပါပဲ။ အဲဒါကြောင့် ကျွန်တော် အစွမ်းကုန် ကြိုးစားလုပ်ကိုင်တာပဲ ဖြစ်ပါတယ်။

ပြောရဲပါတယ်။ ကျွန်တော် ဝန်ကြီးချုပ် ဖြစ်လာတာနှင့်အမျှ ပြည်နယ်ကို တိုးတက်အောင် လုပ်ဆောင်ပါတယ်။ အဲဒီအတွက် ပြည်သူတွေက ကျွန်တော့်ကို ထောက်ခံကြပါတယ်။ အခုတော့ ကျွန်တော်ဟာ စင်ကာပူပြည်သူတွေ၏ အသိအမှတ်ပြုခြင်းကို ခံရနေရပါတယ်။ ဘာကြောင့် အသိအမှတ်ပြုခံရသလဲ ဆိုတော့ ကျွန်တော်က လုပ်လည်းလုပ်တယ်၊ ပြောလည်း ပြောပါတယ်။ ကျွန်တော် ပြောခဲ့တာတွေကို ခုနှစ်အလိုက် တင်ပြလိုက်ရပါတယ်။ အခုလည်း ဥပဒေပြုလွှတ်တော်မှာ ပြောခဲ့သည့် မိန့်ခွန်းက အကျဉ်းသဘော တင်ပြချင်ပါတယ်။

"နောက်ဆုံးမှာတော့ အကောင်းဆုံးလူတွေ လုပ်ကိုင်လည်ပတ်နေတဲ့အတိုင်း ခင်ဗျားရဲ့စနစ်က ကောင်းနေပြီ။ ကျွန်တော်တို့ ဘယ်သောအခါမှ မမေ့အပ်တာက ရိုးရိုးရှင်းရှင်းလေးပါ။ လူသစ်တွေ စုဆောင်းတာကို ပြီးခဲ့တဲ့ ငါးနှစ်တာအတွင်း လုပ်ကိုင်ခဲ့ကြတဲ့အတိုင်း ဆက်မလုပ်ဘူးဆိုရင် အဆုံးသတ်မှာ ခြောက်သွေ့ညှိုးနွမ်းပြီး သေဆုံးသွားမယ်။ ကျွန်တော်တို့ လာမယ့် ငါးနှစ်အတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



လူသစ်စုဆောင်းပြီး ခွန်အားပိုတောင့်တင်းစေမှသာလျှင် အဲဒီကာလ ကုန်ဆုံးချိန်မှာ ကျွန်တော်တို့ကမ္ဘာကို ရင်ဆိုင်နိုင်မယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု ပြည့်ဝနေတဲ့ ပါတီအဖြစ်ကို ရမယ်။ လူထုအကျိုး သယ်ပိုးနိုင်တဲ့ ပါတီဖြစ်နေမယ်''

ဒါဟာ ၁၉၅၉-ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့မှာ ပြောခဲ့သည့် မိန့်ခွန်းဖြစ်ပါတယ်။ ကျွန်တော် အထက်မှာ ပြောခဲ့သလို အနာဂတ် စင်ကာပူအတွက် မျိုးဆက်သစ်လူငယ်တွေ မွေးထုတ်ရမယ်။ ကျွန်တော်တို့ဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရစပဲရှိသေးတယ်။ သူတို့ကို အမှီပြုပြီး နိုင်ငံတိုးတက်အောင် လုပ်ဆောင်ရမှာဖြစ်တယ်။ ကျွန်တော်နှင့်အတူ လုပ်ကိုင်သူတွေကလည်း ကျွန်တော့်လို နိုင်ငံတိုးတက်စေသည့်စိတ်များ ရှိနေကြပါတယ်၊

၁၉၅၉-ခုနှစ်မှာ စင်ကာပူနိုင်ငံဟာ တိုးတက်မှု အရိပ်အယောင် ပြလာတယ်။ ပြည်သူတွေ ပျော်ရွှင်ကျေနပ်လာတယ်။ ကျွန်တော့်မှာ အစိုးရအဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်လိုက်၊ ဗြိတိသျှတွေနှင့် တွေ့ဆုံဆွေးနွေးလိုက်၊ တောင်းဆိုလိုက်နှင့် အလုပ်တွေရှုပ်နေပါတယ်။ အဲဒီလို အလုပ်ရှုပ်နေ၍ တစ်လကုန်လို့ တစ်လကူးတာကိုတောင် မြန်လွန်းသည်ဟု ထင်နေမိပါတယ်။ ကျွန်တော် အဲဒီလို ကြိုးစားလုပ်ကိုင်နေတော့ ပြည်သူတွေက အားပေးထောက်ခံကြတယ်။ အဲဒီအတွက် ဝန်ကြီးချုပ်တစ်ယောက်အနေနှင့် ကျေနပ်နေမိပါတယ်။

***



(၁၂)

## ပြည်သူတွေအနာဂတ် လှပစေဖို့

နိုင်ငံတစ်နိုင်ငံရယ်လို့ ဖြစ်ဖို့ဆိုရင်
အဓိကကျတဲ့ အကြောင်းနှစ်ရပ် ရှိရမယ်။
ပထမဆုံး အဲဒီနိုင်ငံမှာနေထိုင်မယ့်
သူတွေမှာ တူညီတဲ့ လူမှုအတွေ့အကြုံ၊
ထပ်တူကျတဲ့ ရည်မှန်းချက်တွေ ရှိရမယ်။
ဒုတိယက...
အများဆန္ဒကို အပြည့်အဝ အသုံးချခွင့်ရှိရမယ်။
တစ်ဦးအပေါ် တစ်ဦး
ဦးစားပေး ဆက်ဆံရမယ်။

ဒါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး နောက်တစ်နှစ် ၁၉၆၀ ပြည့်နှစ်က ပြောကြားလိုက်သည့် မိန့်ခွန်းဖြစ်ပါတယ်။ ကျွန်တော်ဟာ ဝန်ကြီးချုပ် ဖြစ်ပြီးတည်းက အနားနေရသည်မရှိ၊ အချိန်ပြည့် အလုပ်[illegible]သာ အချိန်ကုန်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကာလမှာ ကျွန်တော် ဘာပြောပြီး ဘာတွေလုပ်ခဲ့သည် ဆိုတာကို သိချင်ကြမှာပါ။ ကျွန်တော်တို့ အပင်ပန်းခံလုပ်နေသည်ဆိုတာကို မျက်မြင်သိနေကြမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဘာတွေပြောခဲ့သည်ဆိုတာ သိရအောင် ပြောခဲ့သည့် အကြောင်းအရာများကို စုနစ်၊ အကျဉ်းသဘောဖြင့် တင်ပြလိုက်ချင်ပါသည်။

**စင်ကာပူနိုင်ငံသား**

မဝေးတော့တဲ့ အနာဂတ်မှာ နိုင်ငံ့တာဝန်ကို လွှဲပြောင်းပေးဖို့ စီမံအုပ်ချုပ်ရေး၊ အသိပညာနဲ့ အတတ်ပညာဆိုင်ရာ အရည်အချင်းရှိသူတွေကို ဒီကနေ့ တက္ကသိုလ်ကျောင်းတော်သားတွေထဲမှာ ရှာရမယ်။ သူတို့မှာ ရှိတဲ့ ယုံကြည်ချက်ချင်းတူပြီး ရည်ရွယ်ချက်တွေ ထပ်တူကျမယ်ဆိုရင် တူညီတဲ့ ဘာသာစကား၊ နိုင်ငံရေးနဲ့ သမိုင်းအစဉ်အလာရှိကြတဲ့ ကွဲပြားခြားနားတဲ့ လူတွေကို ဖန်တီးရာမှာ ကျွန်တော်တို့ အောင်မြင်နိုင်ပါတယ်။ အဲဒီလိုမဟုတ်ဘူးဆိုရင် တူညီတဲ့ လူမှုစရိုက် လက္ခဏာ ရှိမထားခင် နိုင်ငံရေး လွတ်လပ်ခွင့်ကို ရရှိထားတဲ့ လူမျိုးပေါင်းစုံနေထိုင်တဲ့ အသိုင်းအဝိုင်းရဲ့ ပြဿနာပေါင်းစုံကြောင့် ကျွန်တော်တို့မှာ ဒုက္ခတွေ့ ရနိုင်ပါတယ်။

(၁၉၆၀)



မလေးရှားနိုင်ငံနှင့် ပေါင်းစည်းခြင်း၊ ကွဲကွာခြင်း

တသီးတခြားခွဲထွက်နေရင်တော့ စင်ကာပူက ဘယ်အစိုးရကမှ လူထုဆူပူအုံကြွမှုတွေ ဖြစ်လာစေနိုင်တဲ့ စီးပွားရေးအခက်အခဲနဲ့ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်မှာမဟုတ်ဘူး။ ဖယ်ဒရေးရှင်းနဲ့ ပူးပေါင်းပြီး ပညာရေးနဲ့ အလုပ်သမားရေးရာ မူဝါဒတွေမှာ ကျွန်တော်တို့နဲ့အတူ အခြေအနေတွေနဲ့ သင့်တော်အောင် ကိုယ်ပိုင်လုပ်ပိုင်ခွင့်နဲ့ အတူ အလားအလာရှိတဲ့ စီးပွားရေး အခြေခံကို ရရှိမှာဖြစ်သလို လူဦးရေတိုးပွားမှုနဲ့အညီ တိုးတက်မလာတဲ့ စီးပွားရေးပြဿနာတွေ အတွက် ဖြေရှင်းချက်တစ်ခုရဲ့ အခြေခံလိုအပ်ချက်တွေကိုပါ ရရှိနိုင်မှာ ဖြစ်ပါတယ်။

စင်ကာပူနဲ့ ဖယ်ဒရေးရှင်းက တစ်ခုတည်းပဲဆိုတာကို ဘယ်သူကမှ အမြင်မမှားကြပါဘူး။ ဒီနယ်မြေနှစ်ခုကို သူတို့ရဲ့ နိုင်ငံရေးအရ အဆင်ပြေမှုအတွက် ပိုင်းခြားခဲ့တာက ဗြိတိသျှ ကိုလိုနီအစိုးရဆိုတာကို ဘယ်သူကမှ အငြင်းမပွားကြပါဘူး။ ကျွန်တော်တို့ ပြန်လည်ပေါင်းစည်းကြရပါမယ်။ မေးစရာရှိတာက ဘယ်အချိန်မှာလဲ၊ ဘယ်လိုလဲ ဆိုတာပါပဲ။

(၁၉၆၁)

အလုပ်သမားလူတန်းစား ကောင်းစားရေးအတွက် ကြိုးစားရာမှာ အခုအစိုးရထက်ပိုပြီး [illegible]ထောက်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့၊ တက်ကြွထက်သန်တဲ့ အစိုးရမျိုး စင်ကာပူသမိုင်းမှာ မရှိခဲ့ဘူးဆိုတာ ခင်ဗျားတို့အားလုံး သိထားရမယ်။

(၁၉၆၁)

လူထုအဖို့ ပထမဆုံး အလေးထား ဆောင်ရွက်ရမယ့်တာဝန်က ဖယ်ဒရေးရှင်းနဲ့ ပူးပေါင်းမှသာလျှင် ဖြစ်နိုင်ချေရှိတဲ့ စင်ကာပူရဲ့ လုံခြုံမှုနဲ့ ကြွယ်ဝချမ်းသာမှုတို့ အစဉ်တည်တံ့နိုင်မာရေး ဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ခွဲထွက်နေမယ် စိတ်ကူးရင်တော့ ကွန်မြူနစ်တွေလိုပဲ ဖြစ်သွားမှာပေါ့။

(၁၉၆၂)

အယုံလွယ်မှုကြောင့် ခင်ဗျား ကာကွယ်ပေးရမယ့် လူတချို့ သေချာပေါက် ရှိတာပေါ့။

(၁၉၆၂)

မီဒီယာ

သေနတ်ကိုင်ထားတဲ့ ရဲ (သို့မဟုတ်) စစ်သား တစ်ယောက်ယောက်ထက် ကင်မရာကိုင်ထားတဲ့ ခတ်ပုံဆရာတစ်ယောက်က အများကြီး တန်ဖိုးပိုရှိတဲ့ ဒီမိုကရေစီအရေးကာကွယ်သူ ဖြစ်တယ်။

(၁၉၆၂)



ကွန်မြူနစ်စနစ်

လူတစ်ယောက်မှာ ရှင်သန် ရပ်တည်မှုအတွက် တစ်စုံတစ်ရာရှိရင် ဒီတစ်နေ့ သူ့မှာ စက်ဘီးတစ်စီးရှိပြီး လုံလုံလောက်လောက် ရှာနိုင် ဖွေနိုင်တယ်။ မိသားစုကို ကောင်းကောင်းကျွေးနိုင်တယ်။ ပတ်ဝန်းကျင်အခြေအနေကောင်းတယ်။ ချွေးငွေနဲ့ စကူတာ(Scooter)တစ်စီး ဝယ်နိုင်တယ်။ စက်ဘီးကနေ စကူတာ ပြောင်းစီးနိုင်တယ်။ ဒါဆိုရင် လက်ဆုပ်လက်ကိုင် ပြနိုင်တဲ့ တိုးတက်မှု ဖြစ်တယ်။ ပြီးတော့ တော်လှန်ရေးတွေ အကြမ်းဖက်တာတွေဆိုတဲ့ ရှုးကြောင်မှူးကြောင် စကားတွေကိုလည်း သူ အချိန်ပေးပြီး နားထောင်မှာ မဟုတ်ဘူး။ သူက စကူတာနဲ့ ကောင်းကောင်း အလုပ်လုပ်ရာကနေ မီနီကားလေးတစ်စီး ဝယ်စီးနိုင်လာမယ်။ ကောင်မလေးကို ကားပေါ်တင်ပြီး ပတ်မောင်းနိုင်မယ်ဆိုရင် ဒါက ကျိုးကြောင်း ဆီလျော်ပြီး လက်သင့်ခံနိုင်တဲ့ ကိစ္စဖြစ်တယ်။ နောက်ဆုံးတော့ မော်စကိုမှာတောင် ကွန်မြူနစ် လူ့အဖွဲ့အစည်းတစ်ခုမှာတောင် ဒီလိုမျိုးနေနိုင်ဖို့ သူတို့တွေ တိုက်ပွဲဝင်နေကြတာပဲ မဟုတ်လား။

(၁၉၆၂)

လို့ ကျွန်တော် ပြောခဲ့ပါတယ်။ ကျွန်တော့်ရဲ့ဆန္ဒက လွတ်လပ်ပြီး ကြွယ်ဝချမ်းသာသည့် နိုင်ငံထူထောင်ချင်တယ်။ ဒီလို ကြွယ်ဝချမ်းသာလာမှ ကျွန်တော့်နိုင်ငံက ပြည်သူတွေ တန်းတူ

www.burmeseclassic.com

www.burmeseclassic.com



နေနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို နေနိုင်ဖို့က ခေါင်းဆောင်လုပ်သူ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ အဲဒီအတွက် စင်ကာပူဒေသကို တိုးတက်ဖို့ အစွမ်းကုန် ကြိုးစားနေရပါတယ်။

အလားတူ ဗြိတိသျှတာဝန်ရှိသူများနှင့် စင်ကာပူဒေသ၏ အနာဂတ်ကို အမြဲလို ဆွေးနွေးနေရပါတယ်။ အလားတူ မလေးရှားခေါင်းဆောင်တွေနှင့်လည်း ညှိနှိုင်းနေရပါတယ်။ ဘာကြောင့်လဲဆိုတော့ စင်ကာပူဒေသဟာ အခြားနိုင်ငံတွေလို အဓိက မလေးရှားနိုင်ငံလို တန်းတူအခွင့်အရေး ရရှိဖို့သာ ဖြစ်ပါတယ်။ ဒါမှ ပြည်သူတွေ အားကိုးရကျိုးနပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်ချစ်သည့်ဒေသနှင့် ကျွန်တော်ချစ်သည့်ပြည်သူတွေ အနာဂတ်လှပဖို့ပဲ ဖြစ်ပါတယ်။

***



(၁၃)

## လူမျိုးရေး ဘာသာရေး အဓိကရုဏ်း

နိုင်ငံတစ်နိုင်ငံ ကြီးမြတ်တယ်၊
အင်အားကြီးမားတယ် ဆိုတာက
သူရဲ့အရွယ်အစား၊ ပမာဏ
တစ်ခုတည်းကြောင့် မဟုတ်ဘူး။
အဲဒီနိုင်ငံမှာရှိတဲ့ ပြည်သူတွေရဲ့
စိတ်ဓာတ်ထက်သန်မှု
စည်းလုံးမှု
ဇွဲရှိမှု
စည်းကမ်းကျမှုနဲ့
သူတို့ခေါင်းဆောင်တွေရဲ့ အရည်အချင်းကသာ
နိုင်ငံကို သမိုင်းမှာ ထည်ထည်ဝါဝါ
ရပ်တည်စေနိုင်တာပါ။

ဟု ပြောလာသည့် မိန့်ခွန်းကို သဘောကျသူတွေ များလာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ နေ့စဉ်လိုလိုပြောနေရပါတယ်။ ဘာကြောင့် ခုလို ပြောနေရတာလဲ ဆိုတော့ အခြားအာရှနိုင်ငံ အများစုကို ဗြိတိသျှတို့က လွတ်လပ်ရေးတွေ ပေးနေပါကယ်။ ကျွန်တော်တို့ကိုလည်း ဆွေးနွေးနေပါတယ်။ သူတို့မှာ အင်အားတွေနည်းလာကြပါပြီ။ ဆက်လက် ထိန်းချုပ်ထားရန် အခက်တွေ့နေကြတယ်။

ကျွန်တော်တို့က ရှင်းပါတယ်။ လွတ်လပ်ရေး မပေးလည်း ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ တောင်းဆိုတာကိုတော့ အပြည့်အဝ ပေးရမယ်။ အဲဒီလို တောင်းဆိုသည့်အခါကျတော့ သူတို့မှာ အခက်ကြုံနေပါတယ်။ ဘာကြောင့်လဲဆိုတော့ စင်ကာပူဒေသဟာ သူတို့လိုချင်သည့် ဘာပစ္စည်းမှ မထွက်ပေ။

ဒီနေရာမှာ အနည်းငယ် ရှင်းပြချင်ပါတယ်၊ စင်ကာပူဒေသဟု အထက်မှာ တင်ပြခဲ့ပါတယ်။ ထိုအချိန်က စင်ကာပူကို မလေးရှားနိုင်ငံပိုင်ထဲက ကျွန်းကလေးဟု သတ်မှတ်ပြီး ဒေသတစ်ခုလို့ ခေါ်ခဲ့ကြပါတယ်။ ဒါက ဗြိတိသျှတို့က လွတ်လပ်ရေး မပေးခင်က ဖြစ်ပါတယ်။ ဗြိတိသျှများသည် ကျွန်တော်တို့ တောင်းဆိုတာကို မပေးချင်၊ လွတ်လပ်ရေးကိုသာ ပေးတော့မည်ဟုသာ ပြောလာတယ်။

တခြားနိုင်ငံတွေက လွတ်လပ်ရေးပေးတော့မည်ဟု ပြောဆိုလာလျှင် ပျော်ရွှင်ကျေနပ်နေကြပါတယ်။ ကျွန်တော်ကတော့ မပျော်ရွှင်နိုင်၊ ကြေကွဲနေရတယ်။ စိုးရိမ်နေရတယ်။ ထိတ်လန့်နေရတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့မှာ ဘာတစ်ခုမှ အဆင်သင့် မဖြစ်သလို အစစအရာရာ မလေးရှားနိုင်ငံကိုသာ အားကိုးနေရတယ်။



စင်ကာပူဒေသမှာ သောက်စရာရေ ကောင်းကောင်းတောင် မရနိုင်သည့်အတွက် လွတ်လပ်ရေးပေးမယ်ဆိုတော့ မိတ်ညစ်ရပါတယ်။ အလားတူ ဗြိတိသျှတွေက စင်ကာပူဒေသဝန်ကြီးချုပ်ဖြစ်သည့် ကျွန်တော့်ကို ဆွေးနွေးဖို့ ခေါ်ပါတယ်။ ကျွန်တော် ဘာမှ မငြင်းဆန်နိုင်ဘဲ သွားရတော့တယ်။

၁၉၆၃-ခုနှစ်တွင် စင်ကာပူကို ဗြိတိသျှတို့က လွတ်လပ်ရေးပေးကြောင်း ကြေညာခဲ့ပါတယ်။ ကျွန်တော်တို့ ဝမ်းမသာနိုင်ပေ။ ကြိုတင်ပြီး ဆွေးနွေးမှု သိပ်မလုပ်ဘဲ လွတ်လပ်ရေးပေးကြောင်း ကြေညာခဲ့သည့် လုပ်ရပ်ကြောင့် ဗြိတိသျှအပေါ် အထင်သေးမိပါတယ်။

အဲဒီအတွက်ကြောင့် ကျွန်တော်တို့မှာ လုပ်စရာတွေ များလာပါတယ်။ ပထမဆုံးလုပ်ရသည့် အလုပ်က မလေး၊ စင်ကာပူ၊ ဆာရာဝပ်၊ ဆာဘားတို့ပါဝင်သည့် မလေးရှားဖယ်ဒရေးရှင်းကို ဖွဲ့စည်းလိုက်တယ်။ ကျွန်တော်တို့ဟာ မလေးရှားနှင့် အတူရှိနေပေမယ့် အနာဂတ်ကို မမျှော်မှန်းရဲသည့်အတွက် စင်ကာပူကို လုပ်စရာရှိတာတွေ လုပ်နေတယ်။ ပြင်ဆင်စရာရှိတာတွေကို ကြိုတင်ပြင်ဆင်နေတယ်။

ကျွန်တော်တို့မှာ အလုပ်ကို ကြိုးစားလုပ်နေပေမယ့် ဝေဖန်မှု၊ ကဲ့ရဲ့မှု၊ တိုက်ခိုက်မှုတွေနှင့် ကြုံတွေ့နေရပါတယ်။ ရွာကြီးသာသာ ဖြစ်နေသည့် စင်ကာပူကို မြို့ကြီးပုံစံဖြစ်အောင် ဘယ်လိုကြိုးစားလုပ်ဆောင်မရမလဲ ဆိုတာ စဉ်းစားနေရပါတယ်။ အများအမြင်မှာတော့ ကျွန်တော်က ဝန်ကြီးချုပ်ပေါ့။ တကယ်လုပ်နေရတာက ပြာတာတစ်ယောက်ထက် ပိုနေပါတယ်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဟာ တိုးတက်သည့် စင်ကာပူနိုင်ငံဖြစ်ဖို့ ပြောခိုစည်းရုံး လုပ်ဆောင်နေရပါတယ်။

အာရှရဲ့စံနှုန်းအရဆိုလျှင် မလေးရှားက နိုင်ငံငယ်လေး တစ်နိုင်ငံပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ပြည်သူလူထုမှာရှိတဲ့ ထက်သန်မှု၊ စည်းလုံးမှု၊ ဇွဲရှိမှု၊ စည်းကမ်းကျနမှုတွေအပေါ် ဘယ်သူ့ကိုမှ သံသယအဝင်မခံပါဘူး။ သူ့ရဲ့ခေါင်းဆောင်တွေရဲ့ ဆုံးဖြတ်ချက်အပေါ် ဘယ်သူ့ကိုမှ အထင်အမြင်လွဲ မခံပါဘူး။

ဒါက ပြည်သူတွေ စိတ်ဝမ်းမကွဲစေရန် ပြောခဲ့တာပဲဖြစ်ပါတယ်။ ပြည်သူတွေအချင်းချင်း စိတ်ဝမ်းကွဲနေတယ်လို့ ကြားနေရပါတယ်။ ကျွန်တော် ကြားသိနေ၍ ကြိုတင်ကာကွယ်ရန် ကြိုးစားပါတယ်။ ဒါပေမဲ့ နောက်ကျသွားပါတယ်။

၁၉၆၄-ခုနှစ် စင်ကာပူဒေသမှာ လူမျိုးရေး၊ ဘာသာရေး၊ အဓိကရုဏ်း ဖြစ်ပေါ်လာပါတယ်။ ဒါဟာ မကောင်းသည့်လုပ်ရပ်သာ ဖြစ်ပါတယ်။ စင်ကာပူမှာ နေထိုင်သူများသည် အချင်းချင်း စိတ်ဝမ်းကွဲစေမယ့် သွေးထိုးမှုကို လက်ခံနေကြပါတယ်။

သူတို့ဟာ ခေါင်းဆောင်ကြီး မလုပ်ရလို့ အခုလို လုပ်နေတာပဲ ဖြစ်ပါတယ်။ စင်ကာပူဒေသက လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းဟာ မလေးရှားနိုင်ငံ ခေါင်းဆောင်တွေအတွက် ဒေါသထွက်စရာတွေ ဖြစ်ပေါ်လာမည်။ မလေးရှားက ဘယ်လို တုံ့ပြန်မလဲဆိုတာပဲ စောင့်မျှော်နေရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ဟာ အဓိကရုဏ်းကို ကောင်းစွာဖြေရှင်းနိုင်ခဲ့ပါတယ်။

* * *



(၁၄)

## လွတ်လပ်သောနိုင်ငံ ဖြစ်သွားပြီ

ကျွန်တော်တို့ လက်မှတ်ထိုးခဲ့ကြတယ်။
အဲဒါက…
စင်ကာပူကို မလေးရှားကနေ
ခွဲထုတ်တဲ့ သဘောတူညီချက် ဖြစ်ပါတယ်။
မချိတင်ကဲ ဝေဒနာ အခိုက်အတန့် ဖြစ်ပါတယ်။
ကျွန်တော့်အဖို့ မချိတင်ကဲ အခိုက်အတန့် ဖြစ်ရတာ
ဘာကြောင့်လဲဆိုတော့
ကျွန်တော့်တစ်သက်လုံး ခင်ဗျားတို့မြင်တဲ့အတိုင်း
တစ်သက်လုံး ကျွန်တော် ပေါင်းစည်းတာကိုပဲ
ယုံကြည်ခဲ့ပါတယ်။
အဲဒီနယ်ပိုင်နက်နှစ်ခုရဲ့
စည်းလုံးမှုကိုပဲ ယုံကြည်ခဲ့ပါတယ်။

ဒါဟာ စင်ကာပူကို မလေးရှားထဲမှ ခွဲထုတ်ပြီး လွတ်လပ်ရေး ရတ်တရက် ရရှိခဲ့သည့် ၁၉၆၅ ခုနှစ် ဩဂုတ်လ ၉

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့က သတင်းစာရှင်းလင်းပွဲမှာ ပြောတဲ့စကား အကျဉ်းသာ ဖြစ်ပါတယ်။ ကျွန်တော့်ဆန္ဒက မလေးရှားထဲက ခွဲမထွက်ချင်သေးပေမယ့် ခွဲထွက်ရမယ်၊ လက်မခံတော့ဘူးဆိုလို့ ခွဲထွက်လိုက်ရပါတယ်။

ကျွန်တော် ပြောခဲ့ပါတယ်။ စင်ကာပူမှာဖြစ်သည့် လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းဟာ စင်ကာပူဒေသအတွက် မကောင်းဘူးဟု ပြောခဲ့ပါသေးတယ်။ အခု တကယ်လည်း မကောင်းတာ ဖြစ်လာပါတယ်။ ဘယ်အရာမှ မယ်မယ်ရရ မရှိသည့်ဒေသကို နိုင်ငံထူထောင်ရန် လွတ်လပ်ရေးပေးတယ်လို့ ကြေညာချက် ထုတ်ပြန်ပါတယ်။

ကျွန်တော် ထိုင်သာငိုချလိုက်ချင်ပါတယ်။ သူတို့ပြောပြောနေသည့် ဒေသကို နိုင်ငံဖြစ်အောင် လုပ်ရမယ့် ကျွန်တော့်အတွက် အိမ်မက်တစ်ခုလို ဖြစ်နေပါတယ်။ ကျွန်တော်နှင့် မလေးရှားတို့၏ ကြေညာချက်ကို ပြည်သူတွေက ပျော်ရွှင်နေကြပါတယ်။ သူတို့တွေရဲ့ ပျော်ရွှင်မှုကို ကျွန်တော် နားလည်ပါတယ်။ ခက်နေတာက မြို့လေးလောက်ရှိသည့် နေရာလေးကို နိုင်ငံအဖြစ် တည်ဆောက်ရမည်ဆိုတာ အခက်အခဲများစွာ ရှိနေပါတယ်။

ပိုမိုခက်ခဲတာက ဒေသအတွင်းမှာ နေထိုင်ကြသည့် ပြည်သူတွေနှင့် နိုင်ငံရေးသမားတွေသာ ဖြစ်ပါတယ်။ နိုင်ငံရေးသမားအချို့သည် ပြည်သူများကို စိတ်ဝမ်းကွဲအောင် လုပ်နေကြတယ်။ အချင်းချင်း ရန်တိုက်ပေးနေကြတယ်။ အလားတူ ကျွန်တော်တို့အစိုးရအဖွဲ့ကိုလည်း မပိုအပ်တာတွေ တောင်းဆိုနေကြပါတယ်။



မလေးရှားနိုင်ငံကနေပြီး ခွဲထွက်ကာ လွတ်လပ်သည့် နိုင်ငံ တည်ထောင်ဖို့ ကြိုးစားနေချိန်မှာ အခုလို အခက်အခဲတွေ ကြုံတွေ့နေရတော့ စိတ်သောကများ ရောက်ရပါတယ်။ ထင်ကြေးအမျိုးမျိုး ပေးကြပါတယ်။ တချို့လည်း ကျွန်တော်တို့အပေါ် အမြင်လွဲနေကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူတွေ သိရှိအောင် လုပ်ဆောင်ရမည်ဟု ဆုံးဖြတ်၍ ရုတ်တရက် လွတ်လပ်ရေးရခြင်းအတွက် သတင်းစာရှင်းလင်းပွဲကို အရင်လုပ်ရပါတယ်။ ပြီးမှ ပြည်သူတွေ အထင်လွဲတာကို ရှင်းပြရန် ဆုံးဖြတ်ထားပါတယ်။ အခုတော့ သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့တာကို ပြန်လည်တင်ပြချင်ပါတယ်။

ကျွန်တော် နောက်ဆုံးမှာတော့ ခင်ဗျားတို့ကို စကားပြောခွင့်ရပြီ။ စင်ကာပူလူထုကို ကျွန်တော် တကယ်အမှန်အတိုင်း ပြောမယ်။ ကျွန်တော် ပြီးခဲ့တဲ့ ရက်အနည်းငယ်အတွင်းမှာ အလုပ်တွေ ရှုပ်နေခဲ့တယ်။ ကျွန်တော် တွေးထားတာတွေကို စာနဲ့ရေးပြီး ခင်ဗျားတို့ကို ပြောပြဖို့ အချိန်မရဘူး၊ အခုလိုမှ မဖြစ်ရင် မဖြစ်တော့တာကြောင့် ဖြစ်လိုက်ရပါတယ်ဆိုတာတွေကို ပြောပြဖို့ ဖြစ်ပါတယ်။ ဘာမှ စိတ်ပူစရာ မရှိပါဘူး။ အရင်အတိုင်း အခြင်းအရာအများအပြားတို့ ဟန်မပျက် ဆက်ဖြစ်နေမှာပါ။ ဒါပေမဲ့ နိုင်မြဲကြပါ၊ တည်တည်ငြိမ်ငြိမ် ရှိကြပါ၊ စင်ကာပူဟာ လူမျိုးအထွေထွေ လက်တွဲတည်ရှိတဲ့ တိုင်းပြည်တစ်ခု ဖြစ်လာမယ်၊ ကျွန်တော်တို့ စံနမူနာ ဖြစ်အောင်လုပ်ကြမယ်။

(၁၉၆၅)

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ လွတ်လပ်ရေးရရှိပြီးမှ ပြောကြားသည့် မိန့်ခွန်း ဖြစ်ပါတယ်။ အဲဒီလိုပါပဲ။ ကျွန်တော်တို့နှင့် အနီးကပ် အတူ လက်တွဲ လုပ်ကိုင်နေကြသည့် အကြီးတန်းဝန်ထမ်းတွေကပါ ကျွန်တော်တို့ အပေါ် အထင်လွဲနေကြပါတယ်။ သူတို့နှင့် တွေ့ တုန်းက ပြောကြားချက်တွေထဲက အနည်းငယ်ကို တင်ပြချင်ပါ တယ်။

ကျွန်တော့်ဘဝနဲ့ရင်းပြီး ဖြစ်ချင်ရာဖြစ် စွန့်စားဖို့ အသင့်ပြင်ဆင်ထားတယ်။ အဲဒါက အကြောင်းတစ်ခု၊ ကျွန်တော့်ရဲ့မိသားစုအတွက်တော့ စိတ်မကောင်း ဖြစ်မိ မယ်။ ဒါပေမဲ့ လူဦးရေနှစ်သန်းရှိတဲ့ လူထုရဲ့ဘဝတွေကို ရင်းပြီးတော့ စွန့်စားဖို့တော့ ကျွန်တော် အသင့်ပြင်ဆင် ထားခြင်း မပြုပါဘူး။

(၁၉၆၅)

ကျွန်တော် နိုင်ငံအဖြစ် တည်ထောင်ခွင့်ရသည့် အချိန်မှာ အရင်ဆုံး ဘာတွေလုပ်ရမလဲ၊ ဘာတွေပြုပြင်မရလဲ ဆိုတာတွေ ရှိပါတယ်။ ပထမဆုံးလုပ်ရမှာ၊ ပြင်ရမှာတွေက စိတ်ဓာတ်နှင့် တည်ဆောက်ခြင်းပဲ ဖြ[illegible]ပါတယ်။ အားလုံးက စိတ်ဓာတ်တွေ ပြုပြင်ရမယ်ဆိုတာ ရိုးရိုးသားသားနှင့် ကြိုးစားရမှာ ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့တွေရဲ့ စင်ကာပူဒေသဟာ ကြီးမား သည့်နိုင်ငံ ဖြစ်လာမှာပဲ။

ဒါကြောင့် ကျွန်တော်တို့တွေဟာ အစွမ်းကုန် ကြိုးစားပြီး ထိရောက်သည့် ဥပဒေတွေ ရေးဆွဲနေပါတယ်။ ဝန်ကြီးချုပ်ဟု



သတ်မှတ်ကြပေမယ့် လုပ်ဆောင်ရသည့် အလုပ်တွေက အလွန်ကို အန္တရာယ်တွေ များလွန်းပါတယ်။

အဲဒီအချိန်မှာ အလွန်အရေးကြီးသည့် ကိစ္စတစ်ခု ပေါ်လာ ပါတယ်။ အဲဒါက ကျွန်တော့်ကို လာဘ်စားတယ်၊ အာဏာအလွဲ သုံးစားလုပ်တယ်လို့ စွပ်စွဲနေကြတဲ့သူတွေရှိတယ်။ တဲ့တိုးရင်ဆိုင် ဖို့ ဆုံးဖြတ်တယ်။ အဲဒီလို စွပ်စွဲတာမျိုးတွေကို ကျွန်တော်တို့ အမြဲတမ်း ထိပ်တိုက်ရင်ဆိုင်ပါတယ်။ ဝေဖန်မှုတွေလည်း များစွာ ရှိပါတယ်။ အားလုံးသိအောင် ပြောချင်ပါတယ်။

ဥပမာပေါ့… ကျွန်တော်တို့ရဲ့အိမ်က သေးငယ်နေပေမယ့် ကျွန်တော်တို့ရဲ့ အိမ်ထဲမှာ စားပွဲတွေ၊ ကုလားထိုင်တွေ၊ ခုတင် တွေ၊ ဘယ်လိုနေရာချထားမလဲဆိုတာ ကျွန်တော်တို့ရဲ့ အိမ်တွင်း ရေးကိစ္စပါ။ ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေ၊ အိမ်နီးချင်းတွေရဲ့ကိစ္စ မဟုတ်ပါဘူး။ ခုတင်ကို ဟိုဘက်ရွှေ့စမ်း၊ ကုလားထိုင်ကို ဒီမှာ ထားလို့ ဘယ်သူ့မှာမှ ပြောပိုင်ခွင့် မရှိပါဘူး။ ဒါက ကျွန်တော် တို့ရဲ့အိမ်ပါ။ သေးငယ်နေပေမယ့် ကျွန်တော်တို့ရဲ့ ပိုင်ဆိုင်မှုဖြစ် ပါတယ်။ စင်ကာပူကို စင်ကာပူလူထုရဲ့ အလိုအတိုင်း စီမံဖို့ စင်ကာပူလူထုမှာ လုပ်ပိုင်ခွင့် ရှိပါတယ်။

ကျွန်တော်က ဘာအလုပ်ပဲလုပ်လုပ် ပြည်သူတွေအတွက် ကိုသာ ဦးစားပေးပြီး လုပ်ဆောင်နေပါတယ်။

"ဒီတိုင်းပြည်ကို ဘာမှမရှိတဲ့ ဆီကနေ ကျွန်တော်တို့ စလုပ်ခဲ့ကြတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော်[illegible] နုံးတင်မြေ ရွှံ့နွံတောတစ်ခု ဖြစ်ခဲ့ပါတယ်။ အခု [illegible]တ်မိ

www.burmeseclassic.com

www.burmeseclassic.com



 မြို့တော်တစ်ခု ဖြစ်နေပြီ။ နှောင်နှစ်ပေါင်း-ဆယ်နှစ်အကြာမှာခမ်းနားတဲ့ မြို့တော်ကြီး ဖြစ်နေလိမ့်မယ်။ ဘာမှမပူကြနဲ့."

အထက်ဖော်ပြပါ ပြောကြားချက်မှာ လွတ်လပ်ရေးရပြီး တစ်လအကြာမှာ ပြောကြားလိုက်သည့် ပြောကြားချက်သာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စင်ကာပူနိုင်ငံအတွက် ဦးတည်ပြီး ပြောဆိုနေသည်ဆိုတာ ပြည်သူတွေအသိဆုံးသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပြည်သူတွေကို ဘယ်လိုပုံစံနှင့် အုပ်ချုပ်သည်ဆိုတာကိုလည်း မကြာခဏ တင်ပြခဲ့ပါသည်။

စင်ကာပူအစိုးရက လူတွေကို သိမ်းသွင်းတဲ့ အဓိကအတာနဲ့ တစ်ခုတောင် မရှိပါဘူး၊ ရ၅ ရာခိုင်နှုန်းရှိတဲ့ တရုတ်တွေက ၁၀ ရာခိုင်နှုန်းရှိတဲ့ တမီးလ်တွေကို သိမ်းသွင်းလိုက်တယ်။ ဟိန္ဒူ၊ တမီးလ်မွတ်စလင်၊ မြောက်အိန္ဒိယမွတ်စလင်တွေကို သိမ်းသွင်းလိုက်တယ်။ တရုတ်လို နေထိုင်ကြအောင် လုပ်လိုက်တယ်။ စင်ကာပူပုံစံ သွင်းလိုက်တယ်။ စင်ကာပူတံဆိပ် ကပ်လိုက်တယ်၊ စတာတွေမရှိပါဘူး။ ဒါပေမဲ့ ပေါင်းစည်းခြင်းကတော့ ဖြစ်နိုင်တယ်။ ဖီလာဆန့်ကျင်ဖြစ်နေတဲ့ဆန္ဒတွေ၊ စိတ်ခံစားမှုတွေ၊ လိုအင်တွေအရ မဟုတ်ဘဲ တူညီနေတဲ့ တန်ဖိုးထားပုံတွေအပြင် သဘောထားတွေ၊ မျှော်မှန်းကြည့်ခြင်းတွေ၊ ဘာသာစကားနဲ့ ယဉ်ကျေးမှုတွေအရ ပေါင်းစည်းတာတွေ ဖြစ်ပါတယ်။

(၁၉၆၆)



ဒါဟာ ၁၉၆၆ ခုနှစ် ဩဂုတ်လ ၈ ရက် အမျိုးသားနေ့ လူထုအစည်းအဝေးပွဲမှာ ပြောခဲ့တာ ဖြစ်ပါတယ်။ ဒီပြောစကားတွေကို ပြည်သူတွေ လက်ခံကြပါတယ်။ ကျွန်တော့်အပေါ် ဖိအားတွေ အနည်းငယ် ကျသွားပေမယ့် ကြီးမားသည့် တာဝန်တွေက များလွန်းလှပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



## (၁၅)

## သန့်ရှင်းသပ်ရပ်သည့် နိုင်ငံတော်

တစ်ခါတလေကျတော့
အဲဒီအပြောင်းအလဲက
မသက်မသာ ဖြစ်စေတယ်ဆိုတာ
ကျွန်တော် သိပါတယ်။
အထူးသဖြင့်…
အေးအေးချမ်းချမ်း အလုပ်လုပ်နေတုန်း
တစ်စုံတစ်ယောက် ခင်ဗျားကို
အပူလာတိုက်တဲ့ အခါမျိုးမှာပေါ့…။

အဲဒီလို အပူလာတိုက်သည့်အခါမျိုးမှာ စိတ်တွေထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ကျွန်တော် သိတာထက် ကိုယ့်ကိုယ်ကိုယ် ပိုသိကြပါလိမ့်မယ်လို့ ထင်ပါတယ်။

အမှန်တော့ ကျွန်တော်တို့နိုင်ငံဟာ သေးငယ်သည့်အတွက် အထင်တွေ သေးကြတယ်။ ဒေသတစ်ခုကနေပြီးတော့ နိုင်ငံတစ်နိုင်ငံဖြစ်အောင် လုပ်ရသည်ဆိုတာ လွယ်ကူသည့်အရာ



မဟုတ်ပေ။ အလားတူ ကျွန်တော်တို့ဟာ အထီးကျန်ဆန်သည့် နိုင်ငံငယ်လေးလို့ ထင်မှတ်နေမိသည်။

အလားတူ ကျွန်တော်တို့နိုင်ငံလေးဟာ တိုးတက်လာပါတယ်။ အဲဒီအတွက် အင်အားရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ အဲဒါက "အရှေ့တောင်အာရှနိုင်ငံများအဖွဲ့အစည်း (ASEAN)"ကို တည်ထောင်သူအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပါတယ်။

ဒီလိုလုပ်ရန် အစွမ်းကုန် ကြိုးစားပြီးမှ အောင်မြင်ခဲ့တာ ဖြစ်ပါတယ်။ လက်မှတ်ရေးထိုးခွင့်ရ၍ ကျေနပ်ပါတယ်။ ပြည်သူတွေအတွက် လုံခြုံမှုတစ်ခု တိုးလာပါတယ်။ ပြည်သူတွေ ကျေနပ်ကြတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ပြောကြားခဲ့တာတွေကို တင်ပြချင်ပါတယ်။

ကျွန်တော်တို့ဟာ စင်ကာပူကို လူဦးရေ ၁၅၀ သာသာပဲရှိတဲ့ တံငါရွာလေးတစ်ရွာကနေ အီကွေတာရဲ့ မြောက်ဘက် နှစ်ဒီဂရီ အကွာက အကြီးဆုံးမြို့တော်ကြီး ဖြစ်လာအောင် လက်ဖဝါး ခြေဖဝါးကစီပြီး ဖန်တီးခဲ့ရတယ်။ အီကွေတာနဲ့ အနီးနားမှာ ဒီလိုဂုဏ်ယူဝင့်ကြွားရလောက်တဲ့ နောက်ထပ်မြို့ပြယဉ်ကျေးမှု တစ်ခုလည်း ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါကတော့ ယုကတန်ပင်နီဆူးလားကမာယာယဉ်ကျေးမှုပဲ။ လေးကန်ထိုင်းမှိုင်းစေတဲ့ အီကွေတာရာသီဥတုရဲ့ ပြဿနာတွေကို လူသားတွေ ကျော်လွှားသွားနိုင်တဲ့ ဒီပြင်နေရာ မရှိပါဘူး။

အဲဒီနေရာတွေမှာ နေထိုင်ကြတဲ့ သူတွေဟာ ထမင်းထွေး ပြီးနောက် နေ့လယ်နှစ်နာရီခွဲပြီးတာနဲ့ တစ်ရေးပြန်အိပ်ကြတော့

www.burmeseclassic.com

www.burmeseclassic.com



တာပါ။ စင်ကာပူက လူတွေပဲ အဲဒီလို မလုပ်တာပါ။ အဲဒီအတွက် အကြောင်းပြချက်ကောင်းကောင်း ရှိပါတယ်။ ပထမအချက်က ကိုယ်တွင်းလှို့ဆော်မှု အားကောင်းခြင်းနဲ့ ဒုတိယအချက်က ရည်ရွယ်ချက် ကောင်းခြင်းပါပဲ။

ကျွန်တော် ခပ်ပြတ်ပြတ် ပြောလိုက်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့နိုင်ငံအတွက် ဥပဒေများ စည်းကမ်းများကို စတင်အသုံးပြုတော့မှာ ဖြစ်ပါတယ်။ အဲဒီလို အသုံးပြုသည်နှင့် ပြတ်သားစွာ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို မပြဋ္ဌာန်းခင် ပြည်သူသိအောင် ကျွန်တော် မိန့်ခွန်းပြောကြားပါတယ်။

"ခင်ဗျားတို့အတွက် ကျွန်တော် ကြိုးစားနေပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ဟာ ကိုယ့်အတွက် ကိုယ်လည်း တစ်ချိန်လုံး ကြိုးစားနေရမယ်ဆိုတာကို ကျေးဇူးပြုပြီး မှတ်ထားကြပါ။ ခင်ဗျားတို့လုပ်ရမယ့် အလုပ်ကို ကျွန်တော် လုပ်မပေးနိုင်ပါဘူး။ ခင်ဗျားတို့အတွက် တစ်ခါတလေ တစ်ရက်မှာ ၁၅ နာရီလောက် ကျွန်တော် အလုပ်လုပ်တဲ့ အချိန်မှာ ခင်ဗျားတို့ ၈ နာရီပဲ ကိုယ့်ကိုယ်ကိုယ်အတွက် ကြိုးစားပမ်းစားလုပ်ဆောင်ကြဖို့ တောင်းဆိုချင်ပါတယ်"

အဲဒီလို ပြောပြီးတာနှင့် ကျွန်တော်တို့ တင်းကျပ်သည့် စည်းကမ်းများ ချမှတ်ပြီး တိကျသည့်အလုပ်ကို လုပ်ပါတယ်။ ပြင်းထန်သည့်ဒဏ်ကိုလည်း ပေးပါတယ်။ ဘာကြောင့် အဲဒီလို လုပ်ရသလဲဆိုတော့ နိုင်ငံရေးမတည်ငြိမ်မှုများနှင့် စီးပွားရေး နိမ့်ကျမှု၊ ဘဏ္ဍာရေးလိုငွေများပြားမှု စသည့် စီးပွားရေးပြဿနာပေါင်းစုံတို့ကြောင့် ဖြစ်ပါတယ်။



ထိုအခြေအနေများ၌ ကျွန်တော်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် အပြင်းအထန် ကြိုးပမ်းခဲ့ပါတယ်။ ကျွန်တော်သည် ပြည်သူလူထုအတွက် အလုပ်အကိုင် တည်ငြိမ်မှုနှင့် စားဝတ်နေရေး အဆင်ပြေမှုကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဖန်တီးသကဲ့သို့ ပြည်သူများ စည်းကမ်းစနစ်တကျ နေထိုင်ရေးကိုလည်း ကြပ်မတ်ထားပါတယ်။

အလားတူ လမ်းပေါ်တွင် အမှိုက်ပစ်ခြင်းမှ အများသုံးအိမ်သာတွင် သုံးပြီးနောက် သန့်ရှင်းရေးအတွက် ရေးဆွဲမချသည်အထိ ဒဏ်ရိုက် အပြစ်ပေးပါတယ်။ အဲဒီလို ပြုလုပ်သည့်အခါ လူတန်းစား မခွဲခြားဘဲ ပြစ်ဒဏ်ကျူးလွန်သူအားလုံး ခံရပါတယ်။

ထို့ကြောင့် စင်ကာပူသည် ကမ္ဘာပေါ်တွင် အသန့်ရှင်းဆုံးနှင့် စည်းကမ်းအရှိဆုံး မြို့တော်လည်း ဖြစ်နေပါတယ်။ အလားတူ မြို့တော်သန့်ရှင်းရေးကို မထိခိုက်စေရန် ပီကေနှင့် ကွမ်းစားခြင်းကိုလည်း ကန့်သတ်ထားပြန်ပါတယ်။ စင်ကာပူတွင် နေထိုင်သူ မည်သူမဆို သတ်မှတ်ထားသည့် စည်းကမ်း၊ ချမှတ်ထားသည့် ဥပဒေများကို လေးစားလိုက်နာကြပါတယ်။

စင်ကာပူဟာ ဘယ်လိုနိုင်ငံမျိုးလဲဆိုတာ ကမ္ဘာက သိအောင် ကျွန်တော် အစွမ်းကုန် လုပ်ဆောင်ရပါတယ်။ တစ်ဖက်မှာလည်း ဝန်ထမ်းများကို အဂတိလိုက်စားမှု မရှိစေရန် စည်းကမ်းတွေ တင်းကျပ်ထားပါတယ်။ လာဘ်စားမှု မရှိအောင်လည်း လစာကို လုံလုံလောက်လောက် ပေးထားပါတယ်။ ဒီတော့ ကျွန်တော်တို့နိုင်ငံမှာ လာဘ်စားမှု မရှိအောင် ကင်းစင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထဲမှာ အဓိကလုပ်ဆောင်စရာတွေထဲက တစ်ခုကိုလည်း လုပ်ဆောင်နေရပါတယ်။ အဲဒါက စင်ကာပူနိုင်ငံကို လွတ်လပ်ရေးပေးသည်ဟု ကြေညာထားပြီး ဗြိတိသျှစစ်တပ် ပြန်လည်မရုပ်သိမ်းသေးဘဲ စင်ကာပူနိုင်ငံမှာ ဆက်လက်စခန်းချနေတာကို ဆွေးနွေးနေရပါတယ်။

နောက်ဆုံးတွင် ဗြိတိသျှများသည် ကျွန်တော်တို့၏ ပြောဆို လုပ်ဆောင်ချက်များ ထုတ်ပြန်ထားသည့် ဥပဒေများကြောင့် ဆုတ်ခွာပေးရန် သဘောတူကြပါတယ်။ ထို့ကြောင့် ကျွန်တော်တို့နှင့် ဗြိတိသျှအစိုးရတို့က ၁၉၆၈ ခုနှစ်မှာ စင်ကာပူတွင် တပ်စွဲထားသည့် ဗြိတိသျှစစ်တပ်အင်အားများကို ၁၉၇၀ ပြည့်နှစ်တွင် ဆုတ်ခွာရုပ်သိမ်းမည်ဟု ကြေညာခဲ့ပါတယ်။

အဲဒီအတွက်လည်း ကျေနပ်ရပါတယ်။ ကျွန်တော်တို့ဟာ လွတ်လပ်သည့်နိုင်ငံဖြစ်၍ ဘယ်နိုင်ငံ၏ ကျူးကျော်ဟန့်တားမှုမျိုးကိုမှ လက်မခံနိုင်ကြောင်း သက်သေပြခဲ့ပါတယ်။ အလားတူ စင်ကာပူ သန့်ရှင်းသာယာရေးနှင့် ပတ်သက်တာတွေ များစွာ ပြောခဲ့ပါတယ်။ အဲဒီအထဲက အနည်းငယ်ကို မှတ်မိအောင် ပြန်ပြောချင်ပါတယ်။

သန့်ရှင်းသပ်ရပ်တဲ့အိမ်၊ သန့်ရှင်းတဲ့ မီးဖိုချောင်၊ သန့်ရှင်းတဲ့ အစားအစာတွေ၊ ကျန်းမာတဲ့ ကလေးတွေဟာ ကောင်းခြင်းတွေဆိုတာ လူတိုင်းသိကြပါတယ်။ ဒါပေမဲ့ တာဝန်ယူဖို့ကျတော့ အိမ်ပေါက်ဝ ဖိနပ်ချွတ်မှာပဲ များသောအားဖြင့် ရပ်သွားကြတယ်။ အခု စည်းရုံးလှုံ့ဆော်မှုဟာ ကျွန်တော်တို့ရဲ့ လူမှုအဆင့်အတန်း လျှာထားချက်ကို ပြည့်စေမယ်၊ ကျောင်းတက်နေတဲ့ ကလေးသူငယ်တွေသာမက လူကြီးသူမတွေကပါ အကျင့်အသစ်တွေကို မဖြစ်မနေ သင်ယူကြရမယ်။

စင်ကာပူသန့်ရှင်းစေရေးလှုံ့ဆော်မိန့်ခွန်း
၁၉၆၈ ခုနှစ် အောက်တိုဘာလ ၁ ရက်



***

www.burmeseclassic.com

www.burmeseclassic.com



## (၁၆)

## ဖြတ်သန်းခဲ့သော ဆယ့်နှစ်နှစ်

အစိုးရက...
မိန့်ခွန်းတွေချည်းပြောဖို့သက်သက် မဟုတ်ဘူး။
လူထုနဲ့ သူတို့ရဲ့ခေါင်းဆောင်တို့အကြား
ဆက်ဆံရေးကောင်းမွန်ဖို့နဲ့အတူ
အစေးကပ်ဖို့လိုပါတယ်။
ပိုအရေးကြီးတာက အဆုံးအဖြတ်ကောင်းဖို့နဲ့
ယုံကြည်စိတ်ချမှု ဖြစ်ပါတယ်။
လူထုတစ်ရပ်က အစိုးရနောက်မှာ ပါလာရင်
သေချာသလောက် ဖြစ်ပြီ။
အကောင်းဆုံးရလဒ်တွေ ရရှိမှာ ဖြစ်ပါတယ်။

လို့ ပြောလိုက်တော့ တက်ရောက်လာကြသည့် ပရိသတ်များ ထောက်ခံအားပေးကြပါတယ်။ ကျွန်တော့်ဆန္ဒက လူသားတွေကို လူသားဆန်သည့်စိတ်နှင့်သာ ဆက်ဆံပါတယ်။



လူမဆန်တာ အနိုင်ကျင့်တာတွေကို ကျွန်တော် လက်မခံပါဘူး။ ကျွန်တော်တို့ ရေးဆွဲချမှတ်ခဲ့သည့် ဥပဒေထဲမှာလည်း လူသားအားလုံးအတွက် ရည်ရွယ်၍ ရေးသားထားပါတယ်။

စင်ကာပူဒေသကို စင်ကာပူနိုင်ငံအဖြစ် တည်ဆောက်သည့်အခါ တင်းကျပ်သည့် သဘောထားတွေနှင့် တည်ဆောက်ခဲ့တာ မဟုတ်။ လူသားဆန်ဆန် တည်ဆောက်ခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော့်ပြည်သူတွေက ကျွန်တော့်ကိုထောက်ခံကြပါတယ်။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကလည်း ပြည်သူတွေအတွက်သာ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီအတွက် ကမ္ဘာ့ပြည်သူအများစုက ကျွန်တော်နှင့်ပတ်သက်တာတွေ လေ့လာချင်ကြတယ်။ မှတ်သားချင်ကြတယ်။ ကျွန်တော်ကလည်း သူတို့ လေ့လာခွင့်ရအောင် စာအုပ်အဖြစ် ထွက်လာပါတယ်။ အခုလည်း ကျွန်တော်နှင့် ပတ်သက်၍ သိချင်ကြသည်ဟု ပြောလာ၍ စာအုပ်တစ်အုပ်ကို ရေးသားရပါတယ်။

ဤစာအုပ်မှာ ထူးခြားတာက ယခင်တင်ပြချက်တွေနှင့် မတူဘဲ ခွဲခြားထားပါတယ်။ အလားတူ ယခုတင်ပြလိုသည့် အခန်းကလည်း ထူးထူးခြားခြား တင်ပြထားပါတယ်။ ဆက်လက်လေ့လာကြစေချင်ပါတယ်။

### ဥပဒေ အလုပ်သမား မြေယာ

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ အလွန်အရေးကြီးပါတယ်။ ဒါပေမဲ့ တန်းတူအရေးကြီးတာက ကျွန်တော်တို့ လူ့ဘောင်ရဲ့ သဘောသဘာဝ ဖွံ့ဖြိုးရေး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရဲ့ လုပ်သားတွေဟာ အလုပ်ကြပ်တွေထံမှာ၊ အလုပ်ကြပ်တွေက ကြီးကြပ်ရေးမှူးတွေထံမှာ၊ ကြီးကြပ်ရေးမှူးတွေက အလုပ်ရှင်တွေထံမှာ လစာတိုးဖို့၊ ရာထူးတိုးဖို့ နှိမ်ချရတာ၊ ကျိုးနွံရတာ၊ ဖားရတာတွေကို မလိုလားဘူး။ ကွဲပြားခြားနားတဲ့ သီးခြားလူ့အသိုင်းအဝိုင်းတစ်ခုအဖြစ် ဆက်လက်တည်တံ့ဖို့ ကျွန်တော်တို့မှာ မော်နိုင်ပြီး ဒူပေနှာပေခံတဲ့သူ ဖြစ်ဖို့ဆိုတာ ကိုယ့်ကိုယ်ကိုယ်လေးစားတဲ့သူ ဖြစ်ရမယ်။ ကိုယ့်ကိုယ်ကိုယ် လေးစားတာ ကျွန်တော်တို့ရဲ့ အလုပ်သမားသမဂ္ဂတွေမှာ ရှိနေကြတယ်။ ကျွန်တော်တို့ရဲ့ လုပ်သားတွေကို သူတို့က အားပေးမယ်၊ မိမိတို့ရဲ့ ဂုဏ်သိက္ခာအတွက် ကာကွယ်ခွင့်ရှိတာ၊ လူတစ်ဦးရဲ့ဂုဏ်သိက္ခာ၊ နိုင်ငံသားတစ်ဦးရဲ့ ဂုဏ်သိက္ခာတို့ကိုပေးမယ်။ သူဟာ မကျွမ်းကျင်တဲ့ လုပ်သားတစ်ဦးဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ သူဟာ ကျွန်တော်တို့အတွက် လူတစ်ယောက် ဖြစ်ပါတယ်။

၁၉၆၉ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်

သောင်တင်မနေနဲ့

ကျွန်တော် ကြောက်တာ ကိုယ့်ကိုယ်ကိုယ် အားရကျေနပ်ခြင်း ဖြစ်ပါတယ်။ အခြေအနေတွေက ပိုကောင်းလာချိန်မှာ လူတွေက နည်းနည်းလုပ်ပြီး များများလုပ်ခကို အားသန်လာကြတယ်။

၁၉၇၀-ပြည့်နှစ် ဩဂုတ်လ ၂၇ ရက်။



စင်ကာပူနိုင်ငံသား

ကျွန်တော်တို့ရဲ့ လိုက်လိုက်လှဲလှဲ ဖော်ရွေပျူငှာမှုကို လာရောက်တဲ့ ဧည့်သည်အားလုံးအပေါ် ဆက်လက်ပြသပေးရမယ်။ ကျွန်တော်တို့ဟာ သန့်ရှင်းတဲ့ စိမ်းလန်းတဲ့ သက်ဝင်လှုပ်ရှားနေတဲ့ မြို့တစ်မြို့အဖြစ် နာမည်ကျော်ပြီးသားပါ။ ကျွန်တော်တို့ဆီကို ကိုယ်တိုင်ကိုယ်ကျ အလည်လာရောက်ပြီး ကျွန်တော်တို့ရဲ့ ဖော်ရွေပျူငှာမှု၊ ရိုးသားမှု၊ အကျိုးဆောင်နိုင်မှုတို့ကို မြင်တွေ့သွားတဲ့ လူတွေရဲ့ ပုဂ္ဂိုလ်ရေးအမြင်ကို ဘယ်ခရီးသွားမြှင့်တင်ရေး အစီအစဉ်ကမှ လိုက်မီမှာ မဟုတ်ပါဘူး။

(၁၉၇၁)

စင်ကာပူနိုင်ငံ

ဖွံ့ဖြိုးပြီး နိုင်ငံတွေက ကိုယ့်အကျိုးပဲ ကိုယ်ကြည့်တဲ့ ဘဏ်လုပ်ငန်းရှင်တွေ။ စက်မှုလုပ်ငန်းရှင်တွေက မလိုအပ်တဲ့ စွန့်စားမှုတွေကို ဘယ်တော့မှ မလုပ်ဘူး။ သူတို့က ရင်းနှီးမြှုပ်နှံမှု မလုပ်ခင် နိုင်ငံရေးတည်ငြိမ်မှုရှိပြီး စက်မှုလုပ်ငန်းပိုင်းမှာ စိတ်ချနိုင်တဲ့ နေရာတွေကို ကမ္ဘာပတ်ပြီးရှာတယ်။ အဲဒီလိုနေရာမျိုးကို စင်ကာပူမှာ သူတို့ရှာတွေ့တယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ၊ စက်ယန္တရားတွေ၊ နည်းပညာနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူတွေ အလုံးအရင်းနဲ့ လိမ့်ဝင်လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူမှာ စက်မှုထွန်းကားလာတာနှင့်အမျှ နည်းနည်းလုပ်ပြီး များများပိုရလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်မှန်းနေရင်တော့ အခြေအနေတွေ ဆိုးသွားလိမ့်မယ်။ ကျွန်တော်တို့ ရပ်တန့်မှုအတွက် ဘယ်သူကမှ တာဝန်ယူစရာအကြောင်းမရှိပါဘူး။ ဘာကိုမှ အလကား မရနိုင်ဘူး မဟုတ်လား။

(၁၉၇၂)

ရင်းနှီးမြှုပ်နှံခြင်း

ဘာတစ်ခုမှ မပေးဘဲ တစ်ခုခုကို ရနိုင်တယ်ဆိုတဲ့ ညာဉ်ရှိနေတယ်။ မနက်ဘက်မှာဝယ် ညနေမှာ အမြတ်ရဖို့ ပြန်ရောင်းတယ်။

အလောင်းအစား လုပ်ချင်ကြတဲ့သူတွေ သူတို့ရဲ့ လောဘနဲ့ မိုက်မဲမှုအတွက် ဘယ်အစိုးရမှ ကယ်တင်ဖို့ လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ ငွေစုငွေချေး ရန်ပုံငွေတွေမှာ မဖြစ်နိုင်လောက်အောင် မြင့်မားတဲ့ အတိုးနှုန်းတွေနောက်ကိုလိုက်ကြတဲ့သူတွေ အများအပြား ငွေကြေးဆုံးရှုံးကုန်တယ်။

စတော့အိပ်ချိန်းမှာ ဈေးကစားကြသူတွေ ကိုယ့်ဒုက္ခကိုယ်ရှာကြတယ်။ အထူးသဖြင့် စတော့ကုမ္ပဏီအကြောင်း အနည်းအကျဉ်းပဲ သိထားတဲ့အခါမှာ ဖြစ်ပါတယ်။ နိုင်ငံတကာငွေကြေးဈေးကွက်နဲ့ နိုင်ငံသုံးငွေတန်ဖိုး တူတာတွေရဲ့ ပြဿနာတွေက ကာလတိုဈေးကစားလို့ စီးဝင်



တဲ့ ငွေကြေး စတာတွေကို အနည်းအကျဉ်းပဲ သိထားပြီး ဝင်ကစားတယ်။ စီးပွားရေးက တစ်နှစ်ကို ၁၀ ရာခိုင်နှုန်း ဖွံ့ဖြိုးတိုးတက်နေချိန်မှာ တစ်ပတ်ကို ၁၀ ရာခိုင်နှုန်း အမြတ်ထွက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဆပ်ပြာပူဖောင်း ပေါက်ကို ပေါက်လိမ့်မယ်။

၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်

စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး

ကျွန်တော်တို့မှာ စိုက်ပျိုးရေး၊ တွင်းထွက်သယံဇာတနဲ့ ပတ်သက်လို့ အကျိုးမပေးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့မှာ ဗျူဟာမြောက် စီးပွားရေးအဆင့်အတန်း၊ စက်မှုထုတ်လုပ်ရေးအတွက် ကောင်းမွန်တဲ့ အခြေခံအဆောက်အအုံ၊ သဘော်္ာနဲ့ လေယာဉ်တွေ ပြင်ဆင်တာ၊ ဆီပြုပြင်တာ၊ ကုန်တင်တာကနေစပြီး စက်မှုလက်မှုနဲ့ စီမံခန့်ခွဲမှုပြဿနာတွေကို ကျွမ်းကျင်ပိုင်ဆိုင်မှုနဲ့ ဖြေရှင်းပေးတဲ့အထိ ဝန်ဆောင်မှုတွေ အများကြီး ပိုအဆင်ပြေစေတဲ့ စီးပွားရေးအဆောက်အအုံနဲ့ ငွေကြေး ဈေးကွက်တွေ ရှိပါတယ်။ လူတိုင်းက အကောင်းမွန်ဆုံး အကြိုးစားဆုံး လုပ်ဆောင်မယ်ဆိုရင် စစ်မှန်တဲ့ ဘဝနေမှု အဆင့်အတန်းတွေက အရှမ်းမြင့်မားနေမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အောက်ကိုလည်း ကျဆင်းလာမှာ မဟုတ်ပါဘူး။

(၁၉၇၄)

www.burmeseclassic.com

www.burmeseclassic.com



### တန်းတူညီမျှမှု

အမျိုးသမီးတွေ အနေနဲ့ အမျိုးသားတွေ လုပ်ဆောင်သလို လုပ်ဆောင်နိုင်တဲ့ ကာယအား၊ အသုံးပြုရတာနည်းတဲ့ အလုပ်အားလုံးအတွက် အမျိုးသမီးတွေကို ခန့်ထားဖို့ဆိုတာ အစိုးရမူဝါဒပါ။ ဖြစ်နိုင်တဲ့ အဆင်ပြေနိုင်တဲ့ ပုဂ္ဂလိကလုပ်ငန်းတွေမှာ အဲဒီလို လုပ်ပေးဖို့ ကျွန်တော်တို့ တောင်းဆိုပါမယ်။ စာရေးစာချီ အလုပ်တွေ၊ ပေါ့ပေါ့ပါးပါး လက်မှုလုပ်ငန်းတွေ အများစုကို အမျိုးသမီးတွေကို လုပ်ဆောင်ပေးသင့်ပါတယ်။

(၁၉၇၅)

### စင်ကာပူနိုင်ငံ

ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ ဘာကြောင့် စင်ကာပူမှာလာပြီး မီးဖွားချင်တယ်လို့ ထင်သလဲ။ သူတို့မွေးတဲ့ကလေးက စင်ကာပူနိုင်ငံသား ဖြစ်လာမယ်လေ မဟုတ်ဘူးလား။ ပြီးရင် အလုပ်အတွက်၊ ကျောင်းအတွက် ဆေးဝါးစောင့်ရှောက်မှု ခံယူဖို့အတွက် ဘာတစ်ခုမှ မပူရတော့ဘူး။ ဒါဟာ ကျွန်တော်တို့ တည်ဆောက်ထားတဲ့ လူ့အဖွဲ့အစည်းကို ချီးမွမ်းခြေကျောက်တဲ့သဘော အသေအချာပါပဲ။

(၁၉၇၆)

### လူမကြိုက်တဲ့မှု

ခင်ဗျားကို လူကြိုက်များစေချင်သလား။ လူကြိုက်များဖို့ကို တစ်ချိန်လုံး မကြိုးစားပါနဲ့။ လူကြိုက်များတဲ့ အစိုးရဆိုတာ လူကြိုက်များတာတွေကိုချည်း လုပ်ကိုင်နေတဲ့ အစိုးရ မဟုတ်ဘူး။ ဘယ်သူက လူကြိုက်မများတာကို လိုချင်မှာလဲ။ လူကြိုက်မများတာကို လုပ်ချင်မှာလဲ။ ဒါပေမဲ့ လိုအပ်လာရင် လုပ်ကိုလုပ်ရမယ်။ လူကြိုက်များတဲ့ သဘောထားကို ထင်ဟပ်တဲ့ အစိုးရဆိုတာ သက်တမ်းငါးနှစ်တာကာလအတွင်း ကျင့်သုံးတဲ့ မူဝါဒတွေ အလုပ်ဖြစ်ကြောင်း ပြသတယ်။ လူကြိုက်များတဲ့ ထောက်ခံမှုတွေကို ရရှိတယ်။ အဲဒါကို ဆိုလိုပါတယ်။ လူကြိုက်များတဲ့ ထောက်ခံမှုတွေကို ရရှိတယ်။ အဲဒါကို ဆိုလိုပါတယ်။ လူကြိုက်မများတာတွေကို လုပ်ဖို့တွန့်နေရင် ကျွန်တော်တို့ ပြဿနာထဲ နက်နက်ရှိုင်းရှိုင်း နေရာမှာ ရောက်နေလိမ့်မယ်။

၁၉၇၇-ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်

### ဘာသာစကား

တရုတ်ကျောင်းကို သွားကြတဲ့လူတွေ တော်တော်များများက မန်ဒရင်းစကားသုံးတာကို စွန့်ပြီးတော့ ဟော့ကိန်လို ပိုပြီးကျင်လည်လာကို တွေ့ရတာ ကိုးရိုးကားရား နိုင်ပါတယ်။ စင်ကာပူရုပ်မြင်သံကြားဌာနကနေ ပြသတဲ့ တရုတ်ကျောင်းထွက်မှန်း သိသာနေတဲ့ ကျွန်တော်တို့အလုပ်သမားတွေ မန်ဒရင်းစကားကို အ,ထစ် အ,ထစ်နဲ့ပြောနေကြတာ မြင်ရတာ စိတ်မကောင်းစရာပါ။ ဒါဟာ သူတို့ကိုယ်တိုင်နဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတဲ့ ဆုံးရှုံးမှုတစ်ခု ဖြစ်ပါတယ်။ အလုပ်ရုံတွေ စက်ရုံတွေမှာ အလုပ်သမားအချင်းချင်းကြားက ပြောတဲ့ စကားဟာ မန်ဒရင်းဘာသာစကား ဖြစ်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ဟာ ပိုပြီးကောင်းမွန်တဲ့ စည်းလုံးတဲ့ ရည်မွန်ယဉ်ကျေးတဲ့ ပညာတတ်ဆန်တဲ့သူတွေ ဖြစ်လာပါလိမ့်မယ်။

(၁၉၇၈)

## ထူးချွန်ဖို့ စိတ်အားတက်စရာ

စင်ကာပူလုပ်သားတွေ ဘာကိုရဖို့ ကြိုးပမ်းနေကြတယ်ဆိုတာ သမဂ္ဂခေါင်းဆောင်အားလုံးနီးပါးတို့က သိကြတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အခု ကျွန်တော်တို့က သူတို့ကို စင်းလုံးချောဖြစ်အောင် ကြိုးပမ်းအားထုတ်စေလိုပါတယ်။ ကျွန်တော်တို့ စိတ်အားတက်စရာများနဲ့ စိတ်ပျက်စရာများရဲ့ စနစ်ကိုပြင်ဖို့ လုပ်ကိုင်ကြရပါမယ်။ သူ့ကို ယုံလောက်အောင် သင်တန်းပေးခြင်းနဲ့ ကြီးကြပ်ခြင်းတွေ ပေးရမယ်။ ဒါပေမဲ့ အားလုံးထက် အရေးပါတာက သူ့ရဲ့ထူးခွန်မှုအပေါ် ဂုဏ်ယူတတ်ဖို့ဖြစ်ပါတယ်။ ကျွမ်းကျင်မှုများ အဆင့်အတန်းမြင့်မားစေဖို့ ရည်ရွယ်ချက်က နိူင်းဆကြည့်ရင် လွယ်ကူပါတယ်။ စင်းလုံးချောဖြစ်နေတဲ့ အဆင့်အတန်းတွေ အမြဲတမ်း အောင်မြင်ထမြောက်နေဖို့ ဆိုတာကတော့ ခက်ခဲပါတယ်။

၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်



## ခံယူထားသည့်တာဝန်

စင်ကာပူကို အုပ်ချုပ်သူ ဘယ်သူပဲဖြစ်ဖြစ် သူ့မှာ သံမဏိစိတ်ဓာတ် ရှိရမယ်။ မရှိရင် လက်မြှောက်အရှုံးပေးလိမ့်မယ်။ ဒီဟာက ဖဲကစားနေတာမျိုး မဟုတ်ဘူး။ ဒီဟာ ကျွန်တော်နဲ့ ခင်ဗျားတို့ရဲ့ဘဝ၊ ကျွန်တော့်ဘဝ တစ်လျှောက်လုံး ဒီဟာကို တည်ဆောက်ပေးနေတယ်။ ကျွန်တော် တာဝန်ခံနေရာမှာ ရှိနေသရွေ့ ဆက်လုပ်ပေးနေမယ်။ ဘယ်သူမှ ထိုးချလို့ မရဘူး။

၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၀ ရက်

www.burmeseclassic.com

www.burmeseclassic.com



## (၁၇)

## အောင်ပွဲအလီလီ

စင်ကာပူမှာ အခွင့်အလမ်းတစ်ခုပဲ ရှိတယ်။
အဲဒါက...
အထက်ကို မြင့်တက်တာ ဖြစ်ပါတယ်။
ပိုတင်းကျပ်မယ်၊
စည်းကမ်းပိုကြီးမယ်၊
လှေကားထစ်ကို တက်မယ်။
အဲဒီလိုမဖြစ်ရင် လူတိုင်းအတွက် နိဂုံးချုပ်ပဲ။

ကျွန်တော်က စကားကို တဲ့တိုးပြောတတ်ပါတယ်။ မဖြစ်နိုင်တာကို ဖြစ်တယ်လို့ ကတိမပေးတတ်ဘူး။ ကတိပေးပြီးရင်လည်း ရအောင်လုပ်ပေးတယ်။ အစက စင်ကာပူဟာ ဘယ်လိုဟာမျိုးလည်း။ သိသူတွေ ရှိပါတယ်။ ကျွန်တော်လည်း ကောင်းကောင်း သိပါတယ်။ ကျွန်တော်က စင်ကာပူဒေသ၊ အခုတော့ စင်ကာပူနိုင်ငံမှာ မွေးဖွားသူတစ်ယောက် ဖြစ်လို့ပါပဲ။ ဒီနေရာမှာ အနည်းငယ် ရှင်းပြပါမယ်။



ဒေသဆိုတာ နိုင်ငံတစ်ခု၏မြို့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခု ဖြစ်ပါတယ်။ အားလုံးက လက်ခံထားတာ ရှိပါတယ်။ စင်ကာပူဟာ မလေးရှားနိုင်ငံပိုင် ကျွန်းတစ်ကျွန်းဟု သတ်မှတ်ပြောဆိုကြပါတယ်။ ဒါကို ကျွန်တော် အသေးစိတ် ရှင်းမပြတော့ဘူး။ ပြောချင်တာက များလွန်းလို့ပဲ ဖြစ်ပါတယ်။

ရေတွေပတ်လည်ဝိုင်းနေသည့် နေရာကို နိုင်ငံဖြစ်အောင် တည်ဆောက်ရန် လွယ်ကူသည့်အရာ မဟုတ်။ ကျွန်တော် ဘယ်လောက် ပင်ပန်းမလဲ၊ ခက်ခဲမလဲ ဆိုတာ စဉ်းစားချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် စိတ်ဓာတ်မကျပါဘူး။ ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်ပါတယ်။ ခေတ်မီသည့် နိုင်ငံတစ်ခု ဖြစ်ရမည်ဟု တွေးနေမိလို့ပဲ ဖြစ်ပါတယ်။

ဗြိတိသျှက လွတ်လပ်ရေးပေးတယ်။ မလေးရှားက ခွဲထွက်ခိုင်းတယ်။ နိုင်ငံတည်ထောင်ဖို့ လုံလောက်သည့် ဘဏ္ဍာငွေမရှိ။ ရေတွေပတ်လည်ဝိုင်းနေသည့် ကျွန်းဆိုတော့ ဘယ်လုပ်ငန်းရှင်မှ ထင်သလောက် စိတ်ဝင်စားမှု မရှိဘူး။ ကျုပ်တို့နိုင်ငံကို လာပါလို့ ခေါ်ရအောင် လုပ်ငန်းရှင်တွေအတွက် ဘယ်လို အခွင့်အရေးတွေ ပေးနိုင်မလဲ၊ အလုပ်သမားကရော ဘယ်မှာ ရမလဲ။

လာရောက်လုပ်ကိုင်မည့် အလုပ်သမားတွေကို ဘယ်လို ကာကွယ်ပေးမလဲ၊ အခွင့်အရေး ဘယ်လိုပေးမလဲ၊ ဘယ်လို အလုပ်သမားမျိုးကို ခေါ်ယူမလဲ စသည့် လုပ်ငန်းပေါင်းစုံ ခေါင်းထဲမှာ ထည့်ထားနေရတယ်။ အလုပ်တွဲလုပ်မယ့် အစိုးရ အရာရှိတွေကိုလည်း စိတ်တူဖြစ်အောင် ရွေးချယ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွှံ့နွံတွေ ဖုံးလွှမ်းနေသည့် နေရာတွေကို အခြေပြုပြီး တိုးတက်သည့် နိုင်ငံဖြစ်အောင် ကြိုးစားကြရပါတယ်။ အခြားနိုင်ငံခေါင်းဆောင်တွေက ကျွန်တော်တို့ ဘယ်လိုပုံစံနှင့် နိုင်ငံတည်မလဲ ဆိုတာ စိတ်ဝင်စားနေကြတယ်။ ကျွန်တော်တို့ဟာ အနာဂတ်စင်ကာပူနိုင်ငံတော်အတွက် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းတယ်။ အမိန့်ထုတ်ကြတယ်။

တခြားနိုင်ငံက လုပ်ငန်းရှင်တွေက စင်ကာပူနိုင်ငံကို လာရောက်ပြီး စက်ရုံတွေတည်ဆောက်အောင် စည်းရုံးတယ်။ အလုပ်သမားတွေ လာရောက်အောင် စည်းရုံးတယ်၊ စင်ကာပူနိုင်ငံတည်ထောင်ရာမှာ အခက်အခဲဆုံးက လုပ်ငန်းရှင်တွေပဲ။ သူတို့၏ လုပ်ငန်းတွေအတွက် အစိုးရက ဘယ်လောက်အတိုင်းအတာအထိ ကာကွယ်ပေးနိုင်မလဲဆိုသည့် အချက်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေအရ အပြည့်အဝ ကာကွယ်ပေးထားပါတယ်။

သို့သော် အခွင့်အရေးကတော့ ဘယ်သူ့ကိုမှ ပိုမပေးထားပါဘူး။ အားလုံးကို တန်းတူပေးထားပါတယ်။ အခွင့်အရေးပိုလိုချင်လို့လည်း မရပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ တာဝန်ယူ အုပ်ချုပ်နေတာက ကိုယ့်မိသားစု တစ်စုတည်းမဟုတ်။ နိုင်ငံတစ်ခုကို အုပ်ချုပ်နေရတာပဲ ဖြစ်ပါတယ်။ အဲဒီမှာ နိုင်ငံအသီးသီးမှ ရောက်လာကြ၍ စိတ်တွေကလည်း တစ်ထပ်တည်းဖြစ်မှာ မဟုတ်သည့်အတွက် အတတ်နိုင်ဆုံး တစ်ထပ်တည်းဖြစ်အောင် လုပ်ဆောင်ရမှာပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ တစ်ထပ်တည်းကျတာ တစ်ခုရှိပါတယ်။ အဲဒါက စည်းကမ်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စည်းကမ်းကို



ဥပဒေနဲ့ ချုပ်ကိုင်ထားပါတယ်။ စည်းကမ်းမရှိသူ ဘယ်သူမဆို ပြင်းထန်သည့် အရေးယူမှုကို ခံရပါတယ်။ ပြင်းထန်သည့် အရေးယူမှုကို ခံကြသည့်အတွက် စည်းကမ်းရှိသွားပါတယ်။

အဲဒါကြောင့် ကမ္ဘာ့နိုင်ငံတွေက မှတ်ချက်စကားပြောပါတယ်။ အဲဒါက စင်ကာပူဟာ စည်းကမ်းကြီးတယ်လို့ ပြောကြပါတယ်။ အဲဒီစည်းကမ်းကြောင့် စင်ကာပူဟာ တိုးတက်သည့်နိုင်ငံ ဖြစ်လာတာပဲ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံဟာ ကျွန်တော်ဦးဆောင်သည့် အစိုးရက တိုးတက်သည့်နိုင်ငံ ဖြစ်အောင် လုပ်ဆောင်ကြပါတယ်။ အဲဒီအတွက် ကမ္ဘာ့နိုင်ငံများက ကုမ္ပဏီများ၊ အလုပ်သမားများက စင်ကာပူကို စိတ်ဝင်စားကြတယ်။ လာရောက်ပြီး ရင်းနှီးမြှုပ်နှံကြတယ်။ အလားတူ အလုပ်သမားတွေကလည်း အခြားနိုင်ငံတွေက ဝင်လာကြတယ်။

ကျွန်တော်တို့ကတော့ နိုင်ငံကို အကျိုးပြုသူ ဘယ်သူမဆို လက်ခံပါတယ်။ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းရှင်ကုမ္ပဏီတွေများလာလျှင် အလုပ်သမား လူတော်လူကောင်းတွေ များလာမှာဖြစ်ပါတယ်။ အခုတော့ စင်ကာပူနိုင်ငံဟာ တိုးတက်ဆုံးနိုင်ငံဖြစ်နေ၍ စင်ကာပူနိုင်ငံသား၊ နိုင်ငံသူများ ချမ်းသာစွာ နေထိုင်နိုင်ကြတယ်။ အဲဒီအတွက် ကျွန်တော့်ကို လေးစားလာကြတယ် ထောက်ခံ အားပေးလာကြတယ်။ ကျွန်တော် အနားယူသွားမှာကို စိုးရိမ်လာကြတယ်။

သူတို့စိုးရိမ်သလို ကျွန်တော်လည်း စိုးရိမ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က အသက်ကြီးလာတယ်။ တစ်ခါတစ်ရံ စိတ်သွားတိုင်း ကိုယ်မပါသည့်အတွက်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံ လွတ်လပ်ရေးမရခင်ကတည်းက ရပြီးသည့်အထိ ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်လာခဲ့ရပါတယ်။

၁၉၈၁-ခုနှစ်က ဂျေဘီ ဂျာရတ်နမ် ရွေးကောက်ပွဲကျင်းပရာ ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ရွေးကောက်ပွဲတွင် အနိုင်ရပြီး လွတ်လပ်ရေးရပြီးသည့် အချိန်မှစ၍ ပထမဆုံးအကြိမ် အတိုက်အခံပါတီကိုယ်စားလှယ် ဖြစ်လာပါတယ်။ အနိုင်ရသည့်အတွက် ပျော်ရွှင်ကျေနပ်ရသလို အလုပ်တွေလည်း ပိုများလာတယ်။ ပြည်သူက ပိုပြီးယုံကြည်လာတယ်။ ဒီကြားတည်း စင်ကာပူမှာ တပ်စွဲထားသည့် ဗြိတိသျှစစ်အင်အားတွေ ဆုတ်ခွာရုပ်သိမ်းသွားအောင် လုပ်နိုင်သည့်အတွက် ပြည်သူအပါအဝင် စီးပွားရေးကုမ္ပဏီများ၏ ယုံကြည်စိတ်ချတ်ချမှုတွေကို ရရှိနေပါတယ်။

စင်ကာပူနိုင်ငံသည် အာရှနိုင်ငံတွေမှာ အတိုးတက်ဆုံးနိုင်ငံ ဖြစ်သလို လှပဆုံးသော ကျွန်းနိုင်ငံအဖြစ် မှတ်တမ်းဝင်သွားပါတယ်။ အဲဒီလိုဖြစ်သည့်အတွက် ကျွန်တော်တို့မှာ ဆက်လက် ကြိုးစားလုပ်ကိုင်နေရပါတယ်။

***



(၁၈)

## လူတော်ကို ရှာခြင်း

ကျွန်တော်ဟာ
ရဲဘော်ရဲဘက်ဟောင်းတွေကို
အင်မတန်သံယောစဉ်တွယ်တာတ်ပါတယ်။
အထူးသဖြင့် တိုင်းပြည်တည်ဆောက်စဉ်
မိုးထဲလေထဲ ကျွန်တော်တို့နဲ့အတူ
လျှောက်လှမ်းခဲ့ကြသူတွေ
ကျွန်တော် ယုံကြည်စိတ်ချရတဲ့သူလို့
သိထားသူတွေအပေါ်မှာ
သံယောစဉ် နက်ရှိုင်းပါတယ်။
တိုက်ပွဲတွေမှာ သူတို့က
ကျွန်တော်ကို မကျဆုံးအောင် ကူညီပေးခဲ့ကြတယ်။

ဒါဟာ အမှန်တကယ်ပါ။ သူတို့ဟာ ကျွန်တော့်အတွက် အဓိကထောက်တိုင်တွေသာ ဖြစ်ပါတယ်။ အဲဒီရဲဘော်ရဲဘက်

www.burmeseclassic.com

www.burmeseclassic.com



တွေက ကျွန်တော့်ကို ယနေ့အချိန်အထိ ကူညီနေကြတုန်းပဲလို့ ခံယူနေပါတယ်။ သူတို့၏ အားပေးမှုကြောင့် စင်ကာပူဟာ အခုလို တိုးတက်အောင်မြင်လာတယ်ဆိုတာ ငြင်းလို့မရပေ။

ဒီနေရာမှာ ပြည်သူတွေ မျှော်လင့်နေကြပြီး ပြန်လည်လေ့လာချင်ပါတယ်ဆိုသည့် ကျွန်တော်၏ "လူတော်ကိုရှာခြင်း" စာတမ်းနှင့် ပတ်သက်၍ လေ့လာချင်သူတွေအတွက် အနည်းငယ်ကို ထုတ်နုတ်တင်ပြချင်ပါတယ်။

## လူတော်ကိုရှာခြင်း

ကျွန်တော်တို့ အောင်မြင်ကြတာဟာ ပင်ကိုစွမ်းရည်ဟာ အောင်မြင်မှုအတွက် သေရေးရှင်ရေး အရေးကြီးတဲ့အချက်ဖြစ်ကြောင်း သဘောပေါက်ထားခဲ့လို့သာ ဖြစ်ပါတယ်။

၁၉၈၂-ခုနှစ် ဇန်နဝါရီလ ၁ ရက်မှာ ကျွန်တော်တို့ဆီမှာ အလုပ်လုပ်နှင့် (EMPLOYENT PASS)ကိုင်ထားသူ "၁၄.၇၆၇"ဦး ရှိပါတယ်။ သူတို့ဟာ မန်နေဂျာတွေ၊ အင်ဂျင်နီယာတွေ၊ ဘဏ်သမားတွေ၊ စာရင်းကိုင်ချုပ်တွေနဲ့ အခြားအသက်မွေးပညာရှင်တွေဖြစ်ပြီး နိုင်ငံစုံကုန်ထုတ်လုပ်မှုများ၊ နိုင်ငံတကာဘဏ်များနဲ့ စီးပွားရေးလုပ်ငန်းတွေထဲမှာ ရှိနေပါတယ်။ စင်ကာပူရဲ့ စုစုပေါင်းဂျီဒီပီအပေါ် သူတို့ကျေးဇူးပြုတာဟာ သူတို့ရဲ့ တကယ့်အရေအတွက်ထက် သိသိသာသာ ပိုပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ရဲ့ အရည်အသွေးမြင့်မားတဲ့ ပင်ကိုအရည်



အချင်းတွေကြောင့် ဖြစ်ပါတယ်။ သူတို့ရဲ့ဦးနှောက်၊ သူတို့ရဲ့လုပ်ငန်း၊ သူတို့ရဲ့စွမ်းအင်တွေက သူတို့ရဲ့ကုမ္ပဏီတွေကို ရှင်သန်နေနိုင်စေပြီး အောင်မြင်မှုတွေ ရရှိစေပါတယ်...

သူတို့က အလုပ်အကိုင်နေရာတွေ ပေးအပ်နေပြီး ကျွန်တော်တို့ရဲ့ စီးပွားရေးကြီးထွားမှုကို အရှိန်တက်စေတယ်။ ကုန်စည်များနှင့် လူများလွတ်လပ်စွာ ရွေ့လျားခြင်း အယူအဆဟာ ရာစုယ်က စင်ကာပူကို ထူထောင်စဉ်ကတည်းက အခြေပြုခဲ့တာဖြစ်ပြီး ကျွန်တော်တို့အောင်မြင်မှုအတွက် လုပ်ဆောင်တာ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံသားတွေ သိထားရမှာက အဲဒီမြင့်မားသော အရည်အချင်း ထူးချွန်မှုတွေ အထူးသီးသန့်ကဏ္ဍ အမျိုးမျိုးတို့မှာ ကျယ်ကျယ်ပြန့်ပြန့် ဖြည့်သွင်းခြင်းများမပါဘဲနဲ့ ပြီးခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်အတွင်းမှာ ကျွန်တော်တို့ရဲ့ ကြီးထွားတိုးတက်မှုဟာ ဖြစ်နိုင်ခဲ့မှာ မဟုတ်ဘူးဆိုတာကို ဖြစ်ပါတယ်။

မြင့်မားတဲ့ အရည်အသွေးစိတ်မျိုးရှိတဲ့သူက ဝန်ကြီးဌာနသုံးခုကို အကြီးအကဲအဖြစ် တာဝန်ယူထားခြင်းကြောင့် စီမံကိန်းတွေ အောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာကို ကွာခြားမှု ရှိသွားစေကြောင်း၊ ကျွန်တော် ခံယူသိရှိခဲ့ပါတယ်။ ထိပ်တန်းစိတ်တစ်ခုက အလုပ်တာဝန်တစ်ခုကို လုပ်နိုင်ကိုင်နိုင်သူတွေ အတူတကွ စုစည်းပေးဖို့ အုပ်စုတစ်စု ချပေးဖို့ တက်ညီလက်ညီ ဆောင်ရွက်ပေးတဲ့အခါ အဲဒီစီမံကိန်း ခရီးတွင်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သိပ်မတော်တဲ့သူကို အကြီးအကဲတာဝန် ပေးမိတိုင်း သူ့က ပျမ်းမျှအဆင့်အတန်း သို့မဟုတ် ပျမ်းမျှအဆင့်အတန်းထက် နည်းနည်းလေ့ပဲသာတဲ့သူမျိုး ဖြစ်နေတဲ့အခါ ကျွန်တော်က တစ်ချိန်လုံး တွန်းပေးနေရပြီး စုံစမ်းမေးမြန်းပေးနေရပါတယ်။ ကျွန်တော်က သူ့ပြဿနာတွေကို သုံးသပ်ပေးနေရတယ်။ လမ်းပိတ်နေတာတွေကို ဖော်ထုတ်သတ်မှတ်ပေးရတယ်။ ဖြေရှင်းပုံကို အကြံပေးရတယ်။ သူ အောင်မြင်ပြီးစီးထားတာက အကောင်းဆုံးထက် ညံ့နေတာမျိုးပဲဖြစ်နေပြန်တာကို တွေ့ရတယ်။ ကျွန်တော် စိတ်ကုန်မိတယ်။ များသောအားဖြင့် ကျွန်တော်လုံးဝ စိတ်တိုမိတယ်။ အဲဒါဟာ ခေါင်းဆောင်အဖြစ်လူတော် မဟုတ်ဘူး၊ မလုပ်နိုင်တဲ့သူကို ခန့်အပ်တဲ့အတွက် ပေးဆပ်ရတဲ့ ဈေးနှုန်းဖြစ်ပါတယ်။

ပိုမိုစွမ်းဆောင်နိုင်စွမ်းရှိတဲ့ အရည်အချင်းရှိတဲ့လူတွေ စင်ကာပူကို အလုပ်လာလုပ်ဖို့ လိုအပ်ချက်ကို စင်ကာပူနိုင်ငံသားတွေက နားလည်လက်ခံပေးရမယ်။ ကျွန်တော်တို့က ဖွံ့ဖြိုးပြီး ချမ်းသာကြွယ်ဝတဲ့ နိုင်ငံကြီးတွေနဲ့ ပြိုင်ဆိုင်ရမှာပါ။ အခုဆိုရင် သူတို့လည်း အဲဒီလိုအရည်အချင်းမျိုးတွေကို စုစည်းရှာဖွေနေကြပါတယ်။ ဒီလိုလူတွေကို ကျွန်တော်တို့က လိုလိုလားလား ကြိုဆိုလက်ခံကြပါတယ်ဆိုတာ သူတို့သိအောင် လုပ်ဖို့လိုပါတယ်။ ဒါမှသာ သူတို့က စင်ကာပူကို သူတို့ရဲအမြဲတမ်း



အိမ်အဖြစ် သတ်မှတ်ပြီး ကျွန်တော့်တို့ ပြည်သူအားလုံးရဲ့ ဘက်စုံဖွံ့ဖြိုးရေးကိုပါ ပါဝင်ပံ့ပိုးပေးမှာ ဖြစ်ပါတယ်။ စင်ကာပူပေါက် ပါရမီအရည်အချင်း ရှိတဲ့သူတွေကိုပဲ မှီခိုနေရင် ကျွန်တော်တို့ မရနိုင်တဲ့ စီးပွားရေး၊ လူမှုရေးအဆင့်အတန်းကိုရောက်အောင် မြှင့်တင်ပေးနိုင်တဲ့ ထပ်လောင်းအားဖြည့်မှုကို သူတို့က ပေးစွမ်းနိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အနာဂတ်စင်ကာပူရဲ့ ခေါင်းဆောင်အတွက် ခေါင်းဆောင်ကို ရှာဖွေနေရပါတယ်။ အခုအချိန်မှာ စင်ကာပူဟာ တိုးတက်နေပါတယ်။ ကြွယ်ဝချမ်းသာနေပါတယ်။ အဲဒါတွေကို ဆက်လက်ထိန်းသိမ်းနိုင်သည့် ခေါင်းဆောင်ကောင်းတွေကို ဆက်လက်ရှာဖွေနေပါတယ်။ ဒါမှ အနာဂတ်စင်ကာပူအတွက် စိတ်အေးရမှာ ဖြစ်ပါတယ်။

ကျွန်တော် ဦးဆောင်သည့် အစိုးရဝန်ကြီးအဖွဲ့သည် စင်ကာပူနိုင်ငံ တိုးတက်ရန်အတွက် အစွမ်းကုန်ကြိုးစားလုပ်ကိုင်နေခဲ့ကြတယ်။ အဲဒီလို လုပ်ကိုင်နေတုန်းမှာ ဘယ်သူကမှလာပြီး အနှစ်နာခံတာ မရှိဘူး။ အပင်အပန်းခံတာ မရှိဘူး။ အခု စင်ကာပူနိုင်ငံဟာ ကမ္ဘာ့နိုင်ငံများကြားမှာ သတ်မှတ်နိုင်မှ သူလည်းနေရာလိုချင် ငါလည်း နေရာလိုချင် ဖြစ်လာကြတယ်။

နေရာလိုချင်လို့ နေရာပေးတာက မခက်ပါဘူး။ ခက်နေတာက အဲဒီလူတွေပဲ။ သူတို့က ဘယ်လောက်ရိုးသားပြီး ဘယ်လောက်လုပ်ဆောင်နိုင်မှာမို့လည်း၊ နိုင်ငံတိုးတက်အောင် လုပ်ဖို့ဆိုတာ လွယ်တာမှတ်လို့။ လောလောဆယ် စိတ်ကိုပဲ ပြောဖို့လို

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အဲဒီစိတ်တွေ အရင်ဆုံး မပြင်နိုင်သေးသရွေ့ စင်ကာပူနိုင်ငံ၏ အုပ်ချုပ်ရေးအဖွဲ့ထဲကို ဝင်ရောက်ဖို့ လွယ်ကူမှာ မဟုတ်။

တချို့က သူတို့ နေရာလိုချင်တိုင်း ဟိုဝန်ကြီး မကောင်းဘူး၊ ဒီဝန်ကြီးမကောင်းဘူး ပြောနေကြတယ်။ ဒီသတင်းကို ကျွန်တော့်မှားနှင့် ဆတ်ဆတ်ကြားပါတယ်။ တချို့လည်း ကိုယ်တိုင်လာပြောကြတယ်။ ကျွန်တော့်အစိုးရအဖွဲ့က ဝန်ကြီးတွေ၏ စိတ်နေသဘောထားကို ကျွန်တော်က ကောင်းစွာအသိဆုံးပါ။ အဲဒီအတွက် "လူတော်ကိုရှာခြင်း" စာတမ်းမှာ အခုလို အနည်းငယ်တင်ပြချင်ပါတယ်။

"အရည်အသွေးမြင့်မားတဲ့ ဝန်ကြီးအဖွဲ့ ခေါင်းဆောင်မှုကို ဘာနဲ့မှ အစားထိုးလို့ မရဘူး"

လို့ ပြောလိုက်ပါတယ်။

အများစုက ကျွန်တော်ပြောသည့် စကားကို လက်ခံကြပါသည်။ ဝန်ကြီးချုပ်ပြောတာ မှန်သည် ဆိုတာက များသည်။ ကျွန်တော်နှင့်အတူ တာဝန်ထမ်းဆောင်ကြသည့် ဝန်ကြီးအဖွဲ့သည် စင်ကာပူနိုင်ငံ တိုးတက်အောင်မြင်ရေးဆိုသည့် စိတ်တစ်ခုတည်းသာ ရှိပါသည်။ အဲဒါကြောင့် သူတို့တွေ၏ဘက်က အခိုင်အမာ ရပ်တည်ပြောဆိုခြင်း ဖြစ်ပါတယ်။

ကျွန်တော်က သူတို့ဘက်က ရပ်တည်ရတာဟာ သူတို့က က တကယ်တော်သည့်သူတွေ ဖြစ်နေလို့ပဲ ဖြစ်ပါတယ်။ ကျွန်တော် အမြဲတမ်း ပျော်နေပါတယ်။ အနာဂတ်အတွက် လူတော်လူကောင်းတွေကို ရှာမည်။ မွေးထုတ်ရမည် ဆိုတာပဲ ဖြစ်ပါတယ်။ အဲဒီ လူကောင်းတွေအတွက် သင်ကြားပေးရမည့်။ လိုချင်သည့် လမ်းကြောင်းတွေပြရမည်။ အဲဒါမှ စင်ကာပူရဲ့ အနာဂတ်အေးရ မည်ဟု ထင်မိပါတယ်။



***

www.burmeseclassic.com

www.burmeseclassic.com



# (၁၉)

## တန်းတူအခွင့်အရေး

ခင်ဗျားတို့ရဲ့ မျိုးဆက်ပွားတာမှာ
ဘွဲ့ရအမျိုးသမီးတွေ မပါဘူး။
သူတို့ကို စင်ပေါ်တင်ပြီး
အလှကြည့်ထားမယ်ဆိုရင်
နောက်ဆုံးမှာ
ပိုထုံထိုင်းတဲ့ လူဘောင်ကို ရောက်သွားလိမ့်မယ်။
အဲဒီအခါ ဘာတွေ ဖြစ်ကုန်မလဲ။
စပ်တုံးတုံး လူတွေကို မတော်တဲ့သူတွေက
ထောက်ခံကြတာကို
လာမယ့်မျိုးဆက် မှာ ကြုံလိမ့်မယ်။
အဲဒါ ပြဿနာပဲ။

လို့ ပြောပါတယ်။ ဒါ အမှန်တရားပါ။ အနာဂတ်စင်ကာပူ ခေါင်းဆောင်တွေဟာ လက်ရှိခေါင်းဆောင်တွေထက် သာနေရမည် ဆိုတာပဲ ဖြစ်ပါတယ်။ အနာဂတ်ကမ္ဘာမှ ဘာတွေဖြစ်လာ





မလဲဆိုတာ အနာဂတ်ခေါင်းဆောင် လုပ်ကြမယ့်သူတွေက ကြိုတင်ပြီး ပြုလုပ်ထားနိုင်သည့် အတွေးအခေါ် အမြော်အမြင် ရှိဖို့တော့ လိုအပ်နေပါတယ်။

ကျွန်တော်တို့ အခုတည်းက ဘာကြောင့် ပြောဆိုစည်းရုံး နေရတာလဲဆိုတော့ စင်ကာပူမှာ လူညံ့တွေ ထွက်ပေါ်လာမှာကို ကြောက်ရွံ့နေမိလို့ပဲ ဖြစ်ပါတယ်။ အလားတူ စင်ကာပူမှာ ကျား၊ မ၊ လူကြီး၊ ကလေး မခွဲခြားဘဲ တန်းတူအခွင့်အရေး ရရှိရန်ကို လည်း ကျွန်တော်တို့ ပြင်ဆင်ပြီး လုပ်ဆောင်ပေးနေပါတယ်။ အဲဒီအကြောင်းအရာနှင့် ပတ်သက်၍ ၁၉၈၃ ခုနှစ် ဩဂုတ်လ ၁၄ ရက် အမျိုးသားနေ့ လူထုအစည်းအဝေးပွဲမှာ ကျွန်တော်ပြော ခဲ့ပါတယ်။

အဲဒါတွေက…

### လူတိုင်းတန်းတူအခွင့်သာဖြင့်

လူတိုင်းအတွက် ပညာရေး၊ တန်းတူအလုပ်အကိုင် အခွင့်အလမ်း၊ တူညီတဲ့လစာ၊ အချိန်ပြည့်သက်မွေးအလုပ်၊ တစ်လင်တစ်မယားစနစ်၊ အဲဒီမူဝါဒတွေကို ကျွန်တော်တို့ ခံယူကျင့်သုံးတဲ့အခါ ၄င်းတို့ဟာ အမြင်မှာ မှန်ကန်နေ ကြတယ်။ ဉာဏ်အမြင်ရှိတယ်၊ အနာဂတ်ဆီသို့ ဦးတည် ပြီးသွားတဲ့ လမ်းဖြစ်တယ်။ ပြန်ပြောင်းတွေးကြည့်တဲ့အခါ လူတိုင်းအတွက် ပညာရေးက လုံးဝမှန်ကန်ပါတယ်။ တန်းတူအလုပ်အကိုင် အခွင့်အလမ်းဆိုတာကလည်း [illegible] ပါတယ်။ ဒါပေမဲ့ အမျိုးသမီးတွေ မိခင်တာဝန် ထမ်းရ

www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ အလုပ်ထဲမှာ ထည့်လို့မရဘူး။ အချိန်ပြည့် အားထည့်လုပ်ကိုင်ရတဲ့ ဆရာဝန်အလုပ်ဖြစ်ဖြစ်၊ အင်ဂျင်နီယာအလုပ်ဖြစ်ဖြစ် လုပ်ကိုင်ရင်း အိမ်မှုကိစ္စတွေကိုလည်း လုပ်ရမယ်၊ ကလေးတွေကိုလည်း ပြုစုစောင့်ရမယ်ဆိုရင် မဖြစ်နိုင်ဘူး၊ သိပ်ပြင်းထန်နေမယ်။ တစ်လင်တစ်မယားစနစ်က အဆင်ပြေတယ်။ ဒါပေမဲ့ အမျိုးသားတွေကိုအသိပေးဖို့ ကျွန်တော် စဉ်းစားထားရတယ်။

လို့ပြောတော့ ထောက်ခံကြပြန်တယ်။ ကျွန်တော် ဘယ်သူ့ဘက်ကမှ လိုက်ပြောတော မရှိဘူး။ ကိုယ်ချင်းစာစိတ်နှင့်သာ ပြောလိုက်တာပဲ ဖြစ်ပါတယ်။ အခွင့်အရေးတော့ လိုချင်ကြတယ်။ လုပ်ဆောင်ရမှာတော့ သိပ်ကို ပျင်းရိနေကြတယ်။

စင်ကာပူနိုင် တိုးတက်အောင် လုပ်ဆောင်လာတာ ပျင်းရိနေရင် ဒီလောက်အတိုင်းအတာအထိ ရောက်နိုင်မှာ မဟုတ်တာသေချာပါတယ်။ စင်ကာပူနိုင်ငံအတွက် ကျွန်တော့်ကို အားလုံးက ဝန်ကြီးချုပ်ရာထူး ပေးလိုက်ချိန်မှာ စင်ကာပူ မည်မည်ရရ ဘာမှမရှိသေးချိန်မှာ ခိုင်မာသည်နိုင်ငံတစ်ခုဖြစ်အောင် တည်ဆောက်မည်ဟု ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီအချိန်မှာ နိုင်ငံတည်ထောင်နိုင်လောက်သည့် ငွေကြေးက မပြည့်စုံ၊ အခက်အခဲပေါင်းစုံနှင့် ရင်ဆိုင်ကြုံတွေ့ရပါသည်။ ကျွန်းကို နိုင်ငံအဖြစ် တည်ဆောက်မည်ဆိုတော့ ဘယ်သူကယုံကြည်ပြီး လက်ခံကြမှာလဲ။ အဲဒီအခါမှာ ဘာလုပ်ရမလဲ စဉ်းစားကြပါ။ မစဉ်းစားတတ်ရင် ပြောပြမယ်။ ပထမဆုံးအနေနှင့်



ယုံကြည်မှုကို တည်ဆောက်ရမှာ ဖြစ်ပါတယ်။ စည်းလုံးရမည်။ အဲဒီစိတ် ရှိနေမယ်ဆိုရင် သေချာပေါက် အောင်မြင်ရမယ်။

ဘာကိုမှ မကြည့်နှင့် လက်ရှိစင်ကာပူနိုင်ငံက သက်သေပြနေတယ်။ အဲဒီအတွက် စင်ကာပူ ပြည်သူတွေက ကျွန်တော့်ကို ထောက်ခံကြတယ်။ ရွေးကောက်ပွဲကျင်းပသည်နှင့် သေချာပေါက် အနိုင်က ရရှိပြီးသား ဖြစ်ပါတယ်။ သူတို့ ကျွန်တော်တို့ကို ဘာကြောင့် မဲတွေပေးကြသလဲဆိုတော့ အားလုံးအတွက် ကောင်းအောင်လုပ်ဆောင်ပေးလို့ ဆိုတာပဲ ဖြစ်တယ်။ ဒီနေရာမှာ အမှတ်ရလို့ ပြောချင်တာလေး ရှိပါတယ်။

အဲဒါက လွန်ခဲ့တဲ့ နှစ်‚နှစ်ဆယ်က ကျွန်တော်ဟာ စင်ကာပူကို လွတ်လပ်တဲ့ သမ္မတနိုင်ငံတစ်နိုင်ငံအဖြစ် ကြေညာပေးခဲ့တယ်။ လူများစွာက ကျွန်တော့်ကို မလေးရှားကနေ ပြတ်ပြတ်သားသား ခွဲထွက်တာကို အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းတွေ ပစ်လွှတ်ခဲ့ကြပါတယ်။ သူတို့ဟာ မျိုးတူဦးစားပေးနိုင်ငံရေးစနစ်နဲ့ ဖိနှိပ်မှုအောက်က လွတ်မြောက်ပြီလို့ ခံစားကြရလို့ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ဝမ်းမသာနိုင်ခဲ့ဘူး။ ကျွန်တော်တို့ ရပ်တည်မှုအတွက် ကြုံလာရမယ့်ပြဿနာတွေကို တွေးပူနေခဲ့မိပါတယ်။

မလေးရှားကို ပင်မမဏ္ဍိုင်ထားတဲ့ ကျွန်တော်တို့ရဲ့ ရပ်တည်ရေး နည်းလမ်းဟောင်းက ကွယ်ပျောက်သွားပါပြီ။ မလေးရှားရဲ့အထောက်အပံ့ မပါဘဲ ကျွန်တော်တို့ ဘယ်လိုရပ်တည်ကြမလဲ။ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ကမ္ဘာကြီးနဲ့ စီးပွားရေးအရ ဝင်ဆံ့အဆင်ပြေစေမယ့် နည်းလမ်းအသစ်တွေကို ရှာနေမနား

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေခဲ့ရပါတယ်။ ကျွန်တော်တို့မှာ ရှိသမျှက ရေမြေပထဝီအနေအထား၊ ကူးသန်းသွားလာဆက်ဆံရေး၊ အခြေခံအဆောက်အအုံနဲ့ အလုပ်ကြိုးစားတဲ့ ပြည်သူတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ကမ္ဘာပေါ်က ဖွံ့ဖြိုးပြီးဒေသတွေဖြစ်တဲ့ အမေရိကန်၊ ဂျပန်နဲ့ ဥရောပအနောက်ပိုင်းနိုင်ငံတွေဆီကို အရောက်လှမ်းခဲ့တယ်။ အဲဒီနိုင်ငံတွေနဲ့ ကျန်ကမ္ဘာ့နိုင်ငံအသီးသီးလို ကုန်ပစ္စည်းတွေ ထုတ်လုပ်တင်ပို့ပေးခဲ့တယ်။

အခု ကျွန်တော်တို့နိုင်ငံလည်း ထုတ်လုပ်တင်ပို့နိုင်ခဲ့တယ်။ ကျွန်တော်တို့၏ ကြိုးစားမှုကြောင့် ကုမ္ပဏီပေါင်းများစွာနှင့် စက်ရုံပေါင်းများစွာ ရှိလာပါတယ်။ အဲဒီလိုရှိလာသည့်အတွက် စင်ကာပူပြည်သူများ စိတ်ချမ်းသာလာကြတယ်။ ပျော်ရွှင်ကျေနပ်လာကြတယ်။ လိုချင်သည့် အခွင့်အရေးတွေ ရလာကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စင်ကာပူပြည်သူတွေ ပျော်ရွှင်နေရင် ကျွန်တော် ကျေနပ်ပါတယ်။ အဲဒီကျေနပ်မှုတွေက ကျွန်တော်တို့မိသားစုရဲ့ အနာဂတ်မှာ စိတ်ချမ်းသာစရာ ဖြစ်လာခဲ့ပါတယ်။

အခုလည်း စင်ကာပူကို ဝန်ကြီးချုပ်အဖြစ်နှင့် တာဝန်ထမ်းဆောင်လာတာ ဆယ်စုနှစ် သုံးစုကိုရောက်ရန် နီးကပ်နေပါတယ်။ ကျွန်တော် နောက်လူတွေကို အဆင့်လွှဲပေးချင်နေပါတယ်။ အဲဒီလူတွေက ကျွန်တော့်ကိုပဲ တာဝန်ဆက်ယူရန် တိုက်တွန်းနေကြတယ်။ ပြည်သူတွေကလည်း ထောက်ခံနေကြတယ်။ ကျွန်တော့်အတွက် ခက်နေတာပါတယ်။

တောင်းဆိုသူတွေ ဘယ်လောက်များများ၊ ထောက်ခံသူတွေ ဘယ်လောက်များများ ပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခု



ကို ခိုင်မာစွာ ချလိုက်ရပါတယ်။ အဲဒါက ဝန်ကြီးချုပ်အဖြစ်ကအနားယူရန် ဖြစ်ပါတယ်။ အနားမယူခင် လုပ်စရာရှိတာတွေအကုန်လုပ်ရမှာ ဖြစ်ပါတယ်။ လုပ်ရသည့် အဓိကအလုပ်များကအနာဂတ်စင်ကာပူအတွက် ခိုင်မာသည့် ဥပဒေရေးဆွဲရေး၊ စင်ကာပူမှာ လာရောက်လုပ်ကိုင်သည့် အလုပ်သမားအခွင့်အရေးနှင့်ကုမ္ပဏီများ လိုက်နာကျင့်သုံးရမည့်ဥပဒေများကို အဓိကထားရေးဆွဲခဲ့ပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



## (၂၀)

## ဝန်ကြီးချုပ်မှ အနားသူ

ကြီးမြတ်တဲ့ ခေါင်းဆောင်တွေဟာ
သူတို့ဦးဆောင်နေတဲ့ နိုင်ငံတွေရဲ့
အဆင့်အတန်းကို ထင်ဟပ်စေနိုင်တယ်။

အထက်ပါစကားကို ပြောလိုက်ချိန်မှာ ကမ္ဘာ့နိုင်ငံခေါင်းဆောင်တွေက ထောက်ခံကြတယ်။ ချီးကျူးကြတယ်။ တချို့က ဒီစကားပြောနိုင်အောင် ဘယ်ကအတွေ့အကြုံရတာလဲလို့ မေးချင်ကြတယ်။ ဒါက လွယ်ပါတယ်။ ဖြတ်သန်းရသည့်ကာလနှင့် စာဖတ်ရသည့် အကျိုးတွေကြောင့် ဖြစ်ပါတယ်။

ဘယ်လိုပင် ချီးကျူးပြောဆိုနေပါစေ ကျွန်တော်ကတော့ လုပ်သင့်တာ၊ လုပ်ထိုက်တာတွေကို ပြီးပြတ်အောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ အဲဒီလို လုပ်ဆောင်နေတာကို အားလုံးက ဝိုင်းဝန်းကူညီခဲ့ကြပါတယ်။ အဲဒီအတွက်လည်း သူတို့ကိုကျေးဇူးတင်ပါတယ်။ အခု ကျွန်တော်၏သဘောထားကို အကျဉ်းသဘောအဖြစ် ခုနှစ်အလိုက် တင်ပြချင်ပါတယ်။





ခေါင်းဆောင်မှု

ကျွန်တော် ခြိမ်းခြောက်တာကို ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေ မကြုံကြရပါဘူး။ အဝေးကြီးပါ။ သူတို့စိတ်ထဲရှိတာတွေကို သူတို့ပြောဆိုကြတယ်။ အဲလိုပြောလို့ သူတို့ကို ဘာမှမလုပ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က ဆိုးယုတ်တာတွေကို ခွင့်ပြုမယ်ဆိုရင် မကောင်းမှုတွေဟာ အဟန့်အတားမရှိ ဝင်ရောက်လာကြမှာ ဖြစ်ပြီး စနစ်ကြီးတစ်ခုလုံး အောက်ခြေကနေ လိုက်စားသွားလိမ့်မယ်။

၁၉၈၆–ခုနှစ် ဇူလိုင်လ ၃၀ ရက်

ဘဝ

မျိုးဆက်တိုင်းမှာ သူတို့ရဲ့ လူ့အဖွဲ့အစည်းက သူတို့ကို ရသင့်သလောက် အခြေအနေ၊ နေရာ၊ ဩဇာအာဏာနဲ့ ဆုလာဘ်တွေ မပေးဘူးလို့ ခံစားနေကြရတဲ့သူတွေ ရှိနေပါတယ်။ သူတို့က အကြောင်းအရာတွေနဲ့ အစီအစဉ်ကို ပယ်ဖျက်ပစ်ချင်နေတာပါ။

(၁၉၈၇–ခုနှစ်)

ခေါင်းဆောင်မှု

နိုင်ငံရေးခေါင်းဆောင်တွေကို ပထမဆုံးအနေနဲ့ သူတို့ရရှိထားတဲ့ လုပ်ပိုင်ခွင့်အာဏာကို ပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် ဘယ်လောက်အထိ ထိထိရောက်

www.burmeseclassic.com

www.burmeseclassic.com



ရောက် အသုံးချနိုင်သလဲဆိုတာ၊ အကဲဖြတ်တယ်။ ဒုတိယ အနေနဲ့ အာဏာရအစိုးရက သူ့ရဲ့ပြည်သူတွေရဲ့ အကျိုးစီးပွား ဆက်လက် ကာကွယ်စောင့်ရှောက်နိုင်စေရေး အတွက် သူတို့အထောက်အကူပြုပေးတဲ့ ပုံစံကို အကဲဖြတ်တယ်။ တတိယကတော့ အာဏာရသွားတဲ့ လူတွေကို လက်ဆင့်ကမ်းပေးခဲ့ရာမှာ သူတို့ ဘယ်လောက်ယဉ်ကျေး ရည်မွန်သလဲဆိုတာကို အကဲဖြတ်တယ်။

(၁၉၈၈)

အတိတ်ကာလဟာ ဆင်းရဲဒုက္ခတွေ ရှင်သန်ရပ်တည်ရေးအတွက် စိန်ခေါ်မှုတွေ အပြောက်အမြားနဲ့ ပြည့်နှက်နေခဲ့တယ်။ အန္တရာယ်ကို ရှောင်လွှဲလို့ မရနိုင်ပေမယ့် ရပ်တည်မှုကို လုံခြုံစိတ်ချရအောင် ကျွန်တော်တို့ လုပ်ဆောင်နိုင်ခဲ့တယ်။ အိမ်၊ ကျောင်း၊ ဆေးရုံ၊ ကျန်းမာရေး ဝန်ဆောင်မှု စတဲ့ ကျွန်တော်တို့ရဲ့ အခြေခံလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးခဲ့တယ်။ ဒါပေမဲ့ အဲဒါတွေဟာ တစ်ခုမှ စံပြပုံစံမဟုတ်ဘူး။ ကိစ္စတစ်ခုစီကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့အပေါ်မှာ နောက်လာမယ့်မျိုးဆက်က ပိုပြီးတိုးတက်လာအောင် လုပ်ဆောင်ဖို့လိုတယ်။

စင်ကာပူရဲ့ လူငယ်မျိုးဆက်ကို ကျွန်တော်တို့ပုံသွင်းပေးလိုက်တဲ့ စရိုက်လက္ခဏာတွေနဲ့ ပတ်သက်ပြီး ကျွန်တော် ဂုဏ်ယူပါတယ်။ သူတို့အားလုံး အကောင်းဆုံး စွမ်းဆောင်နိုင်အောင် အရှုံးသမားများ အပါအဝင် အစု



အဖွဲ့တစ်ခုလုံး ပျက်စီးခြင်းမရောက်အောင် ကိုယ့်အားကိုယ်ကိုးပြီး အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံအနေနဲ့ မားမားမတ်မတ် ရပ်တည်နိုင်ဖို့ အခွင့်အရေး သူတို့ကို ပေးထားပြီးပါပြီ။ ဒါကို ပင်ကိုအသိစိတ်၊ အခြေခံယဉ်ကျေးမှုတွေနဲ့ ခရီးလမ်းတစ်လျှောက်မှာ ရှုံးနိမ့်ကျန်ခဲ့နိုင်သူတွေကို ညှိနှိုင်းမှုတွေ ပြုလုပ်ပေးသွားခြင်းကနေ ရရှိအောင်မြင်နိုင်ပါတယ်။

(၁၉၈၉)

အလုပ်ခွင်အကြောင်း

နိုင်ငံတစ်နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ် အရည်အချင်းက အမျိုးသားရေးပြိုင်ဆိုင်မှုမှာ အဆုံးအဖြတ်ပေးတဲ့ တစ်ခုတည်းသော အရေးအကြီးဆုံးအချက်ပဲ။ ပြိုင်ဆိုင်မှုမှာ သူတို့ကို ထက်မြက် ထူးချွန်စေတာကတော့ ပြည်သူတွေရဲ့ ဆန်းသစ်ပြောင်းလဲမှု၊ စွန့်ဦးစီးပွားစွမ်းဆောင်မှု၊ အသင်းအဖွဲ့လိုက် ဆောင်ရွက်မှုနဲ့ သူတို့ရဲ့ အလုပ်နဲ့ပတ်သက်တဲ့ ကျင့်ဝတ်စံနှုန်းတွေကပါပဲ။

(၁၉၉၀)

လို့ အကျယ်တဝင် ပြောခဲ့ပါတယ်။ ကျွန်တော့ပြောစကားတွေကို သေချာနားထောင်ကြပါတယ်။ အားပေးထောက်ခံကြပါတယ်။ အဲဒီနေ့ကပြောတဲ့ စကားတွေဟာ ဝန်ကြီးချုပ်ဖြစ်စက ရှုံ့နှံ့တွေ ထုပြောနေသည့်အချိန်မှ ယနေ့ ကမ္ဘာမှာ လူပပြီးတိုးတက်သည့် နိုင်ငံဖြစ်အောင် ဘယ်လောက် ကြိုးစားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးအဖွဲ့ကို ဘယ်လိုရွေးချယ်ရတယ်။ သူတို့ရဲ့အတွင်းစိတ်နေသဘောထားနှင့် ပတ်သက်၍ ဖြစ်ပါတယ်။

တိုးတက်သည့် စင်ကာပူနိုင်ငံဖြစ်အောင် လုပ်ဆောင်ခဲ့ရတာတွေ၊ အလားတူ အနာဂတ်စင်ကာပူအတွက် ခေါင်းဆောင်တွေကို ဘယ်လိုမွေးထုတ်ရသည် စသည်တို့ ပါဝင်ပါတယ်။ ကျွန်တော် ပြောခဲ့သမျှ မိန့်ခွန်းတွေထဲမှာ ဤမိန့်ခွန်းကို အစုံလင်ဆုံးပဲဟု မှတ်ချက်ပြောဆိုခဲ့ကြပါတယ်။ ကျွန်တော် ဘာကြောင့် ဒီလောက် ပြောသွားသလဲဆိုတာကို ဘယ်သူမှ မသိအောင် ဖြစ်ခဲ့ပါတယ်။

ဤသို့ပြောပြီး မကြာမီမှာ ကျွန်တော် စင်ကာပူဝန်ကြီးချုပ်ရာထူးက နုတ်ထွက်သည်ဟု တရားဝင် ကြေညာခဲ့ပါတယ်။ ကျွန်တော် ဝန်ကြီးချုပ်အဖြစ်နှင့် နှစ်ပေါင်း ၃၀ ကြာအောင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှာ အနားယူခဲ့ပါတယ်။ ကျွန်တော်၏ ဝန်ကြီးချုပ်ရာထူးကို "ဂိုချောက်တောင်"ထံ လွှဲပြောင်းပေးလိုက်ပါတယ်။ ဂိုချောက်တောင်ဟာ စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်ပါတော့တယ်။

***



(၂၁)

## အကြံပေးလမ်းညွှန်

အမျိုးသားစည်းလုံးညီညွတ်ရေးအတွက်
ဘာသာရေးက တွန်းအားမဖြစ်နိုင်ဘူး။
အမှန်မှာ ကျွန်တော်တို့လို
ဘာသာအယူဝါဒပေါင်းစုံတဲ့
လူ့အသိုင်းအဝိုင်းအတွက်
ကိုးကွယ်မှုချင်း သဟာဇာတဖြစ်ဖို့
လောကီသီးသန့်ဝါဒကို လိုအပ်ပါတယ်။

ဒါဟာ ကျွန်တော့်နိုင်ငံအတွင်းမှာ နေထိုင်သူတွေအတွက် သတိထားနိုင်ရန် ပြောလိုက်သည့် စကားသာဖြစ်ပါတယ်။ သူတို့တွေ သတိထားကြမယ်လို့ တမ်းတမိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်က ဝန်ကြီးချုပ်ရာထူးက အနားယူလိုက်ရသည့်အတွက် ကျေနပ်နေမိပါတယ်။ ကျွန်တော့်နေရာကို တာဝန်ယူ လုပ်ဆောင်ရမည့် ဝန်ကြီးချုပ်သစ် ဂိုချောက်တောင် အတွက်တော့ တာဝန်ပိုကြီးသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အပြီးအပြတ် အနားယူရန် ဆုံးဖြတ်လိုက်ပေမယ့် ဝန်ကြီးအဖွဲ့၏ တောင်းဆိုမှုကြောင့် ပြန်လည်ပါဝင်နေရပါတယ်။ ဘယ်လိုပင် ပါဝင်လာပေမယ့် ဝန်ကြီးတွေ၏ လုပ်ငန်းများကို ဝင်ရောက်စွက်ဖက်ခြင်းမရှိ၊ သူတို့၏ အကြံဉာဏ်များလာရောက်တောင်းမှ အကြံပေးပါတယ်။ ဘယ်လိုပင်ဖြစ်ပေမယ့် တချို့က ဝန်ကြီးချုပ် ဂိုချောက်တောင်ဟာ ကျွန်တော့်လောက် လုပ်နိုင်ပါ့မလား၊ စင်ကာပူနိုင်ငံဟာ ကျွန်တော် တာဝန်ယူစဉ်ကလို လုပ်နိုင်ပါ့မလားဆိုသည့် မေးခွန်းတွေ ရှိလာပါတယ်။

ဘယ်သူတွေ ဘာပြောပြော ဝန်ကြီးချုပ် ဂိုချောက်တောင်၏လုပ်ရပ်ကို ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့ အထက်မှာ ပြောခဲ့ပါတယ်။ အနာဂတ်မျိုးဆက်ခေါင်းဆောင်တွေအတွက် ကျွန်တော်တို့ ရှာဖွေမွေးထုတ်ရမယ်။ သင်ကြားပေးရမယ် ဆိုတာပဲ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံရဲ့ အနာဂတ်ခေါင်းဆောင်တွေ နေရာရှိသလို သင်ကြားပေးမှုများလည်း ရှိပါတယ်။

စင်ကာပူနိုင်ငံသည် အခြားအာရှနိုင်ငံတွေနှင့်မတူ စီးပွားရေးကို တည်ငြိမ်အောင် တည်ဆောက်ထားပါတယ်။ မတော်လို့ တိမ်းဆောင်းသွားရင်လည်း ထင်သလောက် ယိမ်းယိုင်သွားမှာ မဟုတ်ဟု သတ်မှတ်ထားပါတယ်။

၁၉၉၇-ခုနှစ် ဝန်ကြီးချုပ် ဂိုချောက်တောင် လက်ထက်တွင် အာရှစီးပွားရေးပျက်ကပ် စပါတော့တယ်။ အာရှနိုင်ငံအများစုသည် စီးပွားရေးအကျပ်အတည်းများနှင့် ကြုံတွေ့နေရတယ်။ နိုင်ငံအများစု စီးပွားရေးဒဏ် ဆိုးဆိုးဝါးဝါး ခံကြရပေမယ့်



စင်ကာပူနိုင်ငံကတော့ ထင်သလောက် မခံရပေ။ သူ့ဟာနှင့်သူ လည်ပတ်နိုင်ခဲ့ပါတယ်။

၂၀၀၄ ခုနှစ်တွင် ဝန်ကြီးချုပ် ဂိုချောက်တောင် အနားယူသွားသည့်အတွက် လီရှင်လောင်း က ဝန်ကြီးချုပ်ဖြစ်ပြီး ကျွမ်းသစ္စာ ဆိုပါတယ်။ လီရှင်လောင်း ဝန်ကြီးချုပ် ဖြစ်လာတော့ ကျွန်တော့်ကို အကြံပေးလမ်းညွှန်အဖြစ် ခန့်အပ်ပါတယ်။ အားလုံးကလည်း ထောက်ခံကြ၍ ကျွန်တော့်မှာ ငြင်းပယ်ရန် ခက်ခဲလာပါတယ်။ အဲဒီအတွက် လက်ခံလိုက်ရပါတယ်။

ကျွန်တော် ဝန်ကြီးချုပ်၏အကြံပေးလမ်းညွှန်အဖြစ် ပြန်လည်ပါဝင်လာသဖြင့် ထောက်ခံမှုတွေတိုးလာပါတယ်။ စင်ကာပူနိုင်ငံ၏ စီးပွားရေး ယခုထက် ပိုတိုးတက်လာမည်ဟု ထင်မှတ်နေကြပါတယ်။ တကယ်တော့ သူတို့ အထင်လွဲနေကြတာပဲ ဖြစ်ပါတယ်။ ကျွန်တော်က ဝန်ကြီးချုပ်မှ မဟုတ်တာပဲ။ ဒါက ဝန်ကြီးချုပ်လုပ်ရမည့် အလုပ်များသာ ဖြစ်ပါတယ်။

၂၀၀၈ စစ်တမ်းအရ စင်ကာပူနိုင်ငံဟာ အရှေ့တောင်အာရှဒေသတွင်း ပါဝင်သည့် နိုင်ငံဖြစ်ပြီး စတုရန်းမိုင် ၁၇၃ မိုင် ကျယ်ဝန်း၍ သန်းခေါင်စာရင်းအရ လူဦးရေ ၄၈၃၉၄၄၀ ခန့် ရှိပါတယ်။ ယခုတော့ လူအင်အား တိုးလာပါတယ်။ ဘယ်လိုပင်ဖြစ်စေမယ့် စင်ကာပူကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါကယ်။ ဒါဟာ ကျွန်တော် တစ်ယောက်တည်းရဲ့ ဆန္ဒဆိုပေမယ့် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၏ဆန္ဒများကလည်း ဒီအတိုင်းပဲ ဖြစ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဝန်ကြီးချုပ်၏ အကြံပေးလမ်းညွှန်တာဝန်ကို ထမ်းဆောင်ရဦးမှာ ဖြစ်ပါတယ်။ ကျွန်တော် ဒီတာဝန်ထမ်းဆောင်သည့်အတွက် အားလုံးက ကျေနပ်ပျော်ရွှင်နေကြပါတယ်။

***



(၂၂)

## အောင်မြင်တဲ့ လုပ်ဆောင်ချက်

လူထုက အစိုးရရဲ့အလုပ်ကို
ထောက်ပိုးခြင်း
အားဖြည့်တင်းခြင်း မပြုလုပ်ဘူးဆိုရင်
အစိုးရဟာ
ဘာရလဒ်တွေကိုမှ ထုတ်ပေးနိုင်မှာ မဟုတ်ဘူး။

တကယ်တော့ အစိုးရနှင့် ပြည်သူဟာ အပြန်အလှန် နားလည်မှုရှိဖို့ လိုအပ်ပါတယ်။ အဲဒီလိုရှိမှလည်း နိုင်ငံဟာ အေးချမ်းစွာနှင့် တိုးတက်နေမှာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ဝန်ကြီးချုပ်၏အကြံပေးလမ်းညွှန် ဆိုပေမယ့် အချို့ဆိုရင် ကိုယ်တိုင်ဝင်ခဲ့ရတာတွေလည်း ရှိပါတယ်။

ဘာကြောင့် အခုလို ဝင်ခဲ့ရတာလဲဆိုရင် နိုင်ငံအပေါ် သံယောဇဉ် ကြီးမားလွန်းပါတယ်။ အဲဒါကြောင့် ကိုယ်တိုင်ဝင်ရောက်နေရတာပဲ ဖြစ်ပါတယ်။ ဘယ်လိုပင်ဖြစ်ဖြစ် အပင်ပန်းခံပြီး တည်ဆောက်ထားသည့် နိုင်ငံကို ဘယ်လိုမှ မျက်ကွယ်ပြု

www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာ မဟုတ်ပေ။ အဲဒီအတွက်ကြောင့် ပေးအပ်လာသည့် တာဝန်တွေကို ထမ်းဆောင်နေရပါတယ်။

ကျွန်တော် အကြံပေးတာဝန်ကို ရယူပြီး ထမ်းဆောင်နေချိန်မှာ လာဘ်စားမှု ပပျောက်စေရေးကို အဓိကတာဝန်တစ်ရပ်အနေဖြင့် လုပ်ကိုင်ပါတယ်။ တင်းကျပ်စွာ ပြုလုပ်ထားပါတယ်။ လာဘ်စားမှုကို ကျွန်တော် အမုန်းဆုံးအရာတစ်ခုပါ။ ကျွန်တော်တာဝန်ထမ်းဆောင်စဉ် လာဘ်ပေးမှုကို အဓိကထား ဆောင်ရွက်ပါတယ်။ စင်ကာပူနိုင်ငံမှာ လာဘ်ပေးလာဘ်ယူ ပပျောက်သည်ဟု မှတ်ချက်ပေးကြပါတယ်။

သူတို့ပြောတာကို ကျွန်တော် လက်ခံပါတယ်။ စင်ကာပူမှာ လာဘ်စားမှု ပပျောက်အောင် အမြဲတမ်း လုပ်ဆောင်နေပါတယ်။ အဲဒီကိစ္စနှင့် ပတ်သက်၍ မေးခွန်းများစွာ ရှိပါတယ်။ တစ်နေ့သော် အရှေ့အာရှအင်စတီကျူ့ (၁၀)နှစ်မြောက်ပွဲမှာ ကျွန်တော်မိန့်ခွန်းမှာ ထည့်ပြောပါတယ်။

လာဘ်စားတာ မရှိပါဘူးလို့ ကျွန်တော် မပြောပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မှာ အကျင့်ပျက်ခြစားမှုစုံစမ်းရေးအဖွဲ့ ရှိနေပါတယ်။ အဲဒါက လာဘ်စားမှုပပျောက်ရေးအဖွဲ့ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း အစီရင်ခံစာ တင်ပါတယ်။ အမှုအသေးနှစ်ရာ သုံးရာ ရှိတယ်လို့ နှစ်စဉ်အစီရင်ခံစာမှာ တွေ့ရတယ်။ အမှုအကြီးစားကတော့ နှစ်မှု သုံးမှု ရှိတယ်။ ပွင့်လင်း မြင်သာနိုင်ငံတကာစာရင်းမှာ ကျွန်တော်တို့က ထိပ်ဆုံးငါးနိုင်ငံ၊ ခြောက်နိုင်ငံမှာ ပါဝင်နေပါတယ်။ ဒီတော့ သိပ်မဆိုးလှပါဘူး။ ဒါပေမဲ့



အဲဒီအဆင့်ဆီကို ရောက်ဖို့အတွက် သန့်ရှင်းပေးတဲ့ ဌာနတစ်ခုလိုကို လိုပါတယ်။

ကျွန်တော်က အဲဒီလို ပြောလိုက်တော့ သူတို့က လက်ခုပ်တီးပါတယ်။ ကျွန်တော်ဟာ ရိုးသားသူတစ်ယောက်အဖြစ် ဖြတ်သန်းလာသူပါ။ ဘယ်သူ့ဆီကမှ မစားဖူးပါဘူး။ လာဘ်စားတယ်လို့ပြောရင် ဆေးရုံတက်နေတာတောင် ချက်ချင်းဆင်းပြီး ဖြေရှင်းပါတယ်။ ကျွန်တော်ဟာ အဲဒီလောက် သန့်ရှင်းပါတယ်။

ဂကယ်တော့ ကျွန်တော်ဟာ အရင်းရှင်လည်းမဟုတ်အာဏာရှင်လည်းမဟုတ်ပါ။ နိုင်ငံနှင့် လူမျိုးအတွက် လူဖြစ်လာရတာပါ။ ကျွန်တော်ဟာ အချိန်ရှိနေသရွေ့ နိုင်ငံအတွက်ပဲ လုပ်နေရသူ ဖြစ်ပါတယ်။ အခုလည်း ဝန်ကြီးချုပ်၏ အကြံပေးလမ်းညွှန်ရာထူးပေးထားလို့ လုပ်နေရပါတယ်။ အသက်သာကြီးလာတယ် နားရတယ်ဆိုတာ မရှိဘူး။ အချိန်တိုင်း အလုပ်လုပ်နေရပါတယ်။

အဲဒါကြောင့် ၂၀၁၁ ခုနှစ်မှာ အနားယူကြောင်း ကြေညာလိုက်ပါတယ်။ ဒါပေမဲ့ အင်အားစုတွေက တောင်းဆိုထား၍ဒေသဆိုင်ရာကိုယ်စားလှယ်အဖြစ် လုပ်ဆောင်နေရပါသေးတယ်။

ဒါကတော့ ကျွန်တော် ပြောချင်တာတွေအထဲက အဓိကကျသည့် အချက်များ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



## (၂၃)

## လီတွခွမ်းပဉလို စိတ်မျိုး

လူတွေအထင်ကြီးအောင် ကားကြီးကြီးကိုစီး
အဝတ်စားကို မကြာခဏလဲ
နောက်ဆုံးပေါ်ဟန်ပန်တွေကို အမီလိုက်
အဲဒါမျိုးတွေ ကျွန်တော်လုပ်ဖို့
ဘာအကြောင်းမှ မမြင်ပါဘူး။
ကျွန်တော့်မှာ...
အပေါ်ကုတ်အင်္ကျီတွေအများကြီးရှိတယ်။
လုံးဝအသစ်နီးပါး ဖြစ်နေတယ်
ဘာလို့လဲဆိုတော့ ကျွန်တော်က
ကြုံတောင့်ကြုံခဲကျမှ ဝတ်ဆင်လို့ ဖြစ်ပါတယ်။
တကယ်တော့...
ကျွန်တော် အသက်ကြီးလာတာနဲ့အမျှ
ကျွန်တော် အပေါ်ကုတ်အင်္ကျီဝတ်တာအတွက်
အချိန်ကုန်မခံချင်တော့ဘူး။



အင်္ကျီပွပွဖြစ်ဖြစ်
ကြယ်သီးတပ် တရုတ်ဂျုတ်ကက်ဖြစ်ဖြစ် ဝတ်တယ်။
အဲဒါ နှစ်ပေါင်းအတော်ကြာပြီ။
အဲဒါတွေက ဝတ်ရတာ သက်သောင့်သက်သာရှိတယ်။

ဖော်ပြပါ အကြောင်းအရာ စကားစုသည် ဝန်ကြီးချုပ် မစ္စတာလီကွမ်ယု မကွယ်လွန်မီက ပြောသွားသည့် စကားစုပဲ ဖြစ်ပါတယ်။ ဘာကြောင့် ဤအခန်းမှာ ဖော်ပြရတာလဲဆိုတော့ မစ္စတာလီကွမ်ယု၏ စိတ်နေသဘောထား၊ ဘယ်လောက် အလုပ်လုပ်ခဲ့သလဲ ဆိုတာကို သိစေချင်သည့်အတွက်ကြောင့် ဖော်ပြလိုက်ရတာပဲ ဖြစ်ပါတယ်။

ဤစာအုပ်ကို ဖတ်ရှုကြသည့် သူများအနေဖြင့် နိုင်ငံတစ်နိုင်ငံ ထူထောင်ရာမှာ ဘယ်လောက်အတိုင်းအတာအထိ ရှိတယ်။ စင်ကာပူနိုင်ငံကို မစ္စတာလီကွမ်းယု ဘယ်လောက် ပင်ပန်းဆင်းရဲခံပြီး တည်ဆောက်ခဲ့တယ်။ စီပွားရေးလုပ်ငန်းရှင်များ ပြည်သူများ၊ အလုပ်သမားများ၊ အဲဒါတွေနှင့် ဘယ်လိုအဆင့်ပြေအောင် ပူးပေါင်းလုပ်ဆောင်ခဲ့သလဲ။ စင်ကာပူနိုင်ငံအတွက် တရားဥပဒေ စိုးမိုးမှုက ဘယ်လောက်အတိုင်းအတာအထိ ကောင်းပြီး၊ ဘယ်လောက်အတိုင်းအတာအထိ ထိရောက်သလဲ ဆိုတာပဲ ဖြစ်ပါတယ်။

တကယ်တော့ နိုင်ငံတစ်နိုင်ငံ တိုးတက်အောင်မြင်ဖို့ဆိုတာဟာ ခေါင်းဆောင်လုပ်သူများအပေါ်မှာ မူတည်ပါတယ်။ သူတို့က ဘယ်လောက်အတိုင်းအတာအထိ ရိုးသားပြီး ပြည်သူ

www.burmeseclassic.com

www.burmeseclassic.com



မတွေအပေါ် စေတနာ ဘယ်လောက်ထားသလဲဆိုတာက အရေးကြီးနေတယ်။

ခေါင်းဆောင်လုပ်သူများက အပြောနှင့်အလုပ် မညီရင် နိုင်ငံတိုးတက်မှု မရှိသလို၊ ပြည်သူနှင့် ခေါင်းဆောင်လုပ်သူတွေကြား ဝေဖန်မှုတွေ ဖြစ်လာမယ်။ နောက်ဆုံး အဓိကရုဏ်းတွေ ဖြစ်လာမယ်။ အဲဒီလို မကြာခဏ ဖြစ်လာလျှင် ပြည်ပစီးပွားရေး လုပ်ငန်းရှင်တွေ အဲဒီနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံကြတော့မှာ မဟုတ်။ ဘာကြောင့်လဲဆိုတော့ တည်ငြိမ်မှုမရှိသည့်နိုင်ငံဟု သတ်မှတ်လိုက်သည့်အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

မစ္စတာလီကွမ်းယု စင်ကာပူနိုင်ငံကို တည်ထောင်သွားသည်မှာ ဆူညံမှုတွေ မရှိ၊ လုပ်ငန်းရှင်ကုမ္ပဏီတွေအတွက် အာမခံရှိတယ်။ နိုင်လုံမှုတွေ ပြနိုင်တယ်။ လုပ်ငန်းရှင်တွေအတွက် အကူအညီတွေ ပေးတယ်။ အဲဒါကြောင့် စင်ကာပူနိုင်ငံဟာ ကမ္ဘာ့အတိုးတက်ဆုံးနိုင်ငံစာရင်းမှာ ပါဝင်လာပါတော့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် စင်ကာပူနိုင်ငံကို တည်ထောင်သူ မစ္စတာလီကွမ်းယုကို ဂုဏ်ပြုရမှာ ဖြစ်ပါတယ်။

အားလုံး လီကွမ်းယုလို စိတ်ဓာတ်မျိုး ထားနိုင်ကြပါစေဟု ဆုတောင်းမိပါတော့တယ်။

***



# နောက်ဆက်တွဲ

## (က)

## အကောင်းဆုံးနိုင်ငံ

စင်ကာပူဝန်ကြီးချုပ် မစ္စတာလီကွမ်းယုနှင့် ပတ်သက်၍ ရေးသားတင်ပြပြီးဖြစ်၍ ဆက်လက်တင်ပြချင်သည့် အကြောင်းအရာက စင်ကာပူနိုင်ငံနှင့် ပတ်သက်သည့် အကြောင်းအရာများ ဖြစ်ပါတယ်။ မျက်မှောက်ခေတ်ကာလမှာ စင်ကာပူနိုင်ငံကို ကမ္ဘာ့နိုင်ငံ အများစုက စိတ်ဝင်စားနေကြပါတယ်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီပိုင်ရှင်များနှင့် အလုပ်သမား ပညာတတ်များ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီပိုင်ရှင် သူဌေးများက သူတို့၏ ငွေကြေးကို စင်ကာပူနိုင်ငံမှာ ရင်းနှီးမြှုပ်နှံ စီးပွားရှာရင် အောင်မြင်မည်ဟု သတ်မှတ်ပြီး ရင်းနှီးမြှုပ်နှံကြပါတယ်။

အလားတူ ကမ္ဘာ့နိုင်ငံများက ပညာရှင်တွေဟာ သူတို့တတ်မြောက်ထားသည့် ပညာနှင့် စင်ကာပူမှာ အခြေချလုပ်ကိုင်ကြရင်း အဆင်ပြေမည်ဟု သတ်မှတ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အလားတူ ပညာရှင်မဟုတ်သော်လည်း ပညာတတ်သည့် အလုပ်သမားတွေကလည်း မိသားစုဘ၀ အဆင်ပြေစေရန် စင်ကာပူနိုင်ငံမှာ သွားရောက် အလုပ်လုပ်ကိုင်ရင် အဆင်ပြေကြမည်ဟု ထင်မှတ်ပြီး စင်ကာပူနိုင်ငံကို သွားရောက်ကြပါတယ်။

စင်ကာပူနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံရင် အစိုးရကဘာတွေကူညီလုပ်ဆောင်ပေးသလဲဆိုတာ မေးခွန်းထုတ်စရာ ရှိလာပါတယ်။

စင်ကာပူနိုင်ငံအနေနှင့် နိုင်ငံခြားကလာသည့် ရင်းနှီးမြှုပ်နှံမှုများကို လာရောက်ရင်းနှီးမြှုပ်နှံချင်စိတ်ရှိအောင် စီမံထားပါတယ်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(Foreign Direct Inve Stment - FDIS)နှင့် ကောင်းမွန်သည့် ကုန်သွယ်မှုပတ်ဝန်းကျင်ဖန်တီးပေးထားပါတယ်။ အလားတူ စီးပွားရေး အထောက်အကူများ စီမံပေးထားပါတယ်။

စင်ကာပူနိုင်ငံဟာ ကမ္ဘာပေါ်မှာ စီးပွားရေးလုပ်ငန်း စတင်ဖို့ အလွယ်ကူဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။ အလားတူ အခွန်အကောက် ကင်းလွတ်ခွင့် အစီအမံများလည်း ရှိပါတယ်။ စီးပွားရေးလုပ်ငန်း အထောက်အကူပြု ဥပဒေပြဋ္ဌာန်းမှုများလည်း ရှိသည့်အပြင် ငွေရေးကြေးရေး တည်ငြိမ်မှုလည်း ရှိပါတယ်။ ၂၀၁၃ ခုနှစ် UNCTAD ကမ္ဘာ့ကုလသမဂ္ဂ ကုန်သွယ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ အစီရင်ခံစာအရ ကမ္ဘာပေါ်မှာ နံပါတ်(၈) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအကောင်းဆုံးဖြစ်ပြီး အာရှတိုင်းပြည်များထဲမှာ တတိယမြောက် အကောင်းဆုံးနိုင်ငံလို့ ဆိုပါတယ်။



စင်ကာပူမှာ လာရောက်ရင်းနှီးမြှုပ်နှံသူများက အမေရိကန်၊ နယ်သာလန်၊ ဂျပန်နိုင်ငံတို့က အများဆုံး ဖြစ်ပါတယ်။ နိုင်ငံတကာကနေ နယ်ပယ်အသီးသီးမှ လာရောက်ရင်းနှီးမြှုပ်နှံကြပါတယ်။ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီမှ အလှကုန်၊ လူသုံးကုန်အသုံးအဆောင်များ၊ အီတလီမှ အစားအစာနှင့် ပစ္စည်းများ၊ တောင်ကိုရီးယားမှ အစားအစားနှင့်အလှကုန်များ၊ ဟောင်ကောင်၊ ထိုင်ဝမ်(တရုတ်တိုင်ပေ)၊ တရုတ်ပြည်မှ ကုန်သွယ်မှုများကြောင့် စင်ကာပူမှာ လိုသမျှရ၊ စားချင်သမျှ စားနိုင်သည့် နိုင်ငံလည်း ဖြစ်လာပါတယ်။

စင်ကာပူနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလိုသူတွေကို စင်ကာပူကုန်သွယ်မှုဖွံ့ဖြိုးရေးဘုတ်အဖွဲ့နှင့် စီးပွားရေးဖွံ့ဖြိုးမှုအဖွဲ့က ပံ့ပိုးကူညီကြပါတယ်။ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာသည့်အခါမှာလည်း လိုအပ်ချက်တွေ အများကြီး တွေ့လာပါတယ်။ လုပ်သားအင်အား(Workforce)က အရေးကြီးပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်၊ အုပ်ချုပ်ရေးပိုင်းကနေ အထွေထွေ၊ သန့်ရှင်းရေး၊ လုံခြုံရေးဝန်ထမ်းအထိ အရည်အချင်းပြည့် လုပ်သားများ ရှိရမယ်။

ကမ္ဘာပေါ်တွင် ဆွစ်ဇာလန် အလုပ်သမားတွေ၏ လုပ်ငန်းခွင် စိတ်နေသဘောထားက အကောင်းဆုံးဖြစ်ပြီး၊ ဂျပန်အလုပ်သမားများက ဒုတိယအကောင်းဆုံးလို့ ဆိုပါတယ်။ အမေရိကန်လုပ်သားများကလည်း အလုပ်မဝင်ခင် သူတို့ဦးနှောက်ကို အဝတ်အစားသိမ်းခဲ့သည့် လောကပုံးထဲမှာ သိမ်းထားသည်ဟု ဆိုကြသည်။ ဦးနှောက်မသုံးဘဲ အသင့်အော်တိုမေးရှင်းစက်ရုပ်ယာ

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဒါနိုပ်၊ ဒါဖိ၊ ဒါဆွဲထုတ်ပဲ လုပ်တယ်ဆိုပါတယ်။ ထို့အတူ အလုပ်သမားတွေ လုပ်ငန်းခွင်မှာ စိတ်နေသဘောထားကောင်းအောင် လေ့ကျင့်ပေးရမယ်။

ရိုးသားရမယ်၊ လိမ်ညာချင်တဲ့စိတ်တွေ အရိုးစွဲနေတာ ဖျောက်ပစ်ရမယ်။ အလုပ်မမှန်တာ၊ ပျင်းတာ၊ ခိုကပ်နေတာ၊ ကြားပေါက်ဝင်ငွေရမှ လုပ်မယ်ဆိုတာတွေ လုံးဝပျောက်ကင်းဖို့ အချိန်တန်ပါပြီ။ ပညာရေးအထောက်အကူကလည်း အလွန်အရေးပါပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေးရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းများနဲ့ တိုက်ရိုက်ဆက်စပ်တဲ့ အသက်မွေးဝမ်းကျောင်း ကျောင်းတွေဖွင့်ပေးရပါမယ်။ ဆောက်လုပ်ရေး၊ မြေအရည်အသွေးစမ်းသပ်မှု၊ လယ်ယာစိုက်ပျိုးရေး၊ တောင်ယာလုပ်ငန်း ထိန်းချုပ်မှု၊ မြစ်ကြောင်းနှင့် ဆည်မြောင်းထိန်းသိမ်းမှု၊ ဓာတ်ခွဲခန်းအုပ်ချုပ်မှု၊ လူအင်အားစီမံခန့်ခွဲမှု စသည့်လုပ်ငန်းခွင်အတွက် တိုက်ရိုက်ဆက်စပ်တဲ့ ကျောင်းတွေ စီစဉ်ပေးရတယ်။

စင်ကာပူမှာ ITE ကောလိပ်က အဲဒါမျိုးတွေ သင်ပေးတယ်။ ပိုလီတက္ကနစ်ကျောင်းမျိုးက ဒီပလိုမာပေးတယ်။ ဒီကျောင်းက (CPT = Chemical Process Technology)နှင့် ဒီပလိုမာရတဲ့သူတွေဟာ ဆေးဝါး၊ အလှကုန်၊ အစားအသောက်၊ ဓာတုဗေဒ၏ဓာတ်ခွဲခန်းမှာ အလုပ်သဘောတရား ပြလိုက်ရုံနှင့် လုပ်ကိုင်သွားနိုင်သည့်အထိ ဓာတ်ခွဲနိုင်ပါတယ်။ ဓာတ်ခွဲခန်းသုံးကိရိယာများကိုလည်း စာတွေ့လက်တွေ့ သင်ပေးလိုက်တာ ဖြစ်ပါတယ်။



စင်ကာပူနိုင်ငံ၏ ခေါင်းဆောင် မစ္စတာလီကွမ်းယုကို တချို့က အာဏာရှင်လို့ မှတ်ချက်ပေးကြပါတယ်။ လီကွမ်းယုဟာ အာဏာရှင်တော့ အာဏာရှင်ပါပဲ။ ဒါပေမဲ့ အောက်စဖို့ဒ်ယူနီဗာစတီက ဥပဒေနှင့်ဘွဲ့ရထားသူ ဖြစ်ပါတယ်။ အရှေ့အနောက် နိုင်ငံရေးအရင်းရှင် ကွန်မြူနစ်အတွေးအခေါ်တွေကို ချိန်ဆမိသူဖြစ်ပြီး ဆူးငြောင့်ခလုတ်တွေကို ရက်ရက်စက်စက် ဖယ်ရှားနိုင်ခဲ့သူမို့ နှစ် ၅၀ ကျော်အတွင်းမှာ ရွှံ့ဗွက်ထဲက တိုင်းပြည်ကို ကမ္ဘာ့ထိပ်တန်း ပထမနိုင်ငံဖြစ်အောင် လုပ်နိုင်ခဲ့ပါတယ်။

လီကွမ်းယု အကြောင်း ချီးမွမ်းစရာ များစွာရှိပါတယ်။ မစ္စတာလီကွမ်းယုဟာ နိုင်ငံတကာကနေ စင်ကာပူမှာ လာရောက်ရင်းနှီးမြှုပ်နှံသူများကို မျက်နှာသာ ပေးပါတယ်။ စင်ကာပူနိုင်ငံသား အလုပ်သမားတွေ အလုပ်ချိန်နည်းနည်းပဲ လုပ်ချင်တာ၊ အချိန်ပို မလုပ်ချင်တာ၊ တစ်နှစ်ကို နှစ်ခါလောက် ပိတ်ရက်ရှည်ယူပြီး အပျော်ခရီးသွားချင်တာ၊ မိသားစုနှင့် အချိန်ပိုပေးချင်တယ်ဆိုသည့် အလုပ်သမားများရဲ့ စိတ်နေသဘောထားကို ချိန်ညှိသင်ကြား လေ့ကျင့်ပေးပါတယ်။

ပိုကျိုးနွံတဲ့ နိုင်ငံခြားသား ပညာရှင်တွေကို ပါမစ်ပေးပြီး လုပ်စေပါတယ်။ တချို့ အာရှနိုင်ငံတွေမှာ အလုပ်သမား ၁၀၀၀ ကျော်လောက် လုပ်ရသည့် အလုပ်မျိုးကို စင်ကာပူမှာ လူအင်အား ၅၀-၆၀ နှင့် မြန်မြန်ဆန်ဆန် လုပ်နေကြရတယ်။ စွမ်းအင်ပြည့်သည့် အရည်အချင်းကောင်း ဝန်ထမ်းကိုသာ လိုချင်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းအသီးသီးအတွက် အရည်အချင်းကောင်း ဝန်ထမ်းများကို အမြန်လေ့ကျင့်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီအတွက်လည်း အဖြေထွက်ပြီးသား ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှာအတွက် ဂျပန်နိုင်ငံက အထောက်အပံ့ပေးခဲ့ပါတယ်။ ရက်ဟေးလ်(Red Hill)မှာ ၂၆ ထပ်မြင့်သည့် (PBS - Productivity Boaldof Singapore)ကို တည်ဆောက်ပေးခဲ့တယ်၊ စင်ကာပူက ဆရာတွေကို ဂျပန်မှာခေါ်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ အရည်အသွေး ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ပညာရပ်တွေကို သင်ကြားပေးခဲ့တယ်။

စင်ကာပူနိုင်ငံမှာ မြေနေရာ ဈေးကြီးပါတယ်။ အခွန်အခလည်း မြင့်ပါတယ်။ အလုပ်သမားကိုပေးရသည့် လစာလည်း များပါတယ်။ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံသူတွေက စင်ကာပူနိုင်ငံကို ရွေးချယ်ကြပါတယ်။ စီးပွားရေးဖြစ်ထွန်းမှု အားကောင်းတယ်၊ နိုင်ငံရဲ့ဂုဏ်သိက္ခာက မြင့်မားနေပြီး နိုင်ငံရေးလည်း တည်ငြိမ်မှုမှာ နာမည်ကြီးပါတယ်။ မကြာသေးခင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ တွေ့ဆုံဖို့ စီစဉ်ပေးလိုက်ခြင်းဟာ နိုင်ငံတော်မှာ အချုပ်အခြာ အာဏာဥပဒေစိုးမိုးမှု ဘယ်လောက်ကောင်းတယ် ဆိုတာ ကမ္ဘာကို ပြလိုက်တာပဲ ဖြစ်ပါတယ်။

ထုတ်လုပ်သည့်ကုန်ပစ္စည်းဆိုရင်လည်း မိတ်အင်စင်ကာပူ ဆိုရင် ကောင်းပြီးသားဟု နာမည်ရ ကွာလတီ အရည်အချင်း ကောင်းသည့်နိုင်ငံ ဖြစ်ပါတယ်။ အလုပ်သမားနှင့် အလုပ်ရှင်ကြား ယုံကြည်အားထားရမှု ရှိပါတယ်။ ကုန်ထုတ်လုပ်မှု စွမ်းအားလည်း မြင့်တယ်။ အစိုးရရဲ့ မူဝါဒများကလည်း ရင်းနှီးမြှုပ်နှံသူဘက်က ရပ်တည်ပါတယ်။ တရားဥပဒေစိုးမိုးသည့် အာဏာတည်မြဲမှုရှိသည့်အပြင် ဉာဏ်ပညာနှင့် တီထွင်မှုများအပေါ် မူပိုင်ခွင့်ရသည့်နိုင်ငံ ဖြစ်ပါတယ်။



အနာဂတ်ရင်းနှီးမြှုပ်နှံမှုအတွက် လောင်းကြေးထပ်ရဲသည့် နိုင်ငံလည်း ဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လိုလားသည့် Probusinesz နိုင်ငံလည်း ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံကြဆဲ ဖြစ်ပါတယ်။ အလုပ်သမားနှင့် အလုပ်ရှင်ကြားမှာ အလုပ်သမားအစည်းအရုံး ခံနေ၍ အကျင့်ဆိုးသည့်ဝန်ထမ်းကို ဖြုတ်မယ်ဆိုရင် သုံးလစာပေးပြီး ဖြုတ်ပစ်နိုင်တယ်။ အပြစ်ကို ထောက်ပြနိုင်ရင် ချက်ချင်း နောက်နေ့မကူးဘဲ အလုပ်ဖြုတ်ပစ်နိုင်သည့် နိုင်ငံ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံဟာ ကမ္ဘာ့စံချိန်မီသတင်း (World Class Reputation) ကျော်ကြားနေပြီ။ နောက်တစ်ချက်က တရုတ်၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတွေနှင့် နှိုင်းယှဉ်ရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အစိုးရကို တိုက်ရိုက်လျှောက်ထားနိုင်ပါတယ်။ ဘယ်လိုပင်ဖြစ်စေ စင်ကာပူနိုင်ငံသည် အားလုံးအတွက် စိတ်ဝင်စားစရာ အကောင်းဆုံးနိုင်ငံ ဖြစ်ပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆက်တွဲ

## (ခ)

## စင်ကာပူမှ ထိပ်တန်းလမ်းများ

ဆက်လက်ပြီး စင်ကာပူနိုင်ငံနှင့် ပတ်သက်၍ စာရှုသူများ လေ့လာနိုင်ရန် စင်ကာပူနိုင်ငံမှာ လေ့လာစရာ များစွာထဲက တရုတ်တန်းအကြောင်းကို တင်ပြချင်ပါတယ်။ မြန်မာနိုင်ငံမှာ တရုတ်တန်း ရှိသလို စင်ကာပူနိုင်ငံမှာလည်း တရုတ်တန်း ရှိပါတယ်။ တရုတ်တန်း၏ ထူးခြားချက်ကို အကျဉ်းသဘောဖြင့် တင်ပြရလျှင် ဗုဒ္ဓမြတ်စွယ်တော်ဘုရားကျောင်း၊ သက်တမ်းအရှည်ဆုံး ဟိန္ဒူဘုရားရှိခိုးကျောင်းနှင့် အထပ် ၅၀ မြင့်သည့် အဆောက်အအုံတွဲကြီးပေါ်က မိုးပျံလျှောက်လမ်းများ၊ ဈေးတန်းတွေ၊ အစားအစာတန်းတွေ၊ မြေတိုက်တွေ၊ ပန်းချီပြခန်းတွေလည်း ရှိပါတယ်။ ပထမဆုံး တရုတ်တန်းနှင့် ပတ်သက်၍ တင်ပြချင်ပါတယ်။

### တရုတ်တန်း(China Town)

စင်ကာပူ၏ တရုတ်တန်းတည်ရှိရာ နေရာဟာ တစ်ချိန်က ပြည်ပကနေ စင်ကာပူကို တရုတ်လူမျိုးတွေ ရွှေ့ပြောင်းဝင်ရောက်လာသည့် အစကနဦးနေရာ ဖြစ်ပါတယ်။ ၁၈၄၀ ကနေ ၁၉၀၀



အတွင်း တရုတ်လူမျိုး ၂.၅ သန်းလောက်ဟာ တောင်ပိုင်းတရုတ်ပြည်ကို စွန့်ခွာပြီး နေရာသစ် ရှာဖွေဖို့ အရှေ့တောင်အာရှဒေသအနှံ့အပြားကို ထွက်ခွာလာကြရာမှာ စင်ကာပူရဲ့ တရုတ်တန်းနေရာဟာ ဝင်ပေါက်သဖွယ်ဖြစ်လာပါတယ်။ ခေတ်သစ်စင်ကာပူကို တည်ထောင်သူအဖြစ် လူသိများသည့် ဗြိတိန်လူမျိုး Sir Stameord Raffies Raffie ကနေ ၁၈၂၂ ခုနှစ်မှာ စင်ကာပူမြို့ပြစီမံကိန်းကို စတင်ခဲ့ပြီး ၁၈၄၃ ခုနှစ်မှာတော့ တရုတ်တန်းမှာ ဘုရားလမ်းတို့၊ ဘုံကျောင်းလမ်း၊ အစားအစာလမ်းတို့ ဆိုတာဖြစ်လာပါတယ်။

၁၈၅၄ ခုနှစ်မှာ တရုတ်တန်းဟာ စင်ကာပူသမိုင်းမှာ အဆိုးရွားဆုံး အဓိကရုဏ်း (The Hokkien-Teocnew Riosts) ဖြစ်ပွားခဲ့တယ်လို့ ဆိုပါတယ်။ တရုတ်နိုင်ငံ Fujian ပြည်နယ်ရှိ Zhangzhou နှင့် Qµanchou ကလာသည့် Hokkien တရုတ်အသိုင်းအဝိုင်းနှင့် Guangdng ပြည်နယ် Cnaozhou ကလာသည့် Teochew တရုတ်အသိုင်းအဝိုင်း၊ တရုတ် တရုတ်ချင်း မကျေလည်ရာက အဓိကကရုဏ်း ဖြစ်ပွားခဲ့ပြီး အဓိကရုဏ်း ၁၀ ရက်တာ ကာလအတွင်း လူပေါင်း ၅၀၀ နီးပါး သေဆုံးခဲ့ပါတယ်။

၂၀၁၀ ပြည့်နှစ် စင်ကာပူသန်းခေါင်းစာရင်း အရ Hokkien တွေဟာ စင်ကာပူတရုတ်လူဦးရေ၏ ၄၀ ရာခိုင်နှုန်းလောက်ရှိပြီး Teochew တွေက ၂၀ ရာခိုင်နှုန်းလောက် ရှိပါတယ်။ ယနေ့ စင်ကာပူတရုတ်တန်းမှာ ထင်ရှားသည့် အမှတ်အသား တစ်ခုကတော့ အထပ်နိမ့်အဆောက်အအုံနှင့် ရှေးဟောင်း

www.burmeseclassic.com

www.burmeseclassic.com



သစ်သားအုတ်အင်္ဂတေအဆောက်အအုံများ အများအပြား တည်ရှိခြင်းပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဆေးရောင်စုံ ခြယ်သထားသည့် ဗုဒ္ဓဘာသာ ဘုရားကျောင်းတွေ၊ အိန္ဒိယဘုရားကျောင်းတွေ၊ မွတ်စလင်နှင့် ခရစ်ယာန်ဘုရားကျောင်းတွေလည်း မနီးမဝေးမှာ တည်ရှိပါတယ်။

တရုတ်တန်းမှာ စင်ကာပူအကြေနှင့် ငွေစက္ကူပြတိုက်လည်း ရှိပါတယ်။ ထူးခြားတာတစ်ခုက စင်ကာပူ၏ တစ်ခုတည်းသော လူထုဟာစ်တိုင်ဟာလည်း တရုတ်တန်းမှာ တည်ရှိပါတယ်။ စင်ကာပူနိုင်ငံသားတွေဟာ သူတို့မကျေနပ်ချက်တွေကို ဒီမှာလာပြီး ရင်ဖွင့်နိုင်ပါတယ်။ ဆန္ဒပြပွဲလေးတွေ အဲဒီမှာ မကြာခဏ ပြုလုပ်တတ်ကြတယ်။ သို့သော် ရင်မဖွင့်ခင်၊ ဆန္ဒမပြခင်မှာ ဘာသာရေးမပါဖို့၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းတွေ လိုက်နာဖို့ ရဲတပ်ဖွဲ့ထံ ကြိုတင်အကြောင်းကြားဖို့တော့ လိုအပ်ပါတယ်။

တရုတ်တန်းမှာရှိသည့် လမ်းနာမည်တွေက "ဘုရားလမ်း"(Pagoda Street)၊ "ဗလီလမ်း"(Mosque street)၊ "အစားအစာလမ်း"(Food street) စသည့် စိတ်ဝင်စားဖွယ်ဖြစ်ပြီး လမ်းအလိုက်အမည်နှင့် လိုက်ဖက်အောင် သွင်အငွေ့အသက်နှင့်သူ ရှိနေပါတယ်။

### ဗုဒ္ဓမြတ်စွယ်တော်ဘုရားကျောင်း (Buddha Tooth Relic Temple)

ဗုဒ္ဓမြတ်စွယ်တော်ဘုရားကျောင်းဟာ တရုတ်တန်းမှာ တည်ရှိပါတယ်။ တရုတ်တန်းဘူတာရုံ (China Town MRT



Station)ရောက်ရင် ဘူတာရုံအတွင်းက Pagoda Street ရှိသည့် လမ်းညွှန်အတိုင်း ထွက်ပေါက်(Exit)က ထွက်ပြီး တွေ့တွေ့ချင်း ဈေးတန်းတစ်လျှောက် ငါးမိနစ်လောက် လျှောက်ရင် တရုတ်တန်း (China Town)ဆိုသည့် မုဒ်ဦးကို တွေ့ရပါတယ်။ အဲဒီမုဒ်ဦး အပြင်ထွက်ပြီး ညာဘက်ကို လှည့်လိုက်တာနှင့် Srimariamman Temple ဆိုသည့် ဟိန္ဒူဘုရားရှိခိုးကျောင်းကို တွေ့ရပါတယ်။ ဟိန္ဒူဘုရားကျောင်းကိုကျော်ပြီး နောက်ထပ် ငါးမိနစ်လောက် တည့်တည့်လျှောက်ရင် ဗုဒ္ဓမြတ်စွယ်တော်ဘုရားကျောင်းကို ရောက်ပါလိမ့်မယ်။

နံနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ ဖွင့်ပါတယ်။ ဝင်ကြေးပေးစရာ မလိုပေ။ ညနေ ၆ နာရီနောက်ဆုံးမို့ သတ်မှတ်ချိန်မတိုင်မီ နာရီဝက်စောပြီး ရောက်ဖို့တော့ လိုပါတယ်။ စွယ်တော်အဆောက်အအုံဟာ လေးထပ်ရှိပြီး လူအများ အာရုံပြုနိုင်ပါတယ်။

လူအများ စိတ်ဝင်စားသည့် မြတ်စွယ်တော်က လေးထပ်မှာ ရှိပါတယ်။ သုံးထပ်မှာ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်ဖြစ်ပြီး တရုတ်၊ ထိုင်း၊ မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့မှ ဗုဒ္ဓရုပ်ပွားတော်ပေါင်း ၃၀၀ ကျော်လောက် စုဆောင်းထားပါတယ်။

ဘုရားကျောင်းဆောင်ထဲမှာ ဓာတ်ပုံများ လွတ်လပ်စွာ ရိုက်ကူးနိုင်ခွင့်ရှိပြီး အတွင်းထဲအထိ ဖိနပ်စီးဝင်ရောက်လို့ရပေမယ့် အတိုအပြတ်တွေ၊ မိနီစကတ်တွေဝတ်ပြီး မဝင်ရောက်ဖို့ တားမြစ်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟိန္ဒူဘုရားရှိခိုးကျောင်း

(Srimariamman Temple)

ဟိန္ဒူဘုရားရှိုးကျောင်းဟာ တရုတ်တန်းမှာ တည်ရှိပါတယ်။ Mariamman ဆိုတာ အိန္ဒိယတောင်ပိုင်း ဟိန္ဒူမိုးနတ်သမီးတစ်ပါးကို ရည်ညွှန်းခေါ်ဝေါ်ခြင်း ဖြစ်ပါတယ်။ ဘုရားကျောင်းကို ၁၈၂၇ ခုနှစ်မှာ သစ်သား၊ သက်ငယ်အမိုးတို့ဖြင့် Mr. Nalainapillai ဆိုသူက ကြီးမှူးတည်ဆောက်ခဲ့ပါတယ်။ စိတ်ဝင်စားဖို့ ကောင်းတာက အဲဒီတုန်းက Mr. Pillai ကိုယ်တိုင် ထည့်သွင်းပူဇော်ထားသည့် Sri Mariamman ၏ နတ်သမီးငယ်တစ်ပါးဖြစ်သည့် Sinna Amman ရုပ်တုဟာ ယနေ့တိုင် ဘုရားကျောင်းဝင်း သီးသန့်အခန်းမှာ ဖူးမြော်တွေ့ရှိနိုင်ပါတယ်။

၁၈၄၃ ခုနှစ်မှာ ဘုရားကျောင်းကို အုတ်၊ အင်္ဂတေတို့နှင့် ခိုင်ခန့်အောင် ပြန်လည်မွမ်းမံထားခဲ့ပေမယ့် ၁၉၆၂ ခုနှစ်မှာ ဒီနေ့မြင်တွေ့ခဲ့ရသည့် အိန္ဒိယလက်ရာမြောက်လှသည့် အိန္ဒိယဗိသုကာလက်ရာ ဖြစ်တည်လာခဲ့တာ ဖြစ်ပါတယ်။ ဒီဘုရားကျောင်းဟာ စင်ကာပူ၏ ရှေးအကျဆုံးသမိုင်းဝင် ဟိန္ဒူဘုရားရှိခိုးကျောင်း ဖြစ်ပါတယ်။

အထပ်(၅၀)မိုးပျံတံတား

(The Pinnacie @ Duxtonskybridge)

The Pinnacie @ Duxtonskybridge လို့ လူသိများသည့် အဆောက်အအုံတန်းလျားကြီးဟာ စင်ကာပူနိုင်ငံ၏ အမြင့်မားဆုံး အများပြည်သူ နေထိုင်သည့် လူနေအဆောက်အအုံအစု



အဖွဲ့ကြီး ဖြစ်ပါတယ်။ ထိုအိမ်ရာအဆောက်အအုံတွဲကြီးမှာ အထပ် ၅၀ မြင့်သည့် အဆောက်အအုံ ခုနစ်လုံး ပါဝင်ပါတယ်။ အဆောက်အအုံတစ်ခုနှင့် တစ်ခုကြားမှာ မိုးပျံလျှောက်လမ်းကျယ်များနှင့် ချိတ်ဆင်ထားပါတယ်။ မိုးပျံလျှောက်လမ်းများဟာ ၂၆ ထပ်နှင့် အပေါ်ဆုံး အထပ် ၅၀ မှာ တည်ရှိပြီး အထပ် ၅၀ က မိုးပျံလျှောက်လမ်းကိုသာ အများပြည်သူအတွက် လေ့လာအပန်းဖြေဖို့ ဖွင့်ထားပေးပါတယ်။

ထိုအထပ် ၅၀ အမိုးပေါ်မှာ သစ်ပင်တွေ မြက်ခင်းပြင်အသေးစားလေးတွေ၊ စွဲမက်စဖွယ် ထိုင်ခုံတန်းလျားလေးတွေ ဖန်တီးပြုလုပ်ထားပါတယ်။ အဆောက်အအုံ ခေါင်မိုးတစ်ခုလုံးကို ဥယျာဉ်ကြီးတစ်ခုသဖွယ် ဖန်တီးပြုလုပ်ထားပါတယ်။ ကမ္ဘာမှာ အရှည်လျားဆုံး မိုးပျံဥယျာဉ်ကြီးများအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ မီတာ ၅၀၀ (ပေ-၁၆၀၀) အရှည်ရှိပါတယ်။ ဝင်ကြေးမှာ တစ်ဦးကို S.$ ၆ ဒေါ်လာ ပေးရပါတယ်။

သတိထားရမှာက ကိုယ့်မှာ FZ-link card ဆိုတာ ရှိရပါမယ်။ အဲဒီကတ်ကို S.$ ၆ ဒေါ်လာနှင့်အတူ **The Pinnacie @ Duxton** အဆောက်အအုံ မြေညီထပ်က ငွေသွင်းကောင်တာမှာ ငွေသင်းရပါတယ်။ ကတ်ကို ပြန်ပေးမှာဖြစ်ပြီး ဓာတ်လှေကားနှင့် အထပ် ၅၀ ကို တက်ရမှာဖြစ်ပြီး အထပ် ၅၀ ရောက်ရင် အမိုးဆီကိုထွက်သည့် အပေါက်ဆီ သွားရပါတယ်။ အဲဒီက တံခါးကို ကတ်နှင့်ဖွင့်ပြီး ခေါင်မိုးတွေနှင့် ချိတ်ဆက်ထားသည့် မိုးပျံတံတားတွေပေါ်ကနေ စင်ကာပူမြို့ကို လေးဖက်လေးတန်စိတ်ကြိုက်ကြည့်လို့ ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူကိုရောက်ရင် အထပ် ၅၀ ကို သွားဖြစ်အောင် သွားပြီး စင်ကာပူနိုင်ငံကို စိတ်ကြိုက်ကြည့်ပြီး စင်ကာပူလေကို တစ်ဝကြီး ရှူခဲ့ပါလို့ မှာချင်ပါတယ်။

အလားတူ စင်ကာပူ၏ တရုတ်တန်းနှင့် ပတ်သက်ပြီး တင်ပြပြီးတော့ နောက်ထပ်တစ်ခုကိုလည်း တင်ပြချင်ပါတယ်။ အဲဒါက စင်ကာပူက အိန္ဒိယတန်းပဲ ဖြစ်ပါတယ်။

***



# နောက်ဆက်တွဲ

## (၀)

## စင်ကာပူမှ ထိပ်တန်းအဆောက်အအုံများ

**အိန္ဒိယတန်း** (Little India)

China Town ကို တရုတ်တန်းလို့ ပြောလေ့ရှိသလို Little India ကိုလည်း အိန္ဒိယတန်းလို့ အမည်ပေးလိုက်ပါတယ်။ မြန်မာလို အလွယ်ခေါ်ရင်တော့ ကုလားရပ်ကွက် ဖြစ်ပါတယ်။ အိန္ဒိယတန်းဆိုရင် နားထဲမှာ ခုနေတတ်လို့ စင်ကာပူမှာ ခေါ်နေကျအတိုင်း Little India လို့ပဲ ခေါ်ပါမယ်။

ထိုနေရာမှာ အိန္ဒိယလူမျိုးတွေ အဓိကနေထိုင်သည့်နေရာ ဖြစ်ပါတယ်။ ၁၈၄၀ ပြည့်နှစ်တွေတုန်းဆီက ထိုနေရာမှာ မြင်းပြိုင်ကွင်းတစ်ခု ရှိခဲ့ပါတယ်။ မြင်းပွဲနှစ်သက်သည့် ဥရောပတိုက်သားတွေ စုဝေးနေထိုင်ရာ ဖြစ်ခဲ့တယ်။ နောက်ပိုင်းမှာ ထိုနေရာဟာ မြင်းနှင့်နွား၏ ကျွဲ၊ နွားများပါ အရောင်းအဝယ်ပါ ထွန်းကားလာပါတယ်။

ဒီကနေ့ Little India မှာရှိသည့် လမ်းတချို့အမည်တွေက Buffalo Road (ကျွဲလမ်း)၊ Kerbau Road (Kerbau) ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မလေးလို ကျွဲလို့ အဓိပ္ပာယ်ရပါတယ်။ ဒါဟာ တစ်ချိန်က သမိုင်းကို ရောင်ပြန်ဟပ်သည့် နာမည်ဖြစ်ပါတယ်။

ကျွဲ၊ နွားရောင်းဝယ်ရေးဟာ အိန္ဒိယသားများ ကျွမ်းကျင်သည့် အလုပ်ဖြစ်ပါတယ်။ အိန္ဒိယသား အများအပြား နေထိုင်ရာကို စတင်ရောက်ရှိလာပါတယ်။ နောက်တော့ အိန္ဒိယသား ဦးရေဟာ ပိုမိုတိုးတက် များပြားလာပြီး ကျွဲ၊ နွားလုပ်ငန်းများအပြင် အခြားလုပ်ငန်းများကိုလည်း ပြောင်းရွှေ့လုပ်ကိုင်လာခဲ့ကြတယ်။

အိန္ဒိယတိုက်သားများဟာ ဟိန္ဒူနှင့် မူဆလင်ဘာသာကိုးကွယ်သူ အများစု ဖြစ်တာကြောင့် Little India မှာ ဟိန္ဒူဘုရားရှိခိုးကျောင်းတွေ၊ မူဆလင်ဗလီတွေ ပေါ်ထွန်းလာပြီး တဖြည်းဖြည်း အိန္ဒိယရပ်ကွက်ကြီးတစ်ခုသဖွယ် ပြောင်းလဲလာပါတော့တယ်။

ထိုရပ်ကွက်၏ လမ်းတွေ၊ ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေအကြားမှာ Rangoon Road ဆိုပြီး အထင်ကရလမ်းမကြီး တစ်ခု ရှိနေပါတယ်။

### အ(ဗ်)ဒူလ်ဂါဖာဗလီကြီး
### (Abdul Gafoor Mosdue)

အ(ဗ်)ဒူလ်ဂါဖာ ဆိုတာ အနီးစပ်ဆုံး အသံထွက်ထားတာဖြစ်ပါတယ်။ နားလည်လွယ်အောင်တင်ပြရလျှင် Abdul Ggfoor လို့ပဲ သုံးပါမယ်။ အလားတူ Masjid Abdul Gaffor လို့အမည်တွင်ခဲ့သည့် ဗလီကြီးဆိုတာ စင်ကာပူနိုင်ငံလို လူသိများသည့်



အရပ်မှာ တည်ရှိပြီး စင်ကာပူနိုင်ငံရဲ့သမိုင်းမှာ အထင်ကရအဆောက်အအုံတစ်လုံးလည်း ဖြစ်ပါတယ်။

မူလဗလီကြီးကို ၁၈၅၉ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့သည်ဟု သမိုင်းမှတ်တမ်းများအရ သိရပါတယ်။

အိန္ဒိယတောင်ပိုင်း ဗိသုကာလက်ရာအဖြစ် တစ်ချိန်က အိန္ဒိယတိုက်ငယ်က အင်ပါယာတစ်ခု ဖြစ်ခဲ့သည့် မိုးကိုလ် (Mognul)နှင့် ဥရောပဗိသုကာလက်ရာများရော၍ တည်ဆောက်ထားပါတယ်။ အဆိုပါ ဗလီကြီးဟာ စင်ကာပူနိုင်ငံ၏ အမျိုးသားအထိမ်းအမှတ် အဆောက်အအုံ တစ်လုံးလည်း ဖြစ်ပါတယ်။

ဗလီကြီးနှင့် ပတ်သက်၍ အကျဉ်းသဘောဖြင့် တင်ပြချင်ပါတယ်။ ဗလီကြီးတည်ရှိသည့် Kampodng Kapor နယ်မြေဟာ တစ်ချိန်က အိန္ဒိယတောင်ပိုင်းသား မူဆလင်ဘာသာဝင်ကုန်သည်များ (South Indian Muslium)နှင့် ယခု အင်ဒိုနီးရှားအပိုင် အရှေ့ဂျာဗား(East Java)မှာရှိသည့် Pulau Bawean (bawean Island) က လာရောက်ပြီး မြင်းထိန်းသည်များအဖြစ်အသက်မွေးသည့် The Baweanese (Boyanese) မျိုးနွယ်စုများအဓိကခြေချရာ နယ်မြေဖြစ်ပါတယ်။

အဲဒီမူဆလင်ဘာသာဝင်များ၏ ဘာသာရေးလိုအပ်ချက်အရ ၁၈၅၉ ခုနှစ်မှာ အခုနေရာမှာ Masjid Al-Abral (Al-Abral Mosque) လို့ခေါ်သည့် သစ်သား၊ အုတ်၊ အုတ်ကြွပ်မိုးနှင့် ဆောက်ထားသည့် ဗလီကြီးကို စတင်ဆောက်လုပ်ခဲ့ပါသည်။ နောက်တော့ Abdul Gafooor ဆိုသည့် တမီလ်မူဆလင်[illegible] ယောက်က ဗလီကြီး၏ဂေါပက ဖြစ်လာပြီး ၁၈[illegible] ခုနှစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုချက်နှင့် ဗလီကြီးဘေးပတ်လည်မှာ ဈေးဆိုင်တွေနှင့် ပစ္စည်းသိုလှောင်ရာ နေရာတွေဖွင့်၊ နောက်ပိုင်း ငွားရမ်းခငွေကြေးအတော်စုမိလာသည့်အခါ ၁၉၀၇ ခုနှစ်မှာ ဗလီကြီးကို အသစ်ဆောက်လုပ်ပါတယ်။

နောက်ပိုင်းမှာ Abdul Garor ကို အစွဲပြု၍ ဗလီကြီးနာမည်က Abdul Garoor Mosque ဖြစ်သွားပါတော့တယ်။ အခုထိ အဲဒီဆိုင်ခန်းနေရာတွေမှာ ဗလီကြီးတည်ရှိရာ Dunlop Street နှင့် Mayo Street ဘက်မှာ မြင်တွေ့နိုင်ပါသေးတယ်။ ဒါပေမဲ့ ၁၉၈၀ ပြည့်လွန်နှစ်များအထိ ထိုဗလီကို Dunlop Street Mosque လို့ ခေါ်ခဲ့ကြပါတယ်။

ဗလီကြီးဟာ ၂၄၄၉ စတုရန်းမီတာ ကျယ်ဝန်းပြီး ဝတ်ပြုသူ ၄၀၀၀ ခန့်အထိ ဝတ်ပြုနိုင်ပါသည်။ ဝတ်ပြုသူ အများစုကတော့ တမီလ်စကားပြော အိန္ဒိယမူဆလင်တွေ ဖြစ်ပါတယ်။ ဗလီကြီး၏ အဆောက်အအုံအတွင်း ဝတ်ပြုဆောင်အထိ ဝင်ခွင့်ပြုပြီး အထဲမှာလည်း ဓာတ်ပုံမှတ်တမ်းများကို လွတ်လပ်စွာ ရိုက်ယူနိုင်ပါတယ်။

## အိန္ဒိယယဉ်ကျေးမှုအမွေအနှစ်
## (Indian Heritage Centre)

အိန္ဒိယယဉ်ကျေးမှုအမွေအနှစ်ဌာန (Indian Heritage Centre)ဟာ Little India မှာ တည်ရှိပြီး အထပ်လေးထပ်ရှိပါတယ်။ ပြတိုက်၏ အထပ်သုံးနှင့် အထပ်လေးမှာ အိန္ဒိယလူမျိုးတွေ၏ ရှေးကာလ စင်ကာပူနှင့် မလေးရှားကျွန်းဆွယ်ကို



အခြေချစဉ်ကစပြီး ယနေ့ကာလ အိန္ဒိယလူမျိုးတွေ စင်ကာပူ၏ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ တက်တက်ကြွကြွ ပါဝင်နေမှုတွေကို ပြခန်းကြီးငါးခု ရှိပါတယ်။

ပထမဆက်သွယ်မှု (Early Contact)ဆိုသည့် ပြခန်းမှာ တစ်ရာစုကနေ (၁၉)ရာစု ကာလအတွင်း တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသတို့အကြား အပြန်အလှန် ဆက်နွယ်မှု၊ အထူးသဖြင့် ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ကုန်သွယ်မှုသမိုင်းအကြောင်းများကို ဖော်ပြထားပါတယ်။ ထို့အပြင် (၁၉)ရာစု၏ ရေကြောင်းကုန်သွယ်မှုမှာ စင်ကာပူဟာ အထူးအရေးပါကြောင်း ဖော်ညွှန်းထားပါသည်။

ဇာစ်မြစ်များနှင့် လမ်းကြောင်းများ (Roots and Routes) ဆိုသည့် ဒုတိယပြခန်းမှ (၁၉)ရာစုကနေ (၂၁)ရာစုအတွင်း စင်ကာပူနိုင်ငံရှိ အိန္ဒိယလူမျိုးများ၏ ကိုလိုနီခေတ်မတိုင်မီ၊ ကိုလိုနီခေတ်ကာလနှင့် ကိုလိုနီခေတ်လွန်ကာလတွေမှာ ဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်ဆဲ ရွှေ့ပြောင်းသွားလာမှုတွေ၊ စင်ကာမှုယဉ်ကျေးမှုနှင့် လိုက်လျောညီထွေ ထိတွေ့ဆက်ဆံမှုတွေ၊ ဘာသာစကား ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေ ထိတွေ့ဆက်ဆံမှုတွေ။ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဘာသာရေးကအစ ရွှေ့ပြောင်းဝင်ရောက်လာသူ မူလအိန္ဒိယကနေ စင်ကာပူကို ရေကြောင်းခရီးဖြင့် သွားလာခဲ့ပုံလမ်းကြောင်းများကို လေ့လာတွေ့ရှိနိုင်ပါတယ်။

နယ်သစ်ရှာဖွေ အခြေချသူများ (Pioneers) ဆိုသည့် တတိယပြခန်းမှာ (၁၉)ရာစုနှင့် (၂၀)ရာစု အလယ်ကာလမှာ အိန္ဒိယကနေ စင်ကာပူနှင့် မလေးရှားကို ဦးဆုံးရောက်လာသည့်

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်တွေ၊ စီးပွားရေးသမားတွေအကြောင်း ပြသထားပြီး စင်ကာပူမှာ အသက်မွေးဝမ်းကျောင်းမှု အမျိုးမျိုးနှင့် လုပ်ရှားရုန်းကန်ခဲ့ကြသည့် အိန္ဒိယသားတွေ၏ ဘဝအခြေအနေတွေကို ပြသထားပါတယ်။

စင်ကာပူ၊ မလေးရှားရောက် အိန္ဒိယတိုက်သားများ၏ လူမှုနိုင်ငံရေး နိုးကြားမှု (Social and Political Awakening of Indians in singapore and Malashi)ဆိုသည့် စတုတ္ထပြခန်းမှာတော့ (၂၀)ရာစုအလယ်ကာလမှာ အိန္ဒိယမှာ ဖြစ်ခဲ့သည့် ကိုလိုနီဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုတွေဟာ စင်ကာပူနှင့် မလေးရှားရောက် အိန္ဒိယသားတွေအပေါ် သက်ရောက်ပြီး လူမှုရေး၊ နိုင်ငံရေး နိုးကြားလာမှုတွေကို ပြသထားပါတယ်။

နောက်ဆုံးပြခန်းကတော့ နိုင်ငံတစ်ခုတည်ဆောက်ခြင်း (Making of the Nationg) ပြခန်းဖြစ်ပြီး ထိုပြခန်းမှာ ၁၉၅၀ ပြည့်လွန်နှစ်များကနေ ယနေ့ကာလအထိ စင်ကာပူရောက် အိန္ဒိယသားများ၏ စင်ကာပူနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေပုံတွေကို ပြသထားပါတယ်။ ပြခန်းကို နေ့စဉ် ၁၀ နာရီကနေ ည ၇ နာရီအထိဖွင့်ပြီး တနင်္လာနေ့မှာ ပြတိုက်ပိတ်ပါတယ်။ တနင်္ဂနွေနှင့် အများပြည်သူ ရုံးပိတ်ရက်တွေမှာတော့ ညနေ ၄ နာရီအထိ ဖွင့်ထားပါတယ်။ နေ့ရက်အပေါ် မူတည်ပြီး ဖွင့်ချိန်နာရီအတိုးအလျော့ ရှိတာမို့ သွားမည်ဆိုလျှင် ပြတိုက်ဝက်ဘ်ဆိုက်မှာ လေ့လာပြီးမှ သွားနိုင်ပါတယ်။ ဝင်ကြေးက လူကြီးတစ်ဦးလျှင် စင်ကာပူဒေါ်လာ ခြောက်ဒေါ်လာ ပေးရပါတယ်။



မူစတာဖာကုန်တိုက်
(Mustafa Centre)

စင်ကာပူနိုင်ငံ Little India မှာ တည်ရှိပြီး နေ့ရောညပါ ၂၄ နာရီ ဖွင့်ထားသည့် ကုန်တိုက်ကြီးဟာ စင်ကာပူမှာ အထူးသဖြင့် နိုင်ငံခြားသားဈေးဝယ်သူများအကြား အထူးထင်ရှားပါတယ်။ အဲဒီမှာ လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းတွေ၊ အထူးသဖြင့် အိန္ဒိယထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာနှင့် ရရှိနိုင်ပါတယ်။ တန်ဖိုးသိပ်မကြီးမားသည့် ရွှေထည်၊ လက်ဝတ်ရတနာများလည်း လိုသလောက် ရပါတယ်။

နိုင်ငံခြားသားတွေ ပြည်တော်အပြန်၊ အိမ်အပြန်မှာ မဖြစ်မနေ သွားကြသည့် ကုန်တိုက်ကြီး ဖြစ်ပါတယ်။ မူစတာဖာဆိုတာ နားထဲမှာ စွဲနေခဲ့ပြီး၊ စင်ကာပူ စရောက်သည့်နေ့မှာလည်း မိတ်ဆွေသူငယ်ချင်းတစ်ဦး၏ မိသားစုနှင့် မူစတာဖာကုန်တိုက်နားမှာ အိန္ဒိယဆိုင်တစ်ဆိုင်မှာ ညစာအတူစား၊ အပြန်မှာ ကုန်တိုက်ကြီးဆီ ခဏဝင်ပါတယ်။ အတွင်းမှာ လူသုံးကုန်ပစ္စည်းတွေဆိုတာ တကယ်ကို တောင်ပုံယာပုံ အလျှူပေးနေသလားမှတ်ရပါတယ်။

များပြားလှသည့် စားသောက်ကုန်တွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ ရေမွှေးတွေ၊ နာရီတွေ စသည့် ပစ္စည်းတွေက လိုချင်စဖွယ်ကောင်းလှပါတယ်။ မူစတာဖာကုန်တိုက်ဟာ ပစ္စည်းအမျိုးအမည်စုံလင်ပြီး ဈေးနှုန်းသက်သာသည်မှာ အလွန်ကို ကျော်ကြားပါတယ်။ ထူးထူးခြားခြား သတိပြုမိတာတစ်ခုက အင်တာနက်သတင်းအချက်အလက် ဝက်ဘ်ဆိုက်မှာ မူစတာဖာကို သွားရင်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ခါးပိုက်နှိုက် သတိပြုပါ ဆိုတာပဲ ဖြစ်ပါတယ်။ လုံခြုံလုပသည့် စင်ကာပူမှာ မလုံခြုံဟု သတိပေးချက်တွေက နည်းနည်းတော့ ဆန်းပြားနေပါတယ်။

မူစတာဖာကုန်တိုက်၏ လိပ်စာမှာ အမှတ် 145 Suyed Al Wi Road, Singaplre 207704 ဖြစ်ပါတယ်။ စင်ကာပူမှာ ဈေးဆိုင်ကုန်တိုက်တွေ အများကြီးထဲကမှ မူစတာဖာက ဘာလို့ စင်ကာပူနှင့် အရှေ့တောင်အာရှ တစ်ခွင်မှာ ကျော်ကြားရသလဲဆိုသည့် သမိုင်းကြောင်း ရှိပါတယ်။ မူစတာဖာ၏အစ ၁၉၇၁-ခုနှစ်မှာ Little India က Campdell Lane ဆိုသည့် နေရာမှာ အသင့်ချုပ် အဝတ်အထည်တွေ ရောင်းချသည့်ဆိုင် အနေနှင့် စတင်ခဲ့တာ ဖြစ်ပါတယ်။

၁၉၇၃ ခုနှစ်မှာတော့ စကွဲယားပေ ၉၀၀ လောက်ရှိသည့် ဆိုင်ခန်းနေရာကို Little India Serangoon Road မှ ငှားရမ်းပြီး အဝတ်အထည်သာမက လျှပ်စစ်ပစ္စည်းများကိုပါ ရောင်းချခဲ့ပါတယ်။ ဈေးဝယ်သူ ပိုတိုးလာ၍ လက်ရှိဆိုင်ဘေးမှာ နောက်ထပ် စကွဲယား ပေ ၉၀၀ လောက်ရှိသည့် ဆိုင်ခန်းနေရာကို ထပ်မံငှားပါတယ်။ နောက်ထပ် ဝယ်ယူသူတွေ များလာပါတယ်။ ၁၉၈၅ ခုနှစ်မှာ ဆိုင်ခန်းနေရာတွေကို အစိုးရက ထိန်းသိမ်းစောင့်ရှောက်ဖို့ ပြန်ယူလိုက်တော့ မူလပိုင်ရှင်ဖြစ်သည့် Mr. Mustaq-anmad က Little India လူစည်းကားရာနေရာနှင့် နည်းနည်းလှမ်းသည့် Serangoond Plaza က မြေညီထပ်နေရာတော်တော်များကို ငှားလိုက်ပြီး ဆိုင်ကို ရွှေ့လိုက်ပါတယ်။



မိတ်ဆွေဝယ်သူများက နေရာအသစ်ကို လိုက်လံအားပေးကြပါတယ်။ ဒီလိုနှင့် နေရာတွေ ထပ်ငှား၊ လုပ်ငန်းတွေတိုးချဲ့ရင်း နောက်ဆုံး မငှားတော့ဘဲ ကိုယ်ပိုင်ကုန်တိုက်ကြီးဆောက်ရန် ကြံစည်၍ မနီးမဝေးမှာ ဈေးဆိုင်ဟောင်းတန်းလေးတွေကို ဝယ်လိုက်ပါတယ်။

၁၉၉၅ ခုနှစ်မှာ ဆိုင်ခန်းတွေအားလုံးပေါင်းပြီး အထပ်လေးထပ်ပါသည့် အဆောက်အအုံ တည်ဆောက်ခဲ့တယ်။ အမျိုးအစားပေါင်း ၃၀၀၀၀၀ ကျော်လောက် ရနိုင်သည့် စကွဲယားပေပေါင်း ၄၀၀၀၀၀ ကျယ်ဝန်းသည့် မူစတာဖာကုန်တိုက်ကြီး ဖြစ်လာပါတယ်။ လက်ရှိမှာ ရုံးပိတ်ရက်တွေမှာ တစ်နေ့ကို ဈေးဝယ်သူ ၁၅၀၀၀ လောက် ဝင်ရောက်ဝယ်ယူကြပါတယ်။ စင်ကာပူနိုင်ငံဟာ ထိုကဲ့သို့ ဆိုင်ကြီးတွေရှိ၍ လေ့လာသူများ အဆင်ပြေပါစေကြောင်း တင်ပြလိုက်ရပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



## ဝန်ကြီးချုပ်၏
## ကမ္ဘာကျော်အင်တာဗျူး

**မေး ။ ။ နိုင်ငံရေးမူဝါဒ ပုံဖော်တဲ့နေရာမှာ မဇ္ဈတာလီက အဓိကနေရာက ရှိခဲ့တယ်။ ဒါတွေ အောင်မြင်ဖို့ ဘယ်လိုစတင်ပြင်ဆင်ခဲ့ရသလဲ။**

ဖြေ ။ ။ ဗြိတိသျှတွေ ရုပ်သိမ်းပြီး ပါလီမန်ကို ငါတို့လက်ကို အပ်ထားတယ်။ ဒီအချက်ကတော့ သမိုင်းတစ်ကွေ့ရဲ့ တိုက်ဆိုင်မှုတစ်ခုလို့ ဆိုရမှာပေါ့။ အဲဒီရဲ့နောက် ရလာတဲ့ အကျိုးအမြတ်မှန်သမျှကတော့ စင်ကာပူအတွက် ဘယ်အရာက အကောင်းဆုံးဖြစ်လာနိုင်သလဲ ဆိုတာကို ကြိုတင်တွက်ချက်နိုင်ခဲ့မှုတွေကြောင့်ပဲ။ အစကတော့ ဗြိတိသျှဖွဲ့စည်းပုံအတိုင်း ငါတို့ ဆက်လုပ်ကြမယ်။ နောက်မှ အဘယ်အချက်က စင်ကာပူနဲ့ ပိုပြီးကိုက်ညီမလဲ ဆိုတာကို ရွေးချယ်ပြင်ဆင်ပြီး ခရီးဆက်ခဲ့ရတယ်။

ငါတို့အဓိကကိုင်တွယ်ထားတဲ့ အချက်တွေကတော့…

(၁) ဗျူရိုကရေစီ၊ ပါလီမန်နဲ့ နိုင်ငံရေးခေါင်းဆောင်ဆိုတာ ခွဲခြားထားဖို့ပဲ။

(၂) ငါးနှစ်ပြည့်တိုင်း လွတ်လပ်တဲ့ရွေးကောက်ပွဲရှိရမယ်။



ပါတီဝင်အသစ် ဝင်လာပြီဆိုရင် အဲဒီပါတီကလည်း လုပ်ဆောင်ရမယ့် မူဝါဒတွေ ရှိနေရမယ်။ ငါတို့ မူဝါဒတွေကို စင်ကာပူ လူထုက မယုံကြည်တော့ဘူးဆိုရင် ငါတို့ကို ကန့်ထုတ်လို့ရတယ်။ ဒါ သူတို့ ရွေးချယ်ခွင့်ပဲ။ စင်ကာပူနောက်ဆုတ်သွားရမယ့် အခြေအနေမျိုး ငါတို့ ဖန်တီးသင့်သလား။

ငါ့လက်ထက်တုန်းက နိုင်ငံအတွက် ကောင်းမယ်ထင်တာတွေ့ခဲ့ရင် အမြဲတစေ ပြောင်းလဲကျင့်သုံးခဲ့တာပဲ။ တစ်သီးပုဂ္ဂလအမတ်ဆိုတာ ငါ စတင်ခဲ့တာ။ ပါလီမန်အမတ် ကြိုတင်ရွေးချယ်တာ(Nominated MPs)ကို ဂိုချောက်တောင်က စခဲ့တာ။ နောက်ဆုံးပြောင်းလဲမှုကတော့ လီရှန်လွန်းနဲ့ သူ့လူငယ်အမတ်တွေက အကြံပြုခဲ့တာ။ (နိုင်ငံရေးပေါ်လစီပြောင်းလဲပုံမှာ ဆက်ဖတ်ပါ)

တဖြည်းဖြည်း ပြောင်းလဲယူခဲ့ရတယ်။ အစိုးရရဲ့ တာဝန်ဆိုတာက မူလပုံသဏ္ဌာန်လည်း မပျောက်၊ နိုင်ငံလည်း နောက်ကောက်ကျမနေရစ်အောင် အပြောင်းအလဲတွေ လုပ်နေဖို့ပဲ။

**မေး ။ ။ မဇ္ဈတာလီက အစပိုင်းမှာ ဆိုရှယ်လစ်နော်၊ နောက်ရီယယ်လစ် ဖြစ်သွားတယ်။ ဘယ်အချက်ကများ နိုင်ငံရေးယုံကြည်မှုကို ပြောင်းလဲသွားအောင် ဖန်တီးလိုက်တာလဲ။**

ဖြေ ။ ။ ပင်ကိုသဘာဝအရကိုပဲ ငါကိုယ်တိုင်က သီအိုရီတွေနဲ့ တွဲနေတဲ့ လူတစ်ယောက် မဟုတ်ဘူး။ သီအိုရီနဲ့ လက်တွေ့က ပေါင်းစပ်နေမှရတယ်။ သီအိုရီဟာ စမ်းသပ်ကြည့်ဖို့လိုတယ်။ ဒီမိုကရေစီအစိုးရဆိုတာ အကောင်းဆုံး နိုင်ငံတကာနဲ့ အံဝင်ခွင်ကျဖြစ်ပြီး ဒီမိုကရေစီစနစ်လည်း တစ်ကမ္ဘာလုံး ပြန့်နှံ့သွားလို့

www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ငါ မယုံကြည်ဘူး။ ဒါဆိုရင် အနောက်နိုင်ငံအစိုးရတွေက ဘာကြောင့် လူထုကို အင်အားသုံး နှိမ်နင်းမှုတွေ ရှိနေတာလဲ။ တကယ်လို့ လစ်ဘရယ်ဒီမိုကရေစီစနစ်ဟာ ဈေးကွက်စီးပွားရေးလို အကောင်းဆုံးဆိုရင် ဈေးကွက်စီးပွားရေး ကမ္ဘာကို ပြန့်သွားသလို ဒီမိုကရေစီစနစ်က ဘာကြောင့်ပြန့်မသွားရတာလဲ။

ငါ့အခြေခံယုံကြည်မှုက နိုင်ငံတစ်ခုရဲ့ နောက်ခံသမိုင်းကြောင်းက ဘာပဲဖြစ်နေနေ ပညာရေး၊ ကျန်းမာရေးစတဲ့ အခြေခံအချက်တွေမှာ တန်းတူအခွင့်အရေးတွေ ရှိနေရမယ်။ ဒီတော့ လူချမ်းသာကိုပဲ အစားအသောက်၊ ဗီတာမင်တွေ နင်းကန်ကျွေးပြီး ကျန်တဲ့လူတွေကတော့ အစာရေစာ မလောက်ငတဲ့ဘဝကို မရောက်ရတော့ဘူးပေါ့။ ကိုယ်တိုင် အလုပ်ကြိုးစားရင်း ကိုယ်လိုချင်တဲ့ အောင်မြင်မှုဆီ လူတိုင်းသွားရောက်နိုင်တယ်။ လူ့အဖွဲ့အစည်းကို တိုးတက်ဖို့အတွက် ဒီနည်းတစ်နည်းပဲရှိတယ်။ ကိုယ့်နိုင်ငံသားတွေရဲ့ အရည်အသွေးကို အမြင့်ဆုံးရောက်အောင် ပို့မပေးနိုင်တဲ့ လူ့အဖွဲ့အစည်းကို ငါမလိုချင်ဘူး။ လူတစ်ယောက်ရဲ့ မွေးရာပါဇာတ်က သူ့ကို နေရာပေးထားတဲ့ အဖွဲ့အစည်းမျိုးကိုလည်း မကြိုက်ဘူး။ အကောင်းဆုံး ဥပမာကတော့ အိန္ဒိယရဲ့ ဇာတ်စနစ်ပဲ။ မျိုးဆက်ကစ်ခုလုံးက နေရာတကျ ချထားပြီးသားဖြစ်နေတယ်။ မင်းဟာ ဗြဟ္မဏမျိုး၊ မင်းဟာ ဟိန္ဒူတရားဟောဆရာ။ ပြီးတော့ ဗြဟ္မဏကလေးတွေက ဗြဟ္မဏတွေကို ပြန်ပြီးလက်ထပ်။ အလုပ်တွေ သိမ်းကျုံးလုပ်ရမှာက ဇာတ်နိမ့်တွေ။ မင်းဟာ ဇာတ်နိမ့်မိသားစုက မွေးဖွားလာလို့ကတော့ တစ်သက်လုံး ဇာတ်နိမ့်အနေနဲ့သာ နေပေတော့။ အဲဒါ ဘဝပဲ။



တရုတ်ရဲ့အနေအထားက မတူဘူး။ တိရစ္ဆာန်လောကမှာ ဖြစ်တတ်တဲ့ သဘာဝကို လက်ခံတယ်။ ငါ အောင်မြင်တယ်၊ ငါ့မှာ ပါဝါရှိတယ်၊ ငါလိုတာ အကုန်ရတယ်။ မင်းက အားနည်းတယ်၊ မစွံဘူး။ ဒီတော့ မင်း ငတ်ပေတော့။ မင်းမှာ မိန်းမတစ်ယောက်မှ မရှိဘူး။ ငါ့မှာ မောင်းမဆောင်တစ်ဆောင်လုံးရှိတယ်။ အဲသလိုမျိုး။ ဒါနဲ့ ဆက်စပ်နေတဲ့ အကျိုးဆက်က ဒုတိယမျိုးဆက်ပဲ။ အဲဒီ မောင်းမဆောင်က အမျိုးသမီးတွေဟာ ဉာဏ်ရည်ကောင်းပြီး တက်တက်ကြွကြွရှိတဲ့ မျိုးရိုးဗီဇတွေ ရသွားကြတယ်။ နိုင်ငံတော်ရဲ့ စာမေးပွဲစစ်ပြီးတိုင်း အတော်ဆုံးကျောင်းသားကို တရုတ်အင်ပါယာက ရွေးပြီး သူ့သမီးနဲ့ လက်ထပ်ပေးလိုက်တယ်။ ပြီးရင် အဲဒီပညာရှင်က တခြားမောင်းမတွေကို ကြိုက်သလောက် လက်ထပ်ခွင့်ရှိတယ်။ ဘာပြဿနာမှ မရှိဘူး။ အင်ပါယာ လိုချင်တာက သူ့မျိုးဆက်အတွက် ဗီဇကောင်းရဖို့ပဲ။

လူတွေ ဖွင့်ပြောတဲ့ အမှန်တရားတစ်ခုရှိတယ်။ ဒူးရင်းအကောင်းစားကို လိုချင်ရင် အကောင်းဆုံးဒူးရင်းက ပွားယူရတယ်။ လူတွေမှာလည်း ဒီအတိုင်းပဲလို့ ငါယုံကြည်တယ်။ ဒါက အနောက်လစ်ဘရယ်သမားတွေ အဖို့တော့ မနှစ်မြို့စရာပေါ့ကွာ။ သူတို့က လူသားအားလုံး အတူတူပဲလို့ ဟန်ဆောင်ထားကြတဲ့ လူတွေပဲ။ မင်းက ဂျနက်တစ် မဟုတ်သလို ဗီဇကိုလည်း ပြောင်းမပေးနိုင်။ ဒါကြောင့် လူတွေကို ငါပြောလို့ရတာက "ကျူပ်ဟာ ဂေါ့(ဒ်) မဟုတ်ဘူး။ ဂေါ့(ဒ်)ကသာ ခင်ဗျားတို့ကို ဖန်ဆင်းနိုင်တာ။ ဒါပေမဲ့ ကျူပ်ကတော့ ခင်ဗျားတို့ အလုပ်ပိုကောင်းအောင် လုပ်လာနိုင်ဖို့တော့ အကူအညီ ပေးနိုင်ပါတယ်"လို့။

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ လူတိုင်း အခွင့်အရေး အတူတူ ရနေသင့်တယ်။ အခွင့်အရေး အတူတူပေးလို့ အကျိုးရလဒ်လည်း တူလိမ့်မယ်လို့တော့ မျှော်လင့်ထားလို့ မရဘူး။

မေး ။ ။ လူတစ်ယောက် မဲတစ်မဲ ရွေးကောက်ပွဲမှုနဲ့ နှစ်ငါး ဆယ်ကြာအောင် နိုင်ငံရေးလုပ်ခဲ့တယ်။ စင်ကာပူမှာ အဲသလို အောင်မြင်မှုမျိုးရအောင် ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရ သလဲ။

ဖြေ ။ ။ ငါသာ စည်းရုံးရေးကောင်းသူတစ်ယောက် မဟုတ်ခဲ့ရင် ဒါကလည်း မအောင်မြင်နိုင်ပါဘူး။ အချက်နှစ်ချက်က ငါ့ကို ကူညီခဲ့တယ်လို့ ပြောရမယ်။ နံပါတ်တစ်က … ငါတို့ဟာ အကြီးအကျယ် အကျပ်ရိုက်တဲ့ ကာလကို ရင်ဆိုင်ခဲ့ရတယ်။ ဒီတော့ ငါက ပြောတယ်။ ကျွန်တော်တို့ ပြောင်းလဲမလား၊ အသေထိုင်ပြီး ခံကြမလားလို့။

ဒီတော့ အလုပ်သမားဥပဒေ၊ အလုပ်ခန့်ထားခွင့် အက်ဥပဒေ၊ ကုန်သွယ်ရေးအက်ဥပဒေတွေကို ပြောင်းလဲပစ်ကြတယ်။ ပြီးတော့ ငါတို့လူထုနဲ့ အလုပ်ဖြစ်နိုင်မယ့် အခြေခံမူဝါဒတွေ ပြင်ပြီးရေးဆွဲခဲ့ကြတယ်။

အဖွဲ့အစည်းတွေဟာ သူတို့ဆန္ဒမပြခင် ခွင့်ပြုမိန့် ရယူကြရတယ်။ ဘယ်အဖွဲ့ဝင်တွေက ဆန္ဒရှိတယ်၊ ဘယ်အဖွဲ့ဝင်တွေက ဆန္ဒမရှိဘူး ဆိုတာတွေကို အလေးမမူဘဲ ခေါင်းဆောင်ပိုင်း အနည်းအကျဉ်းလောက်နဲ့ လုပ်တတ်တဲ့ ကွန်မြူနစ်တွေလို ဖြစ်မနေရဘူး။ ကွန်မြူနစ်တွေရဲ့သဘောက သူတို့ဆန္ဒပြမယ်၊ သူတို့



နဲ့ပေါင်းပြီး ဆန္ဒမပြဘူးဆိုရင် မင်းကို ခေါက်ထားလိုက်မယ်။ ဒါမျိုးပဲ။ ဒီပြဿနာက မျှမျှတတ လုပ်ရှားသွားကြဖို့ ငါ့ကိုအကူ အညီပေးလိုက်တာပဲ။

နောက်ဒုတိယအချက်ကတော့ မျှမျှတတ ကစားကြရာမှာ ရှေ့ခရီးကိုဆက်ဖို့ လူတွေကို စည်းရုံးနိုင်တဲ့စွမ်းရည် ငါ့မှာရှိနေတာပဲ။ ငါတို့ ဒီအတိုင်း ခရီးသွားမယ်ဆိုရင် ကိုယ်ပိုင်အိမ်၊ ပညာသင်စရာ ကျောင်းတွေရမယ်။ အကူအညီတွေ ရမယ်၊ စတာတွေကို အာမခံတယ်။ ရအောင်လည်း လုပ်ပေးခဲ့တယ်။

မေး ။ ။ အနာဂတ်မှာ မစ္စတာလီလို စည်းရုံးရေးကောင်းတဲ့ လူ ပေါ်လာဖို့ သိပ်မမြင်မိတော့ဘူး။ ဒါဆိုရင် ဒီစစ်စတန်အလုပ် ဖြစ်နေဖို့ အခက်အခဲ မရှိဘူးလား။

ဖြေ ။ ။ အသေအချာ ရှိနိုင်တာပေါ့။ ဒါက ငါလို စည်းရုံးရေးသမားတစ်ယောက် မရှိတော့တာရယ်တင် မဟုတ်ပါဘူး။ အခု အီလက်ထရောနစ်မဲပေးစနစ်က အထက်တန်း အလုပ်သမားလူတန်းစား၊ အဆင့်နိမ့် လူလတ်တန်းစား၊ လူလတ်တန်းစား၊ အထက်တန်းလူလတ်တန်းစား၊ စီးပွားရေးသမားနဲ့ နောက်ဆုံး သူဌေးသူကြွယ်တွေအထိ တိုက်ရိုက်ဆက်သွယ်ပေးနေတယ်။ သူတို့ စိတ်ဝင်စားမှုတွေကလည်း ပိုပြီး အရောင်အသွေး စုံလာတယ်။ ဟိုတုန်းကဆိုရင် အဓိက,က အသက်ရှင်သန်ရေးပဲ။ ဒါကြောင့် ဥပဒေတွေကို ပြောင်းလဲလို့ရတာ။ ဥပမာအားဖြင့် ပင်လယ်ကမ်းခြေက ကျူးကျော်မြေတွေအားလုံး နစ်နာကြေးပေးစရာမလိုဘဲ သိမ်းယူနိုင်တယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ဘာကြောင့်ဆိုရင် [illegible]ကယ်လို့

www.burmeseclassic.com

www.burmeseclassic.com



မြေပိုင်ရှင်တွေကို နစ်နာကြေးတွေ ပေးနေရမယ်ဆိုရင်၊ ငါတို့ တိုးတက်မှုလည်း နှောင့်နှေးသွားလိမ့်မယ်။ ဒီဥပဒေကို ငါပြောင်းခဲ့တာ။ ဒီအခြေခံမူဝါဒနဲ့ ပတ်သက်တဲ့ ဥပဒေကို ငါကောင်းကောင်းသဘောပေါက်ခဲ့တယ်။ ဒီလိုလုပ်မှ စင်ကာပူကို ပြန်လည်တည်ဆောက်ပြီး လူတိုင်းအညီအမျှ အကျိုးခံစားခွင့် ရလိမ့်မယ်။ ဒါက လူမှုဥပဒေအင်ဂျင်နီယာပညာပဲ။ ဒါနဲ့ပတ်သက်လို့ မြေပိုင်ရှင်တွေဆီက ပူညံ ပူညံ အသံတွေ မကြားခဲ့ရဘူး။ အကြောင်းကတော့ သူတို့က ငါတို့စိတ်ကြိုက် စီမံခွင့်ပေးလိုက်တယ်။ ဒါဆို သူတို့မြေတွေဟာ တဖြည်းဖြည်းနဲ့ ဈေးတွေမြင့်တက်လာမယ်။ ဒီလိုမလုပ်ရင် သူတို့မြေတွေ အသုံးမကျ၊ တန်ဖိုးမရှိဖြစ်သွားလိမ့်မယ်။ သူတို့က ဒါကိုသဘောပေါက်တယ်။ ဒီတော့ သူတို့ကပဲ ငါ့အစီအစဉ် အောင်မြင်ဖို့ ဝိုင်းပြီးဆုတောင်းပေးကြတော့တယ်။

မေး ။ ။ အဲဒီတုန်းက စင်ကာပူမှာ တူတူတန်တန် အတိုက်အခံပါတီ မရှိတာလည်း အဓိကအကြောင်းတစ်ကြောင်း ဖြစ်မယ်ထင်တယ်။

ဖြေ ။ ။ ဒါလည်း မှန်ပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက ဘာရီဆန် ရှိခဲ့မယ် ဆိုရင်တောင်မှ သူ့မှာ စောဒကတက်စရာ သိပ်မရှိနိုင်ပါဘူး။ မြေပိုင်ရှင်နဲ့ ဆင်းရဲသားတွေကြား ငါက မြေပိုင်ရှင်တွေကို ဦးစားပေးခဲ့လို့၊ ဒါမှမဟုတ် ဆင်းရဲသားလူတန်းစားကို အသာပေးခဲ့လို့လား။ ကန့်ကွက်ချင်တယ် ဆိုရင်တော့ အကြောင်းမရှိ အကြောင်းရှာပြီး ကန့်ကွက်လို့တော့ ရတာပေါ့လေ။ ဒါဆို ငြင်းခုန်နေကြတာနဲ့ အချိန်တွေ ကုန်သွားမှာပဲ။



ဒါပေမဲ့ တို့ တကယ်တမ်း တိုးတက်လာတဲ့အခါမှာတော့ အိမ်ရာပိုင်ဆိုင်မှု ဥပဒေတွေ ပြန်ပြင်ယူခဲ့ရတယ်။ မြေပိုင်ရှင်တွေကို နစ်နာကြေးအပြည့်အဝ ပေးလိုက်တယ်။ အိမ်ပိုင်ဖို့ ဈေးပိုပေးရတော့တယ်။ ဆောက်လုပ်ရေးပစ္စည်း တိုးတက်ကောင်းမွန်ဖို့အတွက် ကုန်ကျငွေ၊ HDB အိမ်ဈေးတွေဟာ တက်လာတယ်။ ဘာကြောင့်လဲဆိုရင် အိမ်ရာပိုင်ဆိုင်မှုအတွက် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖို့ လိုအပ်လာလို့ပါ။

**မေး ။ ။ ဒီမိုကရေစီနဲ့ ပတ်သက်လို့ မစ္စတာလီရဲ့အမြင်က ဘယ်လိုပါလဲ။**

ဖြေ ။ ။ အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် ဆင်မြူရယ် ဟန်တင်တန် (Samuel Huntington)က ပြောတယ်။ တချို့ယဉ်ကျေးမှုတွေက ဒီမိုကရေစီကို လက်မခံနိုင်ဘူးတဲ့။ သူထောက်ပြတာတွေက ရှေးရိုးစွဲ ခရစ်ယာန်တွေနဲ့ မွတ်ဆလင်တွေကိုပါ။ ဂျပန်ကိုတော့ ချွင်းချက်လို့ သူက ပြောတယ်။ ငါကတော့ ဂျပန်က ချွင်းချက်လို့ မထင်မိဘူး။ ဂျပန်တွေရဲ့ ဒီမိုကရေစီကမှ စပါယ်ရှယ်ဒီမိုကရေစီပဲ။ သူတို့က အဖေက နေသား၊ ဆာမူရိုင်းယဉ်ကျေးမှုဆန်တဲ့ ဒီမိုကရေစီပဲ။ သူတို့ခေါင်းဆောင်တွေကလည်း ရှေးက ဆာမူရိုင်းခေါင်းဆောင်တွေအတိုင်းပဲ။ သူတို့ဟာ အမေရိကန်တွေရဲ့ လစ်ဘရယ်ဒီမိုကရေစီ ကူးပြောင်းလေဦးမလား ဆိုတာ ငါတော့ သိပ်မသေချာလှဘူး။

တို့လည်း တို့နဲ့သင့်တော်တဲ့ ဒီမိုကရေစီကို တည်ဆောက်ယူခဲ့ကြတာပဲ။ လစ်ဘရယ်ဒီမိုကရေစီမှာ လူတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ပါတီတစ်ခုကို ကိုယ်စားပြု အရွေးခံလိုက်ရပြီဆိုရင် အခြားပါတီတွေရဲ့ စည်းကမ်းတွေကို သူလိုက်နာစရာ မလိုတော့ဘူး။ ဒီစနစ်မျိုး စင်ကာပူမှာ ကျင့်သုံးကြည့်။ မတည်ငြိမ်တဲ့ အစိုးရတစ်ခုကို စင်ကာပူ ရသွားမယ်။ ဒီတော့ ငါတို့က ပါတီမပြောင်းရဘူးလို့ မပြောဘူး၊ ပြောင်းနိုင်တယ်။ ဒါပေမဲ့ တစ်ယောက်ယောက်က ပါတီတစ်ခုကို ပြောင်းသွားမယ်ဆိုရင် ဒီပါတီမှာ သူ့တစ်နေရာစာ လွတ်သွားတယ်။ ကြားဖြတ်ရွေးကောက်ပွဲမှာ အဲဒါရင်ဆိုင်ရမယ်။ ဒီစနစ်က မြူစစ်ကယ်ချဲယား(စ်)ကို တားမြစ်ပေးတယ်။ (Musical chair ဆိုတာ ကစားနည်းတစ်မျိုးပါ။ မြူးဇစ်အသံကြားနေရချိန်မှာ ကစားသမားတွေဟာ ထိုင်ခုံတစ်ခုကနေ တစ်ခုဆီ ကူးပြောင်းလမ်းလျှောက်နေရပါတယ်။ မြူးဇစ်ရပ်သွားတဲ့အချိန်မှာ ဦးအောင် ခုံပေါ်ထိုင်ရပါတယ်။ ထိုင်ခုံမရလိုက်သူ အရှုံးပါ။ အဲသလိုနည်းနဲ့ နောက်ဆုံး တစ်ယောက်တည်းကျန်အောင် ကစားတဲ့ ကစားနည်းမျိုးပါ။)

မလေးရှားက ဒီစနစ် မရှိဘူး။ အခု သူတို့ အကျပ်ရိုက်နေတယ်။ အတိုက်အခံပါတီက အခြေခံဥပဒေကို ပြောင်းလဲခွင့် မပေးဘူး။

မေး ။ ။ ဈေးကွက်စီးပွားရေးကို တစ်ကမ္ဘာလုံးက လက်ခံကျင့်သုံးပြီး ဒီမိုကရေစီအတွက်ကိုတော့ ဒီလောက် အလေးတကြီး မရှိကြဘူး ဆိုတာက…

ဖြေ ။ ။ ဟုတ်တယ်၊ အစိုးရကောင်းဖြစ်ဖို့၊ တည်တည်ငြိမ်ငြိမ်နဲ့ ကြွယ်ဝချမ်းသာဖို့ ဒီမိုကရေစီက မရှိမဖြစ် မဟုတ်ဘူး



မင်းတို့ သီရိလင်္ကာကိုကြည့်။ သီရိလင်္ကာလူမျိုးတွေက တမီး(လ်)တွေကို နိုင်လိုက်တယ်။ ဒီနေ့ သူတို့က တမီး(လ်)တွေကို တစ်ခုခု ပေးချင်တယ်ဆိုရင် ဘာမှ တိုင်ပင်ဆွေးနွေးမနေဘဲ ပေးချင်တာ ပေးလိုက်ကြတာပဲ။ လူတစ်ယောက် မဲတစ်မဲစနစ်က လူနည်းစုလေးတွေကို အကျဉ်းအကျပ် ရောက်စေတာပဲ။ စင်ကာပူမှာဆိုရင်လည်း တို့လူနည်းစုတွေ ဒီလိုပဲဖြစ်မှာ။ ငါတို့ အခြေခံဥပဒေမှာလည်း ဒီပြဿနာမျိုး ရှိလာနိုင်တယ်ဆိုတာ ငါတို့ သဘောပေါက်တယ်။ ဒါကြောင့် ပေါ်လစီနဲ့ ပါးပါးနပ်နပ် ပြောင်းယူရတယ်။ ဒီလိုမဟုတ်ရင် တို့လည်း တမီး(လ်)တွေလို အဆုံးသတ်သွားစရာရှိတယ်။ ရှင်ကျန်း (Xinjiang)မှာလည်း ဒီအတိုင်း ဖြစ်ခဲ့ဖူးတယ်။

**မေး ။ ။ ဒီမိုကရေစီကျကျ ရွေးချယ်ခဲ့တဲ့ အစိုးရတွေ ကမ္ဘာပေါ်မှာ အများကြီးပါ။ ဒါက ဒီမိုကရေစီဟာလည်း ဆွဲဆောင်မှု ရှိတယ်လို့ မဆိုလိုနိုင်ဘူးလား။**

ဖြေ ။ ။ ငါတော့ မထင်ဘူး။ အကောင်းဆုံး ဆွဲဆောင်မှုက အကြမ်းမဖက်ဘဲ အစိုးရပြောင်းလဲရေးပဲ။ တရုတ်ပြည်ကိုကြည့်။ သူတို့ရဲ့ အဓိကအကျဆုံး အားနည်းချက်က တော်လှန်ရေး အကြီးအကျယ်လုပ်ပြီးမှ အစိုးရပြောင်းလဲနိုင်တဲ့ အချက်ပဲ။ ဆိုလိုတာက အစိုးရဟာ ယန္တရားတစ်ခုလုံး ရပ်တန့်သွားပြီး ဘေးဖယ်ခံလိုက်ရတော့တာပဲ။ စင်ကာပူမှာလည်း တို့က အုပ်ချုပ်ရေးမှာ အား ဝင်တော့ဘူးဆိုရင် မဲစနစ်နဲ့ ကန်ထုတ်လိုက်လို့ ရတာပဲ။ ဒါပေမဲ့ ဒီအစိုးရက ရွေးကောက်ပွဲမှာရှုံးပြီး ဘေးရောက်သွားရင်တောင်

www.burmeseclassic.com

www.burmeseclassic.com



စစ်စတန်က ရှိနေရစ်လိမ့်မယ်။ ဒါကို နိုင်မာအောင် လုပ်ထားဖို့က အဓိကတာဝန်ပဲ။ နောက်ပြီး ရွေးကောက်တင်မြှောက်ခံထားရတဲ့ သမ္မတဟာ နိုင်ငံတော် ပြန်လည်ကောင်းမွန်လာဖို့ ဦးဆောင်မှုပေးနိုင်တဲ့ အဓိက အစောင့်အရှောက် တစ်ယောက်ပဲ။

မေး ။ ။ ဘယ်လို ဆိုလိုတာပါလဲ။

ဖြေ ။ ။ အစိုးရအသစ်ဟာ မြှောက်ကာ ပင့်ကာနဲ့ ထိပ်ကလူတစ်ယောက်ကို ပြောင်းလဲပစ်လို့ မရဘူး။ သမ္မတရဲ့ခွင့်ပြုချက်မရဘဲ နိုင်ငံတော်ရဲ့ အရင်ကရှိခဲ့တဲ့ ဘဏ္ဍာတွေကို သုံးစွဲလို့မရဘူး။ ဒီဘောင်အတွင်းကနေ နိုင်ငံကို အုပ်ချုပ်ရမယ်။ တကယ်လို့ ဒုတိယအကြိမ် ရွေးကောက်ပွဲမှာ မဲသုံးပုံနှစ်ပုံနဲ့ အနိုင်ရသွားပြီဆိုရင်တော့ ဒီဥပဒေကို သူတို့ကိုယ်တိုင် ပြောင်းလဲခွင့် ရသွားပြီ။ ဒါကလည်း သိပ်မလွယ်ဘူးလို့ ငါထင်တယ်။ သူတို့မှာ အရည်အချင်း မမီဘူးဆိုရင် ပထမအကြိမ်နိုင်လည်း ဒုတိယအကြိမ်မှာ ရှုံးမှာပဲ။

အနာဂတ်မှာ တို့ ရှုံးနိုင်တယ်ဆိုလို့ မြင်မထားရင် ကျောထောက်နောက်ခံ အတားအဆီးကို ထားစရာလည်း မလိုဘူး။ ငါ ကြိုတင်မြင်မိတာက အင်္ဂလိပ်အစိုးရ တစ်ခုတည်း အမြဲအုပ်ချုပ်နေတာကိုက လူတွေ ငြီးငွေ့လာလိမ့်မယ်။ ဒီတော့ အတိုက်အခံကို မဲပေးကြည့်ရအောင် ဆိုတာမျိုးတွေ ရှိလာနိုင်တယ်။ တစ်ချိန်ချိန်မှာတော့ ဒါမျိုးဖြစ်လာဦးမှာပဲ။ ဘယ်တော့လဲဆိုတာတော့ မသိဘူး။ လာမယ့် ငါးနှစ် ဆယ်နှစ်အတွင်းမှာတော့ ဖြစ်လာဦးမယ် မထင်ဘူး။ လက်ရှိအစိုးရက အရည်အချင်းရှိ



တယ်။ ဆိုပါတော့ စီးပွားရေး အကျပ်အတည်းကာလမှာ အစိုးရက ကောင်းကောင်းမကိုင်တွယ်နိုင်ခဲ့ဘူး။ လူတွေလည်း အလုပ်ပြုတ်ကြတယ်။ ဒါဆိုရင် ဒါတွေ ဖြစ်လာနိုင်တာပဲ။

မေး ။ ။ Huntington ကိုယ်တိုင်ကလည်း နိုင်ငံရေးမူဝါဒက ယဉ်ကျေးမှုအပေါ်မှာ အပြန်အလှန် ဩဇာလွှမ်းမိုးမှု ရှိနိုင်တယ်လို့ ဆိုခဲ့တယ်။ နိုင်ငံရေးနှင့် ယဉ်ကျေးမှုကြားက ဆက်သွယ်ချက်ကို မစ္စတာလီ ယုံကြည်သလား။

ဖြေ ။ ။ နည်းနည်းပါးပါးလောက်ပဲ ဩဇာလွှမ်းမိုးမှု ရှိနိုင်တယ်လို့ ငါထင်တယ်။ တရုတ်ယဉ်ကျေးမှုဆိုရင်နှစ်ပေါင်းငါးထောင်ကျော်ခဲ့ပြီ။ တရုတ်ပြည်မှာ လူတစ်ယောက် မဲတစ်မဲစနစ်ဖြစ်လာမယ်လို့ မထင်မိဘူး။ ဖြစ်လည်း မဖြစ်နိုင်ဘူး။ ငါတို့စင်ကာပူက ရွှေ့ပြောင်းထားတဲ့ လူ့အဖွဲ့အစည်း ဖြစ်နေတယ်။ ဒါကြောင့် တရုတ်လူမျိုးမှန်ပေမယ့် ပတ်ဝန်းကျင်အနေအထားကွဲနေတယ်။ နိုင်ငံအသစ်တစ်ခုမှာ ပြောင်းရွှေ့နေထိုင်တော့မယ်ဆိုရင် အဲဒီနိုင်ငံရဲ့ ကွဲပြားခြားနားချက်တွေကို လက်ခံနိုင်ဖို့လိုတယ်။

မေး ။ ။ မစ္စတာလီသာ Huntington ကို တွေ့ရမယ်ဆိုရင် သူပြောခဲ့တဲ့ 'ခင်ဗျား ချမှတ်တဲ့ မူဝါဒဟာ ခင်ဗျားသေဆုံးရာသုသာန်ကို ပါလာလိမ့်မယ်' ဆိုတဲ့စကားအတွက် ဘာများပြန်ပြောမိမလဲ။

ဖြေ ။ ။ 'ခင်ဗျား မှားတယ်' လို့ ငါပြောမှာပေါ့။ ကြည့်လေ ၁၉၉၀ ပြည့်ကတည်းက ငါက အာဏာကို လက်[illegible]ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ မူဝါဒသာ မှားခဲ့ရင် အခု အနှစ်နှစ်ဆယ် ကျော်လာပြီ။ မှားနေရမှာပေါ့။ အခု ဒီလိုမဟုတ်ဘူး။ အကြောင်းက ဘာလဲဆိုရင် ကက်ဘိနက်မှာ တာဝန်ရှိသူတွေကို ငါတို့က စေ့စေ့စပ်စပ် ရွေးချယ်ခဲ့တာ။ ပါလီမန်ထဲမှာ၊ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးမှာ၊ နောက်ဆုံး သမ္မတတစ်ယောက် ရွေးချယ်ရာမှာအထိ စနစ်တကျပဲ။ ဒီအတိုင်း ခရီးဆက်သွားဖို့ ဆန္ဒရှိတယ်။

**မေး ။ ။ တချို့လူ့အဖွဲ့အစည်းတွေက ဒီမိုကရေစီကို ကောင်းကောင်း လက်မခံနိုင်ဘူး ဆိုတာကတော့ မစ္စတာလီက Huntington နဲ့ သဘောထားချင်း တိုက်ဆိုင်တယ်ပေါ့။**

ဖြေ ။ ။ တိုက်ဆိုင်တယ်။ ယဉ်ကျေးမှုပေါင်းစုစနစ် (Multiculturalism ဟာ အမေရိကကို ဖျက်ဆီးပစ်လိမ့်မယ်လို့ ဟောကိန်းထုတ်ခဲ့တယ်။ ပြီးတော့ ဒီမိုကရေစီရဲ့ လိုအပ်ချက်တွေဟာ ဘာတွေလဲဆိုတာ သူ ဖွင့်ဆိုပြခဲ့တယ်။ သူရေးထားတာကို ကိုးကားပြမယ် ယဉ်ကျေးမှု အကွဲအပြားကိစ္စဟာ ဒီနေ့ အမေရိက ရင်ဆိုင်နေရတဲ့ အဓိကပြဿနာတစ်ခုပဲ။ အမေရိကဆိုတာ ယဉ်ကျေးမှုတစ်ခုပဲရှိတဲ့ နိုင်ငံလား၊ ဒါမှမဟုတ် ယဉ်ကျေးမှုအများအပြားရှိတဲ့ နိုင်ငံလား။ တကယ်လို့ ယဉ်ကျေးမှုအများအပြားရှိနေတယ်ဆိုရင် လူမျိုးတစ်မျိုးလုံး ညီညွတ်အောင် ထိန်းပေးထားမယ့် ယဉ်ကျေးမှုဟာ ဘယ်ဟာလဲ။ သမိုင်းကို ပြန်ကြည့်ရင် အမေရိကဟာ ယဉ်ကျေးမှုကြီးတစ်ခုကို အခြေခံထားတာ တွေ့ရတယ်။ အဲဒါ အခြေချနေထိုင်လာကြတဲ့ ဗြိတိသျှတွေရဲ့ မူရင်း ယဉ်ကျေးမှုပဲ။ နောက်ပိုင်း အခြေချနေထိုင်လာကြသူတွေကလည်း



ဒီယဉ်ကျေးမှုနဲ့ လိုက်လျောညီထွေရှိအောင် မွေးစားနေထိုင် ကျင့်သုံးကြတယ်။ အဓိကအကျဆုံးကတော့ ဥရောပရဲ့တန်ဖိုးဖြစ်တဲ့ အင်္ဂလိပ်ဘာသာစကား၊ ခရစ်ယာန်ဘာသာ ပရိုတက်စတင့်ရဲ့ တန်ဖိုးတွေပဲ။ လူမျိုးရေး၊ ကျင်လည်ရာဒေသ စတာတွေကလည်း တစ်ပုံစံတည်း မတူစေဦး၊ လက်လှမ်းမီတဲ့ အနေအထားတွေ၊ ဆင်တူရိုးမှားတွေလောက်ပဲ ရှိခဲ့တယ်။ ယေဘုယျအားဖြင့် တစ်စုတည်း တစ်ဝေးတည်းပဲ။

အခု အဲဒီယဉ်ကျေးမှုအမွေအနှစ်က ယဉ်ကျေးမှုစနစ်ရဲ့ ခြိမ်းခြောက်မှုကို ခံနေရတယ်။ နိုင်ငံရေးလောကထဲက သမ္မတ၊ ဒုတိယသမ္မတ အပါအဝင် ဒီသဘောကို နားမလည်ဘူး။ (သူ ဒီစာရေးစဉ်က သမ္မတက ဘီ(လ်)ကလင်တန် ဖြစ်ပြီး၊ ဒုတိယ သမ္မတက အယ်လ်ဂိုးပါ။) သမ္မတ ကလင်တန်က ပြောတယ်။ ကြီးစိုးနေတဲ့ ဥရောပယဉ်ကျေးမှု မပါဝင်ဘဲ အတူတကွ ရှင်သန်လက်တွဲနေနိုင်တယ်ဆိုတာ သက်သေပြဖို့ တော်လှန်ရေးကြီးတစ်ခု လိုအပ်ပါတယ်။ ဒုတိယသမ္မတ အယ်လ်ဂိုးကလည်း ဟားဗတ်တက္ကသိုလ် ဘွဲ့ရတစ်ယောက်ဖြစ်ပြီး အမျိုးသားဆောင်ပုဒ် တစ်ခု ဖြစ်တဲ့ Epluribus Unum ကို ဘာသာပြန်ရာမှာ from many one (အများမှ တစ်စုတစ်ပေါင်းတည်းသို့)လို့ ဘာသာပြန်ရမှာကို from one many (တစ်စုတစ်ပေါင်းတည်းမှ အများသို့)လို့ မှားမှားယွင်းယွင်း ဘာသာပြန်ခဲ့တယ်။

ဒါဟာ ပညာသားပါတဲ့ ဝေဖန်ချက်ပဲ။ သူမှားနိုင် မှန်နိုင်တယ်။ ဒါပေမဲ့ သူယုံကြည်တာကိုတော့ ရိုးရိုးသားသား ချရေးခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



Huntingotn က ဆက်ပြောတယ်။ "အမေရိကန်ဟာ Multiethnic Multiracial ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်" တဲ့။ ငါကိုယ်တိုင်ကတော့ Multiethnic နဲ့ Multiracial နှစ်ခုရဲ့ခြားနားချက်က ဘာလဲဆိုတာ မသိဘူး။ အတူတူပဲ ထင်တယ်။

"တကယ်လို့ ယဉ်ကျေးမှုတွေ ပေါင်းစုံနေပြီး အဓိကလွှမ်းမိုးတဲ့ ယဉ်ကျေးမှုကြီးတစ်ခု မရှိဘူးဆိုရင် တစ်မျိုးသားလုံး တစ်သားတည်းဖြစ်နေဖို့ ဘာနဲ့ ချည်နှောင်ထားမှာလဲ။ အဖြေမှန်က… အမေရိကန်တွေဟာ လွတ်လပ်ရေးကြေညာစာတမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားအချက်တွေပေါ် အခြေခံပြီး ညီညွတ်နေတာပါ။ အမေရိကန်တွေရဲ့ ယုံကြည်မှု၊ လွတ်လပ်ရေး၊ ကုန်သွယ်ရေး စတာတွေလည်း ပါဝင်တာပေါ့။ အမေရိကန်အများစုဟာ ဒီတန်ဖိုးတွေကို လက်ကိုင်ထားကြတယ်။ ဒီတန်ဖိုးတွေက မူလယဉ်ကျေးမှုကို အခြေခံပြီး၊ မှီခိုပြီး ရလာတဲ့ တန်ဖိုးတွေပဲ။ အဲဒီ မူလယဉ်ကျေးမှု ပျောက်ဆုံးသွားပြီ ဆိုပါတော့။ ဒီယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့ နိုင်ငံရေးမူဝါဒက တစ်မျိုးသားလုံး ညီညွတ်အောင် ဘယ်လိုထိန်းထားနိုင်မလဲ။

နိုင်ငံရေးမူဝါဒ တစ်ခုတည်းနဲ့ ချည်နှောင်ထားတဲ့ ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုဆလားဗီးယားတို့ကို ကြည့်တော့ ယဉ်ကျေးမှုမပါဘဲ အာမခံချက် မရှိလှဘူးဆိုတာ တွေ့ရတယ်။ အမေရိကရဲ့ လတ်တလောအရေးကြီးဆုံးကိစ္စက သမိုင်းတစ်လျှောက်လုံး အမေရိကကို အားကောင်းမောင်းသန် ဖြစ်စေခဲ့တဲ့ ယဉ်ကျေးမှုကို ပြန်လည်အသက်သွင်းမလား၊ တစ်စစီ ပြိုကွဲသွားတာကို ထိုင်ခံမလား ဆိုတာပဲ။ ဥရောပဆန်ကျင်တဲ့ ယဉ်ကျေးမှု၊ ခရစ်



ယာန် ပရိုတက်စတင့်ရဲ့ အဆုံးအမ၊ အင်္ဂလိပ်ဘာသာစကားကရတဲ့ ယဉ်ကျေးမှုတွေကြောင့် နိုင်ငံဘဏ္ဍာ၊ နိုင်ငံရဲ့ပါဝါ၊ လွတ်လပ်ရေးအခြေခံမူဝါဒ၊ တန်းတူအခွင့်အရေး၊ ဒီမိုကရေစီ စတာတွေ ရခဲ့ကြတယ်။ ဒါကြောင့်ပဲ အမေရိကဟာ ကမ္ဘာ့လူသားတွေရဲ့ မျှော်လင့်ချက်တစ်ခု ဖြစ်နေခဲ့တယ်။ ဒီယဉ်ကျေးမှုကို ဖျက်ဆီးပစ်ဖို့ ကြိုးဝါးနေသူတွေ အခုရှိနေပြီ။ ဒါဟာ ၂၁ ရာစုအဝင် ပထမဆုံးနှစ်ကာစလို့ အမေရိက ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုပဲ"

သူက စပိန်တွေအကြောင်းတော့ ပြောမသွားခဲ့ဘူး။ ဒီမိုကရက်တွေဖြစ်ကြတဲ့ ကလင်တန်နဲ့ အယ်လ်ဂိုးကိုတော့ သတိပေးသွားတယ်။ "ခင်ဗျားတို့ မဆိုင်တာတွေ လုပ်နေကြတယ် ခင်ဗျားတို့ လုပ်ရမှာက ဒီလူတွေကို ယဉ်ကျေးမှုထဲဝင်လာအောင် စည်းရုံးရမှာ။ ယဉ်ကျေးမှုပေါင်းစုံစနစ်ကို အားပေးအားမြှောက် လုပ်ရမှာ မဟုတ်ဘူး။ ယဉ်ကျေးမှုပေါင်းစုံတွေက ခင်ဗျားတို့ကို ဝါးမျိုသွားလိမ့်မယ်" တဲ့။

ကဲ… ဒါဆို ငါတို့ကရော ဘယ်လိုလဲ။ စင်ကာပူဟာ ယဉ်ကျေးမှုတစ်ခုတည်း ဖြစ်နိုင်သလား။ ငါတော့ မထင်ဘူး။ ကိုးကွယ်တဲ့ ဘာသာတစ်ခုတည်း ဖြစ်နိုင်သလား။ လုံးဝပဲ။ ဘုံဆိုင်နေရာတစ်ခု၊ အဲဒါက အမြဲတစေ ကြီးထွားနေပြီး ပုဂ္ဂလိက အယူအဆ ခြားနားမှုတွေ အရင်အတိုင်းပဲ ရှိနေမယ်။ ဒီလိုအခြေအနေအတိုင်း အမြဲရှိနေနိုင်သလား။ တစ်ခု။ တစ်ဝါဒ၊ တစ်ဘာသာ ကြီးစိုးမှုက အချိန်အတော်လိုလိမ့်မယ်လို့ ငါ ထင်တယ်။ ဒီတော့ ငါတို့ကို အတူတကွ ညီညွတ်အောင် ထိန်းပေးထားနိုင်တာက ဘာဖြစ်မလဲ။ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်ဖွံ့ဖြိုးနေမှုလို့ ငါယုံကြည်တယ်။ ဒါက လူထုရဲ့စိတ်ထဲမှာ စွဲနေတယ်။ ဒီအခြေအနေမျိုးမှာ မတူညီတဲ့ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှု၊ လူမျိုးရေး စတာတွေနဲ့ ပတ်သက်ပြီး စတင်အငြင်းပွားနေကြ၊ ခိုက်ရန်ဖြစ်နေကြပြီ ဆိုရင်တော့ အဲဒီနိုင်ငံ ပြိုကွဲတော့မှာပဲ။ ဒီတော့ တို့မူဝါဒက…

"Let's live and let vive"ပဲ။ "ရှင်လည်းလျှောက်သာ ပျားလည်းစွဲသာဝါဒ"ပဲ။

မင်းပို့ထားတဲ့ မေးခွန်းကို ငါ ရတယ်။ (S. Rajaratnam School of International Studies) ကျောင်းမှာ ဆန္ဒကောက်ထားတဲ့စာလေ။ ကောက်ယူထားတဲ့ စစ်တမ်းအရ (၉၀)ရာခိုင်နှုန်း တရုတ်တွေက တရုတ်မဟုတ်တဲ့ ပါလီမန်အမတ်ကိုလည်း မဲပေးတယ်တဲ့။ ဒါကို မင်း ယုံကြည်သလား။ လုံးဝအဓိပ္ပာယ်မရှိဘူး။ အဲဒါ နိုင်ငံရေးစကားပဲ။ အဓိကအဖွဲ့တွေမှာ ဟရုတ်တစ်ယောက် အမြဲတမ်း ထည့်ထားပေးရတယ်။ ဟောင်ကန်းက အတိုက်အခံ လိုသီယာကိန်(sSow Thia Khaing)ကို မေးကြည့်။ ဒါကို အခြေခံ ကျကျ ဘယ်လို သဘောပေါက်သလဲလို့။ ဒီလိုမလုပ်ရင် မင်းရှုံးသွားလိမ့်မယ်။

မေး ။ ။ စင်ကာပူမှာ ဒီအတိုင်းပဲ (တရုတ်အချင်းချင်းမှ မဲပေးတာ) အမြဲတမ်း ဖြစ်နေလိမ့်မယ်လို့ ယုံကြည်ထားသလား။

ဖြေ ။ ။ အမြဲတမ်းလို့ ပြောဖို့ကတော့ သိပ်ရှည်လျားလွန်းပါတယ်။ ငါ့တစ်သက်၊ မင်းတစ်သက်မှာတော့ အပြောင်းအလဲ ဖြစ်ဖို့ လမ်းစ မရှိနိုင်သေးဘူးလို့ ငါ ထင်တယ်။



မေး ။ ။ မစ္စတာလီ ပြောခဲ့တဲ့ အထက်ပါ သုတေသနစစ်တမ်းအရ စင်ကာပူမျိုးဆက်သစ်တွေက မျှော်လင့်ချက် ပိုရှိကြတယ်လို့ ဆိုလိုပါသလား။

ဖြေ ။ ။ မင်း ဒါကို ယုံကြည်သလား။

မေး ။ ။ သူတို့ဖြေခဲ့တဲ့ (နိုင်ငံရေးဆန်ဆန်) ပါးပါးနပ်နပ် အဖြေကို အခြေခံပြီး မစ္စတာလီ ကိုယ်တိုင် စတင်ခဲ့တဲ့ လူမျိုးပေါင်းစုံ ပါဝင်ရေး အယူအဆက လူထုကို အားတက်သရော ရှိစေမယ်လို့ မစ္စတာလီ မျှော်လင့်ထားပါလား။

ဖြေ ။ ။ မင်းတို့ရော၊ ငါရော ဒီကိစ္စကို သဘောပေါက်တယ်။ ချမှတ်ထားတဲ့ မူဝါဒတွေကို အခြေခံပြီး ငါတို့က တစ်ခုခုကို ပြောကြရတာပဲ။ ဒါကို တကယ်တမ်း ရွေးချယ်ပြီး ကျင့်သုံးရာမှာတော့ ပြဿနာက တစ်ခုမဟုတ်တစ်ခု ရှိနေတတ်တယ်။ ဒါက မလွယ်လှဘူး။

မေး ။ ။ ဂျေ၊ ဘီ ယေရတနမ် ဆိုရင် တစ်သီးပုဂ္ဂလအနေနဲ့ ရွေးကောက်ပွဲဝင်ပြိုင်ပြီး နိုင်လည်း နိုင်သွားတယ်။ ပီအေပီပါတီထဲက လူနည်းစုကိုယ်စားလှယ်တွေလည်း ဒီလိုဝင်ပြိုင်၊ နိုင်နိုင်တာပဲလို့ လူထုက ပြောလာနိုင်တာပေါ့။

ဖြေ ။ ။ မင်း မှတ်မိလောက်တဲ့အရွယ် ရောက်ပြီလားဆိုတာ မသိဘူး။ ဘာဖြစ်လို့ ငါတို့ စနစ်ပြောင်းခဲ့ရတယ် ထင်သလဲ။ အရင့်အရင်နှစ်တွေတုန်းက ဘယ်သူဝင်ပြိုင်တာပဲဖြစ်ဖြစ် ပီအေပီရဲ့ကိုယ်စားလှယ်ဆိုရင် လူထု မဲပေးလိုက်ကြတာ။ ကြာလာတော့

www.burmeseclassic.com

www.burmeseclassic.com



မဲပေးသူတွေက ပါးနပ်လာကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပီအေပီ အစိုးရပဲ အနိုင်ရမှာပဲ။ ဒီတော့ ငါတို့နဲ့ လူမျိုးတူတဲ့ အမတ်လောင်းကို မဲပေးတော့မယ်ဆိုတဲ့ အတွေးဝင်လာကြတယ်။ ဒါကို ငါ သဘောပေါက်မိတယ်။ ငါတို့ ဒုက္ခရောက်သွားနိုင်တယ်ဆိုတာကိုလည်း သတိထားမိတယ်။ ဆိုလိုတာက မလေးလူမျိုးအမတ်လောင်းတွေနဲ့ ပတ်သက်ပြီး ငါတို့ ပြဿနာကြုံခဲ့ရဖူးတယ်။ နာမည်တွေတော့ ပြောမနေတော့ဘူး။ ဒီတော့ နောက်ဆုံးမိနစ်ရောက်မှပဲ မဲဆန္ဒပြောင်းပေးရတယ်။ သူက ပြိုင်ဘက်တရုတ်အမတ်လောင်းတွေကို မယှဉ်နိုင်ဘူး။ တရုတ်တွေက သူ့ကို မဲပေးမှာ မဟုတ်ဘူး။ ဒါကြောင့် သူ့ကို ပထမ မဲဆန္ဒနယ်ပြောင်းပေးရတယ်။ နောက်ပြီးတော့ သူ့ကို ခေါက်ကို ခေါက်ထားရတော့တယ်။

ဒီနေ့ အခြေအနေ အတော်ကောင်းလာလို့ အရည်အချင်းရှိတဲ့ မလေးကိုယ်စားလှယ်တွေ နိုင်ငံရေးထဲ ငါတို့ သွင်းလာနိုင်တယ်။ အဲဒီ မလေးတွေက အတိုက်အခံပါတီကို ပြောင်းလိမ့်မယ်လို့ မင်းတို့ ထင်သလား။ ငါတို့ မထင်ဘူး။ ပီအေပီမှာ အတူပူးပေါင်းလို့ ရနေသေးသရွေ့ပေါ့။ မဟုတ်ဘူးလား။ ဒါကြောင့် မလေး လူတော်တွေရအောင် ငါတို့ အသည်းအသန်ရှာယူကြရတယ်။ ကက်ဘိနက်ထဲမှာ သူတို့ကို ပါနေစေချင်တယ်။

မေး ။ ။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားပြီးတဲ့နောက် အာရှတန်ဖိုး၊ ဒီမိုကရေစီတန်ဖိုး အငြင်းပွားမှုတွေထဲ မစ္စတာလီလည်း ပါခဲ့တယ်နော်။



ဖြေ ။ ။ ဟုတ်တယ်။ သူ့ဘို့က သူတို့သတ်မှတ်ထားတဲ့ ဒီမိုကရေစီ"စံ"အတိုင်း မကျင့်သုံးလို့ဆိုပြီး တို့ကို လာနှိပ်ကွပ်တယ်။ သူတို့ဒီမိုကရေစီဆိုတာ အမေရိကရဲ့ လစ်ဘရယ်ဒီမိုကရေစီပေါ့။ ဒါကြောင့် ဒီမိုကရေစီဆိုတာ ပုံသဏ္ဍာန်အမျိုးမျိုးရှိတယ်။ တို့နဲ့ကိုက်ညီတဲ့ ဒီမိုကရေစီကို တို့ ကျင့်သုံးတယ်လို့ ငါပြန်ပြောခဲ့တယ်။ ငါက ကွန်ဖြူးရှပ်ဝါဒ လူ့အဖွဲ့အစည်းတွေအကြောင်း ပြောခဲ့တယ်။ အိန္ဒိယမှာ လူတိုင်းကို ဝေဖန်လို့ရတယ်။ သူတို့ သတင်းစာတွေကို ဖတ်ကြည့်။ အမြဲတမ်း ငြင်းခုံနေတာကိုတွေ့ရလိမ့်မယ်။ အိန္ဒိယန်းနှစ်ယောက် တရားရုံးကို ရောက်ပြီဆိုရင် အဲဒီအမှုဟာ တော်တော်နဲ့ မပြီးတော့ဘူး။ အဲဒါ သူတို့ခလေ့ထုံးစံပဲ။ တရုတ်နှစ်ယောက် အမှုဖြစ်တယ်ဆိုရင် တစ်ပတ်အတွင်း အဲဒီအမှု ပြီးသွားတယ်။ တရုတ်ပြည်မှာ ခေါင်းဆောင်ကို ရိုသေ့သေ့လုပ်တယ်။ ဒါကို ခေါင်းဆောင်က သည်းခံတယ်။ ဒါဆို အဲဒီ ခေါင်းဆောင်က မစွဲလို့ပဲ။

ငါကိုယ်တိုင်က ကွန်ဖြူးရှပ်ဝါဒနဲ့ လေ့ကျင့်ယူထားတာ မဟုတ်ဘူး။ ကွန်ဖြူးရှပ်ဝါဒကို ခပ်ပါးပါးတော့ မွေးစားခဲ့တယ်။ ကိုယ့်ထက်ကြီးသူတွေကို လေးစားရမယ်။ မိသားစုကို သစ္စာရှိရမယ်။ မိတ်ဆွေအပေါ် မပြုမူသင့်တဲ့ အရာတွေကို မလုပ်ရ၊ မပြုမူရဘူး။ အစိုးရ (သို့) ဘုရင်ကို မစော်ကားရဘူး။ ဒါတွေကို ငါ သဘောပေါက်တယ်။ ငါဟာ တရုတ်လူမျိုးဆိုတာကို အခြေခံပြီး သူတို့က ငါ့ကိုစွပ်စွဲကြတယ်။ ငါ့ကိုယ်ငါ မကာကွယ်ရင် ငါ သိက္ခာကျသွားမှာပေါ့။ ဒီကိစ္စကို အပြစ်ပြောနေတာ ဘယ်သူတွေထင်လို့လဲ။ အဲဒါ အနောက်မီဒီယာနဲ့ ချီဆွန်ဂျမ်းလိုလူတွေ

www.burmeseclassic.com

www.burmeseclassic.com



(စင်ကာပူ ဒီမိုကရက်တစ်ပါတီရဲ့ အထွေထွေအတွင်းရေးမှူး ချုပ်)။ သူက ဒါတွေကို ဘာလို့ ထောက်ပြပြီး အပြစ်တင်နေရ တာလဲ။ မှုသားမပါဘဲ ငါတို့ကို ဖြိုခွဲလို့ မရလို့။ သူ့ကို ငါတို့က စွပ်စွဲမယ်ဆိုရင် ဒါကို ငါတို့က လက်ကိုင်ထားမှာ။ ငါက မင်း ဟာ ပညာတတ်ယောင် ဆောင်ထားတဲ့ကောင်၊ လူလိမ် လူညာလို့ ပြောမယ်။ ဒီအတွက် ငါနဲ့ တရားတွေ့မယ်ဆိုရင် ငါ့မှာ သက်သေ ပြစရာရှိတယ်။ သူ ငါတို့ကို တရားမစွဲရဲဘူး။ တရားစွဲရင် တရားရုံးကိုရောက်မယ်။ သူဟာ ပညာတတ်ယောင်ဆောင်ထား တဲ့ လူညာဆိုတာ ငါတို့က ဖွင့်ချလိုက်မှာ။

**မေး ။ ။ အတိုက်အခံပါတီအကြောင်း စပ်မိရင် တစ်ခု လောက် မေးပါရစေ။ တစ်နိုင်ငံ နှစ်ပါတီစနစ်ကို ကျင့်သုံးဖို့ မစ္စတာလီ ဘာဖြစ်လို့ လက်တွန့်နေတာလဲ။ နှစ်ပါတီရှိနေဖို့ လိုပြီလို့ မထင်ဘူးလား။**

ဖြေ ။ ။ လက်ရှိအစိုးရကို ကျော်တက်ဖို့ အတိုက်အခံပါတီ လိုတယ်ဆိုတဲ့ အနောက်တိုင်းပညာရှင်တွေရဲ့ အမြင်ကို မင်းက စွဲနေတာကိုး။ ဒီအစိုးရကို ဖြုတ်ချဖို့ အတိုက်အခံပါတီမှာ လူ တော်လူကောင်း အလုံအလောက် မရှိဘူး။ ဒါက ရှင်းနေတာပဲ။ လက်ရှိအစိုးရကို ဆက်ထိန်းထားဖို့ လူတော်တွေ တစိုက်မတ် မတ် ရှာနေတာတောင် အလုံအလောက် မတွေ့ဘူး။ ငါကပြော တယ်။ 'လုပ်ပါ၊ အတိုက်အခံပါတီ ထောင်ပါ။ ကိုယ်နိုင်မယ် ထင်တဲ့ မဲဆန္ဒနယ်တွေကို ဆင်းပြီး စည်းရုံးကြပါ'လို့။ မင်းတို့ ပေးပို့ထားတဲ့ မေးခွန်းကို ဝန်ကြီးတွေဆီလည်း ပို့ပေးတယ်။ ကွန့်မင့်ပေးချင် ပေးရအောင်လို့။



**မေး ။ ။ ဝေဖန်မှုတွေကြောင့်ပဲ လွတ်လပ်တဲ့ ရွေးကောက်ပွဲ ကော်မရှင်တော့ ပေါ်ပေါက်လာခဲ့ရတယ် မဟုတ်လား။**

ဖြေ ။ ။ ဗြိတိန်မှာ လွတ်လပ်တဲ့ ရွေးကောက်ပွဲကော်မရှင်လို့ နယ်စည်းခြားထားတာမျိုး မရှိဘူး။ ငါတို့ရော၊ မလေးရှားပါ ဒါကို လက်ခံကျင့်သုံးကြတယ်။ ငါတို့လိုချင်တာက လွှတ်တော် အမတ်တွေ ပိုများလာဖို့ပဲ။ ဒါမှ ပါလီမန်ထဲမှာ လူနည်းစုကို ကိုယ်စားပြုတဲ့ လွှတ်တော်အမတ်တွေ ပါလာမှာ။ လက်ရှိအခြေ အနေက မဲဆန္ဒရှင်တွေက လူနည်းစုကို ကိုယ်စားပြုတဲ့ ပီအေပီ ကိုယ်စားလှယ်တွေကို မဲမပေးကြတော့ဘူး။ သူတို့ပြောနေကြတာ က 'ငါတို့စကားကို နားလည်မယ့် တရုတ်၊ တရုတ်ဒိုင်ယာလက် စကားပြောတတ်တဲ့ ကိုယ်စားလှယ်ကိုပဲ မဲပေးတော့မယ်'တဲ့။ ရွေးကောက်ပွဲကော်မရှင်က ဒီပြဿနာကို မဖြေရှင်းနိုင်ဘူး။ ဒါကို ဥပဒေနဲ့အညီ ဘယ်လိုလုပ်မလဲ။ ဒါက အရေးကြီးတယ်။

လက်ရှိအခြေအနေအရ လုံးဝမပြိုကွဲဘူး ထင်ရတဲ့ ပီအေပီ ကို ဘယ်နည်းနဲ့ ဖြိုခွဲရမလဲဆိုတာ သူတို့ နည်းပေါင်းစုံ အကြံ ထုတ်နေကြတယ်။ သတင်းနဲ့ ပုံနှိပ်ထုတ်ဝေရေးကို ဖွင့်လှစ်၊ NTUC ကို ဖျက်သိမ်း၊ အစိုးရနှစ်ခုအကြား အဆက်အစပ် လုံးဝမရှိစေရ။ ဒါဆိုရင်တော့ စင်ကာပူကို အားကောင်းမောင်း သန်ဖြစ်စေခဲ့တဲ့ အခြေခံအချက်တွေကို ဖျက်သိမ်းလိုက်တာပဲ။ ဒီအစိုးရဆီက ဘယ်သူပဲ လက်လွှဲယူယူ ဒီအခြေခံအချက်တွေကို ဆက်လက်ကျင့်သုံးဖို့ လိုတယ်။ နောက်လာမယ့် ရွေးကောက်ပွဲ မှာတော့ ဒီတာဝန်တွေကို ကောင်းကောင်းယူနိုင်တဲ့ အတိုက်အခံ အစိုးရ မတွေ့သေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



မေး ။ ။ လာမယ့်ရွေးကောက်ပွဲတင်လား။ ဒါမှမဟုတ် လာမယ့်ရွေးကောက်ပွဲတွေမှာလား။

ဖြေ ။ ။ ဒါက လူငယ်ပိုင်းဝန်ကြီးတွေရဲ့အမြင်။

'လတ်တလော ရွေးကောက်ပွဲများတွင် မဲဆန္ဒနယ် တော်တော်များများမှာ ယှဉ်ပြိုင်အရွေးခံမည့် ကိုယ်စားလှယ် မပေါ်ပေါက်ခဲ့သဖြင့် ပီအေပီကသာ အများစု ယှဉ်ပြိုင်မည့်သူမရှိ အနိုင်ရခဲ့သည်။ ဤပုံစံအတိုင်း အမြဲဖြစ်နေမည်ဟု ယူဆ၍မရ။ နောင်တွင် အတိုက်အခံကိုယ်စားလှယ်များ ပိုများလာစရာရှိသည့်။ အထူးသဖြင့် GRC (အခြေခံလူတန်းစားအဖွဲ့အစည်း)များတွင် ဖြစ်ပြီး ကံစမ်းသည့်သဘောဖြင့် ဝင်ရောက်ယှဉ်ပြိုင်သူများ များလာနိုင်သည်။ သို့သော် အတိုက်အခံပါတီ အားကောင်းလာပြီး ပီအေပီ ကျရှုံးခဲ့သော်... ဆိုသော အယူအဆဖြင့် လိုရမယ်ရ ခြေကုတ်ယူထားခြင်း အစီအစဉ်များဖြင့် အလုပ်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ မယုံကြည်။ ထို့အပြင် ဤသို့ ပြုမူခြင်းသည် နိုင်ငံရေးကစားခြင်းသာလျှင်ဖြစ်ပြီး နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားရရှိရေးလမ်းစဉ်မှ လမ်းချော်သွားခြင်းကိုပင် ဖြစ်စေနိုင်သည်'။

ဒါက သူတို့လူငယ်တွေရဲ့အမြင်ပဲ။ ဒါက ငါ့အချိန်တုန်းက အနေအထားကနေ သိပ်မဝေးလှသေးဘူး။ ဒီနှစ်တွေထဲမှာ မသိမသာလေးပဲ ပြောင်းလဲခဲ့တာပါ။ သူတို့ ဒီစစ်စတန်အတိုင်း လုပ်နေကြ၊ ဒါနဲ့ အခြေခိုင်အောင် ကြိုးစားနေကြတာပါ။ မင်းမေးတဲ့ မေးခွန်းက သူတို့ကို မေးသင့်တယ်။

အနာဂတ်ဆိုတာနဲ့ ပတ်သက်လို့ ငါ့သက်တမ်းရှိတုန်းပဲ ငါဆုံးဖြတ်လို့ ရတယ်။ ငါ့သက်တမ်းဆိုတာ ငါ့နိုင်ငံရေးသက်



တမ်းကို ပြောတာပါ။ မင်းတို့အနေနဲ့ ယုံချင်ယုံ၊ မယုံချင်နေ။ ငါက ဒီနေ့ ဆုံးဖြတ်ချက်ချတဲ့ လူတစ်ယောက်တော့ မဟုတ်ဘူး။ ငါ့ဩဇာလွှမ်းမိုးမှုကတော့ ရှိနေမှာပေါ့။ သူတို့ ထပ်စဉ်းစားမိအောင်တော့ ငါ သတိပေးတယ်။ ဒါပေသည့် တကယ်တမ်းဆုံးဖြတ်ချက်ချတာကတော့ သူတို့ပဲ။ အကြောင်းကို ဒီလမ်းစဉ်ကို သူတို့ကိုယ်တိုင် ဆက်လျှောက်ပြီး အနာဂတ်အတွက် အမှန်တကယ် တာဝန်ရှိတာက သူတို့ဖြစ်နေလို့ပဲ။ ငါကိုယ်တိုင် အရင်လို မခံစားရတော့ဘူးလို့လည်း သူတို့ကို ပြောထားတယ်။ ဟိုတုန်းကဆိုရင် ကိုယ်စားလှယ်တွေဆီ သွားရုံတင် မဟုတ်ဘူး။ ဆောက်လုပ်ရေးဌာနတွေ၊ NTUC တွေအထိ ငါကိုယ်တိုင် အရောက်သွားပြီး သူတို့နဲ့ စကားပြောတာ။ နေရာတိုင်းမှာ ငါပါတယ်။ ဒီတော့ အခြေခံလူတန်းစားတွေရဲ့ ခံစားနေရတာကိုလည်း နားလည်နိုင်တယ်။

မေး ။ ။ အခုအထိ နိုင်ငံရေးနဲ့ အဆက်မပြတ်ဘဲ ရှိနေအောင် ဘယ်လို နေထိုင်ခဲ့သလဲ။

ဖြေ ။ ။ NTUC က လူတွေနဲ့ တစ်နှစ်တစ်ခါ ဆန်းတက်စီးတီးမှာ တွေ့ဆုံပြီး စကားပြောတယ်။ လူနှစ်ထောင်လောက်နဲ့ပေါ့။ မတူဘူး။ လူနည်းစုတွေနဲ့ ပြောဖို့လိုတယ်။ တစ်ယောက်ချင်းဆို ပိုကောင်းတယ်။ ဒီတော့ သူတို့က သူတို့ပြဿနာတွေကို ဖွင့်ပြောကြတယ်။ NTUC ရယ်၊ အောက်ခြေလုပ်သားခေါင်းဆောင်တွေရယ်နဲ့ လူတိုင်း မဆက်ဆံတတ်ဘူး။ သူတို့နဲ့ ယှဉ်ရတဲ့ အမတ်တွေရွေးပြီး လွှတ်ရတယ်။ ဥပမာ ...ဘွန်ပယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သူတို့သဘောကျတယ်။ ယုံလည်း ယုံကြည်ကြတယ်။ လင်ဆွီဆေးကတော့ အဲဒါကကို သူ့ရဲ့ပင်ရင်းစရိုက်ပဲ။ သူတို့နေရာကနေ ခံစားပေးတယ်။ သူတို့နေရာက ဝင်တွေးပေးတယ်။ သူ့အမြင်ကို ကက်ဘိနက်ဆီ ယူလာတယ်။ ဒါတွေက ငါတို့ဆုံးဖြတ်ချက်ချရာမှာ အများကြီး အထောက်အကူပြုတယ်။

အလုပ်သမားလူတန်းစားကို အစိုးရက အမြဲတမ်းသယ်ပိုးမထားနိုင်ဘူး။ အခြေအနေ သိပ်ဆိုးနေတဲ့အခါ ဒါမှမဟုတ် အခြေအနေ သိပ်ကောင်းနေတဲ့ အခါတွေမှာ ဒါမျိုးလုပ်ပေးလို့ရတယ်။ အကျပ်အတည်းကြားထဲမှာဆိုရင် NTUC ကို စနစ်တကျ ဆွေးနွေးအကြံပေးကြတယ်။ တို့ ကြိုးစားလုပ်ပေးနေတယ်ဆိုတာ သူတို့လည်း သဘောပေါက်ကြတယ်။ အစိုးရနဲ့ NTUC ဆက်ဆံရေးက ရင့်ကျက်နေမှ ရတယ်။ သူတို့အတွက်လည်း အကျိုးအမြတ် ရှိနေရစေမယ်။ အလားတူပဲ အားလုံးလည်း အကျိုးအမြတ် ရနေစေရမယ်။ ငါတို့က အကောင်းစားပစ္စည်းတွေကို ဝေပေးနေတယ်လို့ သူတို့က ပြောကြတယ်။

ရွေးကောက်ပွဲ နီးလာပြီဆိုရင် လူထုရဲ့နှလုံးသားကို ဖမ်းစားဖို့ အစိုးရတိုင်း ဒါမျိုးလုပ်ကြတာပဲ။ ငါတို့က အစောကြီးကြိုမလုပ်ဘူး။ အစောကြီး ကြိုလုပ်ရင် သူတို့က မေ့ပစ်လိုက်ကြတာ။ သူတို့အတွက် ပိုမိုကောင်းမွန်တဲ့ဘဝ၊ သူတို့ကလေးတွေတွက် ပိုတောက်ပတဲ့ အနာဂတ်ကို ငါတို့က ဖန်တီးမပေးနိုင်ဘူးဆိုရင် တို့ကို ထောက်ခံဖို့ ငါတို့က စည်းရုံးတောင် မနေဘူး။ ဒါက ရှင်းနေတာပဲ။



အခု မင်းတို့မေးတဲ့ မေးခွန်းတွေကို လူငယ်ပိုင်းအမတ်တွေကိုလည်း မေးကြပါ။ ဒါက သူတို့ရင်ဆိုင်ရမယ့် အနာဂတ်ပဲ။ သူတို့ဆုံးဖြတ်ကြလိမ့်မယ်။ ငါက အချိန်မရွေး သေနိုင်တယ်။ ငါ့တာဝန်တွေလည်း ကုန်ခဲ့ပြီ။ ငါ့အလုပ်က လက်ရှိအဖွဲ့ကို အားပေးနေဖို့ပဲ။ ဒါကလည်း စင်္ကာပူအတွက် အကျိုးအမြတ်ရဖို့ ဒါပဲ။

မေး ။ ။ မစ္စတာလီက စာရေးထားကြဦး။ ထပ်ပြီး စဉ်းစားကြဦးလို့ ဝန်ကြီးတွေကို ပြောခဲ့တယ်ဆိုတာ ဘယ်လိုကိစ္စမျိုးတွေမှာလဲ။

ဖြေ ။ ။ ဒီလို မဟုတ်ဘူး။ ငါပြောတာက ဒါတွေတော့ ဖြစ်နိုင်ချေရှိတယ်။ မင်းတို့ကို အကျပ်ရိုက်စေနိုင်၊ လမ်းချော်သွားစေနိုင်တဲ့ ဒီလိုအခက်အခဲတွေ မမျှော်လင့်ဘဲ ရှိလာနိုင်တယ်။ ဒါတွေအတွက်လည်း ပြင်ဆင်ထားသင့်တယ် ဆိုတာလောက်ပါ။

မေး ။ ။ လမ်းချော်သွားနိုင်တယ် ဆိုတာ ဘယ်လိုဟာမျိုးတွေပါလိမ့်။

ဖြေ ။ ။ ငါ့အလုပ်က လူငယ်အမတ်တွေကို ကူညီပေးဖို့ပဲ။ ငါက သိပ်အရေးမကြီးတော့ဘူး။ အမတ်တွေ ရွေးရာမှာတော့ ငါ နည်းနည်းပါတယ်။ ဝန်ကြီးချုပ်တွေ ဖြစ်ခဲ့ကြတဲ့ ဂိုချောက်တောင်နဲ့ လီရှန်လွန်းတို့က ဝန်ကြီးတွေ ရွေးချယ်ရာမှာတော့ ငါ လုံးဝမပါတော့ဘူး။ သူတို့ပဲ ဆုံးဖြတ်တယ်။ တကယ်တမ်းပြောရရင် အခြေအနေ တော်တော်များများမှာ ငါဝင်ပြောခဲ့တာတွေ ရှိတယ်ကွ။ ဒီလူကိုတော့ ဝန်ကြီး မရွေးသင့်ဘူး။ သူဟာ

www.burmeseclassic.com

www.burmeseclassic.com



တန်းမမီဘူး ဆိုတာမျိုးတွေပေါ့။ ငါပြောပေမယ့် သူတို့ဘာသာ သူတို့ ဆက်လုပ်တာတွေ ရှိတယ်။ တချို့က ကာရိုက်တာ မခိုင်ဘူး။ အမျိုးသမီးတစ်ယောက်ဆိုရင် ငါးစိမ်းသည်ဆီသွားပြီး လက်ဆွဲနှုတ်ဆက်တယ်။ ပြီးတော့ ချက်ချင်းလက်ဆေးတယ်။ စည်းရုံးရေးဆင်းပြီဆိုရင် စားသောက်ဆိုင်တွေ (hawkercenlres)ကိုလည်း သွားရတယ်။ လက်ဆွဲနှုတ်ဆက်ရတယ်။ တစ်နေ့တာ ပြီးဆုံးပြီဆိုမှ ဆပ်ပြာနဲ့ လက်ဆေးပေါ့ကွာ။ မဟုတ်ဘူးလား။ လူထုရှေ့မှာ ဒီလိုမှ လိုက်လျောညီထွေ မရှိနိုင်ရင် လူထုကို စာနာပါတယ်၊ နားလည်ပါတယ်လို့ ဘယ်လိုပြလို့ ရပါတော့မလဲ။

**မေး ။ ။ ဒီစစ်စတန်ကြီး တစ်ခုလုံးကို တည်ဆောက်ခဲ့သူ တစ်ယောက်အနေနဲ့ ဝန်ကြီးတွေကို အားနည်းချက်အနေနဲ့ ထောက်ပြထားခဲ့ချင်တဲ့ အချက်တွေများ မရှိဘူးလား။ ရှိရင်ဘာတွေလဲ။**

ဖြေ ။ ။ အားနည်းချက်က လူတော်တွေ နိုင်ငံရေးထဲ ဝင်လိုစိတ် မရှိတာပဲ။ နိုင်ငံခြားက ပညာရှင်တွေ ဝင်လာတာရှိတယ်။ ဒါပေမဲ့ စီးပွားရေးတစ်ခုလုံးကို ကောင်းကောင်းလည်ပတ်နိုင်ဖို့ကတော့ လူတော်တွေ လိုနေတုန်းပဲ။ အဖွဲ့တစ်ဖွဲ့မှာ လူတော်တစ်ထောင်လောက် ရှိမယ်။ သူတို့ကို စီမံခန့်ခွဲရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေးနဲ့ အခြားပညာရှင်တွေရဲ့ အလုပ်တွေဆီဖြန့်ပြီး လွှတ်လိုက်နိုင်တယ်။ ဒီလိုဖြန့်ပွားနှုန်းက တော်တော် နည်းနေတယ်။ ဒီအတွက် ဘာတွေလိုမလဲ။ တစ်က သဟာဓာတဖြစ်မှု၊ နှစ်က တာဝန်ကျေမှု၊ သုံးက စွမ်းဆောင်ရမည်ရှိမှုနဲ့ လေးက



လူထုနဲ့ တစ်သားတည်းဖြစ်ပြီး လူထုကိုပါ အပါခေါ်နိုင်မှု၊ နံပါတ်လေးက အရေးအကြီးဆုံးပဲ။

ဆရာဝန်တွေ နိုင်ငံရေးထဲ ဆွဲသွင်းရတာတွေ ရှိတယ်။ ဥပမာ… ဒေါက်တာ Janil puthucheary, Duke တက္ကသိုလ် ပါမောက္ခက ပြောတယ်။ 'ဒီလူကို ဆေးကောလိပ်ရဲ့ ဌာနမှူးတစ်ယောက်အနေနဲ့ ကျွန်တော် မြင်ထားခဲ့တာ'တဲ့။ ဆေးပညာရပ်အနေနဲ့ ပတ်သက်ပြီး အိုင်ယာလန်၊ အင်္ဂလန်၊ ဩစတြေးလျမှာ (၁၅)နှစ်ကြာအောင် သူ အလုပ်လုပ်ခဲ့ပြီးပြီ။ တော်တော်တော်တဲ့လူပဲ။ အခု သူ (မိခင်နဲ့ကလေးစောင့်ရှောက်ရေး)ဆေးရုံမှာ လုပ်နေတယ်။ တို့ သူ့ကိုဆွဲထုတ်ယူရမလား။ Balaji (ဗလကြီး)ကို တို့ဆွဲထုတ်ကြည့်တယ်။ သူ သိပ်မလိုက်နိုင်ဘူး။ ဒါပေမဲ့ သူ ဆက်ကြိုးစားမယ်လို့ ပြောတယ်။ ပြီးတော့ အန် အိန်ဟန်ကို ဆွဲထုတ်တယ်။ ဗိဗိယံ ဗလာဘရစ်ရှနန်ကို ဆွဲထုတ်တယ်။ သူတို့ အောင်မြင်တယ်။ ဒါပေမယ့် ဒါဟာ ဆုံးရှုံးမှုပဲ။ သူတို့ဟာ ကင်ဆာနဲ့ မျက်စိခွဲစိတ်ကု ဆရာတွေအဖြစ် နှစ်ပေါင်းများစွာ လေ့လာခဲ့ရတာ။ အစောကြီးကတည်းက စီးပွားရေးနဲ့ စီမံကဏ္ဍထဲကိုရောက်ရင် ဒီထက်အများကြီး သာနိုင်တယ်။

လာမယ့် (၁၅)နှစ်၊ အနှစ်(၂၀)ကိုကြည့်။ အသက်ကြီးရွယ်အိုပြဿနာ ရှိတယ်လေ။ ဒါက အရေးကြီးတဲ့ ပြဿနာပဲ။ စီးပွားရေးသာ အားကိုးမနေဘူးဆိုရင် ဒီတာဝန်ကြီးက အလုပ်လုပ်နေတဲ့ စင်ကာပူရီးယန်းတွေရဲ့ ပခုံးပေါ်မှာ သိပ်ပြီး လေးလံနေမယ်။ ဒါဆိုရင် လူတော်တွေက တခြားနိုင်ငံကို ထွက်သွားကြမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို အတိုက်အခံပါတီက စင်ကာပူမှာ ရွေးစရာမရှိတော့ဘူးလို့ ပြောမှာပဲ။ လူသားအရင်းအမြစ်မှာ အမေရိက၊ ဩစတေးလျတို့ရှိတဲ့ အချိုးလောက်တို့မှာ မရှိဘူး။

**မေး ။ ။ ဆိုလိုတာက ဘယ်အတိုက်အခံကမှ အခြားရွေးချယ်စရာတစ်ခုအဖြစ် ဖန်တီးမပေးနိုင်ဘူး ဆိုတာလား။**

ဖြေ ။ ။ ရှိကော ရှိနိုင်ရဲ့လား။ ငါတော့ မမြင်မိဘူး။ ဖြစ်နိုင်တာက ပီအေပီ နှစ်ခြမ်းကွဲသွားတာပဲ။ အကျိုးရှိနိုင်မလား။ တစ်ပါတီ၊ ရွေးကောက်ပွဲနှစ်ခုအပြိုင်။ ဒီတော့ ဘာဖြစ်မလဲ။ အတိုက်အခံက ပြန်ဝင်လာမှာပေါ့။ အတိုက်အခံ ပါတီထဲမှာ ဘေးထွက်တော့ ထိုင်မနေဘူး။ ပီအေပီတစ်ခြမ်းထဲကို ဝင်လိုက်မယ်။ အဓိပ္ပာယ်လုံးဝမရှိဘူး။ တို့မှာ အရည်အချင်းရှိတဲ့လူ အဲသလောက်မများဘူး။

**မေး ။ ။ လုံးဝမပြောင်းလဲသင့်တဲ့ နိုင်ငံရေးမူဝါဒတွေက ဘာတွေလို့ ထင်ပါသလဲ။**

ဖြေ ။ ။ အခြေခံအကျဆုံးတွေကတော့ လူမျိုးပေါင်းစုံ ညီညွတ်စွာနေထိုင်ရေး(Multiracialism) အခွင့်အရေး တန်းတူညီမျှရှိရေး။ ဒါပေမဲ့ အကျိုးအမြတ်ကတော့ မတူနိုင်ဘူးပေါ့။ ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာပိုင်ဆိုင်မှုမှာ အခွင့်အရေး အညီအမျှရှိရေး စတာတွေပဲ။ ပြီးတော့ လုပ်ရည်ကိုင်ရည်အပေါ်မှာ ဆုံးဖြတ်တဲ့ meritocracy ။ ဒါတွေဟာ အပြန်အလှန်ဆက်ဆံရေး သဟဇာတဖြစ်မှုနဲ့ ယုံကြည်မှု ဘာသာအချင်းချင်း နားလည်သည်းခံနိုင်မှုတွေရဲ့ အဓိကအချက်တွေပါပဲ။



**မေး ။ ။ အမြဲတမ်း အထွတ်အမြတ် တင်ထားရမယ့် တန်ဖိုးတွေရော ရှိနိုင်မလား။**

ဖြေ ။ ။ လူနည်းစုရဲ့ကိုယ်စားလှယ်တွေ မွေးယူရတယ်။ ဒီအတွက် နည်းလမ်းနှစ်မျိုး သုံးနိုင်တယ်။ ကိုတာနဲ့ ကိုယ်စားလှယ်တွေ ရွေးချယ်ခြင်းပေါ့။ ဒါဆိုရင် မလေးတွေရဲ့ စရိုက်နဲ့ အခွင့်အရေးကို ပါတီတွေ ကျင့်သုံးလာဖို့ အားပေးသလို ဖြစ်လာမယ်။ ဒါမှမဟုတ် သူတို့ကို ပါတီပြောင်းခွင့်ပြုဖို့။ ဒါက ပိုပြီး ပညာပါတယ်လို့ ငါထင်တယ်။ မလေးရှားမှာဆိုရင် မလေးလူမျိုးတွေရဲ့ မဲတွေပိုရဖို့ တရုတ်နဲ့ အိန္ဒိယလူမျိုးတွေထက် မလေးဦးရေတွေ ပိုများအောင် လုပ်တယ်။ လုပ်နည်းက တရားမဝင်နေထိုင်တဲ့ မလေးတွေကို တရားဝင်ဖြစ်အောင် လုပ်ပေးတာပဲ။ အဲသလိုဆိုရင် မလေးရှားထဲက ထွက်သွားတဲ့ တရုတ်၊ အိန္ဒိယန်းတွေက ဘယ်တော့မှ ပြန်မလာတော့ဘူး။

ဒီစနစ်ကို ငါတို့ မကျင့်သုံးဘူး။ လူတော်လူကောင်းများ အုပ်ချုပ်ရေး (meritocracy) ထွန်းကားဖို့ သေသေချာချာ ပြင်ဆင်ထားရတယ်။ ဒါကို ထိပါးလာနိုင်တဲ့ အခြေအနေမျိုးမှာ သမ္မတကဝင်ရောက်ထိန်းသိမ်းပေးဖို့လည်း ဗီတိုအာဏာ သမ္မတကို ပေးထားရတယ်။ ငါတို့မှာ ရွေးစရာ သိပ်မရှိဘူး။

အကြောင်းတစ်ခုကြောင့်ပဲဖြစ်ဖြစ်၊ အများကြီးကြောင့်ပဲဖြစ်ဖြစ် မဲဆန္ဒရှင်တွေက နောက်ထပ် ပါတီအသစ်ကို မဲပေးကြည့်ရအောင်ဆိုတာမျိုးလည်း ရှိလာနိုင်တယ် ဆိုတာကိုလည်း ထည့်သွင်းစဉ်းစားထားရတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးကို ထိခိုက်စေဘဲ တစ်နှစ်၊ နှစ်နှစ်၊ သုံးလေးနှစ် အတွင်းမှာ အတိုက်

www.burmeseclassic.com

www.burmeseclassic.com



အခံပါတီ ပေါ်ပေါက်လာမယ် ဆိုရင်လည်း တို့သဘောကတော့ ရှိစေပဲ။ ဒါပေမဲ့ ဒါက စီးပွားရေး ရင်းနှီးမြှုပ်နှံသူတွေကြား အသံဗလံတွေ ထွက်လာစရာတော့ ရှိတယ်။ အစိုးရအသစ်က ငါတို့ချမှတ်ထားတဲ့ မူဝါဒအသစ်ကနေ မသွေဖီဘူးဆိုရင်တောင် စီးပွားရေးအကျပ်အတည်းကြားက ငါတို့ လွတ်မြောက်လာသလို မျိုး လွတ်မြောက်ဖို့ မလွယ်ဘူးထင်တယ်။ ဒါက သတိကြီးကြီး ထားရတယ်။ စွမ်းနိုင်တဲ့ ပုဂ္ဂိုလ်တွေ စုဝေးပြီး ဆွေးနွေးမှ ရမယ်။ ပြဿနာကတော့ တက်နေပြီ။ ဒီပြဿနာ ဘယ်လောက်ကြာမယ် မသိဘူး။ ဒါဆို အရေးအကြီးဆုံးက ဘာလဲ။ အလုပ်ပဲ။ သူတို့ အလုပ်ရှိရင် လစာရှိနေမယ်။ ဒါဆို အဆင်ပြေတယ်။ ဒါဆိုရင် စင်ကာပူရိုးယန်းတွေ အလုပ်ရှိနေဖို့ ငါတို့ ဘာလုပ်ကြမလဲ။ ဒီအတွက် ဘေးဖယ်ထားတဲ့ ရန်ပုံငွေ ရှိတယ်။ အကျပ်အတည်း ကာလမှာ တို့က ဒီငွေတွေနဲ့ သူတို့ကို ထောက်ကန်ထားပေး တယ်။ လိုအပ်ရင် တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်အထိ ငါတို့ ကျား ကန်ပေးထားလို့ ရတယ်။ ဒီတာဝန်တွေကို လူမှုဝန်ထမ်းတွေ လုပ်တာလား။ မဟုတ်ဘူး။ ဝန်ကြီးတွေလုပ်တာ။ သူတို့က လူမှု ဝန်ထမ်းခေါင်းဆောင်တွေနဲ့ ဆွေးနွေးညှိနှိုင်းတယ်။ အလုပ်ဖြစ်မ လား။ ဒါက အလုပ်သမားတွေကို တာဝန်တွေ၊ စိတ်တွေ ပိုဖိစီး စေမလား။ ခဏနား၊ ထပ်စဉ်းစား။ ကွင်းဆင်းပြီး လက်တွေ့ စမ်းသပ်။ ပြီးတော့ သူတို့က ပြောတယ်။ ရပြီ။ စကြစို့။ ကောင်း ပြီ၊ မင်းတော့ အလုပ်ခဏနား၊ ထပ်ပြီး လေ့ကျင့်ရဦးမယ်။ လေ့ကျင့်ကုန်ကျစရိတ် တို့ကပေးမယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ ပိုတိုးတက်လာတဲ့ လုပ်အားစွမ်းရည်တွေ ရလိုက်တယ်။ သာမန်



အစိုးရက ဒါမျိုးလုပ်ပေးနိုင်မယ်လို့ ထင်သလား။ ငါတော့ မထင် မိဘူး။

မေး ॥ ॥ ဆိုလိုတာက စင်ကာပူမှာ ပီအေပီကလွဲရင် အခြား ခေါင်းဆောင် မရှိနိုင်တော့ဘူး။ ဒါကလည်း ပီအေပီက မူဝါဒ ကို သူတို့စိတ်ကြိုက် ရေးဆွဲထားလို့ မဟုတ်ဘူး။ အရည်အချင်း ရှိတဲ့ လူတွေ မလုံလောက်လို့။ ဒီလို ဆိုလိုတာလား။

ဖြေ ॥ ॥ ဟုတ်တယ်။ အရည်အချင်း မမီလို့။ အတိုက်အခံ ပါတီမှာ မေးခွန်းတွေ မေးတယ်။ မဲတော့ မပေးဘူး။ ဒါက ရုပ်လုံးပြသက်သက်ပါ။ သူတို့ ဒီအနေအထားမျိုး မရှိသေးဘူး။ ဆီဗီယာလင်း (Non-Constituency MP)က ဒါကို သဘောတူ တယ်။ အစိုးရတစ်ဖွဲ့အနေနဲ့ နိုင်ငံကို လည်ပတ်ဖို့ သူတို့ အဆင် သင့် မဖြစ်သေးဘူးတဲ့။

မေး ॥ ॥ မလေးရှားမှာဖြစ်ခဲ့တဲ့ နိုင်ငံရေးအပြောင်းအလဲကို နိုင်ငံတော်ပြုပြင်တည်ဆောက်ရေး အပြောင်းအလဲတစ်ခုအဖြစ် မစ္စတာလီ ပြောခဲ့တယ်နော်။ ဒီပြောင်းလဲမှုရဲ့ အကြောင်းတစ်ရပ် က လူငယ်ထုက အတိုက်အခံပါတီကို မဲပေးနေကြတာပဲ။ တစ် ကမ္ဘာလုံးမှာရှိတဲ့ လူငယ်ထုအားလုံးက အပြောင်းအလဲကို လို လားနေကြတယ်။ ဒီလိုအပြောင်းအလဲ စင်ကာပူမှ ဖြစ်လာဖို့ မမြင်မိဘူးလား။

ဖြေ ॥ ॥ စင်ကာပူမှာ ဘာအတွက် ပြောင်းလဲကြမှာလဲ။ အပြောင်းအလဲဆိုတာ အချိန်နဲ့ တပြေးညီ ရောက်လာတယ်။ ယုံကြည်စိတ်ချလောက်တဲ့ နောက်ထပ် ရွေးချယ်စရာ ရှိရင်တော့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပေါ့။ အနောက်က ပြန်ရောက်လာတဲ့ လူတွေရှိတယ်။ သူတို့စာတွေ ငါဖတ်ဖြစ်ပါတယ်။ သူတို့က ဆိုတယ် 'ဝန်ကြီးတွေကို ဒီလောက်အများကြီး လစာတွေ ပေးနေရတယ်လို့ အဓိပ္ပာယ် မရှိတာ' ဆိုတာမျိုးတွေ။ နောက်တော့ သူတို့လည်း ငြိမ်သွားကြတယ်။ ဘာကြောင့်လဲ။ ဒါတွေက ကိုယ်ရေးကိုယ်တာနဲ့ ဆိုင်နေတာတွေမို့ပဲ။ ဆိုပါတော့။ ဝန်ကြီးတစ်ယောက် သူ့မိသားစုကို စတေး၊ သူ့ဘဝကို စတေးပြီး နှစ်ပေါင်း(၂၀)ကြာအောင် အလုပ်လုပ်ပေးလိမ့်မယ်လို့ မျှော်လင့်လို့ ရမလား။ သူတို့ကိုယ်သူတို့ အနစ်နာခံတာက ဟုတ်တယ်။ သူတို့မှာ မိသားစုတွေ ရှိသေးတယ်။ မိသားစုကို ထောက်ပံ့ကြရဦးမယ်။ တို့လက်တွေ့ကျကျ စဉ်းစားရမယ်။ တို့ အခုနေနေတာက အရင်ကနဲ့ မတူဘူး။ ငါတို့မျိုးဆက်ကလို ဝန်ကြီးတွေ ဒီနေ့ ထပ်မွေးထုတ်လို့ မရနိုင်တော့ဘူး။

မေး ။ ။ တစ်ချိန်ချိန်မှာ လူထုက လက်ရှိအစိုးရကို ငြီးငွေ့လာမယ်လို့ စောစောပိုင်းက ပြောခဲ့တယ်နော်။ အဲဒါ ဘာကိုဆိုလိုတာပါလဲ။

ဖြေ ။ ။ လက်ရှိအစိုးရက အရည်အသွေး ကျသွားလို့ပဲဖြစ်ဖြစ်၊ အတိုက်အခံပါတီက တက်လာလို့ပဲဖြစ်ဖြစ် အစိုးရသစ်ကို စမ်းကြည့်ကြရအောင်လို့ လူထုက ပြောလာတဲ့အချိန်မျိုး ရောက်လာမယ်လေ။ ဂျပန်မှာဆိုရင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ၁၉၅၀ ပြည့်နှစ်ကစပြီး ရှိနေခဲ့တယ်။ ၁၉၅၅ ခု ကျော်တဲ့အထိ ခံမယ်လို့ ငါထင်ခဲ့တယ်။ ဒါပေမဲ့ သူတို့ တစ်စိတ်တစ်ပိုင်း



ပြိုကွဲသွားတယ်။ အဲဒါ အတွေးအခေါ်ဟောင်းတွေကို သူတို့ယူလာခဲ့ကြလို့။

ဘယ်စနစ်မှ ထာဝရမခံဘူး။ ဒါသေချာတယ်။ လာမည့် (၁၀)နှစ်၊ အနှစ်(၂၀)မှာ ဒါမျိုး စင်ကာပူမှာ ဖြစ်လိမ့်မယ်လို့ ငါတော့ မထင်ဘူး။ ကျော်သွားရင်တော့ ငါလည်း မပြောတတ်ဘူး။ အရည်အသွေးလည်းရှိ အနစ်နာလည်းခံ၊ လူထုနဲ့လည်း တစ်သားတည်းဖြစ်နေနိုင်တဲ့လူတွေ အမြဲတမ်းရှိနေနိုင်ပါ့မလား။ မျှော်တော့ မျှော်လင့်မိတယ်။ ဖြစ်/မဖြစ် မသိဘူး။

ငါ မြင်တာကတော့ ငါတို့မြေးတွေရဲ့ လက်ထက်မှာ အပြောင်းအလဲ ဖြစ်လိမ့်မယ်။ မျိုးဆက်တိုင်းမှာ တန်ဖိုးနဲ့ စိတ်ခံစားမှု ... ဓာတ်တွေပြောင်းလဲနေတယ်။ ငါ့အဘိုးလို၊ ငါ့ဦးလေးလို ငါတော့ တစ်သက်လုံး လူထုအလုပ်တွေ လုပ်မသွားနိုင်ပါဘူးဆိုတဲ့ အမြင်တွေ ရှိလာလိမ့်မယ်။ မဖြစ်နိုင်စရာ အကြောင်းမရှိဘူး။ အရာခပ်သိမ်းက ပြောင်းလဲနေတယ်။ ဒါဆို နောက်တစ်ယောက်ကို အခွင့်အရေး ပေးလိုက်ပေါ့။ ဒါဖြင့် အဲဒီနောက်တစ်ယောက်က ဘယ်သူလဲ။ အထက်က ပြောခဲ့သလို လူတော်တွေ တို့မှာရှိပြီလား။ သိပ်မရှိဘူး။

ဒါကြောင့် လာမယ့်နှစ်(၃၀)ရဲ့ အနာဂတ်ကို ငါမဖတ်တတ်ဘူး ပြောတာ။ ဆိုပါတော့ ဒီပါတီ ကွဲသွားတယ်။ တချို့ နိုင်ငံရေးကနေ ထွက်သွားမယ်။ တချို့ ပြန်ဝင်လာပြီး အစိုးရဝင်လုပ်တယ်။ ဒါမျိုး[illegible]ပေါ့။

မေး ။ ။ လူငယ်မျိုးဆက်သစ်တွေ နိုင်ငံရေးထဲကို ဝင်[illegible]ဖို့ မလိုဘူးလို့ သူတို့ကိုယ်သူတို့ ခံစားနေရတာဟာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့က စိတ်ကြိုက် သူတို့ကို ဒီလိုဖြစ်အောင် လေ့ကျင့်ထိန်းကျောင်း ပေးခဲ့လို့လား။ ဒါမှမဟုတ် တိုက်ဆိုင်မှုလား။

ဖြေ ။ ။ လူ့အဖွဲ့အစည်းတစ်ခုလုံးအနေနဲ့ ပြောင်းလဲတတ်တာ။ ဆိုပါတော့ ငါ့သားနဲ့ သမီးရဲ့ ကလေးတွေ လက်ထက်မှာ ဒါတွေဖြစ်လာမှာ။ ဟာဗတ်မှာနေရင်း ရင်းနှီးခဲ့တဲ့ Eloit က ဆရာကြီးပြောတာကို သတိရမိတယ်။ သုံးနှင်ပြည့်တိုင်း သူတို့ မျိုးဆက်သစ်တစ်ခု ရတယ်တဲ့။ စိတ်ဓာတ်တွေ ပြောင်းလဲတတ်တယ်တဲ့။ အမေရိက,ကတော့ အပြောင်းအလဲ မြန်တဲ့နေရာလေ။ စင်ကာပူမှာတော့ ဆယ်နှစ်တိုင်းမှာ မျိုးဆက်တစ်ဆက် ပြောင်းမယ်လို့ ဆိုရမယ်။

လူတွေက သူတို့ ကြုံတွေ့နေရတာကိုပဲ အခြေခံမှုနဲ့ သုံးသပ်ကြတာ။ နောက်ဆယ်နှစ် ဆိုပါတော့ကွာ။ မရှိနွာပရှော့ဂျက်လည်း ပြီးပြီ။ ဘာစီနီရေမြောင်းဆက်သွယ်ရေးတွေလည်း အားလုံးပြီးစီးနေပြီ။ အဲဒီအချိန်မှာ ဘွဲ့ရတဲ့ကလေးတွေက ဒါတွေဟာ သူတို့ရပိုင်ခွင့်လို့ ထင်နေကြပြီ။ ဘယ်လောက် ကြိုးစားခဲ့ရတယ် ဆိုတာ သူတို့ သဘောမပေါက်နိုင်တော့ဘူး။

မေး ။ ။ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ အကျင့်မပျက်တဲ့ အစိုးရ၊ လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ခြင်း စတဲ့ တန်ဖိုးတွေ စင်ကာပူမှာ ရှိနေပြီလို့ ဆိုရင် မရနိုင်ဘူးလား။

ဖြေ ။ ။ ဒါက ဘယ်လောက်နိုင်မာနေလို့လဲ။ အမေရိကကို ကြည့်။ သူတို့ စစ်ပွဲကြီးနှစ်ပွဲ ဝင်ခဲ့ရတယ်။ ပထမကမ္ဘာစစ်မှာ လူမည်းတွေက လူဖြူတွေရဲ့ ပစ္စည်းသယ်ပိုးသူတွေ၊ ဒုတိယ



ကမ္ဘာစစ်ပွဲမှာ လူဖြူ လူမည်း အတူလက်တွဲပြီး တိုက်ခဲ့ကြတယ်။ စစ်ပြီးတော့ အိမ်ပြန်ကြတယ်။ လူမည်းတွေက ဆင်းရဲသားဆင်ခြေဖုံးကို ပြန်ရောက်၊ လူဖြူတွေက မြို့ပြကြီးတွေမှာ ပြန်ရောက်။ ဒီအခြေအနေကနေ ဘယ်လောက်များ တိုးတက်လာနေလို့လဲ။

မေး ။ ။ လတ်တလော ပိုင်ငံရေးစနစ်ကို ကြည့်ပြီး နိုင်ငံရေးအားပြိုင်မှုအပေါ်မှာ ကျေနပ်အားရမှု ရှိပါသလား။

ဖြေ ။ ။ ပညာတတ်အုပ်စု တစ်ခုလောက် အတိုက်အခံအနေနဲ့ ရှိနေရင် ကျေနပ်စရာပါပဲ။ အခု တို့မှာ NMP အဖွဲ့ ရှိတယ်။ သူတို့ ပြောတာတွေက အတိုက်အခံပါတီ ပြောတာထက် ပိုအဓိပ္ပာယ်ရှိတယ်။ သူတို့နိုင်ငံရေးထဲ ဝင်လာမလား။ မဝင်ဘူး။ သူတို့က ခေါင်းရှိတယ်။ ဗဟုသုတရှိတယ်။ နိုင်ငံရေးလို ခရီးကြမ်းကို သူတို့မလျှောက်ဘူး။

မေး ။ ။ တော်တော်များများ ပြောကြတာကတော့ ပီအေပီက ခြိမ်းတာခြောက်တာ ခံကြရတယ်တဲ့။ ဖြို့ခွဲခံရမှာ စတာတွေကို သူတို့ ကြောက်ကြတာ။

ဖြေ ။ ။ မဟုတ်ပါဘူး။ မင်းကော ခြိမ်းခြောက်တာ ခံနေရလို့လား။

မေး ။ ။ ဒီမေးခွန်းကို မေးနေမှတော့ ကျွန်တော်ကိုယ်တိုင်တော့ ခြိမ်းတာခြောက်တာ မခံရဘူးပေါ့။ လူတွေရဲ့ အင်တာဗျူးတိုင်း သူတို့ကြောက်နေကြတယ် ဆိုတာကတော့ ထင်ရှားတဲ့သာဓကပဲ။ သူတို့ ဖွင့်ပြောကြတယ်။ ဒီအတွေးအခေါ်က ပညာရှင်တွေကြားထဲမှာတောင် စိမ့်ဝင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ ။ ။ ဒါကို ဘာလို့ ယုံနေရတာလဲ။ မိန်းမလျာအခွင့်အရေးမှာ ရှေ့ကရပ်လာတဲ့ ဆူကွန်ဟောင်(Seiw Kum Houng) ရှိတယ်။ သူ့ကို မခြောက်လှန့်ခဲ့ပါဘူး။ သူ အလုပ်သမားပါတီနဲ့ ပေါင်းမလား။ တို့ မတားပါဘူး။ သူတို့ကို လာစရင် တို့က သူ့ကိုပြန်ချမယ်။ ဒါက နိုင်ငံရေးပဲလေ။ မင်းက ဒါကို ခြိမ်းခြောက်တာလို့ ပြောချင်တာလား။ ကောင်းပြီ။ G.W. Bush ဆိုရင် ခြိမ်းခြောက်မှုတွေထဲက ထွက်လာတာပဲ။ ပထမ အယ်ဂိုး၊ ဒုတိယ ဂျွန်ကယ်ရီ။ ဂျွန်ကယ်ရီနဲ့ အယ်ဂိုးတို့က သူ့ထက် ခေါင်းပိုကောင်းတယ်။ ဒါပေမဲ့ ဘု(ရှ်)က ကားလ် ရုတ်ဗ် (Karl Rove) ဆိုတဲ့ အကြံပေးကောင်းရှိတယ်။ ဒါနဲ့ သူ တက်လာတာ။

(Karl Rove ဆိုတာ နိုင်ငံရေးသုတေသနပညာရှင်၊ သမ္မတ ဂျော့ဂျ်ဘုရှ်ရဲ့ ထိပ်တန်းအကြံပေးပါ)

မေး ။ ။ လူတွေ လက်ရှိအစိုးရကို ထောက်ခံနေတယ်။ လူတွေ လက်ရှိ အစိုးရကို မထောက်ခံတော့ဘူး။ ဒီအခြေအနေနှစ်ရပ်ကို အခြေခံပြီး မစွတာလီ ဘယ်လိုမြင်ပါသလဲ။

ဖြေ ။ ။ ဒါက ဘယ်အချိန်မှာ ဒီလိုဖြစ်လာမလဲ။ တဖြည်းဖြည်းချင်းပဲ ဖြစ်လာမလား၊ ချက်ချင်းကြီး ဖြစ်လာမလားဆိုတာနဲ့ ဆိုင်တယ်။ လက်ရှိ အစိုးရရဲ့ အရည်အသွေးတွေ ကျလာမယ်။ အတိုက်အခံအစိုးရရဲ့ အရည်အသွေးတွေလည်း တက်လာမယ်။ ဒါကို ပြည်သူလူထုက သဘောပေါက်တယ်။ ဒီလို တဖြည်းဖြည်းချင်း ဖြစ်လာရင် ပြောင်းလဲသင့်တဲ့ ပြောင်းလဲမှုမို့ ပြဿနာမရှိဘူး။ ဒီလိုမဟုတ်ဘဲ ရုတ်တရက်ကြီး ပြောင်းလဲမယ် ဆိုရင်တော့ နိုင်ငံလည်း ထိုးဆင်းသွားလိမ့်မယ်။



မေး ။ ။ ချက်ချင်းကြီးရော ဖြစ်လာနိုင်လို့လား။

ဖြေ ။ ။ ငါမပြောတတ်ဘူး။ ခေါင်းဆောင်တွေ အချင်းချင်း ပြိုကွဲလာနိုင်တာပဲ။ အခြေခံမှုတွေကိုပဲဖြစ်ဖြစ်၊ ကိုယ်ပိုင်ယုံကြည်မှုတွေ အပေါ်မှာပဲဖြစ်ဖြစ်၊ အကြီးအကျယ် သဘောထား ကွဲလွဲတာတွေ ရှိလာနိုင်တာပဲ။ ၁၉၆၁ ခုနှစ်တုန်းက ဒါမျိုး ဖြစ်လုနီးနီး ကြုံခဲ့ရဖူးတယ်။ ဒီတော့ လာမယ့် နှစ် ၂၀၊ ၃၀၊ ၄၀ ရဲ့ အနာဂတ်ကို ကြိုပြောလို့ မရဘူး။ ဥပမာ … ဘယ်မှုနဲ့သွားမှ စင်ကာပူရဲ့ အနာဂတ် ကောင်းနိုင်မယ်ဆိုတဲ့ အယူအဆမျိုးတွေနဲ့ ပတ်သက်ပြီး သဘောထား ကွဲသွားနိုင်တယ်။ လူတစ်ယောက်ဟာ နိုင်ငံတစ်ခုရဲ့ အနာဂတ်ကို ဆယ်နှစ်ထက်ပိုပြီး ကြိုတင်ဟောကိန်းထုတ်ဖို့ တော်တော်မလွယ်တာပဲ။

စတာလင်ကိုပဲ ကြည့်ကွာ။ အရှေ့ဥရောပတစ်တိုက်လုံး၊ တောင်ပိုင်း၊ အရှေ့ပိုင်း အာရှတစ်တိုက်လုံ သိမ်းယူတယ်။ တရုတ်လက်အောက်မှာ ရှိနေတဲ့ မွန်ဂိုလီးယားပါ ပါတယ်။ အဲဒါ ၁၉၄၅ ခုက။ သူ သေသွားတယ်။ ဒီစနစ်ကြီးတစ်ခုလုံး ဂေါ်ဘားချော့လက်ထဲ ရောက်သွားတယ်။ သူက အဲဒီတော်လှန်ရေးကြီးကို မကျော်နိုင်ခဲ့ဘူး။

တိန့်ရှောင်ဖိန်ကိုကြည့်။ သူက တော်လှန်ရေးကို ကျော်နိုင်ခဲ့တယ် တရုတ်ပြည် ပြိုကွဲသွားရင် ကိစ္စလည်းပြီးရောပဲ။ ဒါကို သူ သဘောပေါက်တယ်။ Tiananmen အရေးအခင်းဖြစ်တော့ ဒီကျောင်းသားတွေကို မောင်းထုတ်၊ မရရင် ပစ်လို့ပြောခဲ့တယ်။ အဲဒီတုန်းက ကျောင်းသားတွေ အရေးအခင်းမှာ နိုင်သွားပြီဆိုရင် ဒီနေ့ တရုတ်ပြည် ဖြစ်လာနိုင်မလား။

www.burmeseclassic.com

www.burmeseclassic.com



အခု ငါ ပြောနိုင်တာကတော့ လာမယ့် (၁၀)နှစ်မှာ စင်ကာပူ ပြဿနာ မရှိသေးဘူး။ ဒါမျိုးကို ကောင်းကောင်းထိန်းထားနိုင်တဲ့ စွမ်းရည်ပြည့်အဖွဲ့ ရှိနေလို့။ နောက် ၁၅ နှစ်၊ နှစ် ၂၀၊ ၃၀ မှာ ဒီလိုမာတဲ့ အဖွဲ့မျိုး ဆက်ရှိနိုင်မလား ဆိုတာအပေါ် အခြေခံတယ်။ အဖွဲ့က အဖွဲ့၊ ခေါင်းဆောင်လည်း လိုတယ်။ လူထုနဲ့ ဆက်သွယ်။ လူထုကို စည်းရုံးရင်း မောင်းနှင်၊ ဒါလောက်နဲ့ မရသေးဘူး။ လူထု ယုံကြည်ကိုးစားတဲ့လူလည်း လိုတယ်။ ဒါကြောင့် မိန့်ခွန်းတွေ ငါ လျှော့ပြောနေတာ။ ဒီကွက်လပ်ကို နောက်လူတွေ ဖြည့်စေချင်လို့။

**မေး ။ ။ မထင်မှတ်ဘဲ အစိုးရပြိုကွဲသွားရင် ယာယီဝင်ထိန်းပေးနိုင်ဖို့ နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်တာလား။**

ဖြေ ။ ။ အတိအကျပဲ။ ပီအေပီ ရှုံးသွားရင်တောင်မှ စင်ကာပူအတွက် တစ်ခုခု ကျန်နေရစ်စေဖို့။ ဆိုပါတော့ ရုတ်တရက်ကြီး ထာဝရအတွင်းရေးမှူးတွေကို ပြောင်းမယ်။ စစ်တပ်အရာရှိကြီးတွေကို ပြောင်းမယ်။ ရဲအရာရှိတွေကို ပြောင်းမယ်။ ဘုတ်အဖွဲ့ခေါင်းဆောင်တွေကို ပြောင်းမယ်ဆိုရင် စနစ်ကြီးတစ်ခုလုံး ပြိုလဲသွားမှာပေါ့။ သမ္မတ ဒါမျိုးကို ငါးနှစ်အထိ ထိန်းထားနိုင်တယ်။ သိပ်ပါးနပ်မယ်ဆိုရင် ဒုတိယသက်တမ်းပါ နိုင်အောင်လုပ်။ ဒါဆို ပေါ်လစီကို ပြောင်းလဲလို့ရတယ်။ ပထမသက်တမ်းငါးနှစ်မှာတော့ မရနိုင်ဘူး။

သမ္မတက ဒါမျိုးကိစ္စကို ငါးနှစ်အထိ ထိန်းထားနိုင်တယ်ဆိုတော့ စင်ကာပူဟာ ငါးနှစ်အတွင်း ရုတ်တရက်ကြီး ထိုးကျမသွားနိုင်ဘူး။ အနည်းဆုံး ဆယ်နှစ်အထိ ခံမယ်။ ဒီလိုမှမလုပ်ခင် ပထမရွေးကောက်ပွဲသက်တမ်း ငါးနှစ်အတွင်းမှာ အခြေမကျကမောက်ကမ ဖြစ်သွားနိုင်တယ်။ အဲဒါမျိုး စင်ကာပူက လက်မခံနိုင်ဘူး။



**မေး ။ ။ ဒါဆို တော်တော်ဂရုစိုက်ရမယ့် အနေအထားပဲ။ ဒီထက် ပိုပြီး အားကောင်းလာစရာ ရှိနိုင်ပါ့မလား။**

ဖြေ ။ ။ မင်း အခြေခံဥပဒေကိုသိတဲ့ ရှေ့နေတွေကို မေးကြည့်ပါလား။ ရွေးချယ်တင်မြှောက်ခံရတဲ့ အစိုးရကို အခြေခံဥပဒေ ဘာမှမပြင်ဆင်ရဘူးလို့ တားမြစ်ထားသလားလို့။ တကယ်လို့ သူတို့က မဲသုံးပုံနှစ်ပုံကို ရမယ်ဆိုရင်သူတို့လုပ်ပိုင်ခွင့်တချို့ရှိတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို အခြေခံပြီး သူတို့ကို တချို့ကိစ္စတွေကို တားမြစ်ထားနိုင်တယ်။ ဒါပေမဲ့ သူတို့က ဒုတိယသက်တမ်းအထိ မြဲအောင်စွမ်းဆောင်နိုင်ရင် တချို့ဥပဒေတွေကို သူတို့ ပြောင်းလဲပစ်နိုင်တယ်။

တို့က အခြေခံဥပဒေကို ပြောင်းလဲပြင်ဆင်ခွင့် ပြုမထားရင် တော်လှန်ရေး ဖြစ်လာလိမ့်မယ်။ ငါ လန်ဒန်မှာနေတုန်းက ဟာရိုးလက်စကီး(Harold Laski) နိုင်ငံရေးပညာရှင်၊ လေဘာပါတီခေါင်းဆောင်ရဲ့ မိန့်ခွန်းကို နားထောင်ပြီး လေ့လာခဲ့ရတာတစ်ခုရှိတယ်။ သူကပြောတယ်၊ ဦးနှောက်နဲ့ တော်လှန်ရေးလုပ်မလားတဲ့။ အဲဒီအချိန်တုန်းက လေဘာပါတီက အပြောင်းအလဲတွေလုပ်ဖို့ အားယူနေတုန်းပဲ။ ဒါမှမဟုတ်ရင် အကြမ်းဖက်တော်လှန်ရေး ဖြစ်သွားလိမ့်မယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်နဲ့ အိန္ဒိယကို နှိုင်းယှဉ်ကြည့်ပေါ့။ နှစ်နိုင်ငံလုံး အစွန်းရောက်နေတယ်။ တရုတ်ပြည် ကွန်မြူနစ်ပါတီက အာဏာကို လက်လွှတ်ခံမယ်လို့ မမြင်မိဘူး။ သူတို့ကိုယ်တိုင် ပေါ်လစီပြောင်းတာ၊ မျိုးဆက်သစ်အမြင်သစ် ရှိသူတွေ ပါတီထဲမှာပါလာပြီး သူတို့ကိုယ်တိုင်က ပြောင်းလဲတာက လွဲရင်ပေါ့။ တရုတ်ပြည်မှာ တော်လှန်ရေးကြောင့် နိုင်ငံရေးပြောင်းလဲတာ မရှိဖူးဘူး။ တိန့်ရှောင်ဖိန်က နိုင်ငံရေးအပြောင်းအလဲ၊ ခေါင်းဆောင်အပြောင်းအလဲကို သူကိုယ်တိုင် ပုံဖော်ကြိုးစားခဲ့တယ်။ တရုတ်ပြည်မှာ ဒါမျိုးဖြစ်လေ့ဖြစ်ထ မရှိဘူး။ ဒါကြောင့်ပဲ ရုရှားမှာလို မရိုးသားမှုတွေနဲ့ အကြမ်းဖက်တော်လှန်ကူးပြောင်းရေး ဖြစ်သွားတယ်။ လက်ရှိ ဖြစ်ပျက်နေတာတွေကို ကြည့်ရင် အခြေခံဥပဒေမူကြမ်းနဲ့ပဲဖြစ်ဖြစ် အာဏာကို လက်လွှတ်ခံလိမ့်မယ်လို့ မမြင်မိဘူး။

အိန္ဒိယက နောက်ထပ် အစွန်းတစ်ခု။ သဘောမတူတဲ့ ပြည်နယ်တိုင်းကို သူတို့သဘောဂျက စိမ်ကြဖို့ ခွင့်ပြုထားတယ်။ ပြည်နယ်တွေရဲ့ နယ်ခြားစည်းဆိုရင်လည်း အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက ဘာသာစကားတူတဲ့လူတွေ ပေါင်းစည်းမိအောင်ဆိုပြီး အမြဲတမ်း ရွှေ့ပြောင်းစည်းခြားခဲ့ပါတယ်။ အဲသလိုမှ မလုပ်ဘူးဆိုရင်လည်း အိန္ဒိယကွဲထွက်သွားမယ်။

သူတို့က အစွန်းနှစ်ဖက်ပဲ။ ငါတို့ စင်ကာပူက ဒီကြားထဲမှာလို့ ငါထင်တယ်။ ဒါကြောင့် ငါတို့ နိုင်ငံရေးဟာ အခြေခံဥပဒေမူကြမ်းအားဖြင့်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်တဲ့ စနစ်အားဖြင့်ဖြစ်စေ ပြောင်းလဲယူလို့ရတယ်။



လူထုကို စည်းရုံးနိုင်ရင် ပြောင်းလဲလို့ရတယ်ဆိုတဲ့နောက် ဘာကြောင့် လမ်းပေါ်ထွက် ဆန္ဒပြနေကြတော့မှာလဲ။ မင်းအယူအဆ မှန်တယ်လို့ထင်ရင် အစိုးရကလည်း မတားပါဘူး။ လက်ကမ်းစာစောင်တွေ ရိုက်ပြီးဝေ၊ အဆောက်အအုံတွင်း အစည်းအဝေးတွေလုပ်ပေါ့၊ အစိုးရက ဒါမျိုးတွေကို မတားပါဘူး။

**မေး ။ ။ စင်ကာပူအတွက် အစိုးရိမ်ဆုံးအချက်က ဘာလဲ။**

ဖြေ ။ ။ ခေါင်းဆောင်မှုနဲ့ လူထုရဲ့အမြင်၊ လူထုအမြင်ဆိုတာ လက်ရှိအစိုးရ ရင်ဆိုင်နေရတဲ့ အကျပ်အတည်းကို နားလည်သဘောပေါက်မှု လွဲတာကို ပြောတာ။ လူနည်းစု အလွန်ညီညွတ်တယ်။ ယှဉ်ပြိုင်ဖို့ အားသန်တယ်။ အပြည်ပြည်ဆိုင်ရာ ယုံကြည်မှု အပြည့်အဝရှိတယ်။ နိုင်ငံကြီးတွေနဲ့ ဆက်ဆံရာမှာ အရည်အသွေး ပြည့်မီတယ်။

ဒီလူစုလေး ဆုံးရှုံးရင် ငါတို့ကျရှုံးမှာပဲ။ တို့နိုင်ငံ ချက်ချင်းထိုးဆင်းသွားနိုင်တယ်။

**မေး ။ ။ (၅၇)နှစ်ကြာအောင် နိုင်ငံရေးလောကထဲမှာ ကျင်လည်ခဲ့ပြီးတဲ့နောက် စင်ကာပူရဲ့ အဓိကနိုင်ငံရေးသမားတစ်ယောက်အဖြစ်ပို့ပေးခဲ့တဲ့ သင်ခန်းစာတွေများရှိရင် သိပါရစေ။**

ဖြေ ။ ။ ဦးတည်ချက် ခိုင်မာပြတ်သားခြင်း ဖြစ်တယ်။ ဒီလိုမှမဟုတ်ရင် နိုင်ငံရေးလုပ်တယ်ဆိုတာ ကိုယ်နာမည်ကြီး ထင်ရှားဖို့၊ လူသိများပြီး ပေါ်ပြူလာဖြစ်ဖို့ ဆိုတာတွေဆီ ရောက်သွားတယ်။ မင်းတို့ နိုင်ငံရေးကို တကယ်စိတ်ဝင်စားရင် ငါတို့အဖွဲ့ဝင်တွေလို "တစ်သက်လုံးပဲ" ဆိုတဲ့ စိတ်ဓာတ်နဲ့ နိုင်ငံရေးလုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ကွန်မြူနစ်တွေရဲ့ကြားမှာ ငါတို့အားလုံး အသက်ကိုစွန့်ပြီး အလုပ်လုပ်ခဲ့ကြရတာ။ ရှုံးသာသွားလို့ကတော့ လက်သည်းခွံတွေ အခွာခံရမယ်။ ဦးနှောက်ဖျက်ဆီးတာ ခံရမယ်။ ဒါတွေ ငါတို့သိကြတယ်။ မကြောက်ခဲ့ကြပါဘူး။ ဒါ နံပါတ်တစ်ပဲ။ မင်းတို့လုပ်မယ်ဆိုရင် ကိုယ့်ဂုဏ်ကိုယ်ဖော်ဖို့ မလုပ်နဲ့။ ငါ လုပ်ကိုလုပ်ရမယ့် အလုပ်ဆိုပြီးလုပ်။

ငါ နိုင်ငံရေးထဲဝင်တော့ တစ်သက်လုံး လုပ်မယ်လို့ စိတ်မကူးခဲ့ဘူး။ ဒါပေမဲ့ အခြေအနေတွေက တွန်းပို့ခဲ့တယ်။ စင်ကာပူနဲ့ မလေးရှား ပူးပေါင်းခဲ့ကြတယ်။ ငါတို့က ခြုံခိုစောင့်စားနေတဲ့ ကောင်တွေဆိုတာ သိတော့ ကန့်ကုက ငါ့ကို ကုလသမဂ္ဂသံအမတ်ရာထူးကို ပေးတယ်။ ငါမယူနိုင်ဘူး။ လက်ရှိတာဝန်တွေကနေ ထွက်ပြေးသလို ဖြစ်သွားမယ်။ ဒါကြောင့် ငါ တွယ်ကပ်နေခဲ့တာ။ သူကလည်း ငါ့ကို ကန့်ထုတ်လိုက်တာပဲ။ ငါတို့မှာ ဘာသယံဇာတမှ မရှိတဲ့ ကျွန်းကလေးရှိတယ်။ "ကျုပ်တော့ ပင်ပန်းလှပါပြီ။ အခြားခေါင်းဆောင်တစ်ယောက်ကို ရှာကြပါ" လို့ ပြည်သူလူထုကို ဘယ်လိုပြောထွက်ပါ့မလဲကွာ။ ဒါဟာ ငါ့တာဝန်ပဲ။ ဒီအခက်အခဲကနေ ကျော်ဖြတ်တာကို ငါကိုယ်တိုင် မျက်စိနဲ့ မြင်သွားချင်တယ်။

ဒီလို အောင်မြင်လာလိမ့်မယ်လို့ ငါမျှော်လင့်ခဲ့သလားဆိုရင်တော့ မမျှော်လင့်ခဲ့ဘူး။ ကမ္ဘာကြီး ဘယ်လိုပုံစံနဲ့ ဖွံ့ဖြိုးလာမလဲဆိုတာကို ငါမခန့်မှန်းနိုင်ခဲ့ဘူး။ ငါသိလာတာက ရလာတဲ့ အခွင့်အရေးကို လက်လွှတ်မခံ အမိအရ ယူနိုင်မယ်ဆိုရင်တော့ ငါတို့မှာ အခွင့်အရေး ရှိတယ်ဆိုတာပဲ။ ကမ္ဘာကို အမှီ



မပြုဘဲ ဒေသတွင်းကိုသာ အမှီပြုထားမယ်ဆိုရင် အများကြီး နောက်ကျကျန်နေရစ်ခဲ့မှာပဲ။ ဒါကြောင့် ငါတို့ ခုန်ကျော်တက်ခဲ့ကြတယ်။ ပထမ ဗြိတိန်နဲ့ ဆက်ဆံတယ်။ နောက် ဥရောပ၊ အမေရိက၊ ဂျပန်တို့နဲ့ ဆက်ဆံတယ်။

၁၉၈၀-ပြည့်နှစ်တွေမှာ တရုတ်ကို ငါတို့ ထပ်မြင်တယ်။ တရုတ်ပြည်ကြီး တိုးတက်လာတော့မယ်ဆိုတာ ငါယုံကြည်နေတယ်။ ၁၉၈၂-၈၃ လောက်ရောက်တော့ အတိအကျကို ဟောကိန်းထုတ်လို့ ရနေပြီ။ ဒီနောက် တရုတ်ပြည်နဲ့ ဆက်ဆံရေး တိုးမြှင့်ခဲ့ကြတယ်။ ဒီကြိုးစားမှုက အကျိုးအမြတ်ရှိတယ်။ အဲဒီနောက် အိန္ဒိယ၊ အိန္ဒိယက နိုင်ငံကြီး။ ငါတို့ ဟန်ချက်ညီနေမှ ရမယ်။ အိန္ဒိယနဲ့ ဆက်ဆံရေးစတယ်။ အာဆီယံဒေသဆိုင်ရာဖိုရမ်နဲ့ အရှေ့အာရှထိပ်သီးနိုင်ငံတွေမှာပါဖို့ ငါတို့ကြိုးစားဆွဲသွင်းခဲ့တာ။ ပြီးတော့ သူတို့နဲ့ လွတ်လပ်စွာကူးသန်းရောင်းဝယ်ရေး စာချုပ် ချုပ်ဆိုတာ စင်ကာပူက ပထမဆုံးနိုင်ငံပဲ။ သူတို့ထဲက ဝန်ကြီးတချို့က ဒါကို သဘောမတူဘူး။ ကန့်ကွက်ကြတယ်။ ဒီနောက် တို့မှာ အပိုအင်အားကြီးနှစ်နိုင်ငံ ရလာပြန်တယ်။ အဲဒီနောက် ရေနံရှိတဲ့ အရှေ့အလယ်ပိုင်းနိုင်ငံတွေနဲ့ ပူးပေါင်းတယ်။ အဲဒီကတစ်ဆင့် ရုရှားနဲ့ ဆက်ဆံရေး စတင်တယ်။ ဒီလိုပြင်ပကမ္ဘာနဲ့ ဆက်ဆံရေးမရှိဘဲ ဒီနေ့ စင်ကာပူလို ဖြစ်လာမယ်လို့ ငါတော့ အထင်ဘူး။

မေး ။ ။ ရဲရင့်ပြတ်သားမှုအကြောင်း ပြောရင် ဒီနေ့မျိုးဆက်သစ်တွေဆီမှာ အဲသလို စိတ်ဓာတ်မျိုး မရှိနိုင်တော့ဘူး ထင်မယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ ။ ။ ဒီလိုပြောလို့ မရဘူး။ ငါ့မြေးတွေလက်ထက်မှာ ဘယ်လိုလာမယ် ဆိုတာတော့ ငါမသိဘူး။ လီရှန့်လွန်း ငယ်ငယ် တုန်းက ကန်ပိန်းတွေရှိရင် သူ့ကို ခေါ်သွားတတ်တယ်။ သူ့ အတွက် သီးသန့်အချိန်မပေးနိုင်ခဲ့ဘူး။ ဒါနဲ့ပဲ ငါသွားတဲ့နေရာ သူ့ကို ခေါ်သွားရတာ။ သူစိတ်ဝင်စားတယ်။ မိန့်ခွန်းတွေဆိုရင် လည်း သေသေချာချာ နားထောင်တယ်။

နှစ်ကြိမ် အရေးအခင်း ဖြစ်ခဲ့တာကို သူ မှတ်မိမယ်လို့ ငါထင်တယ်။ ၁၉၆၄-ခု ဖြစ်တုန်းက ငါက အဝေးမှာ။ တမန် တော် မိုဟာမက်ရဲ့မွေးနေ့မှာ။ ဒီကိစ္စနဲ့ပတ်သက်ပြီး တိုချင်ချိုင်း ကို ငါ နေရာပြောင်းလိုက်ရတာ။ သူက အကြောက်ကြီးပြီး ချက်ချင်း ကာဖျူးအမိန့် ထုတ်တယ်။ တစ်နိုင်ငံလုံး ကျိုးလန့် စာစား ဖြစ်ကုန်တာပေါ့။ ချက်ချင်း ကျောင်းတွေပိတ်၊ ဘတ်စ် ကားတွေကလည်း လမ်းပေါ်မှာ ယောက်ယက်ခတ်။ အမျိုးသမီး က အဖေရဲ့ကားနဲ့ လီရှန့်လွန်းကို သွားကြိုဖို့ ဒရိုင်ဘာကို လွှတ် လိုက်တယ်။ ဒါပေမဲ့ သူက သူ့ဘာသာသူ ထွက်လာပြီး အိမ် အရောက် လမ်းလျှောက်ပြန်လာခဲ့တယ်။ ကားသမား သူ့ကိုရှာလို့ မတွေ့ခဲ့ဘူး။ ဒုတိယအကြိမ်က စက်တင်ဘာလထဲမှာ။ သူက (၁၂)နှစ်ရှိနေပြီ။ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကောင်းကောင်းမှတ် မိတဲ့အရွယ်။

ကိန်းဘရစ်(ချ်)တက္ကသိုလ် ရောက်တော့လည်း ဟိုက သူ့ကို ကိန်းဘရစ်(ချ်)မှာပဲ ရှိနေစေချင်ကြတယ်။ သူက သင်္ချာ မှာ အများထက် သာနေတာကိုး။ သူက သူ့ဆရာဆီကို စာရေး တယ်။ "ကျေးဇူးတင်ပါတယ်။ ကျွန်တော် ပြန်ရပါလိမ့်မယ်။



ကျွန်တော့်မှာ နိုင်ငံရှိသလို နိုင်ငံအပေါ် တာဝန်နဲ့ ဝတ္တရားတွေ လည်း ရှိပါတယ်။ ကျွန်တော့် ကြိုးစားအားထုတ်မှုကြောင့် အကျိုး တစ်စုံတစ်ရာ ထူးထူးခြားခြား ဖြစ်မလာနိုင်တဲ့အရပ်မှာ ကျွန် တော် မနေနိုင်ပါဘူး"တဲ့။ သူ ပြန်လာခဲ့တယ်။ သူ့သဘောနဲ့သူ စစ်မှုထမ်းတယ်။ ငါ မပြောခဲ့ရဘူး။ သူ့ရဲ့စိတ်ဓာတ်က ငါ့နီးပါး တော့ ရှိမယ်လို့ ငါ ထင်တယ်။ ဆိုလိုတာက သူကိုယ်တိုင်တော့ ဒီလို အခက်အခဲ ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းရတာ မရှိခဲ့ ဘူးပေါ့။ ဒါပေမဲ့ ဒီသဘာဝတွေကိုတော့ သူတွေ့ခဲ့ရတယ်။ သူ နိုင်ငံရေးထဲ ရောက်လာတယ်။ ငါ့ရဲ့နောက်ထပ်သားတစ် ယောက်ကျတော့ တော်ပြီ... တစ်ယောက်ဆို ရပြီတဲ့။ ငါတို့ မိသားစုက မင်းဆက်ကြီး မဟုတ်ပါဘူး။ ဒါနဲ့ သမီးနဲ့ သား တစ်ယောက်က နိုင်ငံရေးနဲ့ လုံးဝကင်းကင်းပဲ နေခဲ့ကြတယ်။

မေး ။ ။ နိုင်ငံအပေါ်ထားတဲ့ ခံယူချက်နဲ့ နိုင်ငံအတွက် လုပ် ဆောင်ခဲ့မှုတွေကလည်း အစစ်ဆေးခံခဲ့ပြီးပြီ။ ဒါကြောင့် တော်ပြီ၊ လုံလောက်ပြီ၊ အနားယူသင့်ပြီဆိုတဲ့ ခံစားချက်မျိုးရော ပေါ်ပေါက် ဖူးပါသလား။

ဖြေ ။ ။ ဒီလိုစမ်းသပ်တာတွေ ကြုံတွေ့ရလေလေ၊ ဒီလို အခက်အခဲတွေကို ကျော်ဖြတ်နိုင်ဖို့ သေချာအောင် လုပ်ချင်လေ လေဖြစ်နေတတ်တယ်။ မင်းပြောတဲ့ ခံစားမှုမျိုး မရှိခဲ့ဖူးဘူး။ ငါ တစ်သက်လုံး လုပ်သွားရမယ့် အလုပ်လို့ ငါယုံကြည်ထား တယ်။ ငါ့ဘဝမှာ ဘာတွေ အရေးအကြီးဆုံးလဲ ဆိုရင် ငါ့မိသားစု နဲ့ စင်ကာပူပဲ။ မိသားစုကို ဇနီးက စောင့်ရှောက်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကို သူပဲ ပြုစုပျိုးထောင်ပေးတာ။ ငါက တစ်ခါတစ်ရံမှ သူတို့နဲ့ အချိန်ပေးနိုင်တာ။ ကလေးတွေကလည်း လိမ်လိမ်မာမာနဲ့ ကြီးပြင်းလာခဲ့ကြတာလို့ ယုံကြည်ပါတယ်။

ဒါပေမဲ့ စင်ကာပူနဲ့ ပတ်သက်လို့ စိုးရိမ်စိတ်ကတော့ အမြဲတမ်း ဖြစ်နေတယ်။ စင်ကာပူနဲ့ ပတ်သက်တဲ့ အပူက သေရာပါမယ်လို့ ငါထင်တယ်။ စင်ကာပူနိုင်ငံ ဒီလို အောင်အောင်မြင်မြင်နဲ့ ခရီးဆက်ရမှာကို မမြင်ချင်ဘဲ နေပါ့မလားကွ။

အနောက်တိုင်းသတင်းစာဆရာတစ်ယောက်က ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဂျွန်မေဂျာကို မေးတယ် (သူ စင်ကာပူကို အကြိမ်ကြိမ် ရောက်ဖူးတယ်) 'မာဂရက်သက်ချာက ကြားထဲမှာ ရှိနေတော့ ခင်ဗျားမှာ အကျပ်ရိုက်ပြီး ရှေ့ဆက်လို့ မရတော့ဘူး။ ဒါပေမဲ့ လီကွမ်းယုကတော့ ဝန်ကြီးချုပ်အသစ် တက်တာတောင် အစိုးရအဖွဲ့ထဲမှာ ရှိနေတုန်းပဲ'တဲ့။ သူ ဘာပြန်ပြောတယ် ထင်လဲ။ 'ဝန်ကြီးချုပ်အသစ်ရအောင် သူက သေသေချာချာကို လုပ်နေတာ'တဲ့။

ဟုတ်တယ်။ ဒါက ငါ့ရည်ရွယ်ချက်ပဲ။ ဝန်ကြီးချုပ်အသစ်ကျရှုံးရင် ငါလည်း ကျရှုံးတာပဲ။

နောင်တမရမိပါဘူး။ ဒီနိုင်ငံကို ထူထောင်ဖို့ ပေးဆပ်ခဲ့ရတာတွေ အများကြီးပဲ။ ငါ ဘာမှလဲ ထပ်လုပ်မပေးနိုင်တော့ဘူး။ စတုတ္ထမျိုးဆက်အတွက် ကြိုပြီးလည်း စိုးရိမ်မနေပါဘူး။ အကြံတော့ ပေးနိုင်ပါတယ်။ လက်ရှိ လူငယ်ဝန်ကြီးတွေကို နိုင်ငံတော်အတွက် အရည်အချင်းမီတဲ့ အစိုးရအဖွဲ့ရဖို့ အမြဲတမ်း စိစစ် ရွေးချယ်ဖို့ပါပဲ။ ခေါင်းဆောင်မယ့်လူက ခေါင်းဆောင်မှု



(၆)လသင်တန်း တက်လိုက်ရုံနှင့်တော့ မရဘူး။ သူတို့အားလုံး ပူးပေါင်းပြီး ကြိုးကြိုးစားစား အတူလုပ်ကြရမယ်။ စင်ကာပူအတွက် အလုပ်ဖြစ်နိုင်တဲ့ ဒီလမ်းစဉ်ကို နားလည်ထားရမယ်။ ဒါကြောင့် ခေါင်းဆောင်ပြောင်းမယ် ဆိုရင်တော့ အစိုးရမှာ ပြဿနာအကြီးအကျယ် မရှိနိုင်ဘူး။

ဒါပေမဲ့ သူတို့ကို ပွင့်ပွင့်လင်းလင်းပဲ ငါပြောခဲ့တယ်။ ဆုံးဖြတ်ချက် ချရာမှာ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးအခြေအနေတွေကိုကြည့်၊ ပြောင်းလဲလာတဲ့ လူငယ်တွေရဲ့ ခံစားချက်ကို ကြည့်ပြီးမှ ဆုံးဖြတ်ကြဖို့ ပြောခဲ့တယ်။

မေး ။ ။ နိုင်ငံအပေါ်ထားရှိတဲ့ သဘောတရားတွေနဲ့ ပတ်သက်လို့ တချို့လူတွေက မစွတာလီ မြင်သလို မမြင်ကြဘူး။

ဖြေ ။ ။ သူတို့မြင်တာ မမြင်တာကို စိတ်မဝင်စားပါဘူး။ ငါနဲ့လည်း မဆိုင်ဘူးလို့ ထင်တယ်။

မေး ။ ။ လူတွေပြောနေကြတဲ့အထဲမှာ ဘယ်ဟာတွေကဖြင့် မစ္စတာလီအပေါ် တရားမျှတမှု မရှိဆုံးလို့ ထင်ပါသလဲ။

ဖြေ ။ ။ ဒါကိုလည်း ငါ စိတ်မဝင်စားဘူး။ ဒါတွေကြောင့် ငါ့ကိုထိခိုက်စေမယ်ဆိုရင် ငါ့အလုပ်ကိုပါ ဆက်ပြီးထိမယ်။ ငါ မသိချင်ယောင်ဆောင်၊ မကြားချင်ယောင်ဆောင်ရတယ်။ သူတို့ ဘာသိသလဲ။ သူတို့ စင်ကာပူအကြောင်း ဘယ်လောက်သိသလဲ။ သူတို့ လီကွမ်းယုအကြောင်း ဘယ်လောက်သိသလဲ။ အဲသလို လူတွေနဲ့ မျက်နှာချင်းဆိုင် တွေ့ရမယ်ဆိုရင်တော့ ခင်ဗျား စင်ကာပူမှာ ဘယ်လောက်ကြာကြာနေခဲ့သလဲ၊ စင်ကာပူအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်သိသလဲ၊ ကျွန်တော်က ဒီမှာမွေးပြီး၊ ဒီမှာကြီး၊ ဒီမှာ နေတယ်။ စင်ကာပူအတွက် ဘယ်ဟာက အကောင်းဆုံးလဲ ဆိုတာ ခင်ဗျားက ကျွန်တော့်ထက် ပိုများသိနေသလား။ တစ်နေ့မှာ ဘယ်နှစ်နာရီလောက် စင်ကာပူအကြောင်း တွေးနေမိပါသလဲ'လို့ မေးချင်တယ်။

လူတစ်ယောက်ကို တစ်ခါက ဒီအတိုင်း ငါ ပြန်မေးဖူးတယ်။ သူ ငါနဲ့ ရင်မဆိုင်ရဲဘူး။ အင်တာဗျူးကို အရုပ်မဆိုးရအောင် သိမ်းခဲ့ရတယ်။ သူက အင်တာဗျူးရင်း ငါ့ကို အကျပ်တွေ့အောင် မေးတာ။ ဒါက ငါ့ဘဝပဲ။ ငါ့ကို ယုံကြည်ထားတဲ့ လူထုအပေါ်မှာ တာဝန်ကျေနေဖို့ပဲ။ ဒါပဲ။

ဒါတွေကို မင်းတို့ ယုံ/မယုံ။ လန်ဒန်တိုင်း(မ်)၊ နယူးယောက်တိုင်း(မ်)၊ မီလျံဆဖိုင်းယား ယုံ/မယုံက ငါနဲ့ဆိုင်ကို မဆိုင်တာ။ ငါနဲ့ တွေ့ဖူးခဲ့၊ သိဖူးခဲ့တဲ့ နိုင်ငံရေးခေါင်းဆောင်တွေကတော့ ငါ့စကားကို တန်ဖိုးထားကြပါတယ်။ သူတို့ မေးတာကို တည့်တည့်ပဲ ဖြေတယ်။ ဝေ့လည်ကြောင်ပတ် မလုပ်ဘူး။ အခု ငါက ဝန်ကြီးချုပ် မဟုတ်တော့ဘူး။ ဒါဆို သူတို့က ဘာကြောင့် ငါနဲ့တွေ့ချင်၊ စကားပြောချင်တာလဲ။

မေး ။ ။ သမိုင်းမှာ ဘယ်လို မှတ်တမ်းဝင်နေစေချင်ပါသလဲ။

ဖြေ ။ ။ အဲဒီအချိန်မှာ ငါက သေနေပြီ။ အဲဒီအချိန်မှာ အသံတွေ ကွဲနေမယ်၊ ခံယူချက်တွေ ကွဲနေမယ်။ ငါကတော့ ငါ့မှတ်တမ်းနဲ့ ငါ ရှိနေမယ်။ လမ်းမှန်ကိုရောက်ဖို့ ရက်ရက်စက်စက် လုပ်ခဲ့ရတာတွေ ရှိခဲ့တယ်။ ဒါကို တချို့က သဘောတူမယ်



မဟုတ်ဘူး။ နည်းနည်းများသွားတယ်ပေါ့။ အောင်မြင်စေချင်တော့ ခပ်ပြင်းပြင်း လုပ်ခဲ့ရတာတွေ ရှိခဲ့တယ်။ နောက်ဆုံး ဘာရလိုက်သလဲ။ အောင်မြင်တဲ့ စင်ကာပူ ရလိုက်တယ်။ ဘာတွေ ငါပေးခဲ့ရသလဲ။ ငါ့ဘဝ။

ငါက ကံကောင်းတယ်။ ငါ့ဇနီးက တော်တော် တော်တဲ့ ရှေ့နေ။ ပိုက်ဆံကိစ္စကို ငါက သိပ်စိတ်မဝင်စားဘူး။ ငါ့ဇနီးမှာ ပိုက်ဆံရှိတယ်။ ကလေးတွေကို သူပဲ ပြုစုပျိုးထောင်ပေးခဲ့တာ။ အခုတော့ အားလုံး သူတို့ခြေထောက်ပေါ် သူတို့ရပ်တည်နိုင်သွားပြီ။

ဒီစာအုပ်ကို ငါဘာကြောင့် ထုတ်ဝေရသလဲ။ စာဖတ်သူအားလုံး Hard truth တွေ သိစေချင်လို့။ ငါတို့နိုင်ငံ တည်ဆောက်ခဲ့ရပုံဟာ သူများနိုင်ငံတွေလိုပါပဲလို့ ထင်ရင်တော့ အကြီးအကျယ်အမှားပဲ။ ဒီလိုဖြစ်လာရတယ်ဆိုတာ ရိုးသားတဲ့၊ အရည်အချင်းရှိတဲ့၊ ငါတို့ကျော်တက်သွားမှာကို မမြင်လိုတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံနိုင်တဲ့ အစိုးရကြောင့် ဖြစ်လာရတာ။ ခေါင်းဆောင်တွေကို စနစ်တကျ ရွေးချယ်ရတယ်။ Teo Chee Hean ဆိုရင် မြူနစ်ကာကွယ်ရေးကွန်ဖရင့်ကို တက်တယ်။ ငါနဲ့တွေ့တဲ့ ကာကွယ်ရေးဝန်ကြီးတွေ၊ သတင်းထောက်တွေဟိုင်းက ဒီလူဟာ လူတော်ဆိုပြီး ပြောကြတယ်။ သူက စကားသိပ်မပြောဘူး။ သူပြောရင်လည်း အားလုံး နားထောင်ကြတယ်။ ဂျော့(ချ်)ယိုး ဆိုရင်လည်း စကားပြော ဆင်ခြင်တယ်။ ဒီတော့ နိုင်ငံခြားရေး ဝန်ကြီးတွေက သူပြောရင် အလေးအနက် ထားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မေး ။ ။ လာမယ့်ရွေးကောက်ပွဲမှာ ဝင်ပြိုင်ဦးမှာလား။ လာမယ့်ရွေးကောက်ပွဲ အပြီးမှာရော နိုင်ငံရေးလောကမှာ မစ္စတာလီ ပါဝင်မယ့် အခန်းကဏ္ဍက ဘယ်လိုနေရာမျိုးမှာ ဖြစ်နိုင်မလဲ။

ဖြေ ။ ။ ပြိုင်မယ်။ ကျန်းမာရေးလည်း ကောင်းမယ်။ ဝန်ကြီးချုပ်ကလည်း ငါ့စွမ်းနိုင်သေးတယ်ဆိုတာ ယုံကြည်တယ်ဆိုရင်ပေါ့။ ဒီရွေးကောက်ပွဲပြီး နောက်ရွေးကောက်ပွဲမှာ ဆိုရင်တော့ ငါ့အသက်က (၉၃)နှစ် ရှိနေပြီ။ စည်းရုံးရေးတွေ ဘာတွေ လုပ်နိုင်မယ့်သဘော မရှိတော့ဘူး။

မေး ။ ။ နိုင်ငံရေးကနေ အနားမယူဘူးလို့ ပြောခဲ့တယ်နော်။ ဆိုလိုတာက နိုင်ငံရေးထဲမှာ အမြဲတမ်း တက်တက်ကြွကြွ ရှိနေမယ်လို့ ဆိုလိုတာလား။ ဥပမာ… နယ်လ်ဆင်မင်ဒဲလားလို နိုင်ငံရေးသမားဟောင်းကြီးတစ်ယောက် အနေနဲ့ နိုင်ငံရေးထက်မြင့်တဲ့ ကိုယ်ကျင့်တရားတွေကို ပုံသွင်းလမ်းညွှန်တဲ့ အခန်းကဏ္ဍမျိုးတွေကနေ ပါဝင်ရရင် မစ္စတာလီအတွက် ပိုမကောင်းဘူးလား။

ဖြေ ။ ။ နိုင်ငံရေးသမားဟောင်း တစ်ယောက်အနေနဲ့ သူဘယ်သူ ဆိုတာကို လက်ခံထားဖို့ လိုပါတယ်။ ငါကိုယ်တိုင်က ပီအေပီပါတီကို တည်ထောင်ခဲ့သူပဲ။ ငါဟာ ဘယ်ပါတီထဲမှ ဝင်မပါဘူးဆိုတာမျိုး ဟန်ဆောင်မထားနိုင်ဘူး။

မေး ။ ။ နိုင်ငံရေသမား အတိုက်အခံတွေနဲ့ နှစ်ပေါင်းများစွာ ရင်ဆိုင်ဖြေရှင်းခဲ့ရတယ်။ သူတို့နဲ့ ရင်ဆိုင်ရာမှာ သူတို့ကို လုံးဝပြောင်းလဲစေတဲ့၊ ဒါမှမဟုတ် သူတို့နဲ့ ညှိနှိုင်းတယ် စတဲ့ အခြေခံချဉ်းကပ်နည်းတွေက ဘာတွေပါလဲ။



ဖြေ ။ ။ အင်း… လောသီယာခိန် (Low Thia Khian)ကို ကြည့်။ သူက ဆူဆဲနေတတ်တဲ့ လူမျိုးမဟုတ်ဘူး။ အရည်အချင်းရှိတယ်။ သူ အနိုင်ရချင်တယ်။ သူက ဟောင်ဘန်းကို ခြေကုတ်ယူပြီး အသုဘတိုင်း၊ မင်္ဂလာဆောင်တိုင်း တက်တယ်။ (ဒေသခံတွေရဲ့ မကျေနပ်ချက်တွေ၊ တိုင်တန်းချက်တွေကို တလေးတစားနားထောင်တယ်) စောဒကဟက်သမျှကို နားထောင်တယ်။ သူက အမြဲတမ်း လေ့လာပြီး ငါတို့ကို မသိမသာ တိုက်တယ်။ နိုင်ငံရေးအယူအဆတစ်မျိုးကို တင်ပြလာတာကလွဲရင် ထိပ်တိုက်ရင်ဆိုင်ဖို့ လက်ရှောင်တယ်။ သူတင်ပြချက်တွေကို ငါတို့က ပယ်ချခဲ့တယ်။ သူပြောတာက အပြိုင်မရှိတဲ့ NTUC. အပြိုင်အဆိုင်မရှိတဲ့ ဘာညာ ဘာညာ၊ အိမ်ဝယ်ယူရေးဆိုတာ GRC စတာတွေပဲ။ ကောင်းပြီ၊ ဒါဆို ရွေးကောက်ပွဲ ဝင်ပြိုင်ပေါ့။ ရွေးကောက်ပွဲရောက်တော့ သူ ဒါတွေပြောသေးလား။ မပြောတော့ဘူး။ သူပြောတာက အစိုးရက ပိုက်ဆံရှိတယ်။ ကျွန်တော်တို့မှာ ပိုက်ဆံမရှိဘူးတဲ့။ ဒီတော့ သူက သူ့ခံစားချက်နဲ့ပဲ ပြောနေတာ။ သူလိုလူမျိုးနဲ့ တွေ့ရလို့ တို့မှာ ပြဿနာမရှိပါဘူး။

မေး ။ ။ ဆိုလိုတာက မတူကွဲပြားတဲ့ အတိုက်အခံတွေအပေါ်မူတည်ပြီး ချဉ်းကပ်ပုံလည်း ပြောင်းနေတယ်လို့ ဆိုလိုတာလား။

ဖြေ ။ ။ အတိအကျပဲ။ ငါ ပြောတာက ထိပ်တန်းအတိုက်အခံနဲ့ တွေ့ရရင် တို့ဘက်က တုံ့ပြန်မှုကလည်း ထိပ်တန်းပဲဖြစ်မယ်။ ဒါက သူ့ကို ငါတို့က မနိုပ်ကွပ်ဘူးလို့ ပြောတာမဟုတ်ဘူးနော်။ ဆိုလိုတာက တိုနီဘလဲယားနဲ့ ဒေးဗစ်ကင်မရွန်း

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်။ သူတို့ တစ်ယောက်ကိုတစ်ယောက် နှိပ်ကွပ်ဖို့ ချောင်းနေကြတာ။ ဒါပေမဲ့ ယဉ်ယဉ်ကျေးကျေးပဲ။ ဂေါဒင်ဘရောင်းကိုကြည့်ဦး။ ဒေးဗစ်ကင်မရွန်းနဲ့တွေ့တိုင်း ထပ်တလဲလဲ နှုတ်လှန်ထိုးခံနေရတာပဲ။ ဒါပေမဲ့ ယဉ်ယဉ်ကျေးကျေးလေးတွေပဲနော်။

**မေး ။ ။ လူတွေပြောနေကြတာက ပီအေပီ ဒီလောက် သက်တမ်းကြာကြာခံနေတာဟာ အတိုက်အခံတွေကို ထိထိရောက်ရောက် စနစ်တကျ ဖြိုခွဲနေလို့တဲ့။**

ဖြေ ။ ။ ဘယ်နိုင်ငံရေးပါတီက အတိုက်အခံပါတီ အာဏာရအောင် ကူညီနေလို့လဲကွာ။ သူတို့ အစမပျိုးနိုင်ခင် ငါတို့က သူတို့ကို မဖြိုခွဲသင့်ဘူးလား။ တော်ကြာ ပိုခက်နေမှာပေါ့။ မင်းက ယဉ်ယဉ်ကျေးကျေးဆိုရင် ငါကလည်း ယဉ်ယဉ်ကျေးကျေးပဲ။ ဒါပေမဲ့ မင်းရဲ့ပေါ်လစီကိုတော့ ဖြိုခွဲပစ်ရမှာပဲ။ ဒါဟာ နိုင်ငံရေး အာဏာမြဲနေဖို့ ပါတီတိုင်း လုပ်နေတဲ့ အလုပ်ပဲ။ ဂျပန်က LDP ပါတီကိုကြည့်။ သူတို့ အတိုက်အခံပါတီကို မဖြိုခွဲနိုင်ကြဘူး။ လက်ရှိပါတီဟာ သူတို့အဖေတွေ၊ အဘိုးတွေရဲ့ ခြေရာကို မလိုက်နိုင်ကြ၊ အရည်အသွေး မရှိကြတော့ဘူး။

**မေး ။ ။ မစ္စတာလီ ပြောခဲ့မှုတွေထဲမှာ ဂျာယာရတ္တနမ်လို လူတွေကို ဖြိုခွဲပစ်ဖို့ လိုကို လိုတယ်ဆိုတာ သိပါတယ်။ အဲ့သလို လုပ်တော့ အခြေအနေ တော်တော်တင်းမာမှုတော့ ရှိခဲ့တယ်နော်။**

ဖြေ ။ ။ ဟုတ်တယ်။ ဂျယရတနန်၊ ပြီးတော့ ချီစွန်ဂျွမ်။ ပြီးတော့ သူတို့ကို ဖြိုခွဲဖို့ ထိုက်တယ်လို့ ထင်တယ်၊ (သူတို့လို လူတွေကို ဖြိုခွဲခဲ့တာ မှန်တယ်လို့ ထင်တယ်)။ ငါမ၊ ၇၃ နှောင်တ



မရဘူး။ ဂျယရတနန်က ကလေးကလားလုပ်ပြီး လမ်းထောင့်မှာ ဟိုဟာရောင်း ဒီဟာရောင်း လုပ်တယ်။ ဒါလုပ်လို့ သူဘာဖြစ်မှာတဲ့လဲ။ သူ လုပ်ရမှာကို မလုပ်ဘူး။ မင်းတို့ သိမလား။ ဆိုလိုတာက အနောက်တိုင်းစတိုင်လ်နဲ့ နိုင်ငံအတွက် သူ အနစ်နာခံ ကိုယ်ကျိုး စွန့်တယ်ပေါ့။ တကယ်တော့ နိုင်ငံအတွက် မဟုတ်ပါဘူး။ ငါ့ကိုဖယ်ချဖို့ သူလုပ်တာပါ။ ငါ ရယ်နေလိုက်တယ်။ ပြီးတော့ သူ့ကို ဘေးဖယ်ထားလိုက်တော့တယ်။ သူနဲ့ ပတ်သက်လို့ နှောင်တမရဘူး။ ချီစွန်းချန် (Chee Soon Juan)နဲ့ ပတ်သက်လို့လည်း အတူတူပဲ။

**မေး ။ ။ နိုင်ငံရေးလောကထဲကို ဝင်လိုတဲ့ဆန္ဒ ရှိကြပေမယ့် တချို့က ကြောက်လို့ မဝင်ခဲ့ကြဘူးဆိုတဲ့ ခံစားချက်မျိုး ရှိခဲ့ဖူးပါသလား။**

ဖြေ ။ ။ ကိုယ်က ဒီလိုဆက်ဆံရင် ကိုယ့်ကိုလည်း ဒီလို ဆက်ဆံတာ ခံရမယ် ဆိုတာတော့ မျှော်လင့်ထားရမယ်လေ။ လောသီယာခိန် (Low Thia Khian)လို၊ ချိန်(Chain)လို ယဉ်ယဉ်ကျေးကျေး ပြောဆိုတတ်သူတွေကို ငါလည်း ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံဖူးပါဘူး။ သူက လူကြီးလူကောင်း၊ ငါလည်း လူကြီးလူကောင်းပဲ။ သူ့ကို ငါ လေးစားတယ်။ သူက ရုပ်ပိုင်းဆိုင်ရာ အားနည်းရှာပေမယ့် သူ ယုံကြည်ရာကိုတော့ အခိုင်အမာဆွဲကိုင်ထားတတ်တယ်။

**မေး ။ ။ လူငယ်ပိုင်း ဝန်ကြီးတွေက အတိုက်အခံတွေအပေါ် မစ္စတာလီလို သေချာပေါက် နိုင်ကွက်တွေ ရှာဖွေထိုးနှက်နိုင်ကြသလား။**

www.burmeseclassic.com

www.burmeseclassic.com



ဖြေ ။ ။ ဒါတော့ ငါ မသိဘူး။ သူတို့က ဒါမျိုး မကြုံကြရသေးဘူး။

မေး ။ ။ အတိုက်အခံ နိုင်ငံရေးပါတီ တက်လာပြီဆိုရင် ဒါမျိုးတွေကို မစွတာလီ ကိုင်တွယ်သလို ကိုင်တွယ်နိုင်မယ့် ဝန်ကြီးက ဘယ်သူဖြစ်မလဲ။

ဖြေ ။ ။ မဟုတ်ဘူး။ သူတို့က ငါကိုင်တွယ်သလို တစ်ယောက်ချင်း ကိုင်တွယ်စရာ မလိုဘူး။ သူတို့မှာ ကိုယ်ပိုင်ပာန်တွေ ရှိတယ်။ တချို့က အတွေ့အကြုံတနေ သင်ယူတာ။ ကွန်မြူနစ်တွေနဲ့သာ ရင်မဆိုင်ခဲ့ရဘူးဆိုရင် ငါကိုယ်တိုင်လည်း ဒီလို ကြမ်းကြမ်းတမ်းတမ်း တုံ့ပြန်နေစရာ မလိုဘူး။ ငါ ရင်ဆိုင်ခဲ့ရတဲ့ လူတွေက တကယ့်ကို ရက်စက်တဲ့လူတွေ။ ငါက ပြောတယ် 'ကောင်းပြီ၊ လာခဲ့။ လမ်းပေါ်ထွက်ချမယ်။ မင်းရှုံးရင်ရှုံး၊ ငါရှုံးရင်ရှုံး' ဒါပဲ။

မေး ။ ။ ခေတ်သစ်မီဒီယာက စင်ကာပူနဲ့ စင်ကာပူရဲ့ နိုင်ငံရေးကို ဘယ်လောက် ပြောင်းလဲလာစေသလဲ။ စင်ကာပူအစိုးရအနေနဲ့ ဒီထက်ပိုပြီး သတင်းလွတ်လပ်ခွင့် ပေးဖို့ရှိမလား။

ဖြေ ။ ။ အခု တရုတ်ပြည် ရင်ဆိုင်နေရတဲ့ အဲ့ဒီပြဿနာပဲ။ စီချွမ်ပြည်နယ်မှာ ငလျင်လှုပ်တယ်။ သတင်းတွေ ချက်ချင်းထွက်လာတယ်။ ရှင်ကျန့်ပြည်နယ်မှာ အကြမ်းဖက်မှု ဖြစ်တယ်။ သတင်း ချက်ချင်းပြန့်သွားတယ်။ ဓာတ်ပုံတွေက ဟန်းဖုန်းတွေ၊ ဗီဒီယိုတွေကနေတစ်ဆင့် အင်တာနက်ပေါ်ရောက်ပြီး ချက်ချင်းပြန့်ကွက်သွားတယ်။ ဒါက ရင်ဆိုင်ရမယ့် ကိစ္စပဲ။ ဒါပေမဲ့



ဒါတွေကြောင့်တော့ သူတို့ အခြေခံမူဝါဒတွေ ပြောင်းသွားမှာ မဟုတ်ဘူး။

မေး ။ ။ ရွေးချယ်တင်မြှောက်ခံထားရတဲ့ အစိုးရရဲ့ အခြေခံ ရည်ရွယ်ချက်တွေအတွက် သတင်းစာ လွတ်လပ်ခွင့်ပေးရေးဆိုတာ အရေးသိပ်မကြီးလှဘူးလို့ ပြောခဲ့တယ်နော်။ ဒါပေမဲ့ သတင်းနဲ့ စာနယ်ဇင်းကို နိုင်ငံတော်ပိုင်တော့ မသိမ်းခဲ့ဘူး။ ဥပမာ… မလေးရှားဆိုရင် သတင်းနဲ့ စာနယ်ဇင်းကုမ္ပဏီတွေ အားလုံးကို အစိုးရက ထိန်းချုပ်ထားတယ်။ ဒါမျိုးလုပ်ဖို့ စိတ်မကူးမိဘူးလား။

ဖြေ ။ ။ အစိုးရပိုင်သတင်းစာရှိဖို့ မလိုအပ်ဘူးလို့ ငါထင်တယ်။ ဒါဆိုရင် ရေဒီယို၊ တယ်လီဗေးရှင်း စတဲ့ မီဒီယာအားလုံးကို အစိုးရက ထိန်းချုပ်ထားသလို ဖြစ်သွားလိမ့်မယ်။ ကောင်းတယ်လို့ မထင်မိဘူး။ တကယ်က တီဗွီအပါအဝင် မီဒီယာတွေအားလုံး တချို့ SPH က ထုတ်လွှင့်၊ တချို့ Media Corp က ထုတ်လွှင့်၊ Media Corp ကို နောက်ဆုံး ပုဂ္ဂလိကပိုင်အဖြစ်ပေး၊ ဒီလို ခွင့်ပြုထားချင်တာ။ အတိုင်းအတာ တစ်ခုအထိ မီဒီယာကို လွတ်လပ်ခွင့်ပေးတာဟာ ကောင်းတဲ့အချက်လို့ မြင်မိတယ်။ အစိုးရပေါ်လစီတွေကို ဖျက်လိုဖျက်ဆီး လျှောက်လုပ်လို့ မရဘူးဆိုတာတော့ သတိပေးထားရမှာပေါ့။

အစကတည်းက အခြေခံမူအားဖြင့် အနောက်မီဒီယာတွေနဲ့ ကွဲပါတယ်။ အနောက်မီဒီယာက ဒီလို မဟုတ်ဘူး။ သတင်းစာပိုင်ရှင်က သူ့အမြင်အတိုင်း ဝန်ထမ်းကို ငှားလို့ရတယ်။ ဖြုတ်လို့လည်း ရတယ်။ ရူးပတ်ဒါပေါ (Rupert Murdoch) ကိုကြည့်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အထိပဲ သူနဲ့ အမြင် မတိုက်ဆိုင်ဘူးဆိုရင် ဖြုတ်ပစ်တာပဲ။ ဝေါ(လ်)ထရိတ်ဂျာနယ်ပုံစံ တဖြည်းဖြည်းချင်း ပြောင်းလာတာကို မင်းတို့ တွေ့မှာပေါ့။ လွတ်လပ်တဲ့ မီဒီယာဘာညာ ပြောနေကြတာတွေဟာ ပုံကြီးချဲ့နေကြတာပဲ။ Rupert Murdoch က တိုနီဘလဲယားကို ထောက်ခံတယ်။ ဘာကြောင့်လဲဆိုရင် တိုနီဘလဲယားက ပုဂ္ဂလိကစီးပွားရေးကို သဘောကျပြီး နိုင်ငံပိုင်စီးပွားရေးကို ဆန့်ကျင်လို့ပဲ။ ဒီတော့ Murdoch ရဲ့ သတင်းစာတွေမှာဆိုရင် တိုနီဘလဲယား ကောင်းကြောင်းတွေချည်းပဲ။ ဒါက ရွေးကောက်ပွဲရောက်ရင် အပြောင်းအလဲ ဖြစ်စေနိုင်တယ်။ ဂေါ်ဒင်ဘရောင်းက နိုင်ငံပိုင်စီးပွားရေးညက်နဲ့ ဆိုရှယ်လစ်ဝါဒဘက်ကို ယိမ်းတယ်။

Murdoch အုပ်စုဖြစ်တဲ့ News Corp က အခု ဘယ်ပါတီကိုမှ မထိုင်သလိုလိုနဲ့ ရေးနေ ဖော်ပြနေကြတယ်။ ရွေးကောက်ပွဲနီးလာပြီဆိုတော့မှ ကွန်ဆာဗေးတစ်ပါတီကို လှမ်းတို့ကြလိမ့်မယ်။ သူတို့က Murdoch ထောက်ခံတဲ့ ပေါ်လစီကို ထောက်ခံကြမှာပဲ။

စင်ကာပူမှာ ဒါမျိုး လာလုပ်လို့ မရဘူး။ ငါတို့က သတင်းအချက်အလက်နဲ့ ဖြစ်ပျက်နေတာတွေကို တည့်တည့်ဖော်ပြတာကိုပဲ သဘောကျတယ်။ သတင်းစာအခွင့်အရေးကို သိချင်ရင် အယ်ဒီတာ့အာဘော်တို့၊ ဆောင်းပါးတို့ကို ဖတ်ကြည့်။ တချို့ဆိုသတင်းနဲ့ သူတို့အမြင်က လုံးဝဆန့်ကျင်ဘက်ပဲ။ ငါ့အမြင်ကတော့ သတင်းစာရဲ့ တန်ဖိုးက တွေ့နေရပြီ။

အခုဆိုရင် မဟုတ်မဟတ် သတင်းပေါင်းစုံ အင်တာနက်ကတစ်ဆင့် ရနိုင်နေပြီ။ ဒါတွေဟာ ဘာမှ အဓိပ္ပာယ်မရှိတဲ့



သတင်းတွေဆိုတာ လူထုကြီး နားလည်ဖို့ အချိန်ဘယ်လောက်ကြာမယ်ဆိုတာ မသိဘူး။ အရဲတော့ စွန့်ကြရမှာပဲ။ စင်ကာပူဖွင့်ပေးရမယ့်အထဲမှာ မီဒီယာလည်း အပါအဝင်ပဲ။

မေး ။ ။ ခေတ်သစ်မီဒီယာက အစိုးရတွေအတွက်တော့ ဆွေးနွေးခွင့်ရလိုက်တာပဲနော်။ ဥပမာ··· အိမ်နီးချင်း မလေးမှာလို။

ဖြေ ။ ။ မလေးရှားပြဿနာမျိုး ကြုံရမယ်လို့ ငါတော့မထင်ဘူး။ သူတို့မီဒီယာက စိတ်ချရမှု သိပ်မရှိတော့ဘူး။ တယ်လီဗီးရှင်းနဲ့ သတင်းစာထဲက သတင်းတွေက အပြင်မှာ တကယ်ဖြစ်နေတာတွေနဲ့ သိပ်ကွာနေတော့ လူတွေက တခြားဂျာနယ်တွေဆီသွားကြတယ်။ ဒီလစ်လပ်ချက်ကို ဘလော့ဂ်တွေ၊ အတိုက်အခံပါတီက ထုတ်ဝေတဲ့ မလေးရှားကီနီ (Malaysia Kini)သတင်းစာတွေက ဝင်ဖြည့်ပေးထားရတယ်။

မေး ။ ။ ဒီတော့ စင်ကာပူမီဒီယာအနေအထားနဲ့ ပတ်သက်တဲ့ ဟန်ချက်အပေါ်မှာ ကျေနပ်မှုရှိတယ်ပေါ့။

ဖြေ ။ ။ ရှိပါတယ်။ သူတို့ချင်းအားပြိုင်နိုင်တယ်။ Media corp က ထုတ်တဲ့ Today ပဲဖြစ်ဖြစ်၊ SPH ကထုတ်တဲ့ သတင်းစာပဲဖြစ်ဖြစ် ကန့်သတ်ထားတဲ့ ဘောင်အတွင်းကနေ အားပြိုင်ကြရတယ်။ သတင်းရရှိရေးအတွက် အပြိုင်အဆိုင် ရှိကြပေမယ့် နိုင်ငံရေးကမ့်ပိန်း (နိုင်ငံရေးလှုပ်ရှားမှု)တွေကိုတော့ သတင်းစာနဲ့ တယ်လီဗေးရှင်းကနေ ဖယ်ထားကြရတယ်။

မေး ။ ။ ဒီကနေ ရှေ့ဆက်ပြီး ပိုလွတ်လပ်လာတဲ့ လစ်ဘရယ်ပရက်(စ်)ပုံ ပေါ်လာမှာကို စိုးရိမ်မှု မဖြစ်ဘူးလား

www.burmeseclassic.com

www.burmeseclassic.com



ဖြေ ။ ။ ဒီထက် ဘယ်လိုပိုပြီး လွတ်လပ်ဦးမှာလဲ။ အင်တာနက်ပေါ်မှာ ကိုယ့်ပါတီရဲ့ အယူအဆတွေ တင်နိုင်တာပဲ။ ကိုယ့်ပါတီရဲ့ မဂ္ဂဇင်းတွေ၊ သတင်းစာတွေ တင်ထားနိုင်တာပဲ။ ဘယ်သူမှ မတားပါဘူး။ အဲဒီအထဲမှာ သိက္ခာထိပါးတာတွေ ပါလာရင်တော့ တရားစွဲခံရမှာပဲ။ မမှန်တာ၊ အသရေဖျက်တာမျိုးတွေဆိုရင်တော့ တို့ဘက်က တုံ့ပြန်လာမှာပဲ။

မေး ။ ။ အသရေဖျက်မှုဆိုတာနဲ့ ပတ်သက်လို့ကတော့ ဘယ်တော့မှ မပြောင်းလဲတော့မယ့် သဘောပဲ။ ဒီလိုလား။

ဖြေ ။ ။ ပြောင်းလဲလို့ မရဘူး။ မမှန်တာ ပြောမယ်။ ဘာပြစ်ဒဏ်မှ မခံရဘဲ လွတ်ပေးလိုက်မယ်ဆိုရင် အဲဒီလူက ဆက်ပြီး မဟုတ်မမှန်တာတွေကို ပြောနေမှာပဲ။ မမှန်တာတွေကို ထပ်တလဲလဲပြော၊ Geeobbels ပြောသလို လူတွေက အမှန်လို့ ထင်လာအောင် ဆက်ပြောနေကြမှာပဲ။ Geeobbels က ဟစ်တလာရဲ့ ဝါဒဖြန့်ချိရေးမှူး (သို့) ပြန်ကြားရေးဝန်ကြီးပါ။

မေး ။ ။ အင်တာနက်ပေါ်မှာ ဒီလိုကိစ္စတွေ ရှိနေတယ်ဆိုတာ အပြင်မှာ အမှန်တကယ်အားဖြင့် ဒီနေ့အနေအထားဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကနဲ့ အများကြီး ခြားနားနေပါပြီ။ ဒီလို မဟုတ်လား။

ဖြေ ။ ။ ငါတော့ မထင်ဘူး။ မီဒီယာဆိုတာ အဓိကအားဖြင့် ပြည်သူရဲ့ (ဖတ်သူ၊ ကြည့်သူရဲ့) ယုံကြည်စိတ်ချခံရမှုပဲ။ ဒါကိုတော့ ငါတို့ ပြောင်းလဲလို့ မရဘူး။ သတင်းစာဖတ်သူ။ တီဗီ



သတင်းကြည့်သူ၊ ဒါမှမဟုတ် အစိုးရဝက်ဘ်ဆိုက်ကို ကြည့်သူတွေက ဒါကတော့ အစိုးရပိုင်းဆိုင်ရာ အခြေအနေ ဖြစ်တယ်ဆိုတာ သဘောပေါက်ကြတယ်။ အမှန်တွေကိုသာ ဖော်ပြနေမယ်ဆိုရင် ကြာရင် ယုံကြည်စိတ်ချမှု ရလာမှာပဲ။ တို့က မဟုတ်မဟတ်တဲ့ သတင်းတွေကို သတင်းစာမှာ၊ အစိုးရဝက်ဘ်ဆိုက်မှာ ဖော်ပြနေမယ်ဆိုရင် ယုံကြည်စိတ်ချမှုလည်း ဆုံးရှုံးသွားမှာပဲ။

မေး ။ ။ တိကျမှန်ကန်တဲ့ မီဒီယာရဲ့ တန်ဖိုးကို မစ္စတာလီ ပြောခဲ့တယ်။ ဒါပေမဲ့ စင်ကာပူက မီဒီယာတွေကတော့ ဒါဟာ အစိုးရရဲ့ လက်ကိုင်တုတ်သဘောမျိုးဖြစ်ပြီး သတင်းလွတ်လပ်ခွင့် မရှိဘူးဆိုတဲ့ အတွေးတွေ ရှိနေကြတယ်။

ဖြေ ။ ။ အနောက်တိုင်း မီဒီယာတွေကတော့ ဒီလို အမြဲပြောနေမှာပဲ။ သူတို့ဟာမှ ပြီးပြည့်စုံတယ်၊ သူတို့မူနဲ့ ကွဲနေရင်၊ ပြီးတော့ သူတို့နဲ့ ကွဲပြီးအောင်လည်း အောင်မြင်နေမယ်ဆိုရင် တိုက်ခိုက်နေကြမှာပဲ။ ငါတို့သာ အရှုံးသမားတွေဆိုရင် သူတို့ ဘာကိစ္စ တို့ကို စိတ်ဝင်စားနေကြမှာလဲ။ တို့က အောင်မြင်နေတယ်။ ငါတို့ လူထုကြီးဟာ သတင်းငတ်မနေဘူး။ စာအုပ်စင်ပေါ်မှာ ရနိုင်တဲ့ မဂ္ဂဇင်းတွေ အများကြီးရှိတယ် ဆိုတာ တွေ့နိုင်တယ်။

သူတို့သတင်းစာတွေ ဒီမှာ ရောင်းမယ်။ မဟုတ်မမှန်တာတွေလည်း ပါနေမယ်ဆိုရင် ငါတို့ကတော့ သူတို့ကိုလည်း တရားစွဲမှာပဲ။ အစတုန်းက ငါတို့က လျှောက်ပြောနေတာလို့ သူတို့ ထင်ကြတယ်။ ဥပမာ… The Economic, International

www.burmeseclassic.com

www.burmeseclassic.com



Herald Tribune တို့ကိုကြည့်။ အကောင်ကြီးတွေဆိုတော့ သူတို့ကို မထိရဲဘူးထင်ပြီး စမ်းကြတယ်။ ငါတို့က တရားစွဲချလိုက်တယ်။ သူတို့ ရှေ့နေငှားရတယ်။ ပြီးတော့ ရှုံးသွားရော။ တို့မှာ တုံ့ပြန်ဖို့ အခွင့်အရေးရှိတယ်။ အဲ့သလို တုံ့ပြန်လိုက်တော့မှ ဂျာနယ်လစ်တွေ လူလည်မကျရဲတော့တာ။ သူတို့ တစ်ခုခုကို ရေးတယ်။ တစ်ဖက်သားက မတုံ့ပြန်ဘူးဆိုရင် သူတို့က လူလည်ကျလာတယ်။ အခု သူတို့ အမှားတစ်ခုခုကို ရေးတယ်ဆိုရင် သူတို့မှားနေတဲ့အကြောင်း တိုတိုရှင်းရှင်းနဲ့ ခပ်ပြင်းပြင်း တုံ့ပြန်လိုက်တယ်။ ဒါဆိုရင် သူတို့လည်း လျှော့သွားရော။

တကယ့် လက်တွေ့ကိုပဲကြည့်ပါ။ စထရိတ်တိုင်း(မ်)ထဲက ဆောင်းပါးပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်၊ မဟုတ်မမှန်ရေးထား။ ဖော်ပြထားတာလို့ ငါတို့ထင်ရင် တို့က ပြန်တွယ်မှာပဲ။ ဒါက စာရေးသူက လုပ်ပိုင်ခွင့် လျှော့ချပစ်လိုက်ခြင်း တစ်မျိုးပဲ။ နောင်ရေးတော့မယ်ဆိုရင် သူ ပိုပြီး ဂရုစိုက်သွားပြီ။ တချို့သတင်းစာမှာ ပုံမှန်ပြည်သူ့အသံလို ပေးစာရေးတတ်သူတွေလည်း ရှိတာပေါ့။ သူတို့နာမည်ကို သတင်းစာထဲမှာ ပါနေရင် ကျေနပ်နေကြတဲ့ လူစားမျိုးတွေ။ ဒီလိုလူတွေကိုတော့ ငါတို့က မျက်ကွယ်ပြုလိုက်ပါတယ်။

မေး ။ ။ မီဒီယာလွတ်လပ်ခွင့် မရှိဘူးဆိုတဲ့ အမြင်က ကမ္ဘာ့မြို့တော် (Global City)ဖြစ်ဖို့ ကြိုးစားနေတဲ့ စင်္ကာပူအတွက် အဟန့်အတားတစ်ခုလို ဖြစ်နေတယ်လို့များ မထင်မိဘူးလား။

ဖြေ ။ ။ အဓိပ္ပာယ် မရှိကွာ။ နိုင်ငံခြားမီဒီယာတွေက တို့ဟာ ပျင်းစရာကောင်းတယ်။ မြူနေတယ်။ ပျော်စရာမကောင်းဘူး။ စိတ်ဝင်စားစရာလည်း မရှိဘူး စတာတွေ ပြောနေကြတာပဲ။ အခု သူတို့စကားနဲ့ သူတို့ကို ရှေ့နောက်မညီတော့ဘူး။ တို့ကတော့ တို့ခံယူထားတဲ့ မူကနေ တစ်ပြားသားမှ လျှော့မှာ မဟုတ်ဘူး။ သူတို့ ဘယ်လောက်ပဲ တိုက်ခိုက် တိုက်ခိုက် တို့ကတော့ မဖြုံဘူး။ ဖြုံလို့ တုန့်သွားတယ်ဆိုရင် မင်းဟာ လူညံ့ပဲ။



မေး ။ ။ မစ္စတာလီ ပြောတဲ့ သတင်းစာလွတ်လပ်ခွင့်တန်ဖိုးဆိုတာထဲမှာ မီဒီယာဟာ အစိုးရနဲ့ ဆန့်ကျင်တဲ့ စည်းရုံးမဲဆွယ်မှုတွေ မလုပ်တာလည်း ပါတယ်လို့ သိရပါတယ်။ အဲဒီမီဒီယာကပဲ အစိုးရနဲ့ မဆန့်ကျင်၊ အစိုးရအတွက် စည်းရုံးမဲဆွယ်တာမျိုးတွေ လုပ်နေရရင်လည်း လွတ်လပ်မှု မရှိတာလို့ မဆိုနိုင်ဘူးလား။

ဖြေ ။ ။ ငါတို့စည်းရုံးရေးမှာ မီဒီယာ မလိုဘူး။ တို့ဘာသာပဲ တို့လုပ်တယ်။ ဘာကြောင့်များ စည်းရုံးရေးအတွက် မီဒီယာကို အသုံးချနေရမှာလဲ။ ၁၉၅၉ ခု ပထမဆုံးရွေးကောက်ပွဲမှာ မီဒီယာတစ်ခုလုံးနဲ့ ငါနဲ့က အတိုက်အခံပဲ။ ငါနိုင်ခဲ့တာပဲ။ အဲဒီတုန်းက စထရိတ်တိုင်း(မ်)ကို ရွေးကောက်ပွဲ ငါနိုင်ရင် မင်းတို့နဲ့ စာရင်းရှင်းမယ်လို့ ပြောခဲ့တယ်။ ဒါနဲ့ သူတို့ ကွာလာလမ်ပူကို ပြောင်းသွားတယ်။ အခြေအနေက ကွာလာလမ်ပူမှာ ပိုဆိုးနေတော့ သူတို့ ဒီပြန်ရောက်လာကြတယ်။ ဒီတော့ ငါတို့က သိပ်မဆိုးသေးဘူးလို့ ဆိုရမှာပေါ့ကွာ။

News Straits times နဲ့ The Straits Time ကို နှိုင်းယှဉ်ကြည့်။ News Straits times က မလေးရှားထုတ်၊ The Straits Time က စင်ကာပူထုတ် သတင်းစာပါ)။ တစ်ခုက ကျိုးကျပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုက တန်ဖိုးတက်နေတယ်။ ကမ္ဘာတစ်ဝှမ်းလုံးကလူတွေ ဘာကြောင့် စထရိတ်တိုင်း(မ်)အကြောင်း အချိန်ကုန်ခံပြောနေကြတာလဲ။ ရှင်းပါတယ် စထရိတ်တိုင်း(မ်)က တန်ဖိုးရှိနေလို့။ စင်ကာပူနဲ့ မလေးရှားမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သတင်းစာမှာ ဖော်ပြတယ်။ ဖော်ပြတာတွေက အမှန်တွေ၊ မဟုတ်မမှန်တာတွေကို တို့က ဝါဒဖြန့်နေတာ မဟုတ်ဘူး။ ဒီတော့ သူတို့က စထရိတ်တိုင်း(မ်)ဟာ သတင်းတန်ဖိုးရှိတယ်လို့ မြင်လာကြတော့တယ်။ တရုတ်ပြည်မှာလည်း ငါတို့သတင်းစာ Zaobao က အများဆုံးဖတ်ကြတယ်။ ခြောက်သန်းကျော်တယ်။ သူတို့ ဟန်ဒါဝက်ဝံကြောင့် မဟုတ်ဘူး။ တရုတ်သတင်းစာတွေမှာ မဖော်ပြတာတွေကို တို့က ဖော်ပြနေလို့။

မေး ။ ။ ကျွန်တော် ဆိုလိုတာက နိုင်ငံခြားမီဒီယာတွေနဲ့ ပတ်သက်လို့ ခပ်ပြင်းပြင်း လက်တုံ့ပြန်မှုဟာ မစွတာလီပဲ ခွမ်းနိုင်မယ်လို့ လူတော်တော်များများ ပြောနေကြတယ် ဆိုတဲ့ အချက်ပါ။

ဖြေ ။ ။ မဟုတ်ဘူး။ အခု မျိုးဆက်သစ်တွေ သူတို့ဘာသာသူတို့ လုပ်နေကြပြီ။ တုံ့ပြန်စာတွေ ငါ မရေးတော့ဘူး။ ဥပဒေက ရှိနေမှာပဲ။ ငါ မရှိတော့လို့ ဒါတွေ ပေါ့ပေါ့လျော့လျော့ ဖြစ်ကုန်မယ်လို့ ထင်ရင် မှားတာပဲ။ ဒီဥပဒေက အလုပ်ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာ သူတို့ ကောင်းကောင်း သဘောပေါက်တယ်။ ပြောင်းနေစရာ မလိုဘူး။ ဒီမူက သူတို့ရွေးချယ်တာ။ အဆိုးအကောင်းကို သူတို့ လက်ခံကြရမှာပဲ။



မေး ။ ။ မီဒီယာမှာ မဟုတ်မမှန်တာတွေ ပါလာရင် အလွတ်မပေးဘူးလို့ ပြောခဲ့တယ်နော်။

ဖြေ ။ ။ ဟုတ်တယ်လေ။

မေး ။ ။ ဒါပေမဲ့ ဒါမျိုးတွေက အင်တာနက်ပေါ်မှာလည်း ရှိနေနိုင်တာပဲ။ အင်တာနက်ပေါ်မှာဆို ပိုတောင်ဆိုးဦးမယ်။

ဖြေ ။ ။ အင်တာနက်ပေါ်က ဟာတွေက လုံးလုံးလျားလျား သိက္ခာချတာတွေ ဖြစ်နိုင်တယ်ဆိုတာ လူတိုင်း သိတာပဲ။ ဒါကို တုံ့ပြန်ဖို့ဆိုတာတာ သိပ်ခက်တယ်။

မေး ။ ။ တချို့ဆို သူတို့ ဘယ်သူဆိုတာ ပွင့်ပွင့်လင်းလင်းတောင် ဖော်ပြကြတယ်။

ဖြေ ။ ။ သူတို့ကို တုံ့ပြန်ဖို့ မထိုက်ဘူးကွ။ ဒီကောင်တွေမှာ ပိုက်ဆံမရှိဘူး။ သူတို့နဲ့ တရားရင်ဆိုင်တာက ငွေဖြုန်းတာပဲ။ နိုင်ရင်တောင် မင်း ဘာမှ ပြန်မရဘူး။

မေး ။ ။ သူတို့ ပြောနေ ရေးနေကြတာတွေကြောင့် သတင်းစာရဲ့ဂုဏ်၊ အစိုးရရဲ့သိက္ခာတွေကို မထိပါးစေနိုင်ဘူးလား။

ဖြေ ။ ။ ငါတော့ မထင်ဘူး။ ဒါတွေဟာ အင်တာနက်ပေါ်က အတင်းအဖျင်း ဆဲဆိုရေးထွက်နေတာတွေဆိုတာ တဖြည်းဖြည်းနဲ့ လူတွေနားလည်လာမှာပဲ။

မေး ။ ။ ပီအေပီအစိုးရရဲ့ အကြောင်းကိုတော့ လူထုက ကောင်းကောင်းကြီး သိနေကြပါပြီ။ မဟုတ်မမှန် ပြောလာတာ

www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှကို ကိုယ့်ဂုဏ်သိက္ခာကို ကာကွယ်တဲ့အနေနဲ့ ဘယ်လောက်ပဲ ကုန်ကုန်ဆိုပြီး တုံ့ပြန်နေဖို့ လိုပါသလား။

ဖြေ ။ ။ ဒီမေးခွန်းကို လူငယ်ခေါင်းဆောင်တွေကို မေးပါ။ ငါကိုယ်တိုင်ကတော့ ကိုယ့်ဂုဏ်သိက္ခာကို ကျားကုတ်ကျားခဲ ကာကွယ်ခဲ့တယ်။ မီဒီယာတွေနဲ့ ပတ်သက်လို့ စင်ကာပူမှာရော အပြည်ပြည်ဆိုင်ရာမှာပါ ငါ ရင်ဆိုင်ခဲ့ပြီးပြီ။ နိုင်လည်းနိုင်ခဲ့တယ်။ ငါက လူကျအောင် ပြောနိုင်လို့၊ မီဒီယာကိုကျော်အောင် လူထုကို ငါ ပြောနိုင်ပါတယ်၊ ပြီးတော့ ငါက စင်ကာပူရဲ့ ရော်နယ်ရောဂင်နဲ့ တူတယ်။ ပြောသမျှကို ဖြစ်အောင်လည်း လုပ်ပေးတယ်။ ငါလုပ်မယ်လို့ ပြောရင် လူထုကလည်း ကိုင်တွယ်မှ ရမယ်ဆိုရင် ကိုင်လည်း ကိုင်တွယ်လိုက်တာပဲ။ ကြောက်နေလို့ မရဘူး။ ငါ့လက်ထဲမှာ ပုဆိန်ရှိပါတယ်။ လာစရင် ချတာပဲ၊ လမ်းကြားထဲမှာ ကွန်မြူနစ်တစ်ယောက်နဲ့ ထိပ်တိုက်တွေ့မယ်ဆိုရင် တစ်ယောက်ပဲ အသက်ရှင်ပြီး ထွက်လာနိုင်မယ်။ အဲဒါ ငါပဲ။ ငါ မသေခဲ့ဘူး။ အဲဒီကတည်းက ငါ့မှာ အကြောက်ကို မရှိတော့ဘူး။ ဖောရိန်းမီဒီယာ ဆိုတာကတော့ ပြောတိုမနေနဲ့။ သူ့ဘို့က ငါ့ကို ဘာလုပ်နိုင်လို့တုံး။ သူတို့ ငါ့မဲတွေကို ထုတ်ယူသွားနိုင်လို့လား။ မယူနိုင်ပါဘူး။

***

ဝင်းပုည


www.burmeseclassic.com

www.burmeseclassic.com

# လီကွမ်ယူ

စင်္ကာပူလို့ဖြစ်အောင် ဦးဆောင်ခဲ့သူ

## မင်းပုည




www.burmeseclassic.com